# သမ္မာပရိဗ္ဗာဇနီယသုတ်

## တရားတော်

မဟာစည်ဆရာတော်

၁၂
၁

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည် ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သမ္မာပရိဗ္ဗာဇနီယသုတ်

# တရားတော်

နှင့်

## နောက်ဆက်တွဲ

## တရားဆွေးနွေးပွဲ မှတ်တမ်း

သာသနာနှစ် ၂၅၂၁ — ကောဇာ ၁၃၃၉

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

ဘာသာရေးဆိုင်ရာခွင့်ပြုချက် (၁၀၁၄၃)

ထုတ်ဝေသူ။ ။ဦးညိုမောင်၊ မှတ်ပုံတင်အမှတ် (၀၁၆၇၀)၊ တွဲဘက်
အကျိုးဆောင် အတွင်းရေးမှူး ဗုဒ္ဓသာသနာနုဂ္ဂဟ
အဖွဲ့ချုပ်၊ အမှတ် ၁၆၊ သာသနာ့ရိပ်သာ၊ ဟာမစ်တစ်
လမ်း၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ-ညွှန်ကြားရေးမှူး ဦးချစ်တင် (မှတ်ပုံတင်အမှတ် ၀၂၂၆၂)
က ပုံနှိပ်သည်။



ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

# နိဒါန်း

## သုတ်ရင်း ပါဠိတော်၏ နိဒါန်း

နိဒါန်း ဟူသည်မှာ ဟောရာဒေသ ဟောရာကာလ ဟောသည့် ပုဂ္ဂိုလ် နာကြားသူ ဟောခြင်း၏အကြောင်း စသည်ဖြင့် မထင်ရှားသေးသည့် အရာကို ထင်ရှား သိရအောင် ဖော်ပြသော စကားပင် ဖြစ်သည်။ ဤသုတ်ရင်း၏ နိဒါန်းမှာ သုတ်မဟာဝါပါဠိတော် မဟာသမယသုတ်၌ ပြထားသော နိဒါန်း စကားရပ်အတိုင်းပင် ဖြစ်သည်။ ယင်း နိဒါန်းကို အကျဉ်းချုပ် ဖော်ပြရလျှင်—

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၄ ဝါနှင့် ၅-ဝါ စပ်ကြား နယုန်လပြည့်နေ့၌ ကပိလဝတ်မြို့တော်၏ အနီး မဟာဝုန်တောကြီးထဲတွင် သန့်ရှင်းသာယာသော သစ်ပင်ကြီးအောက်၌ သီတင်းသုံး နေတော်မူသည်၊ထိုစဉ်အခါက သောတာပန်ဖြစ်ပြီးသော သာကီဝင်မင်းသား ရဟန်းတော်ငါးရာတို့သည် အထက်မဂ်ဖိုလ်များကို ရရန်အတွက် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူကြပြီးလျှင် ထို တောအုပ်ကြီးထဲ၌ပင် သစ်ပင်အောက် တောင်ချိုင့်စသော သင့်လျော်သည့်အရပ်များ၌ အသီးအသီး နေထိုင်ကြလျက်

တရားအားထုတ်ကြရာ ထိုညနေခင်းမှာပင် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်၍ ရဟန္တာ ဖြစ်တော်မူကြလေသည်။

ထိုသို့ ဖြစ်တော်မူကြပြီးလျှင် ပဌမ အဦးဆုံး ရဟန္တာ ဖြစ်တော်မူသော ရဟန်းတော်သည် မိမိ၏ ရဟန္တာ ဖြစ်ပုံကို လျှောက်ရန် မြတ်စွာဘုရားထံ လာခဲ့၍ ရှိခိုး ကန်တော့ပြီး သင့်လျော်သော နေရာ၌ ထိုင်နေသည်၊ ထိုသို့ ထိုင်နေပြီးလျှင် မိမိ၏ နောက်၌ အခြားသူ ရှိ-မရှိ ပြန်လှည့်၍ ကြည့်လိုက်သောအခါ လျှောက်ထားရန် လာနေသော အခြား ရဟန်းတော်တပါးကို တွေ့မြင်ရသဖြင့် မိမိ၏ ရည်ရွယ်ချက်ကို မလျှောက်တော့ပဲ ဆိတ်ဆိတ်သာ ယှိုင်မြဲ ထိုင်နေလေသည်။ နောက်တပါးကလည်း နည်းတူပင် လာရောက်၍ နည်းတူပင် ထိုင်နေလေသည်၊ ဤပုံ ဤနည်းဖြင့် အဆက်မပြတ် ရောက်လာကြပြီးလျှင် အသစ်စက်စက် ရဟန္တာ အရှင်မြတ်ငါးရာတို့ စည်းဝေးမိသောအခါ တသောင်းသော စကြဝဠာတိုက်တို့မှ နတ်ဗြဟ္မာတို့သည် ဘုရားရှင်နှင့်တကွ ရဟန္တာအသစ် ငါးရာတို့ကို ဖူးမြော်ရန် အများအားဖြင့် လာရောက်ကြလေသည်။ မလာပဲ ကျန်နေသော နတ်ဗြဟ္မာတို့မှာ အနည်းငယ်မျှသာ ရှိသည်ဟု ဆို၏။

ဤသို့ လာရောက်ကြသည့် အတိုင်းမသိ များပြားလှစွာသော နတ်ဗြဟ္မာတို့ စည်းဝေးမိသောအခါကို မဟာသမယဟု ဆိုသည်၊ ထိုသို့ စည်းဝေးရောက်လာကြသော နတ်ဗြဟ္မာတို့ကို မြတ်စွာဘုရားက မည်သည့်အရပ်မှ မည်မျှသောနတ်များ လာရောက်ကြသည် စသည်ဖြင့် ကြွေငြာတော်မူသည်၊ ထို

ကြေငြာတော်မူသည့် **စကားတော်များကိုပင် မဟာသမယ သုတ်** ဟူသော အမည်ဖြင့် သံဂါယနာ တင်တော်မူခဲ့ကြ လေသည်။ ထိုသို့ ကြေငြာတော်မူသဖြင့် ပီတိပါမောဇ္ဇဖြစ်ကြ လျက် ခန့်ကျန်းသော စိတ်ရှိနေကြသည့် နတ်ဗြဟ္မာတို့အား အရိယာမဂ်ဖိုလ်တရားထူးကို ရကြစေရန် ယင်းဝေနေယျ နတ် ဗြဟ္မာတို့၏ စရိုက်နှင့် သင့်လျော်သော သုတ်တရားတော် များကို ဟောကြားတော်မူခဲ့ပေသည်။ စရိုက် ၆-ပါးနှင့် လျော်စွာ ဟောကြားတော်မူပုံမှာ—

(၁) ရာဂစရိုက် ရှိသော နတ်ဗြဟ္မာတို့အတွက် သမ္မာ ပရိဗ္ဗာဇနီယသုတ် တရားတော်ကို ဟောကြား တော်မူသည်။

(၂) ဒေါသစရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် ကလဟ ဝိဝါဒသုတ် တရားတော်ကို ဟောကြားတော် မူသည်။

(၃) မောဟစရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် မဟာ ဗျူဟသုတ် တရားတော်ကို ဟောကြားတော် မူသည်။

(၄) ဝိတက်စရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် စူဠ ဗျူဟသုတ် တရားတော်ကို ဟောကြားတော် မူသည်။

(၅) သဒ္ဓါစရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် တုဝဋ္ဋက သုတ် တရားတော်ကို ဟောကြားတော်မူသည်။

( ၆ ) ဗုဒ္ဓိ(ပညာ) စရိုက်ရှိသော နတ်ပြဟ္မာတို့အတွက် ပုရာဘေဒသုတ် တရားတော်ကို ဟောကြားတော်မူသည်။

ထိုသို့ ဟောရာ၌လည်း အမေးအဖြေ အနေဖြင့် ဟောမှ ကျွတ်တမ်းဝင်ကြမည့် အခြေအနေကို သိမြင်တော်မူသော ကြောင့် မြတ်စွာဘုရားရှင်က နိမ္မိတရုပ်ပွါး ပေါ်တော်မူဘုရား ကို ကိုယ်တော်မြတ်နှင့် အလုံးစုံပုံတူ ဖန်ဆင်းတော်မူပြီးလျှင် ယင်း နိမ္မိတဘုရား၏ အမေးကို ဖြေကြားသည့် အနေဖြင့် ဟောတော်မူခဲ့ပေသည်။ ဤမျှဖြင့် သုတ်ပါဠိတော်ရင်းနှင့် စပ်၍ ဖော်ပြသင့်သော နိဒါန်းစကားမှာ အကျဉ်းချုပ်အား ဖြင့် ပြည့်စုံသွားပါပြီ။

## ဤတရားတော်စာအုပ်ဆိုင်ရာ နိဒါန်း

ဤ တရားတော် စာအုပ်ဆိုင်ရာ နိဒါန်းကတော့ ကျေးဇူး ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဤ သမ္မာပရိဗ္ဗာ ဇနီယသုတ်၌ ပဌမဆုံးဂါထာကို ဟောခါနီးတွင် တရားပလ္လင် ခံ စကားကို မိန့်ကြားတော်မူခဲ့ပါသည်၊ ထို ပလ္လင်ခံ စကား ထဲ၌ အချို့အကြောင်းအရာများ ပါဝင် သွားပါပြီ၊ သို့သော် ယခုခေတ်အားလျော်စွာ ဖော်ပြသင့်သော အကြောင်းအရာ အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## အနက်ပြန်ပုံ အထူး

သမ္မာပရိဗ္ဗာဇနီယသုတ် အမှတ်(၁) အမေးဂါထာ၌ ပြန် ရိုး ပြန်စဉ် နိဿယနည်းအားဖြင့်–ပဟူတပညံ–ကြီးမား ပြန့်

ကျယ်သည့် ဉာဏ်ပညာနှင့် ပြည့်စုံတော်မူသော၊ တိဏ္ဏံ– ကူး မြောက်တော်မူပြီးသော၊ ပါရဂတံ– တဖက်ကမ်းသို့ ရောက် တော်မူပြီးသော၊ ပရိနိဗ္ဗုတံ-ကိလေသာမီး ငြိမ်းအေးတော်မူ ပြီးသော၊ ဌိတတ္တံ– တည်ငြိမ်သည့် စိတ်နှလုံးရှိတော်မူသော၊ မုနိံ–ရှင်တော်မြတ်ဘုရားကို၊ ပုစ္ဆာမိ–မေးမြန်းပါသည်-ဟူ၍ မပြန်ပဲ ပဋ္ဌမဝိသေသနပုဒ်နှင့် ဝိသေသျပုဒ်ကို ဆက်စပ်၍ငင်း၊ ထို့နောင် ဝိသေသန ၂-ပုဒ် ၂-ပုဒ်တို့ကို တပေါင်းတည်းပြု၍ ငင်း ပြန်ဆိုထားသည်မှာ ပါဠိမတတ်သူတို့အတွက် ချောမော ၍ သိနားလည်လွယ်ဘွယ် ရှိပါပေသည်။ ( နှာ ၂ )

## အသိဉာဏ် ပွင့်လင်းဘွယ် ပြဆိုချက်များ

ထိုပဋ္ဌမဂါထာ၌ တဖက်ကမ်းရောက် ကူးမြောက်တော်မူ ပုံကို ဩဃလေးဖြာ သံသရာရေယဉ်ကျော၌ နစ်မျောနေကြ သော သတ္တဝါတို့နှင့် နှိုင်းယှဉ်၍ ဖော်ပြထားသည်မှာ စာရှု သူတို့အတွက် အသိဉာဏ် ပွင့်လင်းဘွယ် ကောင်းလှပါပေ သည်။ ( နှာ ၂-၃ )

မင်္ဂလာကို ပယ်ရမည် ဟူရာ၌ ပယ်ရမည့် လောကီမင်္ဂလာ များကို ထုတ်ပြပြီးလျှင်၊ ထိုလောကီမင်္ဂလာနှင့် အမင်္ဂလာ များကြောင့်ပင် ကောင်းကျိုး ဆိုးကျိုးများရသည် ဟူသော အယူအစွဲကို ပယ်ဘိုသာ လိုရင်းဖြစ်ကြောင်း ကမ္မဿက တာသမ္မာဒိဋ္ဌိနှင့် နှိုးနှော၍ ဖွင့်ပြထားသည်မှာလည်း ရှင်း လင်းပြတ်သားလှပါပေသည်။ ( နှာ ၅–၇ )

## ရဟန်းများ ဘုရားဟောအတိုင်းသာကျင့်သင့်ပုံ

အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂီတိ ပုစ္ဆက ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် တရားတော်များ, ကျမ်းစာများကို ဟောကြား ရေးသားရာ၌ ပရိယတ္တိဉာဏ် အမြင်စာတွေ့သက်သက်မျှဖြင့် ဟောကြား ရေးသားတော် မူသည်မဟုတ်ပေ၊ ၁၂၉၃-ခုနှစ်က သထုံမြို့ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးထံ၌ သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို အားထုတ်ခဲ့သည်မှစ၍ ဖြစ်ပွါးခဲ့သော ပဋိပတ္တိ ဉာဏ်တွေ့များ ဖြင့်၎င်း၊ ၁၃၀၀-ပြည့်နှစ်မှစ၍ တရားပြ စစ်ဆေးပြုပြင်ပေး ရာ၌ တပည့်များနှင့် မိမိပါ သိရသည့် ကိုယ်တိုင်တွေ့များဖြင့် ၎င်း၊ ဤနှစ်ရပ်သော ဉာဏ်တွေ့ ကိုယ်တွေ့များဖြင့်လည်း ဟောကြား ရေးသားတော်မူခြင်း ဖြစ်ပေသည်၊ ယခုအထိ ဆိုလျှင် ဝိပဿနာကမ္မဋ္ဌာန်းတရား ဟောကြားညွှန်ပြနေသော ကာလမှာ ၃၉-နှစ်ရှိ၍, တရားစအားထုတ်ခဲ့သော ကာလမှာ ၄၆-နှစ် ရှိနေပေပြီ၊ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ အလို တော်မှာ "ဘုရားဟောတဲ့အတိုင်းသာကျင့်၊ ဘုရားဟောနဲ့ ဆန့်ကျင်တာကိုမကျင့်နဲ့" ဟူ၍ပင် ဖြစ်ပါသည်။ ထိုအကြောင်း ကို ဤတရားတော်စာအုပ် (နှာ ၁၀) ၌—

"ဘုန်းကြီးတို့ကတော့ ရက်ရာဇာ ပြဿဒါး စသည်တွေကို ယုံကြည်တာဟာ အလုပ်ပိုဘဲလို့ အသိအမှတ်ပြုထားပါတယ်" စသည်ဖြင့်အတိအလင်းရဲရင့်ပြတ်သားစွာမိန့်ဆိုထားပါသည်။

နက္ခတ်ကောင်းရက်ကောင်းမင်္ဂလာကိုရွေးချယ်ပြီး အလုပ် ကိစ္စကို ဆိုင်းငံ့ထားလျှင် အကျိုးမဲ့ ဖြစ်တတ်ပုံကို ပါဠိ အဋ္ဌ

ကထာ့လာ ဇာတ်ဝတ္ထုဖြင့်၎င်း၊ ယခု မျက်မှောက်ဝတ္ထုဖြင့် ၎င်း ပြထားသည်မှာလည်း မှတ်သားဘွယ် ကောင်းလှပါပေသည်။ (၁၁–၁၂)

ဤ သမ္မာ ပရိဗ္ဗာဇနီယ သုတ် ဘုရားစကားတော်ကို ရှိသေလေးစားသော ရဟန်းတော်များသည် လောကီမင်္ဂလာကို အားမပေးသင့်ကြောင်း ပြဆိုထားသည်မှာလည်း ဘုရားအလိုတော်ကျဖြစ်၍ မှတ်သားသင့် လိုက်နာသင့်လှပေသည်။ (၁၇)

## ကိလေသာကို ပယ်နိုင်အောင် အားထုတ်ပုံများ

နှာ(၁၉-၂၁) တို့၌ ကာမရာဂပယ်ပုံကို ပါဠိ အဋ္ဌကထာနှင့် အညီ နည်းချိုးစုံဖြင့် ပြထားသည်မှာ ပေါ်လွင်ထင်ရှားလှပါပေသည်။

နှာ (၂၉-၃၂) တို့၌ စတုသစ္စကမ္မဋ္ဌာန်းဖြင့် ဝိပဿနာမဂ်ကို ပွါးစေ၍ အရိယမဂ် ဆိုက်ရောက်ပုံ၊ ဘဝသုံးပါးမှလွတ်မြောက်သွားပုံများကို ပြထားသည်မှာလည်း ကျဉ်းကျဉ်းနှင့် ရှင်းလင်း ပေါ်လွင်လှပါပေသည်။

ဤသုတ်တရားတော်ထဲ၌ ရှေးနားက ဟောခဲ့ပြီးအနက်များကိုပင် ဝေါဟာရအထူးတို့ဖြင့် ထပ်ကာ ထပ်ကာ ဟောတော်မူခြင်း၏အကြောင်းကို ဖြေရှင်းပြထားသည်မှာလည်း အသင့်ယုတ္တိရှိလှပါပေသည်။ (၃၄-၃၅)

ချစ်စရာ မုန်းစရာကို ပယ်ရန်နည်းများကို ပြထားသည်မှာလည်း အထူး သတိပြုဘွယ် ကောင်းလှပါပေသည်။ (၄၁-၄၂)

အစွဲ အမြဲကင်းအောင် အားထုတ်ပုံကို သတိပဋ္ဌာန်လေးပါးဖြင့် ဖွင့်ပြထားသည်မှာလည်း ဘုရားဟော စကားတော်ဖြင့်ပင် ဖွင့်ပြဟောကြားခြင်းဖြစ်၍ အလွန်ပင် သဘာဝကျ၍ ယုတ္တိရှိလှပါပေသည်။ (၄၄-၄၅)

ကိုယ်နှုတ်စိတ်ဖြင့် လျော်အောင်ကျင့်ပုံကို သရုပ်ဖော်ပြီးလျှင် မနောသုစရိုက်ဆိုင်ရာ၌ ဝိပဿနာရှုပုံကို သရုပ်ဖော်၍ ပြထားသည်မှာလည်း ပဋိပတ်လက်မဲ့ ပုဂ္ဂိုလ်များ မသိနိုင်သောအရာဖြစ်၍ နက်နဲလှပါပေသည်၊ ထိုသို့နက်နဲသည်ကို အများသိနားလည်အောင် ပြဆိုထားသည်မှာ အလွန်ပင် အားရကျေနပ်ဖွယ် ကောင်းလှပါပေသည်။ (၆၀–၆၁)

ရှိခိုးပူဇော်ခံရသောကြောင့် မာန်မတက်ရ၊ ဆဲဆိုခံရသောကြောင့်လဲ စိတ်မဆိုးရ–ဟူရာ၌ မြတ်စွာဘုရားရှင်က မိမိကဲ့သို့ပင် နှလုံးသွင်းရန် ညွှန်ကြားတော်မူထားချက်ကိုပါ ဖော်ပြထားသည်မှာ အလွန်ပင် ကြည်ညိုဘွယ် ကောင်းလှပါပေသည်။(၇၁–၈)

နှာ (ဂဂ–၉၀) တွင် ယုံမှားမှု ဝိစိကိစ္ဆာကိုပယ်ရာ၌ သုတာ သိဖြင့် ဆင်ခြင်၍ပယ်ပုံ၊ ရှုမှတ်၍ ကိုယ်တိုင်တွေ့ ဘာဝနာသိဖြင့် ပယ်ပုံ၊ အရိယမဂ်ဖြင့် ပယ်ပုံများကို ပြထားသည်မှာ ပြည့်စုံလှပါပေသည်။

မိမိနှင့် လျော်တာကို သိပြီး ပြုကျင့်ရမည်–ဟူရာ၌ လျော်တာအရ ဖွင့်ပြပုံမှာ ပြည့်စုံ သင့်မြတ်လှပါပေသည်။ (၉၄–၉၆)

အမှန်သိပုံကို ပရိညာပဋိဝေဓ စသည်ဖြင့် ဝေဘန်၍ ဖွင့်ပြထားသည်မှာလဲ ကျမ်းဂန်များနှင့် ညီညွတ်၍ သင့်မြတ်လှပါပေသည်။ (၉၇–၉၉)

နှာ(၁၀၄)စသည်၌ အနုသယကို အာရမ္မဏာနုသယ သန္တာနာနုသယတို့ဖြင့် ခွဲခြားပြပြီးလျှင် ဝိပဿနာဖြင့် အာရမ္မဏာနုသယပယ်ပုံကို ပြထားသည်မှာ ပေါ် လွင်ထင်ရှား၍ ခိုင်လည်းခိုင်လုံလှပါပေသည်။

နှာ(၉၉) ကြောင်း(၁၆–နှင့် ၁၇)တို့၌ ဝိပဿနာရှုတယ် ဆိုယင် အဲဒီ တဒင်္ဂနိရောဓ ဆိုက်ရောက်ပုံကို တိတိကျကျပြပြီး ဝန်ခံနိုင်ဘို့လိုပါတယ်–လို့ အထူးသတိပေးသည့်အနေဖြင့် ပြဆိုထားပါသည်။ ထိုသတိပေးစကားရပ်ထဲမှ တိတိကျကျ ပြပြီး ဆိုသော စာခြောက်လုံးမျှဖြင့် ဝိပဿနာတရားကိုလဲ ကြုံတိုင်းနာ, ဝိပဿနာစာအုပ်တွေကိုလဲ ရတိုင်းဖတ်ပြီး တရားမှန်ကို ရှာကြံလိုက်စားနေသည့် သူတော်စင်တို့အား စဉ်းစားဆင်ခြင်ဘို့ အထူးသတိပေးလိုက်ခြင်းဖြစ်ပေသည်၊ ယင်းစာခြောက်လုံးဟာ စာသားကျဉ်းသလောက် အဓိပ္ပါယ်ရှင်းလှပါပေသည်၊ ဝန်ခံနိုင်ဘို့ လိုပါတယ်ဆိုတော့ ဝန်ခံနိုင်တဲ့ဆရာကို ရှာဘို့ပါဘဲ။

## [ ည ] သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

### မြန်မာပြန်နှင့် ဆောင်ပုဒ်

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ပါဠိတော်ကို မြန်မာပြန်ဆို ရေးသားတဲ့နေရာမှာ တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းကို သိလွယ်စေသလိုပင် ဆောင်ပုဒ်စီ၍ဟောပြရာမှာလဲ တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းသိစေကာ နှုတ်တက်ဆောင်ထားဘို့ရာလဲ လွယ်ကူစေပါသည်။

တရားဟောရာ၌ ပါဠိစာပေ မြန်မာစကားပြင်တွေကို ဆောင်ပုဒ်ဖြင့် မှတ်တမ်းတင်ကာ တခေတ်ဆန်းလာသည်မှာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဉာဏ်စွမ်းရည်ထူးကြောင့်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ၊ ဆရာတော်ဘုရာကြီး ဟောတော်မူသော တရားပွဲတိုင်းမှာလိုလိုပင် ဆောင်ပုဒ် စာရွက်များကို ဝေငှပြီး ဟောတော်မူလေ့ရှိပါသည်၊ ၂–နာရီ ၃–နာရီကြာ တရားပွဲကြီးကို ဆောင်ပုဒ် လေးငါးခုမျှဖြင့် အကျဉ်းချုံးပြီး ဟောတော်မူသဖြင့် တရားနာပရိသတ်များ အိမ်ပြန် ရောက်သောအခါ မည်သို့သော တရားကို ဟောတော်မူကြောင်း အတိအကျ တဆင့်ပြောနိုင်ကြသည်မှာ ယင်း ဆောင်ပုဒ်များ၏ စွမ်းရည်ကြောင့်ပင် မဟုတ်ပါလော။

ဤသမ္မာပရိဗ္ဗာဇနီယသုတ်သည် ကိုယ်တိုင်သိနားလည်ရန်လည်း ခက်၏၊ သူတပါးတို့အား သိနားလည်အောင် ဟောပြောရန်လည်း အလွန်ခက်၏၊ သို့ဖြစ်ပါလျက် ယင်း သုတ်တရားတော်ကို သိလွယ်သော ဆောင်ပုဒ်(၃၇)ပုဒ်မျှဖြင့်(ထပ်တူကို ချန်ထားသည်) လိုရင်းအနက်ပြည့်စုံအောင် အတိုချုံး၍ပြထားသည်မှာ အံ့ဘွယ်ပင် ဖြစ်ပါပေသည်။

နှာ(၁၅၁)စသည်၌ "အညာယ ပဒံ သမေစ္စ ဓမ္မံ"ဟူသော ပါဌ်ကို ၂-နည်း အနက်ပြန်၍ အဓိပ္ပါယ် ဖွင့်ပြထားသည်မှာ အလွန်ပင် ရှင်းလင်းပေါ်လွင်လှပါပေသည်၊ မဂ်ရောက် ဖိုလ်ရောက် တကယ်အားထုတ်လိုသော သူတော်စင်တို့ အတွက် အလွန်ပင် အားရနှစ်သိမ့်ဘွယ်ဖြစ်ပါပေသည်။

ဤစာရေးသူသည် ၁၃၁၁-ခုနှစ်က ဆရာတော်ဘုရားကြီး ထံတော်၌ နည်းယူ၍ တရားအားထုတ်နေသည့် အချိန်အထိ မိမိ၏ စိတ်ထဲ၌ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ပဋိပတ် ဂုဏ်ကသာလျှင် ရှေ့တန်းက ပေါ်ထွက်နေခဲ့ပါသည်၊ မဟာစည် ပဋိပတ္တိသာသနာဝင်ကျမ်းကြီးကို ဖတ်ရှုရသော အခါကျမှ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ ရေးသားပုံစသည် အခက် အခဲ အနက်အနဲများစွာတို့ကို ထင်ရှားတွေ့ရသဖြင့် ပရိယတ္တိဂုဏ်ထူးများပါ စိတ်ထဲ၌ ထင်ရှားပေါ်လာသဖြင့် ဖတ်ရှုနေယင်းပင် နှလုံးသားများ လှုပ်ရှားလာကာ ကြက်သီးများ တဖြန်းဖြန်းထပြီး ရင်ဝမှာ ဆို့နင့်လျက် မျက်လုံးများလည်း ရီဝေ ဦးနှောက်တွေလည်း လေးလာသည်အထိ ရှေးက ဖြစ်ခဲ့သည့် ဗဟုသုတအမြင်မမှန် ပရိယတ္တိဒဏ်တွေကို ခံစားခဲ့ရပါသည်။

ယင်းသို့သော အထင်အမြင်မှားကို ဝန်ချ ကန်တော့သည့် အနေဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဤသမ္မာ-ပရိဗ္ဗာဇနီယသုတ် တရားတော်၌ ချီးကျူးဘွယ် မှတ်သားဘွယ်ဂုဏ်တို့ကို အကုန်ခဖော်ပြရန် ထက်သန် လိုလားလျက် ရှိပါသည်၊ သို့သော်လည်း ထိုသို့ပြဆိုနေလျှင် ဤနိဒါန်းသည်

ကျမ်းစာကိုယ်နှင့် အဆမတန်အောင် ကျယ်ဝန်းသွားပါလိမ့်မည်။ သို့ဖြစ်၍ ဤသုတ်တရားတော်စာအုပ် ဖြစ်ပေါ်လာခြင်း၏ အကြောင်းကို အကျဉ်းမျှ ဖော်ပြပြီးလျှင် ဤနိဒါန်းကို နိဂုံးချုပ်ပါတော့မည်။

## ဤတရားတော်စာအုပ် ဖြစ်ပေါ်လာခြင်းအကြောင်း

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၂၂ ခုနှစ်က မဟာသမယ ၆-သုတ်ကို ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ နယုန်လပြည့်နေ့မှစ၍ သီတင်းနေ့တိုင်း ဖွင့်ပြဟောကြားတော်မူခဲ့ပေသည်၊ ထိုသို့ ဟောကြားစဉ်က အသံဖမ်းယူထားသော တိတ်ခွေမှ ပုရာဘေဒသုတ် တရားတော်ကို ကြားနာကြရသောသူ များစွာတို့က ကျမ်းစာအုပ်အဖြစ် ပုံနှိပ်ဖြန့်ဝေရန် တောင်းပန် လျှောက်ထားကြသဖြင့် တိပ်ခွေမှ ထုတ်ယူလာသော စာမူကို ဆရာတော်ဘုရားကြီးက စိစစ်ပြင်ဆင်၍ ပုံနှိပ်ဖြန့်ဝေရန် ခွင့်ပြုတော်မူလိုက်ပေသည်။

ထိုခွင့်ပြုချက်အရ ပုံနှိပ်ဖြန့်ဝေသော ပုရာဘေဒသုတ် တရားတော်စာအုပ်ကို ဖတ်ရှုကြရသောသူတို့က အလွန် နှစ်သက်ကြသဖြင့် အခြားမဟာသမယ ၅ သုတ် တို့ကိုလည်း အလားတူ တရားစာအုပ် ဖြစ်မြောက်စေလိုကြသည်၊ အထူးအားဖြင့် ထိုစဉ်အခါက ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖြစ်သော ဒါယကာကြီးဦးလှမောင်က ထိုသို့ ကျမ်းစာအုပ်အဖြစ် ပြုစု၍

ဖြန့်ဝေရန် အကြိမ်ကြိမ် လျှောက်ထားတောင်းပန်ခဲ့လေသည်၊ ယင်းသို့ တောင်းပန်ချက်အရ တုဝဋ္ဋကသုတ် တရားတော် စာအုပ်ကို ၁၃၃၇-ခုနှစ်က ထုတ်ဝေခွင့် ပြုတော်မူခဲ့သဖြင့် ၁၃၃၈-ခုနှစ် နတ်တော်လက ဖြန့်ချိထုတ်ဝေခဲ့လေသည်။

ထို့ပြင် ကျန်နေသေးသော မဟာသမယ ၄-သုတ်တို့ကို လည်း တရားစာအုပ်အဖြစ် ပြုစုဖြန့်ချိရန် အခြားသူတို့ ကလည်း တောင်းပန် လျှောက်ထားကြပြန်သဖြင့် ၁၃၃၈-ခုနှစ် သီတင်းကျွတ်လကွယ်နေ့မှ စ၍ နံနက် ၈-နာရီခွဲ အချိန် တွင် ရှစ်ပါးသီလ ပေးပြီးသောအခါ ဥပုသ်သည် တို့အား ဤသမ္မာပရိဗ္ဗာဇနီယသုတ်မှ အဖြေဂါထာ တဂါထာချင်း သီတင်းနေ့တိုင်း ထုတ်ဖော်ဖွင့်ပြ၍ ဟောကြားတော် မူခဲ့ပါ သည်၊ ထိုသို့ ဟောတော်မူသည့်တရားတော်ကို ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း (၄၆) နေ B.A.B.L. ဒါယကာ ဦးလှ ကြိုင်က ကက်ဆက်ဖြင့် ဖမ်းယူ၍ ယင်းကက်ဆက်ခွေမှ လက် ရေးစာမူအဖြစ် ရေးသားပြုစုခဲ့ပါသည်၊ ထိုစာမူကို ကျေးဇူး ရှင် အာဂုတော်ဘုရားကြီး က ကြည့်ရှု စိစစ်ပြင်ဆင်ပေးတော် မူခဲ့ပါသည်။

ဤသို့ စိစစ်ပြုပြင်ပြီးသော စာမူချောကို ဆရာတော် ဘုရားကြီးက ဤစာရေးသူအား ပေးအပ်၍ နိဒါန်းရေးထည့် ရန် အမိန့်ညွှန်ကြားတော်မူလိုက်ပါသည်၊ ယင်းတရားတော် စာမူကို ဖတ်ရှုပြီးသျှင် ထူးခြားသော ဖွင့်ပြဟောပြော တော်မူချက်များကို တွေ့ရသဖြင့် ဤစာရေးသူမှာ စာရှုသူ တို့အား ဖြစ်ပွါးမည့် အသိဉာဏ်ထူးစသည်ကို မြော်မြင်၍

အလွန်ပင် ဝမ်းမြောက် ဝမ်းသာခြင်း ဖြစ်ရပါသည်။ ထိုသို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် ဤတရားတော် ကျမ်းစာ၏ ဂုဏ်ထူးများနှင့် သိမှတ်ဖွယ်များကို မိမိဉာဏ်မှီသမျှ ဖော်ပြ ရေးသားလျက် စာရှုမည့် သူတော်စင်တို့အား အစွမ်းကုန် အကူအညီပေးလိုက်ရပါတော့သည်။

## နိဂုံးချုပ် ဆုတောင်းပတ္ထနာ

ဤ တရားတော်စာအုပ်ကို ဖတ်ရှုကြသော သူတော်စင် တို့သည် ဘုရားအလိုတော်ကျ ကျင့်နည်းမှန်ကို သဘောပေါက် နားလည်ကြပြီးလျှင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အလိုတော်နှင့် အညီ သီလ သမာဓိ ဝိပဿနာပညာ အရိယမဂ်ဖိုလ်ပညာ တို့နှင့် ပြည့်စုံအောင် ကျင့်သုံး အားထုတ် နိုင်ကြ ပါစေ သောဝ်။

အရှင်ဝါယမိန္ဒ

(ကမ္မဋ္ဌာနာစရိယ)

သာသနဓဇသိရီပဝရဓမ္မာစရိယ

မင်းကန်ကြီး

မဟာစည်သာသနာ့ရိပ်သာ

မြန်ခအောင်မြို့။

၁၃၃၉-ခုနှစ်

ကဆုန်လဆုတ် ၆-ရက်။

(၇၊၅၊၇၇)

## ပဌမပိုင်း ၁-မှ ၁၈

---


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| တရားပလ္လင်ခံ .... .... .... | ၁ |
| အမေးဂါထာ .... .... .... | ၂ |
| အဖြေ ပဌမဂါထာ (အမှတ် ၂) .... | ၄ |
| လောကီမင်္ဂလာဟူသမျှ ပယ်ရမည် .... | ၄ |
| ပယ်ရမည့်မင်္ဂလာများ .... .... | ၅ |
| ဒိဋ္ဌမင်္ဂလာ .... .... .... | ၆ |
| ဒိဋ္ဌမင်္ဂလိကာ ဝတ္ထုအကျဉ်း .... .... | ၆ |
| သုတမင်္ဂလာ .... .... .... | ၈ |
| မုတမင်္ဂလာ .... .... .... | ၈ |
| ရက်ရာဇာ စသည်ရွေးတာ အလုပ်ပိုပင် .... | ၁၀ |
| မိစ္ဆာအယူအစွဲ ပယ်ဘို့က လိုရင်းဘဲ .... | ၁၀ |
| နက္ခတ်ကောင်း ငံ့နေယင် အကျိုးမဲ့ဖြစ်တတ်သည် | ၁၃ |
| ရဟန်းနှင့် လောကီမင်္ဂလာ .... .... | ၁၇ |

## [ တ ] သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

အကြောင်းအရာ စာမျက်နှာ

### ဒုတိယပိုင်း ၁၉-မှ ၃၂


အဖြေ ဒုတိယဂါထာ (အမှတ် ၃) .... ၁၉

ကာမရာဂ ပယ်ရမည် .... .... ၁၉

ကာမရာဂ လုံးဝကင်းအောင် အားထုတ်ပုံ .... ၂၀

ကာမရာဂကြောင့် ဆင်းရဲကြရသည် .... ၂၂

စတုသစ္စကမ္မဋ္ဌာန်းအားထုတ်ပုံ .... .... ၂၉


### တတိယပိုင်း ၃၃-မှ ၄၀


အဖြေ တတိယဂါထာ (အမှတ် ၄) .... ၃၃

ထပ်ကာထပ်ကာ ပြောခြင်း၏အကြောင်း .... ၃၄

ဂုံးချောစကား ပယ်ရမည် .... .... ၃၅

ကောဓကို ပယ်ရမည် .... .... ၃၇

ဝန်တိုခြင်းလဲ ပယ်ရမည် .... .... ၃၇

လိုက်လျောမှု ဆန့်ကျင်မှုလဲ ပယ်ရမည် .... ၃၉


### စတုတ္ထပိုင်း ၄၁-မှ ၄၉


အဖြေ စတုတ္ထဂါထာ(အမှတ် ၅) .... ၄၁

ချစ်ဖွယ် မုန်းဖွယ်ပယ်ရမည် .... = ၄၁

ချစ်စရာ မုန်းစရာနဲ့ မတွေ့ရတာ ကောင်းတယ် .... ၄၂

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **အစွဲအလမ်းကင်းစေရမည်** | .... | .... | ၄၄ |
| **ချည်တိုင်မှလဲ လွတ်ပါစေ** | .... | .... | ၄၆ |

## ပဉ္စမပိုင်း ၅၀-မှ ၅၇

| | | |
|---|---|---|
| အဖြေ ပဉ္စမဂါထာ (အမှတ် ၆ ) | .... | ၅၀ |
| ရုပ်နာမ်ခန္ဓာ အနှစ်မရှိ သိရမည် | .... | ၅၀ |
| လိုလားတပ်မက် ပယ်ဖျက်ရမည် | .... | ၅၂ |
| မှီတွယ်ကင်း၍ ကိုယ်တိုင်တွေ့ သိပါစေ | .... | ၅၅ |

## ဆဋ္ဌမပိုင်း ၅၈-မှ ၆၉

| | | |
|---|---|---|
| အဖြေ ဆဋ္ဌမဂါထာ (အမှတ် ၇) | .... | ၅၈ |
| ကိုယ်နှုတ်စိတ်ဖြင့် မဆန့်ကျင်အောင် ကျင့်ပုံ | .... | ၅၉ |
| ဝိပဿနာ အားထုတ်ပုံ အကျဉ်းချုပ် | .... | ၆၂ |
| သေတာ ရှင်တာ အလိုမရှိ၊ နိဗ္ဗာန်သာ အလိုရှိသည် | | ၆၄ |

## သတ္တမပိုင်း ၇၀-မှ ၈၂

| | | |
|---|---|---|
| အဖြေ သတ္တမ ဂါထာ ( အမှတ် ၈ ) | .... | ၇၀ |
| သူများက ရှိခိုးလိုလဲ မာန် မတက်နဲ့ | .... | ၇၁ |
| သူများက ဆဲရေးစွပ်စွဲလိုလဲ စိတ်မဆိုးနဲ့ | .... | ၇၁ |
| ပေါ်များလို့လဲ မာန် မယစ်နဲ့ .... | .... | ၇၃ |

အကြောင်းအရာ — စာမျက်နှာ

ဘုရားရှင်၏ စိတ်သဘောထား စင်ကြယ် မြင့်မြတ်ပုံ ၇၄
စိတ်သဘောထား စင်ကြယ်အောင် နည်းတူပင်
နှလုံးသွင်းသင့်ပုံ .... .... .... ၇၇
ဆွမ်း စသည်ကို ဆင်ခြင်၍ သုံးဆောင်ပုံ .... ၇၉

## အဋ္ဌမပိုင်း ၈၃-မှ ၉၃

အဖြေ အဋ္ဌမဂါထာ ( အမှတ် ၉ ) .... ၈၃
လောဘကို ပယ်ပုံ.... .... .... ၈၄
ဘဝကို ပယ်ပုံ .... .... .... ၈၆
ဖြတ်ခြင်း နှောင်ဖွဲ့ခြင်း ပယ်ပုံ .... .... ၈၈
ယုံမှားကို ပယ်ပုံ .... .... .... ၈၈
ဒီဂါထာအရ အနက် သဘောကို နောက်မှ ဟောသင့်တာ
နောက်မှ ဟောပုံ .... ၉၀
ပြောပုံလဲ ကောင်းစေရမည် .... .... ၉၁

## နဝမပိုင်း ၉၄-မှ ၁၀၃

အဖြေ နဝမဂါထာ ( အမှတ် ၁၀ ) .... ၉၄
မိမိနှင့် သင့်တော်တာကို သိပြီး ပြုကျင့်ပါ .... ၉၄
သူတပါးကို နှိပ်စက်ခြင်းလဲ မဖြစ်ပါစေနဲ့ .... ၉၆
အမှန်ကို သိသင့်သည့်အတိုင်း သိပုံ .... ၉၇

အကြောင်းအရာ စာမျက်နှာ

**ဒသမပိုင်း ၁၀၄-မှ ၁၁၃**

အဖြေ ဒသမဂါထာ (အမှတ် ၁၁) .... ၁၀၄
အနုသယ အစိပ္ပါယ် .... .... ၁၀၄
အာရုံ၌ ကိလေသာ ကိန်းပုံ .... .... ၁၀၆
အာရမ္မဏာနုသယကိလေသာကို ပယ်ပုံ .... ၁၀၆
မရှုမိလို့ မသိရာ၌ ကိလေသာ ကိန်းပုံ .... ၁၀၇
ရဟန္တာမှာ အနုသယကင်းပုံ .... .... ၁၀၇
ရဟန္တာမှာ အကုသိုလ်မူလ ကင်းပုံ .... ၁၀၉
ရဟန္တာမှာ အာသာနှင့် အာသီသလဲ ကင်းပုံ .... ၁၁၁

**ကောဒသမပိုင်း ၁၁၄-မှ ၁၂၄**

အဖြေ ကောဒသမဂါထာ (အမှတ် ၁၂) .... ၁၁၄
အာသဝေါတရား ပယ်ပုံ .... .... ၁၁၄
အာသဝေါ ကင်းလျှင် မာနလဲ ကင်းသည် .... ၁၁၇
နိဝါတနှင့် ဟိနမာန် ခွဲပြချက် .... .... ၁၁ဂ
ယာထာဝမာန်နှင့် အယာထာဝမာန် .... ၁၁၉
ရာဂဖြစ်စရာတွေဆိုတာ ဘာတွေလဲ .... ၁၁၉
ချဉ်းကပ်ပြီး ကျော်လွန်ပုံ .... .... ၁၂၀
ရိုင်းစိုင်းမှုတွေ ပယ်ပြီး ယဉ်ကျေးရမည် .... ၁၂၂
ကိလေသာ ငြိမ်းအေး၍ စိတ်တည်တံ့ရမည် .... ၁၂၂

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|

**ဒွါဒသမပိုင်း ၁၂၅-မှ ၁၃၄**

| | | |
|---|---|---|
| အဖြေ ဒွါဒသမဂါထာ ( အမှတ် ၁၃ ) | .... | ၁၂၅ |
| သဒ္ဒါတရားနှင့် ပြည့်စုံရမည် .... | .... | ၁၂၅ |
| သရဏဂုံ တည်ယင် အပါယ်မှ လွတ်နိုင်သည်.... | | ၁၂၆ |
| အကြား အမြင် သုတနဲ့လဲ ပြည့်စုံရမည် | .... | ၁၃၀ |
| အရိယမဂ်ကို နိယာမခေါ်ရပုံ | .... | ၁၃၁ |
| ကွဲပြားကြောင်း မိစ္ဆာအယူလဲ ကင်းရမည် | .... | ၁၃၂ |
| လောဘ စသည်လဲ ကင်းရမည် .... | .... | ၁၃၃ |

**တေရသမပိုင်း ၁၃၅-မှ ၁၅၀**

| | | |
|---|---|---|
| အဖြေ တေရသမဂါထာ ( အမှတ် ၁၄ ) | .... | ၁၃၅ |
| အဖြေ စုဒ္ဒသမဂါထာ ( အမှတ် ၁၅ ) | .... | ၁၄၁ |
| ရှုမှတ်တိုင်း အာယတနများ ထင်ရှားပုံ | .... | ၁၄၉ |

**စုဒ္ဒသမပိုင်း ၁၅၁-မှ ၁၆၇**

| | | |
|---|---|---|
| အဖြေ ပန္နရသမဂါထာ ( အမှတ် ၁၆ ) | .... | ၁၅၁ |
| သင်္ယူခြင်း စသည်ဖြင့် သစ္စာ တပါးချင်း သိပုံ.... | | ၁၅၂ |
| အရိယမဂ် ခဏ၌ သစ္စာလေးပါးလုံး တပြိုင်နက်သိပုံ | | ၁၅၄ |
| သစ္စာတပါးချင်း သိပုံနှင့် တပြိုင်နက်သိပုံ ထပ်မံ၍ ရှင်းပြချက် | .... | ၁၅၅ |
| ကနည်း အနက်ပြန်ဆို ဖော်ပြချက် | .... | ၁၅၇ |
| ဒုက်ိယပါဒ စသည် အနက်ပြန်ဆို ဖော်ပြချက် .... | | ၁၅၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **နိမ္မိတဘုရားက ချီးကျူး အနုမောဒနာပြုပုံ ....** | ၁၅၉ |
| **သံယောဇဉ် ၁၀-ပါး .... ....** | ၁၆၀ |
| **တရားနာရခြင်း၏ အကျိုး .... ....** | ၁၆၄ |
| **ယခုလို တရားနာပြီး ရှုမှတ် ကျင့်သုံးတာ ပါရမီထူးဘဲ** | ၁၆၅ |
| **နတ်ဘဝမှာ ပြန်ပြီး သတိရလျှင် ချက်ခြင်းတရားထူး ရနိုင်တယ် ....** | ၁၆၆ |
| **နောက်ဆက်တွဲ တရားဆွေးနွေးပွဲ မှတ်တမ်း ....** | ၁၆၉ |

မာတိကာ ပြီး၏။

# သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော် စာအုပ်၌ ပြင်ဖတရန်

| မျက်နှာ | စာကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၈ | ၁၇ | တီကွက် | ဇီးကွက် |
| ၁၉ | ၁၈ | ဟန်းမှာ | ရဟန်းမှာ |
| ၂၀ | ၂၁ | ရှူရတာ | ရှုရတာ |
| ၂၈ | ၂၀ | ပြထားပ၊တယ် | ပြထားပါတယ် |
| ၃၅ | ၇ | ဂထာထဲမှာ | ဂါထာထဲမှာ |
| ။ | ၁၅ | စကားကိ | စကားကို |
| ၄၁ | ၇ | သံယောဇနိယေ ဟိ | သံယောဇနိယေဟိ |
| ၄၃ | ၁၆ | မုန်းစရာတေနဲ့ | မုန်းစရာတွေနဲ့ |
| ၅၅ | ၁၄ | ကိုယ်တိုင် တွေ့သိပါစေ | ကိုယ်တိုင်တွေ့ သိပါစေ |
| ၆၂ | ၃ | နှာ၈၊၁၁၊၁၇ | နှာ ၂၁၊၂၉၊၄၅ |
| ၆၅ | ၂ | ပဋိကင်္ခါမိ | ပဋိကင်္ခ ါမိ– |
| ။ | ၄ | ဘာလို့တုန်း | ဘာလိုတုံး |
| ၆၇ | ၉ | စတုတ္ထအပိုဒ် | ဒုတိယအပိုဒ် |
| ၉၅ | ၁၇ | လျှောကိုပြီး | လျှောက်ပြီး |
| ။ | ၁၆ | မညှင်းဆဲပါနှင့် | မညှဉ်းဆဲပါနှင့် |
| ၉၇ | ၂၀ | အမန်ဖြစ်တဲ့ | အမှန်ဖြစ်တဲ့ |
| ၁၀၄ | ၈ | နိရာသော– | နီရာသော |
| ၁၂၆ | ၁၄ | သရဏဂုဏ် | သရဏဂုမ် |
| ၁၆၁ | ၁၉ | ကိုယ့်ကို | ကိုယ့်ကိုယ် |

# သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

## ပဥ္စမပိုင်း

၁၃၃၈-ခုနှစ် သီတင်းကျွတ်သကွယ်နေ့ ဟောသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## တရားပလ္လင်ခံ

မဟာသမယ ၆-သုတ်ထဲက ပုရာဘေဒသုတ်ကတော့ စာအုပ်ဖြစ်နေတာ ကြာပါပြီ။ တုဝဋ္ဋကသုတ်ကတော့ ကမ္ဘာအေး ဗုဒ္ဓသာသနပုံနှိပ်တိုက်မှာ ပုံနှိပ်ဆဲဖြစ်နေတယ်၊ မကြာမီ စာအုပ်ဖြစ်ပြီး ထွက်ပေါ်လာတော့မှာပါဘဲ။ ကျန်တဲ့ ၄-သုတ်ကိုလဲ ဟိုက ဒီက စာအုပ်ဖြစ်အောင် ရွက်ဆောင်ပေးဖို့ တောင်းပန်ကြတယ်၊ အဲဒီ ၄-သုတ်ကို သိးသန့်ဟောဖို့တော့ လိုပုံမရပါဘူး၊ ယခုလို သီတင်းနေ့တိုင်း သီလပေးပြီး တဂါထာချင်း ဟောသွားယင် ပြည့်စုံသွားပါလိမ့်မယ်၊ တဂါထာ တရားဆိုတော့ ၁၅-မိနစ်၊ မိနစ် ၂၀၊ ၃၀-လောက် ကြာမှာပါဘဲ။ ဒါကြောင့် ဒီကနေ့ကစပြီး သမ္မာပရိဗ္ဗာဇနီယသုတ်ကို ဟောဖို့ စဉ်းစားထားပါတယ်။

ဒီသုတ်က ရာဂစရိုက်ရှိတဲ့ နတ်ဗြဟ္မာတွေအတွက် ဟောတဲ့သုတ်ဖြစ်တယ်။ ဒီသုတ်မှာ ပကတိ မြတ်စွာဘုရား၏ အလိုတော်အရ နိမ္မိတရုပ်ပွါးဘုရားက ဒီလိုမေးတော်မူတယ်။

### အမေးဂါထာ

၁။ ပုစ္ဆာမိ မုနိံ ပဟူတပညံ၊
တိဏ္ဏံ ပါရင်္ဂတံ ပရိနိဗ္ဗုတံ ဌိတတ္တံ။
နိက္ခမ္မ ဃရာ ပနုဇ္ဇ ကာမေ၊
ကထံ ဘိက္ခု သမ္မာ သော လောကေ ပရိဗ္ဗဇေယျ–တဲ့။

ပဟူတပညံ–ကြီးမားပြန့်ကျယ်သည့် ဉာဏ်ပညာနှင့် ပြည့်စုံတော်မူသော၊ မုနိံ–ရှင်တော် မြတ်ဘုရားကို၊ ပုစ္ဆာမိ–မေးမြန်းပါသည်။ တိဏ္ဏံ ပါရင်္ဂတံ–တဖက်ကမ်းရောက် ကူးမြောက်တော်မူပြီးသော၊ (မြန်မာစကား၌ ဝိသေသန မများရအောင် ၂-ပုဒ်ကို တပေါင်းတည်း အနက်ပြန်လိုက်ပါတယ်) ပရိနိဗ္ဗုတံ ဌိတတ္တံ–ကိလေသာမီး ငြိမ်းအေးပြီး၍ တည်ငြိမ်သည့် စိတ်နှလုံးရှိတော်မူသော၊ မုနိံ–ရှင်တော်မြတ်ဘုရားကို၊ ပုစ္ဆာမိ–မေးမြန်းပါသည် တဲ့။

ဒီစကားတွေကတော့ မြတ်စွာဘုရားကို ချီးကျူးတဲ့ စကားတွေပါဘဲ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ တရားအလုံးစုံကို သိတဲ့ဉာဏ်တော်နှင့် ပြည့်စုံတော်မူသောကြောင့် ကြီးမား ကျယ်ပြန့်တဲ့ ဉာဏ်ပညာနဲ့လဲ ပြည့်စုံတော်မူပါပေတယ်၊ ကြီးမားကျယ်ပြန့်ပုံကတော့ သိစရာ ဉေယျတရားတွေ ရှိသလောက် များပြား ကျယ်ပြန့်တာကို ဆိုတာပါဘဲ၊ လောကထဲမှာ သတ္တဝါတွေက ကာမဂုဏ်တွေ လိုလားတပ်စွဲ တဲ့ ကာမရာဂဆိုတဲ့ ကာမရေယဉ်ကြောမှာလဲ မျောနေကြ နစ်မြုပ်နေကြတယ်၊ ဘဝကို လိုလားတပ်စွဲတဲ့ ဘဝရာဂဆိုတဲ့ ဘဝရေယဉ်ထဲမှာလဲ မျောနေကြ နစ်မြုပ်နေကြတယ်၊ အယူ

မှားဆိုတဲ့ ဒိဋ္ဌိရေယဉ်ထဲမှာလဲ မျောနေကြ နစ်မြုပ်နေကြတယ်၊ ဘုရားတရားတော် ထွန်းလင်းနေတဲ့အခါ အဲဒီတရားတော်ကို ယုံကြည်နေကြတဲ့သူများသာ ဒိဋ္ဌိရေယဉ်မှ ကူးမြောက်ဖို့ အခွင့်ရကြတယ်၊ အခြားသတ္တဝါတွေမှာတော့ မျောမြဲမျော နစ်မြဲ နစ်နေကြတာဘဲ။ အနိစ္စစသည်ကို အမှန်အတိုင်းမသိတဲ့ အဝိဇ္ဇာရေယဉ်ကြောထဲမှာလဲ မျောနေကြ နစ်မြုပ်နေကြတယ်။ ဗုဒ္ဓမြတ်စွာဘုရားရှင်ကတော့ အဲဒီ ဩဃရေယဉ်ကြီး ၄-မျိုးကို လွန်မြောက်တော်မူပြီး ဖြစ်ပါတယ်။ အဲဒီလို လွန်မြောက်ပြီးတော့ နိဗ္ဗာန်ဆိုတဲ့ တဖက်ကမ်းသို့လဲ ရောက်တော်မူပြီး ဖြစ်ပါတယ်။ အရဟတ္တမဂ်ဖိုလ်ရောက်လို့ ကိလေသာအားလုံး ငြိမ်းတာကို သဉပါဒိသေသ နိဗ္ဗာန်ခေါ်တယ်၊ အဲဒီ သဉပါဒိသေသနိဗ္ဗာန်အလိုအားဖြင့် ငြိမ်းအေးတော်မူပြီး ဖြစ်ပါတယ်၊ ကိလေသာ ကင်းငြိမ်းတဲ့ အတွက် မြတ်စွာဘုရား၏ စိတ်နှလုံးတော်လဲ လှုပ်ရှားခြင်း မရှိပဲ တည်ငြိမ်နေပါတယ်။ ဒါကြောင့် ဒိဂုဏ်များဖြင့် မြတ်စွာဘုရားကို ချီးကျူးပြီး မေးတော်မူတာပါဘဲ၊ မေးတဲ့ အကြောင်းအရာကတော့—

[illegible]မ ပနုဇ္ဇ—ကာမဂုဏ်တို့ကို ပယ်စွန့်၍၊ ဃရာ နိက္ခမ္မ—[illegible]ဘည်ထောင် လူ့ဘောင်)မှ ထွက်ခွါခဲ့ပြီးလျှင်၊ [illegible]ဘိက္ခု—ထိုသို့ တောထွက်လာသော ရဟန်းသည်၊ [illegible]—လောက၌၊ ကထံ—အဘယ်သို့လျှင်၊ သမ္မာ ပရိဗ္ဗ-ဇေ[illegible]ကောင်းစွာ ကျင့်သုံးနေရာပါသနည်း တဲ့။

[illegible] ပရိဗ္ဗဇေယျ—ဆိုတဲ့ပုဒ်က ပရိ—ဆိုတဲ့ ဥပသာရပုဒ်နဲ့ [illegible]—ဓာတ်ဖြင့်ပြီးသောကြောင့် ထက်ဝန်းကျင် သွား

သည်လို့ သဒ္ဒါနက်ရှိပါတယ်၊ ဆုတ်နစ်ခြင်းမရှိပဲ တသွားထဲ သွားနေသည်လို့ ဆိုလိုပါတယ်၊ သွား–ဆိုတာလဲ ဒီနေရာမှာ တော့ ကျင့်သုံးနေထိုင်ခြင်းကိုဘဲ ဆိုလိုပါတယ်၊ ဒါကြောင့် အဲဒီပုဒ်၏ အဖွင့်အဋ္ဌကထာမှာ အနုပလိတ္တော လောကေန ဟုတ္ဂာ–လောကနှင့် မငြိကပ် မတွယ်တာမူ၍၊ ဝိဟရေယျ– နေရာပါသနည်း၊ လောကံ အတိက္ကမေယျ–လောကကို ကျော်လွန်နိုင်ရာပါသနည်း–လို့ ဖွင့်ပြထားပါတယ်။ အဲဒါကို ဘုန်းကြီးက အကျဉ်းချုပ် ဆောင်ပုဒ်စီထားတယ်၊ "ကာမ ဂုဏ်ပယ်ခွါ၊ တောထွက်လာ၊ ကောင်းစွာ ဘယ်သို့ကျင့် သနည်း"တဲ့။ အဲဒါကို ဆိုကြရမယ်။

၁။ ကာမဂုဏ်ပယ်ခွါ၊ တောထွက်လာ၊ ကောင်းစွာ
ဘယ်သို့ကျင့်သနည်း။

အဲဒီမေးခွန်းကို ပကတိမြတ်စွာဘုရားက ဒီလို စပြီး ဖြေ ကြားတော်မူပါတယ်။

## အဖြေ ပဉ္စမဂါထာ

၂။ ယဿ မင်္ဂလာ သမူဟတာသေ၊
ဥပ္ပါတာ သုပိနာ စ လက္ခဏာ စ။
သော မင်္ဂလဒေါသဝိပ္ပဟီနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

## လောကီမင်္ဂလာဟူသမျှ ပယ်ရမည်

မုနိ–နိမ္မိတရုပ်ပွါး ရှင်တော်ဘုရား၊ ယဿ–အကြင်ရဟန်း သည်၊ မင်္ဂလာ–ကောင်းကျိုးရကြောင်း နိမိတ်ကောင်းဖြစ်

သည် စွဲယုံကြည်သည့် လောကီဆိုင်ရာ မင်္ဂလာတို့ကို၊ သမ္မု-
ဟတာ–အရိယမဂ်ဖြင့် ကောင်းစွာ ပယ်အပ်ပြီး ဖြစ်လေ
ကုန်ပြီ။ (သေ–အက္ခရာကတော့ သဒ္ဒါဆရာတို့ အလိုအား
ဖြင့် ပဋ္ဌမာဗဟုဝ္စ်ပုဒ်နေ၁င် လာတဲ့အာဂုမ်ဖြစ်ကြောင်း၊
အဋ္ဌကထာဆရာတို့ အလိုအားဖြင့် နိပါတ်ဖြစ်ကြောင်း သုတ္တ
နိပါတအဋ္ဌကထာ ပဋ္ဌမအုပ် နှာ ၂၁-၌ ပြဆိုထားပါတယ်၊ အဲဒီ
သေ–အက္ခရာပါ ရှိမှ အစ၌ ဇ–မတြာ နှင့် ရ–ဂိုဏ်း ယ–ဂိုဏ်း
ပြည့်စုံပြီး ဆန်းလက္ခဏာနှင့် ညီညွတ်ပါတယ်၊ ဒီသုတ်မှာပင်
၁၁–ခုမြောက် ဂါထာဝယ် သမ္မုဟတာ သေ–ဟု ရှိသောပါဌ်
နှင့်လည်း ညီညွတ်ပါတယ်) ဥပ္ပါတာ စ၊ မိုးကြိုးပစ်ခြင်း
လောင်မီးကျခြင်းစသော ဘေးဥပါတ်ဆိုင်ရာ အယူအစွဲတို့ကို
၎င်း၊ သုပိနာ စ–အိပ်မက်ဆိုင်ရာ အယူအစွဲတို့ကို၎င်း၊
လက္ခဏာ စ–သက်ရှိ သက်မဲ့ အသုံးအဆောင်တို့၏ လက္ခဏာ
ဆိုင်ရာ အယူအစွဲတို့ကို၎င်း၊ သမ္မုဟတာ–အရိယမဂ်ဖြင့်
ကောင်းစွာ ပယ်အပ်ပြီး ဖြစ်လေကုန်ပြီ၊ သော–ထိုရဟန်း
သည်၊ မင်္ဂလဒေါသဝိပ္ပဟီနော–မင်္ဂလာနှင့်စပ်သော အပြစ်
ဒေါသဟူသမျှကို ပယ်ပြီး ဖြစ်လေတော့သည်၊ သော–ထိုသို့
သော ရဟန်းသည်၊ လောကေ–လောက၌၊ သမ္မာ ပရိဗ္ဗ-
ဇေယျ–ကောင်းစွာ ကျင့်သုံးနေနိုင်ပါပေသည် တဲ့။

## ပယ်ရမည့် မင်္ဂလာများ

ဒီဂါထာမှာ ပယ်ရမည့်မင်္ဂလာ ဆိုတာက တရားနဲ့ စပ်တဲ့
၃၈-ဖြာ မင်္ဂလာအစစ်တွေ မဟုတ်ပါဘူး၊ လောကသား
တွေက မင်္ဂလာလို့ ယူဆစွဲလမ်းအပ်တဲ့ မင်္ဂလာ အတုတွေ

ကိုသာ ဆိုလိုပါတယ်၊ အဲဒါတွေက ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာလို့ သုံးမျိုးရှိတယ်။

## ဒိဋ္ဌမင်္ဂလာ

ဒိဋ္ဌမင်္ဂလာဆိုတာ အကောင်းအမြတ်ကို မြင်တွေ့ရယင် ကောင်းကျိုးကို ရတယ်၊ မကောင်းတာ ဆိုးတာကို မြင်ရယင် မကောင်းကျိုးကို ရတယ်လို့ ယူဆချက်ပါဘဲ၊ ဘယ်လိုဟာလဲ ဆိုတော့ နံနက် အိပ်ရာမှ ထခါစမှာ ပျံလွှားငှက်, မိုးစာငှက် လူ့စကားပြောတတ်တဲ့ ငှက်ကို မြင်ရလျှင်၊ ကိုယ်ဝန်ဆောင်ကို အပျို လူပျိုကို, ရေပြည့်အိုးကို, အာဇာနည်မြင်းကို, နွားလား ဥသဘကို ဒီလို နှစ်သက်ဖွယ်အဆင်းကိုမြင်ရယင် ကောင်းခြင်း မင်္ဂလာ ဖြစ်တယ်လို့ ယုံကြည် ယူဆကြတယ်၊ ရှေးတုန်းက အိန္ဒိယမှာ ယူဆပုံတွေပါဘဲ၊ ယခုခေတ် မြန်မာပြည်မှာလဲ ထိုက်သည် အားလျော်စွာ ယူဆစွဲလမ်းချက်ဟာ အတော် အတန်တော့ ရှိတာပါဘဲ။ သူတောင်းစား ဒွန်းစဏ္ဍားကို မြင်ရယင် အမင်္ဂလာဖြစ်တယ်လို့ ရှေးခေတ်က အယူအဆ ရှိခဲ့တယ်။

## ဒိဋ္ဌမင်္ဂလိကာ ဝတ္ထုအကျဉ်း

ဒါကြောင့် မာတင်္ဂဇာတ်မှာ ဒိဋ္ဌမင်္ဂလိကာဆိုတဲ့ သေဋ္ဌေး သမီးဟာ သူ့ကို အလိုရှိတဲ့ အမျိုးသားများက လာရောက်ပြီး ဆွယ်ကြရာမှာ အဲဒီလူရဲ့ လက်ခြေစသည်၌ ချွတ်ယွင်းချက်ကို ကြည့်ရှုပြီးတော့ ဒါက ဘယ်လိုလူလဲ အမျိုးညံ့ အရုပ်ဆိုးတဲ့ လူဘဲလို့ ရေရွတ်ပြောဆိုပြီး နှင်ထုတ်တယ်၊ မင်္ဂလာ မရှိတဲ့

ဟာကို မြင်ရတယ်ဆိုပြီး သူ့မျက်နှာကိုလဲ ရေဖြင့် ဆေးကြော သုတ်သင်တယ်၊ မြင်သမျှ မကောင်းတာတွေကို အရှက်တကွဲ ဖြစ်စေပြီးတော့ သူက နှင်ထုတ်တယ်၊ ဒါကြောင့် သူ့ကို ဒိဋ္ဌမင်္ဂလိကာလို့ ခေါ်ကြတယ်၊ အမြင်မင်္ဂလာကို ယုံကြည်စွဲလမ်းသူလို့ ဆိုလိုပါတယ်။

အဲဒီအခါတုန်းက ဘုရားအလောင်းတော်ကလဲ ဒွန်းစဏ္ဍားမျိုးထဲမှာ ဖြစ်နေတယ်၊ အမည်က မာတင်္ဂတဲ့၊ ဒွန်းစဏ္ဍားဆိုတာ မြို့ထဲ မနေရဘူး၊ မြို့ပြင်မှာ နေရတယ်၊ တနေ့သောအခါ အဲဒီ မာတင်္ဂဒွန်းစဏ္ဍားက မြို့ထဲ ကိစ္စရှိလို့ သွားတယ်၊ ဒွန်းစဏ္ဍားများ မြို့ထဲသွားယင် အဝတ်ကလဲ အညံ့စား ဝတ်သွားရတယ်၊ အမျိုးမြတ်သူတွေနဲ့ မထိမိအောင် ဒုတ်ချောင်း စသည်ဖြင့် အသံပြုပြီး သွားရတယ်၊ ဒါကြောင့် မာတင်္ဂဟာလဲ ညိုမဲတဲ့ အဝတ်ညံ့ကို ဝတ်ပြီးတော့ လက်တဖက်က ခြင်းတောင်းတွဲကိုင်ပြီး လက်တဖက်က (ဃဏ္ဍ-ခေါ်တဲ့) ဂလိုင်ဖြင့် အသံပေးလျက် တွေ့ရတဲ့လူတွေကိုလဲ အရှိအသေပေးပြီး လမ်းမကြီးပေါ်မှာ သွားနေပါသတဲ့၊ ဂလိုင်သံ ပေးတာကတော့ "ကျွန်တော်က ဒွန်းစဏ္ဍား ဇာတ်နိမ့်မျိုးပါ၊ မထိမိအောင် ရှောင်ကြပါ"လို့ သတိပေးတဲ့ သဘောပါဘဲ။

အဲဒီလို သွားနေစဉ်မှာ ခုတင်က ပြောခဲ့တဲ့ ဒိဋ္ဌမင်္ဂလိကာဆိုတဲ့ သေဋ္ဌေးသမီးကလဲ ဂင်္ဂါမြစ်၌ ရေချိုးပြီး ပျော်ပွဲစားဘို့ မြင်းရထားဖြင့် အဲဒီလမ်းမှာဘဲ ထွက်လာတယ်၊ ဂလိုင်သံကြားလို့ အဝတ်အကာ ကြားမှ မြော်ကြည့်လိုက်တဲ့အခါ မာတင်္ဂကို မြင်ရတော့ "ဟိုလူက ဘာလဲ"လို့ သူက မေးတယ်၊

"မာတင်္ဂဆိုတဲ့ ဒွန်းစဏ္ဍာလားဘဲ"လို့ ပြောကြတယ်။ အဲဒီတော့ မင်္ဂလာကိစ္စအတွက် ထွက်လာရာမှာ အမင်္ဂလာကို မြင်မှုမြင်ရလေခြင်းလို့ ညည်းညူလျက် နှလုံးမသာဖြစ်ပြီး မျက်နှာကိုရေဖြင့် ဆေးကြောသုတ်သင်ကာ အိမ်ကိုဘဲ ပြန်သွားပါသတဲ့။ အဲဒီအခါ သူ့အခြွေအရံတွေက ပျော်ပွဲစားကိစ္စ ပျက်တဲ့အတွက် မကျေမနပ်ဖြစ်ပြီး မာတင်္ဂကို ဝိုင်းပြီး ရိုက်နှက်နှိပ်စက်ကြသတဲ့၊ ဝတ္ထုကြောင်း အပြည့်အစုံ သိချင်ယင်တော့ ငါးရာ့ငါးဆယ်ဇာတ် ဝီသတိနိပါတ်မှာ မာတင်္ဂဇာတ်ဝတ္ထုကို ကြည့်နိုင်ပါတယ်၊ အဲဒါနဲ့ တစပ်တည်း စိတ္တသမ္ဘူတဇာတ်မှာလဲ ဒိဋ္ဌမင်္ဂလိကာအကြောင်း ပါရှိပါတယ်။

## သုတမင်္ဂလာ

သုတမင်္ဂလာဆိုတာကတော့ အကြားကောင်းကို မင်္ဂလာလို့ ယူပြီး အကြားဆိုးကို အမင်္ဂလာလို့ ယုံကြည်စွဲလမ်းတာပါဘဲ၊ ဝမ်းမြောက်ပျော်ရွှင်ဘွယ် အသံကောင်း အဆိုကောင်းကို ကြားရယင် မင်္ဂလာလို့ ထင်မှတ်တယ်၊ မသာ စသည်အကြောင်း၊ လွမ်းဆွတ်ငိုကြွေးသံ စသည်တို့ကို ကြားရယင်အမင်္ဂလာလို့ ယူဆတယ်၊ တီကွက်မြည်သံကြားရယင် မင်္ဂလာရှိတယ်လို့ ယူဆတယ်၊ ငှက်ဆိုးသံ ကြားရယင် အမင်္ဂလာဖြစ်တယ်လို့ ယူဆတယ်၊ ဒါမျိုးတွေပါဘဲ။

## မုတမင်္ဂလာ

မုတမင်္ဂလာ ဆိုတာကတော့ အနံ့ကောင်းကို နံ့ရတာ၊ အရသာအထူးကို စားရတာ၊ အတွေ့ကောင်းကို တွေ့ထိရတာ

ဒါမျိုးတွေကို မင်္ဂလာလို့ ယူဆတယ်၊ အဲဒါနဲ့ ဆန့်ကျင်တဲ့ အနံ့အရသာ အတွေ့မျိုးကို အမင်္ဂလာလို့ ယူဆတယ်။ အိန္ဒိယက ဇာတ်အယူဝါဒအရ ဆိုယင် ဇာတ်နိမ့် ဒွန်းစဏ္ဍားကိုယ်နဲ့ ထိတာကို အမင်္ဂလာလို့ ယူဆတယ်၊ တခါက အိန္ဒိယက စာသင်ကျောင်းတခုမှာ ဇာတ်နိမ့်ကျောင်းသားက ဇာတ်မြင့်ကျောင်းဆရာနဲ့ မတော်တဆ ထိမိလို့ အဲဒီ ကျောင်းဆရာက အမင်္ဂလာ ဖြစ်တယ်လို့ ယူဆပြီး အကြီးအကျယ် စိတ်ဆိုးကာ အဲဒီ ကျောင်းသားကလေးကို အပြင်းအထန် ရိုက်နှက်နှိပ်စက်တဲ့ အကြောင်း စာစောင်တခုမှာ တွေ့ရဘူးတယ်။

နောက်ပြီးတော့ ရက်ရာဇာ ပြဿဒါး လာဘ်နေ နတ်နေ စသည့် အယူအစွဲတွေလဲ ဒီ မင်္ဂလာ အမင်္ဂလာ အယူအစွဲထဲမှာ ပါဝင်ပါတယ်၊ အလှူပွဲ ထိမ်းမြားပွဲ စသည့် မင်္ဂလာကိစ္စကို ပြုကြတဲ့အခါမှာ ရက်ကောင်း နေ့ကောင်း အချိန်ကောင်းကို ရွေးကြတယ်၊ အိမ် ကျောင်းစသည် ဆောက်လုပ်တဲ့အခါမှာလဲ အချိန်ကောင်း ရွေးချယ်ပြီး ပန္နက် အုတ်မြစ် ချကြရတယ်၊ ဒါတွေလဲ မင်္ဂလာ အစွဲအလမ်းတွေပါဘဲ။ အမှန်ကတော့ နေ့ရက်အချိန်က ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အချိုးတကျ လုပ်ကိုင် ဆောင်ရွက်ယင် အလုပ်ကိစ္စတွေ အောင်မြင်တာပါဘဲ၊ ဘယ်လို အချိန်ကောင်းရွေးပြီး လုပ်ပေမယ့်လို့ အချိုးတကျ မဆောင်ရွက်ယင်တော့ မအောင်မြင်ပါဘူး၊ အဲဒါ စဉ်းစားကြည့်ဘို့ကတော့ ထိမ်းမြားမင်္ဂလာပြုကြရာမှာ ရက်ကောင်း အချိန်ကောင်း ရွေးပြီး ဆောင်ရွက်ကြပေမဲ့ အချင်းချင်း ဆက်ဆံရေးက အဆင်မပြေတော့ တကွဲတပြားစီ ဖြစ်သွားကြတာတွေလဲ များစွာ ရှိနေတာဘဲ။

တချို့ ဘုရားကိစ္စ ကျောင်းကိစ္စတွေဟာလဲ မပြီးနိုင်ဘဲ ဖြစ်နေတာတွေ ရှိနေတာဘဲ။

## ရက်ရာဇာ စသည် ရွေးတာ အလုပ်ပိုပင်

ဒါကြောင့် ဘုန်းကြီးတို့ကတော့ ရက်ရာဇာ ပြဿဒါး စသည်တွေကို ယုံကြည်တာဟာ အလုပ်ပိုဘဲလို့ အသိအမှတ်ပြုထားပါတယ်။ ယခုနေအခါ ဒီရန်ကုန်က လူတွေလဲ ရက်ရာဇာစသော ရက်ကောင်းကို မရွေးဘဲ တနင်္ဂနွေနေ့ကို အလေးပြုပြီး ရွေးကြတာ တွေ့ရပါတယ်၊ အဲဒါဟာ သဘာဝကျပုံ ပေါ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ တနင်္ဂနွေ ရုံးပိတ်ရက် မဟုတ်တဲ့ အခြားရက်မှာ မင်္ဂလာကိစ္စကိုလုပ်ယင် ခမ်းခမ်းနားနား စည်ကားသင့်သလောက် မစည်ကားနိုင်ဘူး၊ ဒါကြောင့်ပါဘဲ။

## မိစ္ဆာအယူအစွဲ ပယ်ဘို့က လိုရင်းဘဲ

ဒီဂါထာမှာ လောကီမင်္ဂလာကို ပယ်ရမယ် ဆိုတာက အဲဒီ မင်္ဂလာ အမင်္ဂလာကြောင့်ပင် ကောင်းကျိုးဆိုးကျိုး ရတယ်လို့ အယူအစွဲကို ပယ်ဘို့ပါဘဲ၊ အမှန်ကတော့ ကောင်းကျိုးဆိုးကျိုးဆိုတာ ရှေးကုသိုလ်ကံ အကုသိုလ်ကံနဲ့လဲ ဆိုင်တယ်၊ ယခုမျက်မှောက်မှာ သင့်တော်တဲ့အလုပ် မသင့်တော်တဲ့အလုပ်နဲ့လဲ ဆိုင်တယ်၊ ဒါကြောင့် "ကုသိုလ်ကံကြောင့် မင်္ဂလာကို တွေ့ရတယ်၊ အဲဒီကုသိုလ်ကြောင့်ပဲ ကောင်းကျိုးကို ရတယ်၊ အကုသိုလ်ကံကြောင့် အမင်္ဂလာကို တွေ့ရတယ်၊ အဲဒီ အကုသိုလ်ကံကြောင့်ပဲ မကောင်းကျိုးကို ရတယ်" လို့ ကံကို

သာ ပခေါနပြုပြီး ယုံကြည်ယူဆဘို့ပါဘဲ၊ အဲဒါဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြင့် ယူဆတဲ့ အမြင်မှန်ပါဘဲ။ မင်္ဂလာ အမင်္ဂလာကြောင့်ပင် ကောင်းကျိုးဆိုးကျိုး ရတယ်လို့ ယုံကြည် စွဲလမ်းတာကတော့ အဲဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ ဆန့်ကျင်တဲ့ မိစ္ဆာ အယူအစွဲဘဲ၊ ဒါကြောင့် အဲဒီ မိစ္ဆာအယူအစွဲကို ပယ်ဘို့က လိုရင်းပါဘဲ၊ သောတာပတ္တိမဂ်ဖြင့် အဲဒီလို အယူအစွဲကို အကြွင်းမဲ့ ပယ်နိုင်ပါတယ်၊ ဒါပေမဲ့ သောတာပန်မှာ အိမ်ထောင်ပြုမှုလဲ ရှိနေသေးတဲ့အတွက် လောကီမင်္ဂလာတွေ အကုန်လုံး ကင်းတယ်လို့တော့ မဆိုနိုင်ပေဘူး၊ လောကထဲမှာ အများနဲ့ ဆက်ဆံနေရတဲ့အတွက် အများကြိုက် မင်္ဂလာမှုကလေးများကို ပြုရတာလဲ ရှိကောင်း ရှိပေလိမ့်မယ်။ ဘုန်းကြီးတို့မှာ ရက်ရာဇာ ပြဿဒါး စသည်ကို အယုံအကြည်မရှိပေမဲ့ အလှူမင်္ဂလာပြုလိုတဲ့ ဒကာ ဒကာမတွေကျတော့ သူတို့အလိုအတိုင်း ခွင့်ပြုထားရပါတယ်၊ ကျောင်းဆောက်တဲ့အခါလဲ အခါကောင်း ရွေးပြီး ပန္နက်ရိုက်တာ အုတ်မြစ်ချတာကို ခွင့်ပြုထားရပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ အကြောင်း မညီညွတ်လို့ တစုံတရာ အဆင်မပြေဘဲ ဖြစ်နေယင် ရက်ကောင်း အချိန်ကောင်း မရွေးရတဲ့ အတွက်ကြောင့်လို့ ပြောစရာ ဖြစ်မနေရအောင်လို့ပါဘဲ။

တကယ်ဆိုတော့ နက္ခတ်အယူဉ် မင်္ဂလာအချိန်ဆိုတာ ဘာမျှ ကောင်းကျိုးနဲ့ မဆိုင်ပါဘူး။ ဘုရားလက်ထက်တော်ကာလက သာဝတ္ထိမြို့နယ် တောရွာက လူတယောက်ဟာ သာဝတ္ထိမြို့မှ အမျိုးသမီး တယောက်ကို သူ့သားနဲ့ ထိမ်းမြား

ဘို့ တောင်းဆိုပြီး ရက်လဲ သတ်မှတ်ထားတယ်၊ အဲဒီ အကြောင်းကို သူကိုးကွယ်နေတဲ့ တက္ကတွန်း ဂိုဏ်းဆရာကို ပြောကြားပြီးတော့ "အဲဒီနေ့ဟာ နက္ခတ်အယှဉ် ကောင်း ပါရဲ့လား"လို့ မေးတယ်။ အဲဒီတော့ တက္ကတွန်းဆရာက "ဒီအကောင်ဟာ မူလကတော့ ငါ့ကို မပြောဘဲ သူ့ဟာသူ ရက်သတ်မှတ်ပြီးမှ ငါ့ကို လာမေးတယ်"လို့ အခဲမကြေ ဖြစ်ပြီးတော့ "ဒီကနေ့ နက္ခတ်မကောင်းဘူး၊ ဒီကနေ့ မင်္ဂလာ ပြုယင် အကြီးအကျယ် ပျက်စီးလိမ့်မယ်"လို့ ဟောကိန်း ထုတ်လိုက်တယ်။ ဒါကြောင့် အဲဒီလူက အဲဒီချိန်းဆိုထားတဲ့ နေ့မှာ သမီးရှင်များထံ မသွားပဲ နောက်တရက်ကျမှ သွား သတဲ့။ သာဝတ္ထိမြို့နေ သမီးရှင်များက ချိန်းထားတဲ့ရက်မှာ မလာတဲ့အတွက် အခမ်းအနား ပြုလုပ်ရန်လဲ ပြင်ထားပြီး ဖြစ်နေသောကြောင့် အခြား သတို့သား တယောက်နဲ့ လက်ထပ် ထိမ်းမြား ပေးလိုက်သတဲ့။ နောက်တနေ့ကျမှ ရောက်လာတဲ့ ဟိုလူကိုလဲ ကြိမ်းမောင်း မာန်မဲပြီး နှင်ထုတ် လိုက်ကြသတဲ့။

အဲဒီ သတင်းက ပြန့်ပြီး ရဟန်းတော်များထံ ရောက်လာ တဲ့အခါ အဲဒီ အကြောင်းကို ပြောနေကြတုန်း မြတ်စွာဘုရား က ပြောဆိုနေဆဲစကားကို မေးမြန်းတော်မူပြီးတော့ ဒီလို ဖြစ်ရတာဟာ ယခုမှသာ မဟုတ်ဘူး ရှေးကလဲ ဖြစ်ဘူး ကြောင်း ထုတ်ဖော်ပြီး ဟောတော်မူပါတယ်၊ ဧကနိပါတ် ၄၉–ခုမြောက် ဇာတ်ဝတ္ထု ဖြစ်တယ်၊ နက္ခတ္တဇာတကလို့ ခေါ်တယ်။ အဲဒီ ဇာတ်မှာ ဖြစ်ပုံချင်းလဲ တထပ်တည်းတူပါ

တယ်၊ အဲဒီတုန်းက လူပညာရှိက အဲဒါအကြောင်းပြုပြီး တော့ ဒီဂါထာကို ရွတ်ဆိုပြီး ဟောပြပါသတဲ့။

## နက္ခတ်ကောင်းငံ့နေယင် အကျိုးမဲ့ဖြစ်တတ်သည်

နက္ခတ္တံ ပတိမာနေန္တံ၊ အတ္ထော ဗာလံ ဥပစ္စဂါ။
အတ္ထော အတ္ထဿ နက္ခတ္တံ၊ ကိံ ကရိဿန္တိ တာရကာ။

နက္ခတ္တံ–နက္ခတ်ကောင်း အချိန်ကောင်းကို၊ ပတိမာနေန္တံ–ငံ့လင့်နေသော၊ ဗာလံ–အသိဉာဏ်မဲ့သူကို၊ အတ္ထော–လိုအပ်သောအကျိုးသည်၊ ဥပစ္စဂါ–ကပ်လာပြီးမှ ကျော်လွန် သွားတတ်၏။ အတ္ထော–လိုအပ်သော အကျိုးကို ရခြင်းသည်၊ အတ္ထဿ–လိုအပ်သော အကျိုး၏၊ နက္ခတ္တံ–နက္ခတ်ကောင်း အချိန်အခါကောင်းပေတည်း။ တာရကာ–ကောင်းကင်က ကြယ်တာရာတို့သည်၊ကိံ ကရိဿန္တိ–အဘယ် အကျိုးကို ပြုနိုင်ကုန်အံ့–ပြီးစေနိုင်ကုန်အံ့နည်းတဲ့။

အဲဒီ ဂါထာဟာလဲ အလွန်မှတ်သားဘွယ် ကောင်းပါ တယ်။ ယခုခေတ်မှာလဲ ပြုသင့်တဲ့အချိန် မပြုပဲ ရက်ကောင်း အခါကောင်း ရွေးနေတာနဲ့ အကျိုးမဲ့ ဖြစ်တာ ရှိတာဘဲ။ လွန်ခဲ့တဲ့ ၂–နှစ် ၃ နှစ်လောက်က မြိတ်မြို့မှ ဒကာမကြီး တယောက်ဟာ မျက်စိရောဂါအတွက် ရန်ကုန်လာရောက်ပြီး ကုသဘို့ ရှိနေရာမှာ ရက်ကောင်း ရွေးနေတာနဲ့ ရက်အနည်း ငယ်နောက်ကျသွားသောကြောင့် ရန်ကုန်ရောက်လာတဲ့အခါ ဆရာဝန်များက ကုသမပေးနိုင်တော့ပဲ အကျိုးမဲ့ ဖြစ်သွား ရတယ်လို့ ရင်းနှီးသော ဒကာ ဒကာမများထံမှ ကြားသိရ

ဘူးတယ်၊ အဲဒါလဲ အထူးသတိ ပြုစရာအချက် တခုပါဘဲ။ အဲဒါဟာ မင်္ဂလာကို အလေးပြုနေလို့ အကျိုးမဲ့ ဖြစ်ရတာပဲ။

အရဟတ္တမဂ်ဖြင့် မင်္ဂလာဟူသမျှကို ပယ်ပြီးဖြစ်တဲ့ ရဟာန်းမှာ ဘယ်လို မင်္ဂလာနဲ့မှ စပ်ပြီး အနှောင့်အရှက် မရှိတော့ဘူး၊ အမြဲတမ်း ချမ်းသာစွာ နေရတော့ တာဘဲ။ ဒါကြောင့်—

သော–လောကီမင်္ဂလာတို့ကို ပယ်ပြီးသော ထိုရဟာန်းသည်၊ မင်္ဂလဒေါသဝိပ္ပဟီနော–မင်္ဂလာနှင့် စပ်သော အပြစ်ဒေါသဟူသမျှကို ပယ်ပြီး ဖြစ်လေတော့သည်၊ သော–ထိုသို့သော ရဟာန်းသည်၊ လောကေ–လူများအပေါင်း ဟူသော လောက၌၊ သမ္မာ ပရိဗ္ဗဇေယျ–ကောင်းစွာကျင့်သုံးနေနိုင်ပါပေသည်–လို့ ဖြေရှင်း ဟောကြားတော် မူတာပါဘဲ။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်–"လောကီမင်္ဂလာ၊ စွန့်ပယ်ခွါ၊ ကောင်းစွာကျင့်နေသည်"တဲ့။ အဲဒါကို ဆိုကြရမယ်။

၂။ လောကီမင်္ဂလာ၊ စွန့်ပယ်ခွါ၊ ကောင်းစွာ ကျင့်နေသည်။

နောက်ပြီးတော့ မိုးကြိုးပစ်ခြင်း လောင်မီးကျခြင်း အစရှိတဲ့ ဘေးဥပါဒ်ဆိုင်ရာ အယူ အစွဲတွေကိုလဲ ပယ်ရမယ်တဲ့၊ ဒီလို ဘေးဥပါတ်မျိုးကတော့ တွေ့ခဲပါတယ်။ နောက်ပြီးတော့ အိပ်မက်ဆိုင်ရာ အယူ အစွဲတွေကိုလဲ ပယ်ရမယ်တဲ့။ ဒီ အိပ်မက်ဆိုတာကတော့ ဘုန်းကံကြီးတဲ့ ပုဂ္ဂိုလ်ထူးများမှာ

ကုသိုလ် အကုသိုလ်က ကောင်းကျိုး ဆိုးကျိုး ပေးခါနီးမှာ ထင်ပေါ်တတ်တယ်လို့ ကျမ်းဂန်များမှာ အဆိုရှိပါတယ်၊ သာမန် ပုဂ္ဂိုလ်တွေမှာတော့ အိပ်မက်တွေက ကောင်းကျိုး ဆိုးကျိုးနဲ့ ဆိုင်ပုံမရပါဘူး၊ စိတ်စွဲလမ်းချက်များနဲ့ ရုပ်ကိုယ်ရဲ့ အခြေ အနေများကြောင့် မက်ဟန်တူပါတယ်။ ဘာကြောင့်ဘဲ ဖြစ်ဖြစ် အိပ်မက်နှင့်စပ်ပြီး ဂရုမစိုက်ပဲ ပယ်ထားဘို့ပါဘဲ၊ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်တဲ့အခါကျတော့ အိပ်မက်လဲ မမက်တော့ပါဘူး၊ အဲဒီ အခြေ အနေရောက်အောင် ကျင့်သုံး သွားဘို့ပါဘဲ။

ဒီနေရာမှာ စဉ်းစားစရာဘခုရှိတယ်၊ ဒီသုတ်က နတ်ပြဟ္မာတွေ ဟောတဲ့ တရားဘဲ၊ နတ်ပြဟ္မာတွေမှာ အိပ်ခြင်းမရှိတဲ့အတွက် အိပ်မက်လဲ မက်ဖွယ်မရှိဘူး၊ အိပ်မက်နဲ့စပ်ပြီး အယူအစွဲ ဖြစ်ဖွယ်လဲ မရှိဘူး၊ လူတွေရဲ့ အိပ်မက်အကြောင်းလဲ စိတ်ဝင်စားဘွယ်မရှိဘူး၊ အဲဒါကို နတ်ပြဟ္မာတွေ ဘယ်လို သဘောပေါက်ပါမည်လဲလို့ စဉ်းစားစရာရှိပါတယ်၊ ကောင်းကင်မှာ တည်နေတဲ့နတ်ပြဟ္မာတွေမှာတော့ အိပ်မက် မမက်ဘူးဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ မြေပြင်မှာ တည်ရှိနေကြတဲ့ ရုက္ခစိုး အစရှိတဲ့ နတ်တွေမှာတော့ အိပ်ခြင်းလဲ မက်ဟန် မတူပါဘူး၊ သူတို့က မအိပ်တောင်မှ လူတွေနဲ့ နီးကပ်နေတဲ့အတွက် လူတွေရဲ့ အိပ်မက် မက်ပုံ စွဲလမ်းပုံတွေကို ထင်ရှား သိနေကြရမှာဘဲ၊ ဒါကြောင့် အဲဒီလို အချို

နှတ်များအတွက် ဒီအိပ်မက်အစွဲ ပယ်ဘို့ ဟောတော်မူတယ်လို့ ယူယင် သင့်လျော်ပါတယ်။

နောက်ပြီးတော့ လူတွေမှာ နွားမြင်း၊ အစေခံလူ အစရှိတဲ့ သက်ရှိအသုံး အဆောင်တွေလဲရှိတယ်၊ အဝတ်အထည်စသော သက်မဲ့ အသုံးအဆောင်တွေလဲ ရှိတယ်၊ အဲဒီ အသုံးအဆောင်တွေနဲ့ စပ်ပြီး ဝေဒကျမ်း ဆရာတွေက ဘယ်လိုလက္ခဏာရှိယင် မကောင်းကျိုး ပေးတယ်၊ ကောင်းကျိုးပေးတယ် စသည်ဖြင့် ပြဆိုထားတာရှိတယ်၊ အချို့ နှတ်တွေမှာလဲ ဒီလို အဆိုတွေ ရှိနိုင်တာဘဲ၊ ဒါကြောင့် အဲဒီလို ပြဆိုချက်များအရ ဘယ်လို လက္ခဏာက မကောင်းကျိုး ပေးတယ်။ ဘယ်လိုလက္ခဏာက ကောင်းကျိုးပေးတယ် စသည်ဖြင့် ယုံကြည်တဲ့ အယူအစွဲတွေကို ပယ်ရမယ်တဲ့။

အဲဒီ ဘေးဥပါတ် အိပ်မက် လက္ခဏာ ဆိုတာတွေလဲ လောကီ မင်္ဂလာ အမင်္ဂလာထဲမှာ ထည့်သွင်းယူယင် ပါဝင်နိုင်ပါတယ်၊ ဒါကြောင့် ဒီဂါထာအနက်ကို တိုတိုနဲ့လဲ မှတ်ရအောင် မင်္ဂလာကိုသာ ပဓာနပြုပြီး "လောကီ မင်္ဂလာ၊ စွန့်ပယ်ခွါ၊ ကောင်းစွာ ကျင့်နေသည်"လို့ ဆောင်ပုဒ်စီထားတာပါဘဲ။ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရဦးမယ်။

၂။ လောကီ မင်္ဂလာ၊ စွန့်ပယ်ခွါ၊ ကောင်းစွာ ကျင့်နေသည်။

လောကီမင်္ဂလာတွေကို စိတ်ဝင်စားပြီး လိုက်စားလေ့လာ ပြုလုပ်နေကြတာဟာ ကြီးပွါးချမ်းသာချင်တဲ့ လောဘ ရာဂ

နဲ့ ဆိုင်တယ်၊ ရာဂများတဲ့ သူတွေရဲ့ အလေ့အလာလို့ ဆိုရမှာဘဲ။ နတ်တွေ ဗြဟ္မာတွေထဲမှာလဲ လောကီ မင်္ဂလာကို အလေးအမြတ်ပြုနေတဲ့ ပုဂ္ဂိုလ်တွေ ရှိမှာဘဲ၊ အဲဒီလို ပုဂ္ဂိုလ်တွေဟာ “လောကီ မင်္ဂလာတွေကို ရဟန်းမြတ်ဖြစ်သူဟာ အကုန်လုံး ပယ်စွန့်ပြီး ချမ်းသာစွာ နေနိုင်တယ်” ဆိုတာ ကြားသိရတော့ အဲဒီလို ရဟန်းမြတ်တွေကိုလဲ ကြည်ညိုတယ်၊ မိမိတို့လဲ အဲဒီ လောကီ မင်္ဂလာကို ပယ်နိုင်ဘို့ရာ ဖြစ်ခိုက် ရုပ်နာမ်ကို ရှုတယ်၊ လောကီ မင်္ဂလာကို ပယ်နိုင်တဲ့ ရဟန်းမြတ်၏ ဂုဏ်နဲ့ တရားတော်ဂုဏ်ကို အာရုံပြုပြီး ကြည်ညိုတယ်၊ အဲဒီလို ကြည်ညိုပြီး ပီတိပါမောဇ္ဇတွေလဲ ဖြစ်နိုင်တယ်၊ အဲဒီလို ကြည်ညိုတာနဲ့ ပီတိပါမောဇ္ဇတွေကို ရှုပြီးတော့ တခဏချင်းလဲ အရိယမဂ် ဖိုလ် တရားထူးတွေကို ရသွားနိုင်ပါတယ်။

## ရဟန်းနှင့် လောကီ မင်္ဂလာ

ဒီ တရားတော်အရဆိုရင် ဗုဒ္ဓသာသနာဝင် ရဟန်းအဖြစ် ဝန်ခံနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ လောကီမင်္ဂလာနဲ့ စပ်ပြီး ပယ်သာ ပယ်ဘို့ သင့်ပါတယ်၊ အဲဒီ လောကီမင်္ဂလာတွေကို အားမပေးသင့်ပါဘူး။ ဒါပေမဲ့ အချို့ ရဟန်းတော်များက ဒီ လောကီမင်္ဂလာကို အားပေး ပြောဟော နေကြတာလဲ ရှိနေတယ်၊ ဥပ္ပါတ်ခေါ်တဲ့ ဘေးဥပါတ်များ အိပ်မက်များ လက္ခဏာများနဲ့ စပ်ပြီး ဘယ်လို မကောင်းကျိုး ဖြစ်တတ်တယ်၊ အဲဒီလို မကောင်းကျိုး မဖြစ်ရအောင် ဘာလုပ်ရမယ် စသည်ဖြင့် ယတြာချေပုံတွေလဲ သင်ပြပေးနေကြတယ်၊ စီးပွါးဖြစ်အောင် ရာထူးတိုးတက်အောင် ဘယ်လို လုပ်ရမယ်၊ ဘာကို

ဆောင်ထားရမယ် စသည်ဖြင့်လဲ ညွှန်ကြား ပေးနေကြတယ်၊ ဘေးရန် ကင်းချင်တဲ့သူ ကြီးပွါးချမ်းသာချင်တဲ့သူ ရာထူး တည်မြဲ တိုးတက်ချင်တဲ့သူတွေကလဲ အဲဒီလို လောကီမင်္ဂလာ ပြုလုပ်ပေးတဲ့ ဆရာတွေကို ကိုးကွယ် ဆည်းကပ်နေကြတယ်၊ ဒါကြောင့် လောကီမင်္ဂလာကို ဟောပြနေတဲ့ ရဟန်းတွေမှာလဲ ဘုန်းတန်ခိုး ကြီးနေကြတယ်။ ဒါပေမဲ့ ဒီ တရားဂါထာအရ ဆိုယင်တော့ အဲဒီ လောကီမင်္ဂလာတွေကို အလေးမပြုသင့်ပါဘူး၊ ပယ်နိုင်အောင် သီလ သမာဓိ ပညာ အကျင့်ကိုသာ ကြိုးစား အားထုတ်ပြီး ကျင့်သင့်ပါတယ်။ အဲဒီလို ကျင့်လို့ လောကီမင်္ဂလာ ဟူသမျှကို အကြွင်းမဲ့ ပယ်နိုင်ယင် "လောကေန အနုပလိတ္တော-လောကနှင့် မငြိကပ်မတွယ်တာပဲ ကောင်းစွာ နေနိုင်တယ်"လို့ ဆိုထားတဲ့အတိုင်း အကောင်းဆုံး နေခြင်းဖြင့် ချမ်းသာစွာ နေသွားရမှာပါဘဲ။ ကဲ ဆောင်ပုဒ်ကို ဆိုပြီးဒီကနေ့ သီလပေး တရားသိမ်းကြစို့။

၁။ ကာမဂုဏ်ပယ်ခွါ၊ တောထွက်လာ၊ ကောင်းစွာ ဘယ်သို့ ကျင့်သနည်း။

၂။ လောကီမင်္ဂလာ၊ စွန့်ပယ်ခွါ၊ ကောင်းစွာ ကျင့်နေသည်။

လောကီမင်္ဂလာတွေကို စွန့်နိုင်သမျှ စွန့်ပယ်ကြ၍ မြတ်စွာဘုရား၏ အလိုတော်အတိုင်း ကျင့်နိုင်ကြသဖြင့် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

သမ္မာပရိဗ္ဗာဇနီယ သုတ်တရားတော် ပဌမပိုင်းပြီး၏။

# သမ္မာပရိဗ္ဗာဇနီယ သုတ်တရားတော်

## ဒုတိယပိုင်း

တန်ဆောင်မုန်းလဆန်း (၈) ရက်၊ ဒီကနေ့ သမ္မာပရိဗ္ဗာဇနီယသုတ်မှ တတိယဂါထာကို ဟောရမယ်၊ အဖြေနံ့ ၂ါတ် အစဉ်အရကတော့ ဒုတိယ ဂါထာပါဘဲ။

---

### အဖြေ ဒုတိယဂါထာ

၃။ ရာဂံ ဝိနယေထ မာနုသေသု၊
ဒိဗ္ဗေသု ကာမေသု စာပိ ဘိက္ခု။
အတိက္ကမ္မ ဘဝံ သမေစ္စ ဓမ္မံ
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ဘိက္ခု–ကာမဂုဏ် ပယ်ခွါ တောထွက်လာသော ရဟန်းသည်၊ မာနုသေသု ကာမေသု ၌၊ လူ့လောက ကာမဂုဏ်တို့၌လည်း၊ ရာဂံ–တပ်မက်သာယာ တဏှာရာဂကို၊ ဝိနယေထ–ပယ်ဖျောက်ရာ၏။ စ–ထို့ပြင်လည်း၊ ဒိဗ္ဗေသု ကာမေသု အပိ–နတ်လောက ကာမဂုဏ်တို့၌သော်လည်း ရာဂံ–တပ်မက် သာယာ တဏှာရာဂကို၊ ဝိနယေထ–ပယ်ဖျောက်ရာ၏ တဲ့။

### ကာမ ရာဂကို ပယ်ရမည်

လူ့လောက ကာမဂုဏ်တွေကို စွန့်ပြီး တောထွက်လာတဲ့ ရဟန်းမှာ သက်န်းဝတ်ပြီး ရဟန်းပြုလိုက်ရုံနဲ့တော့ ကာမဂုဏ်

အာရုံတွေနှင့် စပ်ယှဉ်နေတဲ့ သံယောဇဉ်တွေမှ မလွတ်မကင်းသေးဘူး၊ အဲဒီ ကာမဂုဏ်တွေမှာ တပ်မက်သာယာတဲ့ တဏှာရာဂကို လုံးဝ ကင်းအောင် ပယ်ဘို့ရာ လိုပါသေးတယ်။ ဘယ်လိုလုပ်ပြီး ပယ်ရမလဲဆိုတော့—စင်ကြယ်တဲ့သီလ အခြေခံပြီး သမာဓိ ဘာဝနာအလုပ်ကို အားထုတ်ရမယ်၊ အဲဒီ သမာဓိ ဘာဝနာအလုပ်ဖြင့် ပဌမဈာန်လောက် ရယင်ကို ကာမစ္ဆန္ဒနီဝရဏ ဆိုတဲ့ ကာမရာဂဟာ ဖြစ်မှု ဝေးကွာသောအားဖြင့် ကင်းကွာ သွားတယ်၊ ဒါပေမဲ့ လုံးဝ ပြတ်စဲသွားတာတော့ မဟုတ်သေးဘူး၊ သူ ဆိုင်ရာ အကြောင်း ညီညွတ်ယင် ကာမရာဂ က ဖြစ်နိုင်သေးတာဘဲ။ ဒါကြောင့် ဈာန်အဘိညာဉ်ရ အချို့ ပုဂ္ဂိုလ်တွေဟာ မာတုဂါမ ကာမဂုဏ်အာရုံကို အကြောင်းပြုပြီး ဈာန်လျှောသွားကြတာလဲ ရှိသေးတာဘဲ။ ကောင်းကင်မှာ ပျံသွားနေယင်းကောင် မာတုဂါမအသံကို သာယာပြီး ဈာန်လျှောကာ မြေပြင်ကျလာရတာလဲ ရှိဘူးတာဘဲ။ ဒါကြောင့် အဲဒီ ဈာန်သမာဓိ သက်သက်နဲ့တော့ ကာမရာဂ က လုံးဝ မကင်းသေးဘူး။ အဲဒီ ကာမရာဂ လုံးဝကင်းအောင် ဈာန် သမာဓိကို အခြေခံပြုပြီး ဝိပဿနာ ရှုဘို့ လိုပါသေးတယ်။

## ကာမ ရာဂ လုံးဝ ကင်းအောင် အားထုတ်ပုံ

ဘယ်လိုလဲဆိုယင်—ဈာန်ကို ဝင်စားပြီးတော့ အဲဒီ ဈာန် စိတ် စသည်ကို ရှုရတာပါဘဲ၊ ယခု ဒီက ယောဂီတွေမှာ မြင်ပြီး ကြားပြီး သိပြီးယင် မြင်တယ် ကြားတယ် သိတယ်လို့ ရှုရတာချိုးပါဘဲ။ အဲဒီ ဈာန် စိတ် စသည်ကို ရှုသို့ ဝိပဿနာဉာဏ်အစဉ် မဂ်ဖိုလ်ဉာဏ်အစဉ်ဖြင့် အနာဂါမိမဂ်

ဖိုလ် ရောက်သွားယင် ကာမဂုဏ်တွေကို တပ်မက်သာယာတဲ့ ကာမရာဂ ကာမတဏှာဟာ ဖြစ်နိုင်ခွင့်မရှိပဲ လုံးဝ ကင်းသွားတော့တာပါဘဲ။

ဈာန် သမာဓိရအောင် အားမထုတ်နိုင်ယင်တော့ ဈာန်၏ အနီးကပ် ဥပစာရသမာဓိရအောင် အားထုတ်ရတယ်၊ အဲဒီ ဥပစာရသမာဓိကို အခြေခံပြုပြီးတော့လဲ ပေါ်ရာပေါ်ရာကို ဝိပဿနာ ရှုနိုင်ပါတယ်။ အဲဒီ ဈာန်၏အနီး ဥပစာရသမာဓိရအောင် အားထုတ်ခွင့် မရယင်တော့ ထိမှု သိမှု မြင်မှု ကြားမှု စသည်ကို ရှုပြီးတော့ ဥပစာရသမာဓိနှင့် အင်အားတူညီတဲ့ ဝိပဿနာ ခဏိကသမာဓိ ဖြစ်အောင် အားထုတ်ရတယ်၊ဒီ ဝိပဿနာခဏိကသမာဓိကိုလဲ ဥပစာရသမာဓိလို့ အဋ္ဌကထာများမှာ ပြဆိုပါတယ်၊ ဒါကြောင့် ဝိပဿနာသမာဓိလေ က်သာ ဖြစ်စေနိုင်တဲ့ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းများကို ဥပစာရကမ္မဋ္ဌာန်းလို့ အဋ္ဌကထာများမှာ ပြဆိုတာပါဘဲ။ ဥပစာရသမာဓိကိုသာ ဖြစ်စေနိုင်တဲ့ ကမ္မဋ္ဌာန်းလို့ ဆိုလိုတာပါဘဲ။

အဲဒီလို ထိမှု သိမှု မြင်မှု ကြားမှု စသည်ကို ရှုလို့ ဝိပဿနာခဏိက သမာဓိအား ကောင်းကောင်းပြည့်တဲ့အခါက စပြီး ရှုဟာတိုင်း ရှုမှတ်တိုင်းရုပ်နဲ့နာမ်ကိုလဲ ခွဲခြားပြီးသိတယ်၊ အကြောင်းနဲ့ အကျိုးကိုလဲ ပိုင်းခြား သိတယ်၊ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောများကိုလဲ ကိုယ်တိုင်တွေ့အားဖြင့် သိသိ သွားတယ်၊ အဲဒီလို သိသိပြီး ဝိပဿနာဉာဏ်အစဉ် မဂ်ဖိုလ်ဉာဏ်အစဉ်ဖြင့် အနာဂါမိမဂ်ဖိုလ်ကို ရောက်ပြီး

၁၄၇၅၂

အနာဂါမ် ဖြစ်သွားတယ်၊ အဲဒီ အခါမှာ ကာမရာဂ ကာမ တဏှာကို အကြွင်းမဲ့ပယ်ပြီး ဖြစ်သွားတော့တာဘဲ။ ဒါကြောင့် အဲဒီ အနာဂါမ်ပုဂ္ဂိုလ်မှာ လူ့ပြည်က ကာမဂုဏ်တွေမှာလဲ တပ်မက်သာယာခြင်း မရှိတော့ဘူး၊ လူ့ကာမထက် ကောင်း မြတ်တဲ့ နတ်ကာမဂုဏ်တွေမှာတောင် တပ်မက် သာယာခြင်း မရှိတော့ဘူး၊ အလွန်ပင် အေးချမ်း သွားတော့တာပါဘဲ။ ပါဠိကို အနက်ပြန်ရာမှာ စ—နှင့် အပိ သူ့အနက်နှင့်သူ အသီးအသီး ရနိုင်တဲ့အတွက်၊ စ—ထိုပြင်လည်း-လို့ သမ္ပိစ္စည်း အနက်ပြန်ပြီးတော့၊ ဒိဗ္ဗေသု ကာမေသု အပိ—နတ်လောက ကာမဂုဏ်တို့၌သော်လည်း-လို့ သမ္ဘာဝနအနက်ပြန် လိုက်ပါ တယ်၊အဲဒီအနက်ဖြင့် လူ့ကာမဂုဏ်ထက် ကောင်းမြတ်တဲ့ နတ် ကာမဂုဏ်တွေမှာတောင်မှ တပ်မက်သာယာမှု မဖြစ်တော့ဘူး ဆိုတာကို ထင်ရှားစေပါတယ်။ အဲဒီလို စ—နှင့် အပိ—ကို မခွဲပဲ "ဒိဗ္ဗေသု ကာမေသု စာပိ— နတ်လောက ကာမဂုဏ်တို့၌ လည်း၊ ရာဂံ— တပ်မက်သာယာ တဏှာရာဂကို၊ ဝိနယေထ— ပယ်ဖျောက်ရာ၏" လို့ သမ္ပိစ္စည်း အနက် ရိုးရိုးလဲ သင့်လျော် တာပါဘဲ။

## ကာမ ရာဂကြောင့် ဆင်းရဲကြရသည်

ယခု လူတွေဟာ ဒီ ကာမရာဂကို မပယ်နိုင်ကြသေးတဲ့ အတွက် သက်ရှိ သက်မဲ့ ကာမဂုဏ် အာရုံတွေနဲ့စပ်ပြီး ဆင်းရဲ ဒုက္ခ အမျိုးမျိုးကို တွေ့ကြုံ ခံစားနေကြရတယ်၊ မြင်ဘူး ကြားဘူးတဲ့ အာရုံဝတ္ထုကောင်းတွေကိုရအောင်၊ တွေ့ဘူး ခံစားဘူးတဲ့ အာရုံဝတ္ထုကောင်းတွေကို ရအောင် အမြဲမပြတ်

ကြောင့်ကြ စိုက်ထုတ် ပြုလုပ် နေကြရတယ်၊ ရပြီးတော့ကိုလဲ မပျောက်မပျက်ရအောင် စောင့်ရှောက်နေကြရတယ်၊ စားဝတ် နေရေး အိမ်ထောင်ရေး ရပ်ရွာရေး စသည်အတွက်လဲ ကြောင့်ကြစိုက်နေကြရတယ်။ အဲဒီလို ကြောင့်ကြ စိုက်နေကြရာမှာ နှိပ်စက် သတ်ဖြတ်ခြင်း ခိုးယူခြင်း လိမ်ခြင်း အစရှိတဲ့ မကောင်းမှု ကံတွေကို ပြုမိကြတဲ့သူတွေလဲ ရှိကြတယ်။

တဦးနဲ့ တဦး, တစုနဲ့ တစု, တနိုင်ငံနဲ့ တနိုင်ငံ အငြင်းပွါးကြတာတွေ ရန်ဖြစ်ကြ စစ်ဖြစ်ကြတာတွေလဲ ရှိတာဘဲ။ ဒါကြောင့် မြတ်စွာဘုရားက မူလပဏ္ဏာသပါဠိ စူဠဒုက္ခက္ခန္ဓသုတ် (၁၂၈)မှာ ကာမဂုဏ်၏ အပြစ်ကို ဒီလိုပြပြီး ဟောတော်မူပါတယ်။ ကာမဂုဏ် အကြောင်းပြုပြီး မင်းတွေလဲ အချင်းချင်း ငြင်းခုံကြ ရန်ဖြစ်ကြ စစ်ဖြစ်ကြပါတယ် တဲ့၊ ပုဏ္ဏားတွေ သေဌေး သူကြွယ်တွေလဲ အချင်းချင်း ငြင်းခုံကြ ရန်ဖြစ်ကြပါတယ် တဲ့၊ မိဘနှင့် သားသမီးတွေ ညီအစ်ကို မောင်နှမတွေ မိတ်ဆွေ အရင်းအချာတွေလဲ အချင်းချင်း ငြင်းခုံကြ ရန်ဖြစ်ကြပါတယ် တဲ့။ အဲဒီလို ငြင်းခုံကြ ရန်ဖြစ်ကြရာမှာ ဒုတ် ဓား စသော လက်နက်များဖြင့် နှိပ်စက်ကြသောကြောင့် သေကြေပျက်စီးကြသည်အထိ ဆင်းရဲဒုက္ခရောက်ကြရကြောင်းများကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီအထဲမှာ ကာမဂုဏ်အတွက် သတ်ခြင်း ခိုးခြင်း လုယက်ခြင်း စသော အကုသိုလ်ကံတွေကို ကျူးလွန်မိတဲ့သူဟာ ငရဲဘုံရောက်ပြီးတော့လဲ ဆင်းရဲရတယ်၊ ပြိတ္တာဖြစ်ပြီးတော့လဲ ဆင်းရဲရတယ်၊ နွား ကျွဲ ဆင် မြင်း ခွေး ဝက် ကြက် ငှက် စသော တိရစ္ဆာန် ဖြစ်ပြီးတော့လဲ ဆင်းရဲရတယ်၊ အတိုချုပ်

ပြောရယင် ကာမဘုံက သတ္တဝါတွေ ဒုက္ခရောက်နေကြရတာ ဟာ ကာမဂုဏ်တွေကို တပ်မက်သာယာတဲ့ ဒီ ကာမရာဂ ကြောင့်ချည်းပါဘဲ၊ အင်မတန်ကို ကြောက်စရာကောင်းတဲ့ တရားဆိုးကြီးပါဘဲ။

ဒါပေမဲ့ အများစု လူတွေကတော့ ဒီကာမဂုဏ်အာရုံတွေ ကို သာယာ တပ်မက်ပြီး ခံစားနေရတာဟာ အကောင်းဆုံး လို့ ထင်နေကြတယ်၊ ဒါကြောင့် အဲဒီလို သာယာ တပ်မက် ပြီး ခံစားရတဲ့ ကာမ ရာဂတွေ များများ ဖြစ်အောင်လို့ ကာမဂုဏ်အာရုံတွေကို ရနိုင်သမျှ ရှာကြံပြီး သုံးဆောင် ခံစားနေကြတာဘဲ၊ များသည်ထက် များအောင် ပြည့်စုံ သည်ထက် ပြည့်စုံအောင် ကြိုးစားအားထုတ် နေကြရတယ်၊ အဲဒီလို ကြိုးစား အားထုတ် နေရတာကိုပင် ပျော်စရာလို့လဲ ထင်မှတ်နေကြတယ်။ သေသေချာချာ စဉ်းစား ဆင်ခြင် ကြည့်ယင်တော့ အဲဒီလို ကြောင့်ကြ စိုက်ထုတ် ပူလုပ်နေ ကြရတာတွေဟာ ကောင်းစား ချမ်းသာရတာက ဘာမှ မပြောပလောက်ပဲ အကြီးအကျယ် ဆင်းရဲ ဒုက္ခရောက်နေ ကြရတာတွေပါဘဲ။ ဒါကြောင့် အဲဒီလို ဆင်းရဲဒုက္ခတွေမှ လွတ်မြောက်ရအောင် လူ့ပြည်က ကာမဂုဏ်တွေမှာ တပ် မက်တဲ့ ရာဂကိုလဲ ပယ်ရမယ်၊ နတ်ပြည်က ကာမဂုဏ်တွေမှာ တပ်မက် လိုချင်တောင့်တတဲ့ ရာဂကိုလဲ ပယ်ရမယ်လို့ ဟော တော်မူတာပါဘဲ။ အဲဒါကို "လူ့ပြည်ကာမ၊ နတ်ကာမ၊

ရာဂတပ်မက် ပယ်ရမည်”လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၃။ လူ့ပြည် ကာမ၊ နတ်ကာမ၊ ရာဂ တပ်မက် ပယ်ရမည်။

လူ့ကာမဂုဏ် နတ်ကာမဂုဏ် ဒီ ၂-မျိုးထဲမှာ နတ်ကာမဂုဏ် ဆိုတာကတော့ လူတွေမှာ ကြားဘူးရုံမျှဘဲ၊ ကိုယ်တိုင်တွေ့နေရတာ မဟုတ်ဘူး၊ ဒါကြောင့် နတ်ကာမဂုဏ်ကို မက်မောပြီး အကုသိုလ် ဖြစ်ပွါးတာကတော့ သိပ်များလှမှာ မဟုတ်ပါဘူး၊ လူ့ကာမဂုဏ်တွေကတော့ လက်ငင်းတွေ့နေရတာ ဖြစ်တဲ့အတွက် အဲဒီလူ့ကာမဂုဏ်တွေနဲ့ စပ်ပြီး အကုသိုလ် ဖြစ်ပွါးနေကြတာကဘဲ များနေပါတယ်၊ ဒါကြောင့် ကာမရာဂကို လုံး၀ မပယ်နိုင်သေးမီမှာ အဲဒီလူ့ကာမဂုဏ်တွေနဲ့ စပ်ပြီး ရာဂစသော အကုသိုလ် မဖြစ်ရအောင် အမြဲမပြတ်နှလုံးသွင်းထားရမယ်။ ဘယ်လို နှလုံးသွင်းရမှာလဲ ဆိုယင်—မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြံသိတိုင်း ရှုမှတ်ပြီး သိနေဘို့ပါဘဲ၊ အဲဒီလို မရှုနိုင်လို့ သာယာတပ်မက်မှု လိုချင်မှု ဖြစ်လာယင်လဲ အဲဒီ သာယာ တပ်မက်မှု လိုချင်မှု—ရာဂကို ရှုမှတ်ပြီး ပယ်ရမယ်၊ မရှုမှတ်နိုင်ယင်လဲ သင့်လျော်အောင် ဆင်ခြင်ပြီး ပယ်ရမယ်၊ အပါယ်ငရဲ ထိအောင် ပစ်ချနိုင်တဲ့ တရားဆိုးဘဲ စသည်ဖြင့် ဆင်ခြင်ပြီး ပယ်ဘို့ပါဘဲ။

တချို့ကတော့ လူ့ကာမဂုဏ်တွေကို စွန့်ပယ်ပြီး ရဟန်းပြုလာပေမယ်လို့ ရဟန်းအကျင့် ကုသိုလ်တွေကြောင့် နောက်

ဘဝကျတော့ နတ်ချမ်းသာတွေကို အကြီးအကျယ် ခံစားရ လိမ့်မယ်လို့ မြှော်လင့် တောင့်တနေတာလဲ ရှိတတ်တယ်၊ အဲဒီလို ဆိုယင် နတ်ကာမဂုဏ်တွေကို မက်မောနေတဲ့ အတွက် လောကသဲမှာ မငြိကပ်ပဲ ကောင်းစွာနေခြင်းအကျိုး ကို မရဘူးပေါ့။ ဒါကြောင့် အဲဒီလို နတ်ချမ်းသာကို မြှော်လင့် တောင့်တတဲ့ စိတ်ကူးဖြစ်လာယင်လဲ ရှုမှတ်ပြီး ပယ်ရမယ်၊ မရှု မမှတ်နိုင်ယင်လဲ ဆင်ခြင်ပြီး ပယ်ဘို့ပါဘဲ။ အဲဒီလို မပယ်နိုင်ယင်ခတော့ လူ့ဘဝ နတ်ဘဝတွေမှာ ထပ် ကာ ထပ်ကာ ဖြစ်ပြီး ဆင်းရဲအမျိုးမျိုးတွေကို တွေ့ကြုံခံစား သွားရလိမ့်မယ်၊ အကုသိုလ်ကံကလဲ ကင်းမှာ မဟုတ်တော့အဲဒီ အကုသိုလ်ကံကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာဖြစ်ပြီးတော့လဲ အတိုင်းမသိ ကြီးကျယ်တဲ့ ဆင်းရဲတွေကို အလူးအလဲ ခံစား နေရလိမ့်မယ်။ ဒါကြောင့် ယခုလို ဘဝကောင်းကို ရနေတဲ့ အခါမှာ အဲဒီ ကာမရာဂကို အနာဂါမိမဂ်ဖြင့် ပယ်နိုင် အောင် ဝိပဿနာ အလုပ်ကို အစွမ်းကုန် အားထုတ်သင့်တာ ပါဘဲ။

အဲဒီလို အားထုတ်လို့ ကာမရာဂ လုံးဝကင်းတဲ့ အနာဂါမ် အဖြစ် ရောက်ယင်တော့ အတော်ကို ချမ်းသာနေပါပြီ၊ မျက် မှောက် ဘဝမှာလဲ ကာမဂုဏ်အာရုံတွေကို အလိုမရှိတဲ့အတွက် ကာမဂုဏ် အာရုံတွေနဲ့ စပ်ပြီး ဘာဆင်းရဲမှ မတွေ့ရဘူး၊ ချမ်းသာနေတာဘဲ၊ မျက်မှောက် ဘဝမှ ကွယ်လွန်တဲ့အခါ ကျတော့လဲ သုဒ္ဓါဝါသခေါ်တဲ့ ဗြဟ္မာ့ဘုံတွေကို ရောက်ပြီး စိတ်ရော ကိုယ်ပါ ချမ်းသာ သွားတော့မှာဘဲ၊ ဒါပေမဲ့ ခဏ မစဲ ဖြစ်ပျက်နေတဲ့ သင်္ခါရဒုက္ခခေါ် ရုပ်နာမ် ဆင်းရဲကတော့

ရှိနေသေးတာဘဲ၊ ဒါကြောင့် အဲဒီ သင်္ခါရဒုက္ခဆိုတဲ့ ရုပ်နာမ် ဆင်းရဲတွေကိုလဲ လွန်မြောက်ရအောင် ကျင့်ရန်အတွက် မြတ်စွာဘုရားက ဒီလို ဆက်ပြီး ဟောတော်မူပြန်ပါတယ်။

ဓမ္မံ–သစ္စာလေးတန် တရားမှန်ကို၊ သမေစ္စ–အရဟတ္တ မဂ်ဉာဏ်ဖြင့် မှန်စွာသိပြီး၍၊ ဘဝံ–သုံးပါးသောဘဝကို၊ အတိက္ကမ္မ–ကျော်လွန်၍၊ ဌိတော အသာ–တည်သည်ဖြစ်ရာ ၏တဲ့။

ကာမရာဂကို ပယ်နိုင်တဲ့ အနာဂါမ်အဖြစ် ရောက်ရုံနဲ့လဲ အားရမနေနဲ့ဦး၊ သစ္စာလေးပါးကို အပြည့်အစုံ သိမြင်တဲ့ အရဟတ္တမဂ်ရောက်အောင် အားထုတ်ပါဦးတဲ့။ အဲဒီ အရဟတ္တမဂ် ရောက်ပြီး ရဟန္တာဖြစ်ယင်တော့ ရူပဘဝ အရူပ ဘဝကို တပ်မက်တဲ့ ဘဝရာဂလဲ ကင်းသွားတယ်၊ ဒါကြောင့် ကာမဘဝ ရူပဘဝ အရူပဘဝဆိုတဲ့ ဘဝသုံးပါးလုံးကို လွန်မြောက်သွားပြီ၊ ဘယ်လိုဘဝမှာမျှ ဖြစ်ဖို့ရာ မရှိတော့ ဘူး၊ ပရိနိဗ္ဗာန်စုတိ၏ အခြားမဲ့မှာ ဘဝသစ် ရုပ်နာမ်အသစ် မဖြစ်လာတော့ပဲ ဆင်းရဲ ခပ်သိမ်း အကုန်ငြိမ်းတဲ့ အနုပါဒိ သေသနိဗ္ဗာန် ဝင်စံဘို့ ရှိတော့တာဘဲ၊ အဲဒါကတော့ ချမ်းသာဟူသမျှထဲမှာ အကောင်းအမြတ်ဆုံး ချမ်းသာပါဘဲ။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်ဟာ ပရိနိဗ္ဗာန် မစံရသေးမီမှာလဲ ကိလေသာ ဆင်းရဲတွေ အကုန်ငြိမ်းနေတဲ့အတွက် လောကထဲ မှာ ဘယ်အရာနဲ့မှ မငြိမတွယ်ပဲ ချမ်းသာစွာ နေရတော့တာ ပါဘဲ။ ဒါကြောင့်—

သော–ဘဝသုံးပါးကို ကျော်လွန်၍ တည်သော ထို ရဟန်းသည်၊ လောကေ–လောက၌၊ သမ္မာ–ကောင်းစွာ၊

ပရိဗ္ဗဇေယျ– ကျင့်သုံးနေနိုင်ပါသည် –လို့ ဟောတော်မူပါ တယ်။ အဲဒီ စကားရပ်ကို "တရားသိလျှင်း၊ ဘဝကင်း၊ သန့်ရှင်းကောင်းစွာ နေရသည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

တရားသိလျှင်း၊ ဘဝကင်း၊ သန့်ရှင်းကောင်းစွာနေရသည်။

သစ္စာလေးပါးကို အမှန်အတိုင်း သိပြီးတော့ ဘဝသုံးပါး လုံးကို လွန်မြောက်ရမယ်တဲ့။ အဲဒီမှာ သစ္စာလေးပါး သိရ မယ် ဆိုတာက ကျက်မှတ်ပြီး သိတာကို မဆိုလိုပါဘူး၊ ဘာ ကြောင့်လဲ ဆိုယင်၊ ကျက်မှတ်ပြီး သိရုံနဲ့တော့ ဘဝသုံးပါးကို မလွန်မြောက်သောကြောင့်ပါဘဲ၊ ဒီမှာ ဆိုလိုတာကတော့ ကာမရာဂကို ပယ်နိုင်တဲ့ အနာဂါမ်ဖြစ်ပြီးတဲ့နောက် အရဟတ္တ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို အပြည့်အစုံသိပြီး ဘဝသုံးပါး လုံးကို လွန်မြောက်အောင် အားထုတ်ရမယ်လို့ ဆိုလိုတာ ပါဘဲ။ ဘယ်လို အားထုတ်ရမှာလဲ ဆိုတော့–အနာဂါမ် ဖြစ်သည်တိုင်အောင် အားထုတ်ခဲ့တဲ့ ဝိပဿနာ လုပ်ငန်းစဉ် အတိုင်း ဆက်ပြီး အားထုတ်သွားဘို့ပါဘဲ။

အားထုတ်ပုံကိုတော့ ဒီနေရာမှာ ထပ်ပြောဘို့ မလိုပါဘူး၊ ဒါပေမဲ့ စတုသစ္စကမ္မဋ္ဌာန်းနှင့် စပ်ပြီး ဗဟုသုတပွါးရန် အတွက် အကျဉ်းချုပ်တော့ ပြောရဦးမှာဘဲ။ အဋ္ဌကထာ များမှာ စတုသစ္စကမ္မဋ္ဌာန်း အားထုတ်ပုံကို ဒီလိုပြထားပါ တယ်။

## စတုသစ္စကမ္မဋ္ဌာန်း အားထုတ်ပုံ

သစ္စာလေးပါးထဲက နိရောဓသစ္စာ မဂ္ဂသစ္စာဆိုတဲ့ ဝိဝဋ္ဋ သစ္စာ ၂-ပါးကိုတော့ ရှုပြီး အားမထုတ်ရဘူး၊ ဒုက္ခသစ္စာ သမုဒယသစ္စာ ဆိုတဲ့ ဝဋ္ဋသစ္စာ ၂-ပါးကိုသာ ရှုပြီး အားထုတ်ရတယ် တဲ့။ "ဆင်းရဲခပ်သိမ်း ငြိမ်းတဲ့ နိရောဓသစ္စာ နိဗ္ဗာန်ဟာ (ဣဋ္ဌံ ကန္တံ မနာပံ) အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားဘဲ၊ အဲဒီ နိရောဓသို့ ရောက်ကြောင်း ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးအကျင့် မဂ္ဂသစ္စာဟာလဲ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားဘဲ" လို့ ဒီလိုသုတဖြင့် သိပြီး အဲဒီ နိရောဓ, မဂ္ဂတို့ကို ရောက်ရန် ရရန် စိတ်ညွတ်လိုလားရုံမျှသာ လိုပါတယ်တဲ့။ အဲဒီလို စိတ်ညွတ်လိုလားပြီးတော့ နိရောဓ, မဂ္ဂတို့ကို ရောက်ရန် ရရန် ဒုက္ခသစ္စာကို ရှုလျက် ပုဗ္ဗဘာဂမဂ် (အရိယမဂ်၏ ရှေ့သွားမဂ်) ဆိုတဲ့ ဝိပဿနာမဂ္ဂင် တရားတွေကို ပွါးစေရမယ်တဲ့၊ ရှုရမည့် ဒုက္ခသစ္စာ ဆိုတာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ရှားပေါ်နေတဲ့ သဘောတရားတွေပါဘဲ၊ အဲဒါတွေကို အနိစ္စ စသည်ဖြင့် သိမြင်အောင် မရှုနိုင်ယင် နိစ္စ သုခ အတ္တအနေဖြင့် စွဲလမ်းနိုင်သောကြောင့် ဥပါဒါနက္ခန္ဓာလို့လဲခေါ်တယ်။ မြင်ဆဲ ကြားဆဲစသည်မှာ အဲဒါတွေကို ရှုမှတ်ပြီး အနိစ္စ စသည်ဖြင့် အမှန်အတိုင်း သိသိသွားယင် အဲဒါဟာ ဝိပဿနာ မဂ္ဂင်တွေ ဖြစ်ပွါးနေတာဘဲ၊ အဲဒီ ဝိပဿနာမဂ္ဂင်တွေက ရင့်သန် အာပြည့်တဲ့အခါ အရိယမဂ်ဖြစ်ပြီး နိရောဓကို မျက်မှောက် ပြုသွားတာဘဲ။

ဒီနေရာမှာ တချို့က ဝိပဿနာရှုနေတာကို ဆင်းရဲလို့ ထင်နေကြတယ်၊ အဲဒါဟာ ချမ်းသာ အစစ်ရကြောင်းဖြစ်တဲ့

ဝိပဿနာမဂ်ကို အမှန်အတိုင်း မသိပဲ အလွဲသိတဲ့ အဝိဇ္ဇာဘဲ၊ တချို့ကတော့ ပရိနိဗ္ဗာန်စုတိမှ နောက်၌ ဘဝသစ် ရုပ်နာမ် တွေ မဖြစ်လာတော့ဘဲ ငြိမ်းသွားတယ် ဆိုတာကိုလဲ အသေ ကြီး သေသွားတာဘဲ ကြောက်စရာလို့ ထင်နေကြတယ်။ အဲဒါလဲ နိရောဓသစ္စာကို မှားယွင်းစွာ ထင်မြင်တဲ့ အဝိဇ္ဇာ ဘဲ၊ မြင်မှု ကြားမှု အစရှိသော ဒုက္ခသစ္စာတွေကို အကောင်း ထင်ပြီး နိရောဓသစ္စာကို အဆိုးထင်တဲ့ မောဟဘဲ။ အမှန် ကတော့ မြင်မှု ကြားမှု စသည်တွေက ခဏ မစဲ ဖြစ်ပျက် နေလို့ ဆင်းရဲအစစ် ဒုက္ခသစ္စာတွေဘဲ၊ အဲဒါတွေကို ဆင်းရဲ အနေဖြင့် အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိရအောင် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်နေရတာဘဲ။

အဲဒီလို ရှုမှတ်ပြီး အနိစ္စ ဒုက္ခ အနတ္တအနေဖြင့် မှန်ကန်စွာ သိတိုင်း သိတိုင်း ဒုက္ခသစ္စာကိုပိုင်းခြားသိတဲ့ ပရိညာပဋိဝေဓ ပြီးစီးနေတာဘဲ၊ နောက်ပြီးတော့ အဲဒီလို မှန်ကန်စွာ သိရတဲ့ မြင်မှု ကြားမှုစသည်တွေကို နှစ်သက်လိုချင်မှုလဲ ကင်းကင်း သွားတယ်၊ အဲဒါက သမုဒယသစ္စာ ဆိုတဲ့ တဏှာကို ပယ် သောအားဖြင့် သိတဲ့ ပဟာနပဋိဝေဓပါဘဲ၊ ပယ်တာ ကင်း သွားတာကိုပင် ပဋိဝေဓ–ထိုးထွင်း သိတယ်လို့ ဆိုရတာပါ ဘဲ။ အဲဒီလို သမုဒယကို ပယ်နိုင်လျှင် သမုဒယ တဏှာမှ ဆက်ပြီး ဖြစ်မည့် ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏအစရှိတဲ့ ဆင်းရဲတွေလဲ ကင်းငြိမ်း ကင်းငြိမ်းသွားတယ်၊ အဲဒီလို တဒင်္ဂအားဖြင့် ငြိမ်းတာဟာ တဒင်္ဂ နိရောဓကို ဝိပဿနာဖြင့် ဆိုက်ရောက်တာဘဲ၊ ရှုတိုင်း ရှုတိုင်း မှန်စွာ သိသိ သွားတာ ဟာ သမ္မာဒိဋ္ဌိ အမှူးရှိတဲ့ ဝိပဿနာမဂ္ဂင်တွေဘဲ။ ဒါကြောင့်

မြင်မှု ကြားမှုစသည်ကို ရှုမှတ်ပြီး သိသိနေတာဟာ ဒုက္ခကို ပိုင်းခြား သိခြင်း, သမုဒယကို ပယ်ခြင်း, နိရောဓကို တဒင်္ဂအားဖြင့် ပြီးစေလျက် ဆိုက်ရောက်ခြင်း, ဝိပဿနာမဂ်ကို ပွါးစေခြင်း ဆိုတဲ့ ကိစ္စလေးပါးကို ပြီးစေပါတယ်။

အဲဒီလို ပြီးစေနိုင်တဲ့အတွက် ရှုသိမှု ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ်ဖြစ်ပြီး နိရောဓ သစ္စာ နိဗ္ဗာန်ကို မျက်မှောက် တွေ့သွားတယ်၊ အဲဒီလို တွေ့ယင် ပဌမ အကြိမ်မှာ သောတာပန် ဖြစ်တယ်၊ ဒုတိယ အကြိမ်မှာ သကဒါဂါမ် ဖြစ်တယ်၊ တတိယအကြိမ်မှာ အနာဂါမ်ဖြစ်ပြီး ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်း ကာမရာဂ လုံးဝ ကင်းသွားတယ်။ အဲဒီ အနာဂါမ်က မြင်မှု ကြားမှု အစရှိသော ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာတရားတွေကို ဆက်ပြီး ရှုသွားယင် ဝိပဿနာဉာဏ် ပြည့်စုံတဲ့ အခါမှာ အရဟတ္တမဂ်ဖြင့် ရုပ်နာမ် ခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိရောဓသစ္စာကို မျက်မှောက်ပြုသွားတယ်၊ အဲဒီအခါမှာ မြင်မှု ကြားမှုစသော ဒုက္ခသစ္စာဟူသမျှကို ဆင်းရဲ အစစ်အနေဖြင့် သိမှုကိစ္စလဲ ပြီးသွားတယ်၊ တဏှာသမုဒယကို ပယ်သောအားဖြင့် သိခြင်းကိစ္စလဲ ပြီးသွားတယ်၊ အရဟတ္တမဂ် ဆိုတဲ့ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်ပွါးစေခြင်း ကိစ္စပြီးသောအားဖြင့် ဘာဝနာပဋိဝေဓကိစ္စလဲ ပြီးသွားတယ်၊ အဲဒီလို ပိုင်းခြားသိခြင်း, ပယ်ခြင်း, မျက်မှောက်ပြုခြင်း, ဖြစ်ပွါးစေခြင်းဆိုတဲ့ ကိစ္စလေးပါးကို အကြွင်းမဲ့ပြီးစေတာဟာ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို မှန်စွာသိတာပါဘဲ၊ အဲဒီလို သိပြီး ရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်မှာ ရူပရာဂ အရူပရာဂ ဆိုတဲ့ ဘဝကို သာယာ

တပ်မက်တဲ့ ရာဂလဲ လုံးဝကင်းသွားပြီ၊ ဒါကြောင့် ကာမဘဝ ရူပဘဝ အရူပဘဝ ဆိုတဲ့ ဘဝသုံးပါးကို လွန်မြောက်သွား တော့တာပါဘဲ၊ အဲဒီလို ရဟန္တာရဟန်းဟာ လောကထဲမှာ ဘယ်အရာနှင့်မျှ ငြိကပ် တွယ်တာခြင်းမရှိပဲ ကောင်းမွန် ချမ်းသာစွာ နေရပါတယ် တဲ့။ ကဲ ဆောင်ပုဒ်ကို ဆိုပြီး တရားသိမ်းကြစို့။

၃။ လူ့ပြည်ကာမ၊ နတ်ကာမ၊ ရာဂ တပ်မက် ပယ်ရမည်။
တရားသိလျှင်း၊ ဘဝကင်း၊ သန့်ရှင်းကောင်း စွာ နေရသည်။

ဤ သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်ကို နာကြားကြရ သော ကောင်းမှု ကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနု ဘော်ကြောင့် ဘေးရန် အန္တရာယ်ဟူသမျှမှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ၍ ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့်လည်း ပြည့်စုံကြ၍ ဤတရားတော်၌ ဖော်ပြထားသည့်အတိုင်း လူ့ ကာမဂုဏ် နတ်ကာမဂုဏ်တွေ တပ်မက်တဲ့ရာဂကိုပယ်နိုင်အောင် သစ္စာလေးပါးတရားကို အမှန်အတိုင်း သိအောင်, ဘဝသုံးပါး ကို လွန်မြောက်နိုင်အောင် ရှုမှတ်ပွါးများ အားထုတ်နိုင်ကြ သည်ဖြစ်၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြ ပါစေ။

သာဓု သာဓု သာဓု။

သမ္မာပရိဗ္ဗာဇနီယ သုတ်တရားတော်
ဒုတိယပိုင်းပြီး၏။

## သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်

### တတိယပိုင်း

**တန်ဆောင်မုန်း လပြည့်၊ ဒီကနေ့ ၄-ခုမြောက် ဂါထာကို**
ဖွင့်ပြ ဟောကြားရမယ်။

---

### အဖြေ တတိယဂါထာ

၄။ ဝိပိဋ္ဌိကတွာန ပေသုဏာနိ၊
ကောဓံ ကဒရိယံ ဇဟေယျ ဘိက္ခု။
အနုရောဓဝိရောဓဝိပ္ပဟီနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ဘိက္ခု–ရဟန်းသည်၊ ပေသုဏာနိ–တဖက်လူ၏ အပြစ်ပြောသည့် ဂုံးချောစကားတို့ကို၊ ဝိပိဋ္ဌိကတွာန–ကျောပေးသည့်အလား စွန့်ပယ်ရှား၍၊ ကောဓံ–အမျက်ထွက်ခြင်းကိုငင်း၊ ကဒရိယံ–ဝန်တို နှမြောခြင်းကိုငင်း၊ ဇဟေယျ–ပယ်ရှားရာ၏၊ အနုရောဓဝိရောဓဝိပ္ပဟီနော–လိုက်လျောနှစ်သက်ခြင်း ဆန့်ကျင် မုန်းထားခြင်းကိုလည်း ပယ်ပြီး ဖြစ်ရာ၏၊ သော–ထိုသို့သော ရဟန်းသည်၊ လောကေ–လောက၌၊ သမ္မာ–ကောင်းစွာ ပရိဗ္ဗဇေယျ–ကျင့်သုံးနေနိုင်ပါသည် တဲ့။

ဒီဂါထာမှာ အတိုချုပ် သိုလိုတာကတော့–ဂုံးချောစကားကို ပယ်ရှားရမယ်၊ အမျက်ထွက်ခြင်း ဝန်တိုနှမြောခြင်းများ

ကိုလဲ ပယ်ရှားရမယ်၊ လိုက်လျောခြင်းဆိုတဲ့ နှစ်သက် ခင်မင် ဘွယ်တာခြင်းနှင့် ဆန့်ကျင်ခြင်းဆိုတဲ့ စိတ်ဆိုး စိတ်ပျက်ခြင်း ပြစ်မှား မုန်းထားခြင်းများကိုလဲ ပယ်ပြီး ဖြစ်စေရမယ်၊ အဲဒီ လို ဖြင်ယင် ရဟန်းဟာ လောကမှာ ဘယ်အရာနှင့်မျှ မစပ် ယှက် မငြိကပ်ပဲနဲ့ သန့်ရှင်းစင်ကြယ်စွာ ချမ်းချမ်း သာသာ နဲ့ နေနိုင်ပါတယ် တဲ့။

## ထပ်ကာ ထပ်ကာ ဟောခြင်း၏အကြောင်း

ဒီ မဟာသမယ ၆-သုတ်မှာ တခု တခုသော ဂါထာမျှဖြင့် ပင် ပြည့်စုံသလောက် ဖြစ်သွားတာကပဲ များပါတယ်၊ ဒါပေမဲ့ နောက်ဂါထာများဖြင့်လဲ ထပ်ပြီး ဟောထားသေးတာဘဲ။ အဲဒီလို အထပ်ထပ် ဟောထားရာမှာ စဉ်းစား ဆင်ခြင်တတ်တဲ့ ပုဂ္ဂိုလ်များအနေဖြင့် ဘာ့ကြောင့် အထပ်ထပ် ဟောထားပါ သလဲလို့ စဉ်းစားဆင်ခြင်စရာရှိနေပါဘယ်။ အဖြေကတော့ အဲဒီတုန်းက တရားနာနေကြတဲ့ နတ်ဗြဟ္မာတွေထဲမှာ တချို့ က ပဌမဂါထာထဲမှ ဝေါဟာရ အနက်အဓိပ္ပါယ်ကို သဘော ပေါက် နားလည်ပြီး တရားထူး ရသွားကြတယ်၊ တချို့က တော့ ဒုတိယဂါထာကျမှ နားလည်ပြီး တရားထူး ရကြတယ်၊ တချို့ကတော့ တတိယဂါထာကျမှ နားလည်ပြီး တရားထူး ရကြတယ်၊ ဒီပုံ ဒီနည်းဖြင့် ရှေးရှေး ဂါထာများတုန်းက နား မလည်ကြသေးတဲ့ ပုဂ္ဂိုလ်တွေအား နားလည်ကြစေရန် အနက်တူသော်လဲ ဝေါဟာရ အထူးများဖြင့် ထပ်ကာ ထပ် ကာ ဟောတော်မူတယ်လို့ မှတ်ယူရပါတယ်။

ဟိုတနေ့က ဟောခဲ့တဲ့ အဖြေ ဒုတိယဂါထာမှာ ကာမ ရာဂကို ပယ်ရမယ်၊ဘ၀သုံးပါးကို ကျော်လွန်နိုင်အောင် သစ္စာ လေးပါးကို အရဟတ္တမဂ်ဖြင့် သိမြင်ပြီး ဘ၀သုံးပါး တပ်မက် တဲ့ ရာဂကို ပယ်ရမယ် ဆိုတဲ့ စကားအရ ရာဂကို ပယ်ပြီး ဖြစ်ယင် ဒေါသ မောဟ မာန ဒိဋ္ဌိ စသော ကိလေသာဟူသ မျှကိုလဲ ပယ်ပြီးဖြစ်ကြောင်း ထင်ရှားနေပါပြီ။ ဒါကြောင့် ယခုဟောတဲ့ ဂါထာထဲမှာပါတဲ့ "ဂုံးချောစကား အမျက် ဒေါသ ဝန်တိုမှု လိုက်လျော နှစ်သက်မှု ဆန့်ကျင် မုန်းထားမှု တွေကို ပယ်ရမယ်" ဆိုတာတွေလဲ အဲဒီ ဂါထာအရထဲမှာ ပါ ဝင်သွားကြောင်း ထင်ရှားနေပါတယ်။ဒါကြောင့် ရှေ့ဂါထာ နှင့် ယှဉ်ကြည့်ယင် ဒီဂါထာမှာ ပေသုဏ္ဏာနိ-ဂုံးချောစကား တွေ ပယ်ရမယ်ဆိုတာဟာ နိမ့်ကျသလို ဖြစ်နေတယ်၊ ဘာ ကြောင့်လဲဆိုတော့ ဂုံးစကားပယ်တာက သီလအရာလောက် သာ ထင်ရှားတဲ့ အတွက်ကြောင့်ပါဘဲ။ ဒါပေမဲ့ ဂုံးချော စကားကို ကျော်ပေးမယ်ဆိုတဲ့ ဝေါဟာရဖြင့် ဟောမှ နား လည်မည့် နတ်များအတွက် ဟောတယ်လို့ မှတ်ယူရမယ်။

## ဂုံးချောစကား ပယ်ရမည်

ဂုံးချောတယ်ဆိုတာ ချစ်ခင်ကြည်ညို ရင်းနှီးနေတဲ့သူတွေ အား အချင်းချင်း ကွဲပြားကုန်အောင် ပြောဆိုတာပါဘဲ၊ တဖက်က လူတယောက် သို့မဟုတ် အများ၏ အပြစ်ကို တဖက်မှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြောဆို တာပါဘဲ၊ ဒါမှ မဟုတ်ယင်လဲ ဝဿကာရ ပုဏ္ဏားလို သူများ အထင်အမြင်လွဲပြီး ကွဲကုန်အောင် ပြောတဲ့စကားပါဘဲ၊ အဲဒီ ဝဿကာရ၏ ဂုံးတိုက်ပုံအကြောင်းကိုတော့ သလ္လေခသုတ်

တရားတော် ပဌမတွဲ (နှာ ၂၄၆) စသည်မှာ ထုတ်ပြထားပြီး ရှိနေပါတယ်။ အဲဒီ ဂုံးချောပြောဆိုခြင်းကို အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ ပယ်ကြောင်း ဝိသုဒ္ဓိမဂ် (ဒု ၃၂၅)မှာ ပြဆိုထား တယ်၊ ဒါကြောင့် အနာဂါမိမဂ်ဖြင့်အကြွင်းမဲ့ ပယ်နိုင်အောင် အားထုတ်သွားဘို့ပါဘဲ။ ဒါ့ပမဲ့ သောတာပတ္တိမဂ်က အပါယ် လားကြောင်း ဒုစရိုက်ဟူသမျှကို ပယ်တယ်လို့ ပြဆိုထားတဲ့ စကားအရ အပါယ်ကျစေနိုင်လောက်အောင် ကြမ်းဘမ်းတဲ့ ဂုံးစကားကိုတော့ သောတာပတ္တိမဂ်ဖြင့် ပယ်တယ်လို့ မှတ်ယူ ရပါတယ်။အဲဒါက ဘယ်လိုဟာလဲဆိုယင် "ချစ်ခင်နေသူနှစ်ဦး ကွဲပြားအောင် ဂုံးတိုက်တယ်၊ ရည်ရွယ်တဲ့ အတိုင်းလဲ ကွဲပြား သွားကြတယ်"ဆိုယင် အဲဒီအမှုဟာ ကမ္မပထမြောက်တယ်၊ အဲဒါဟာ အပါယ်ကျစေနိုင်တဲ့ ကံဘဲ၊ အဲဒီလိုကံကို သော တာပတ္တိမဂ်က ပယ်တယ်လို့ ယူရပါတယ်။

သူတပါး၏ အပြစ်အနာ အဆာ အတင်းအဖျင်းတွေ ပြောတာဟာ ဒီဂုံးချောစကားထဲမှာ ပါဝင်ပါတယ်၊ ဒါကြောင့် အနာဂါမိမဂ်ကို မရောက်သေးပေမယ်လို့ သူတပါးအား အကြည်ညိုပျက်စေနိုင်တဲ့ စကားမျိုးကို မပြောဘဲ ကြဉ်ရှောင် နေတာဟာ အလွန် သင့်မြတ်ပါတယ်၊ တဦးတယောက်၏ အပြစ်ကို အခြားသူထံမှာ မပြောတာဟာ အကောင်းဆုံး ပါဘဲ၊ ဒီ ဂါထာအရကတော့ အဲဒီ ဂုံးစကားမျိုးကို လုံးဝ ကင်းစေနိုင်တဲ့ အနာဂါမိမဂ်ရောက်အောင် ကျင့်သွားဘို့ ပါဘဲ။

## ကောဓကို ပယ်ရမည်

နောက်တခုကတော့ —— ကောဓ ဆိုတဲ့ အမျက်ထွက်ခြင်း စိတ်ဆိုးခြင်းကို ပယ်ရမယ်တဲ့၊ ဒါကလဲ အနာဂါမိမဂ်ရောက်အောင် အားထုတ်ပြီးပယ်ရမည့် တရားပါဘဲ။ သို့ပေမဲ့ အနာဂါမိမဂ် မရောက်သေးခင်လဲ ပယ်နိုင်သမျှ ပယ်သွားဘို့ရာ အရေးကြီးပါတယ်၊ အမျက်ဒေါသ စပြီး ဖြစ်လာယင် ဖြစ်ကတည်းက ရှုမှတ်ပြီးတော့ ဖြစ်စေ၊ ဆင်ခြင်ပြီးတော့ ဖြစ်စေ ပယ်သင့်ပါတယ်၊ နှုတ်အမူအရာ ကိုယ်အမူအရာ မရောက်ပဲ စိတ်ထဲကွင် ငြိမ်းသွားအောင် ရှုမှတ်ဆင်ခြင်ပြီး ပယ်ဘို့ လိုပါတယ်၊ နှုတ်အမူအရာ ကိုယ်အမူအရာ ထိအောင် ရောက်လာယင်လဲ အများသိမဖြစ်သေး မထင်ရှားသေးခင် ပယ်နိုင်ဘို့ လိုပါတယ်၊ တတ်နိုင်ယင်တော့ အနာဂါမိမဂ် ရောက်အောင် အားထုတ်ပြီးအကြွင်းမဲ့ ပယ်သွားဘို့ပါဘဲ။

## ဝန်တိုခြင်းလဲ ပယ်ရမည်

နောက်တခုကတော့ ဝန်တိုခြင်းကို ပယ်ရမယ်တဲ့။ ဝန်တိုတယ်ဆိုတာက ရဟန်းများမှာ——

(၁) နေရာကျောင်းနှင့် စပ်ပြီး ဝန်တိုတာ၊

(၂) ရင်းနှီးတဲ့ ဒကာ ဒကာမများနှင့်စပ်ပြီး ဝန်တိုတာ၊

(၃) လာဘ်လာဘနှင့် စပ်ပြီး ဝန်တိုတာ၊

(၄) တရားကျမ်းဂန်နှင့် စပ်ပြီး ဝန်တိုတာ၊

(၅) ဂုဏ်နှင့်စပ်ပြီး ဝန်တိုတာလို ၅-မျိုးရှိတယ်။

ဝန်တို ဆိုတာ မိမိနှင့် စပ်ဆိုင်တာတွေကို သူတပါးနှင့် မစပ်ဆိုင်စေချင်တဲ့ သဘောပါဘဲ။ သောတာပတ္တိမဂ်ဖြင့် အဲဒီ ဝန်တိုမှုကို ပယ်ကြောင်း အဋ္ဌကထာများမှာ ပြဆိုထား ပါတယ်။ အဲဒီမဂ်ကို မရောက်သေးတောင်မှ ဝန်တိုမှုဖြစ်လာ ယင် ရှုမှတ်ဆင်ခြင်ပြီး ပယ်သွားဘို့ပါဘဲ။ "သီလရှိတဲ့ပုဂ္ဂိုလ် များနဲ့ စပ်ပြီး ဝန်တိုခြင်းမရှိပဲ အသုံးအဆောင် ပစ္စည်းများ ကို ဝေမျှပြီး သုံးဆောင်နိုင်တယ်"လို့ အရိယာ၏ ဂုဏ်ကို ပြ ဆိုထားတဲ့အတိုင်း သိတင်း သီလနှင့် ပြည့်စုံတဲ့ သူတော် ကောင်းတွေနဲ့ စပ်ပြီး ဝန်တိုမှု ကင်းဘို့ရာ လိုပါတယ်။ အဲဒီ အချက် ၃-ခုကို "ဂုံးချောစကား၊ ကျောပေးတား၊ မျက်ပွါး ဝန်တို ပယ်ရမည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြ ရမယ်။

၄။ ဂုံးချောစကား၊ ကျောပေးသား၊ မျက်ပွါး, ဝန်တို ပယ်ရမည်။

ဂုံးချောစကား ကျောပေးထားဆိုတာ ဂုံးချော ပြောဆို မှုကို ပယ်ရမည်လို့ ဆိုလိုတာပါဘဲ၊ ဒါပေမဲ့ သူပါဠိမှာ ဟို တုန်းက နာကြားသူတို့နှင့် လျော်အောင် ပိဋ္ဌိမံသိကတ္တာနာ- ကျောပေး၍သို့ ဟောထားတဲ့အတိုင်း ဘုန်းကြီးကလဲ တိုက် ရိုက်ပဲ ဘာသာပြန် စီထားပါဘယ်၊ ကောဓ-အမျက်ထွက် ခြင်းဆိုတာကိုတော့ ကာရန်လဲ ရစေရန် မျက်ပွါးလို့ စီသား ပါတယ်၊ အမျက် ဒေါသဆိုတာ ဖြစ်တိုင်း ဖြစ်တိုင်း အသစ် အသစ် ပွါးနေဘာပါဘဲ၊ ဒါကြောင့် အမျက်ပွါးတယ် ဆိုတဲ့ စကားဟာလဲ သင့်ပါတယ်။ ဝန်ဘို ဆိုတာကတော့ မစ္ဆရိယ ပုဒ်၏ သဒ္ဒါနက် ဖြစ်နေလို့ ထင်ရှားနေပါပြီ။

## လိုက်လျောမှု ဆန့်ကျင်မှုလဲ ပယ်ရမည်

နောက်ပြီးတော့ အနုရောဓ ဆိုတာ သဒ္ဒါနက်အားဖြင့် လိုက်လျောခြင်းပါဘဲ၊ သူ့ဘပါး အကျိုးရှိအောင် သူတပါးအား လိုက်လျောပြီး ပြုကျင့် ဆောင်ရွက်တာကတော့ ပယ်သင့်တဲ့တရား မဟုတ်ပါဘူး၊ ကျင့်သင့်တဲ့ တရားပါဘဲ၊ ဒါပေမဲ့ ဒီနေရာမှာတော့ ရာဂဖြင့် တပ်မက်ပြီး လိုက်လျောမှုဖြစ်တဲ့အတွက် ပယ်သင့်တဲ့ နှစ်သက်သာယာမှု ရာဂပါဘဲ။ ဝိရောဓ ဆိုတာကတော့ ဒေါသအလိုအားဖြင့် သည်းမခံပဲ ဆန့်ကျင်တဲ့ သဘောဘဲ၊ အဲဒါကတော့ စိတ်ဆိုး ပြစ်မှားတဲ့ ဒေါသပါဘဲ။ ဒါကြောင့် အနက်ပြန်ရာမှာ လိုက်လျော နှစ်သက်ခြင်း, ဆန့်ကျင် မုန်းထားခြင်း–လို့ ပြန်ထားပါတယ်၊ မုန်းထားခြင်းနဲ့ စိတ်ဆိုးခြင်း ပြစ်မှားခြင်း ဆိုတာ အရအားဖြင့် အတူတူပါဘဲ။ ဒါပေမဲ့ ဆောင်ပုဒ်မှာတော့ သူပါဠိရင်းနှင့်အညီ "လိုက်လျော ဆန့်ကျင်၊ စွန့်ပယ်လျှင်၊ လူတွင် ကောင်းစွာ နေရသည်" လို့ စီထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

> လိုက်လျော, ဆန့်ကျင်၊ စွန့်ပယ်လျှင်၊ လူတွင် ကောင်းစွာ နေရသည်။

ဆန့်ကျင်တယ်ဆိုတာက ဒေါသဘဲ၊ အဲဒီ ဒေါသကိုတော့ အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ ပယ်တယ်။ လိုက်လျော ဆိုတာကတော့ ရာဂဘဲ၊အဲဒီ ရာဂကိုတော့ အရဟတ္တမဂ်ကမှ အကြွင်းမဲ့ ပယ်နိုင်တယ်။ ဒါကြောင့် အရဟတ္တမဂ် ရောက်အောင် အားထုတ်ပြီး ပယ်ဘို့ပါဘဲ။ အရဟတ္တမဂ်ဖြင့် လိုက်လျော နှစ်သက်မှု ရာဂကို အကြွင်းမဲ့ ပယ်လိုက်ယင် အခြားကိလေ

သာတွေ အားလုံးကိုလဲ ပယ်ပြီး ဖြစ်သွားတော့တာဘဲ။ ဒါကြောင့် လောကထဲမှာ ကပ်ငြိခြင်း မရှိပဲ ကောင်းစွာနေရတော့တာပါဘဲ။ ကဲ တရား သိမ်းရမယ်။

ဒီ တရားဂါထာ ဒေသနာတော်အတိုင်း ဂုံးချော စကားမှ စ၍ လိုက်လျောခြင်း ရာဂတိုင်အောင် ပယ်သင့်တဲ့ တရားတွေကို ပယ်နိုင်အောင် စွမ်းနိုင်သမျှ အားထုတ်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

သမ္မာပရိဗ္ဗာဇနီယ သုတ် တရားတော်

ဒုတိယပိုင်း ပြီး၏။

# သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

## စတုတ္ထပိုင်း

တန်ဆောင်မုန်းလဆုတ် (၈) ရက်၊ ဒီကနေ့ သမ္မာပရိဗ္ဗာဇနီယသုတ်က ပဥ္စမဂါထာကို ဟောဘို့ အလှည့်ကျတယ်။

---

### အဖြေ စတုတ္ထ ဂါထာ

၅။ ဟိတွာန ပိယဉ္စ အပ္ပိယဉ္စ၊
အနုပါဒါယ အနိဿိတော ကုဟိဉ္စိ။
သံယောဇနိယေ ဟိ ဝိပ္ပမုတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

### ချစ်ဖွယ် မုန်းဖွယ် ပယ်ရမည်

ဘိက္ခု–ရဟန်းသည်၊ ဝါ–သံသရာဘေးကို ရှုမြင်၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ကျင့်သုံး အားထုတ်နေသော ပုဂ္ဂိုလ်သည်၊ ပိယဉ္စ–ချစ်အပ်သော သတ္တဝါနှင့် သင်္ခါရဝတ္ထုကိုငင်း၊ အပ္ပိယဉ္စ–မုန်းအပ်သော သတ္တဝါနှင့် သင်္ခါရဝတ္ထုကိုငင်း၊ ဟိတွာန–စွန့်ပယ်၍၊ အဲဒီ ချစ်စရာ မုန်းစရာ သက်ရှိပုဂ္ဂိုလ်နဲ့ သက်မဲ့ပစ္စည်းတွေကို ပယ်ရမယ်တဲ့၊ ဘယ်လို လုပ်ပြီး ပယ်ရမလဲဆိုတော့ ဆင်ခြင်ပြီးတော့လဲ ပယ်ရမယ်၊ ရှုမှတ်ပြီးတော့လဲ ပယ်ရမယ်။ ဆင်ခြင်ပြီး ပယ်ပုံကတော့ ဗုဒ္ဓ သာသနာတော်မှာ ရဟန်းပြုနေတာဟာ ကိလေသာ ဟူသမျှ

ကင်းငြိမ်းတဲ့ အရဟတ္တဖိုလ် ရောက်ဖို့ရာဘဲ၊ အဲဒီတော့ ရဟန်းမှာ ချစ်တာတွေ မုန်းတာတွေ မရှိသင့်ဘူး။ လောကမှာ ချစ်စရာကို ချစ်နေယင်၊ မုန်းစရာကို မုန်းနေယင် အင်မတန် ဆင်းရဲဒုက္ခ ရောက်ရတတ်တာဘဲ။ အဲဒီအကြောင်းကို ဓမ္မပဒမှာ ဒီလို ဟောထားတယ်။

## ချစ်စရာ မုန်းစရာနဲ့ မတွေ့ရတာ ကောင်းတယ်

မာ ပိယေဟိ သမာဂဉ္ဆိ၊
အပ္ပိယေဟိ ကုဒါစနံ။
ပိယာနံ အဒဿနံ ဒုက္ခံ၊
အပ္ပိယာနဉ္စ ဒဿနံ။

ပိယေဟိ–ချစ်စရာပုဂ္ဂိုလ်ဝတ္ထုတို့နှင့်၊ မာ သမာဂဉ္ဆိ–မတွေ့ရပဲ ရှိပါစေ။ အပ္ပိယေဟိ–မုန်းစရာ ပုဂ္ဂိုလ်ဝတ္ထုတို့နှင့်လည်း၊ ကုဒါစနံ–တရံတခါမျှ၊ မာ သမာဂဉ္ဆိ– မတွေ့ရပဲ ရှိပါစေ။ ချစ်စရာတွေနဲ့လဲ တခါတရံမျှ မတွေ့ပါရစေနဲ့တဲ့၊ တွေ့ရုံသက်သက်ကတော့ အရေးမကြီးလှပါဘူး၊ ချစ်စရာနဲ့ တွေ့ပြီး မချစ်မိဘို့က ပိုပြီး အရေးကြီးတယ်။ နောက်ပြီးတော့ မုန်းစရာတွေနဲ့လဲ မတွေ့ပါရစေနဲ့တဲ့၊ အဲဒီမှာလဲ မုန်းစရာနဲ့တွေ့ပြီး မမုန်းဘို့က ပိုပြီး အရေးကြီးဘာပါဘဲ" ဘာကြောင့် မတွေ့ချင်တာလဲလို့ဆိုတော့ ပိယာနံ အဒဿနံ–ချစ်တဲ့သူနဲ့ ပစ္စည်းတို့ကို မတွေ့ မမြင်ရခြင်းသည်၊ ဒုက္ခံ–ဆင်းရဲ၏။ အပ္ပိယာနဉ္စ ဒဿနံ–မုန်းတဲ့သူနဲ့ အာရုံတို့ကို တွေ့မြင်ရခြင်းသည်လည်း၊ ဒုက္ခံ–ဆင်းရဲ၏တဲ့။ အလွန် ချစ်တဲ့ သားသမီးကလေးများ စသည်ကို သေကွဲ ကွဲသွားလို့ဖြစ်စေ ရှင်ကွဲ ကွဲသွားလို့ဖြစ်စေ

မတွေ့ရ မမြင်ရယင် အလွန်ပင်ဆင်းရဲရတယ်၊ ထို့အတူပင် ချစ်မြတ်နိုးအပ်တဲ့ ရွှေငွေ စတဲ့ အသုံးအဆောင် အဖိုးတန်ပစ္စည်းတွေကို လုနိုင်တွေက လုယူသွားလို့ဖြစ်စေ၊ မီး ရေ လေ စသော ဘေးကြောင့် ပျက်စီးသွားယင် ဖြစ်စေ မမြင်ရ မတွေ့ရတဲ့ အခါ အလွန်ပင် ဆင်းရဲရတယ်၊ တချို့မှာဆိုယင် သေသည် အထိတောင် ဆင်းရဲရတတ်ပါတယ်၊ ဒါကြောင့် ချစ်စရာတွေနဲ့ မတွေ့ရတာ မချစ်ရတာက ကောင်းတာဘဲ၊ ချစ်စရာနဲ့ လုံးလုံး မတွေ့ရယင် အကောင်းဆုံးဘဲ၊ တွေ့ရယင်လဲ မချစ်ပဲ နေနိုင်ယင် ကောင်းတာဘဲ။

ဒါပေမဲ့ လောကမှာ လူတွေကတော့ ချစ်စရာနဲ့တွေ့ပြီး ချစ်နေရတာကို အကောင်းဆုံး အရသာ အရှိဆုံးလို့ ထင်နေကြတယ်၊ ဒါကြောင့် ချစ်စရာကို ရအောင်ပဲ လိုက်လံရှာဖွေနေကြတယ်၊ အဲဒါဟာ ဆင်းရဲဘို့ရာ ကိုယ်တိုင် ဖန်တီးနေတာပါဘဲ။

နောက်ပြီးတော့ မုန်းစရာ ရန်သူတွေ အနိဋ္ဌာရုံတွေဒီလို မုန်းစရာတွေနဲ့ မတွေ့ရတာက ချမ်းသာတာဘဲ၊ တွေ့ရယင်လဲ လူပုဂ္ဂိုလ်ဆိုယင် မုန်းခြင်း ရန်ငြိုးဖွဲ့ခြင်း မရှိပဲ မေတ္တာပွါးနေနိုင်ယင် ကောင်းပါတယ်၊ အနိဋ္ဌာရုံတွေထဲမှာ မြင်ရတဲ့ အဆင်းထက် ကြားရတဲ့ အသံ နံရတဲ့ အနံ့ဘိုးတွေက သာပြီး ဆိုးတယ်၊ အဲဒါတွေထက် ထိရတဲ့ အတွေ့အာရုံဆိုးတွေက သာပြီးဆိုးတာဘဲ၊ အဲဒီ အတွေ့ဆိုးတွေကတော့ နာကျင် ကိုက်ခဲခြင်း မောပန်းခြင်း စသည်ကို ဖြစ်စေပြီး နှိပ်စက်တတ်တယ်၊ သေသည်အထိလဲ နှိပ်စက်တတ်တယ်၊ ဒါကြောင့် အဲဒီ အနိဋ္ဌာရုံတွေကိုလဲ မတွေ့ရတာက အကောင်းဆုံးဘဲ၊ တွေ့ရပြန်ယင်လဲ စွမ်းနိုင်သမျှ ရှုဆင်ခြင်ပြီး သည်းခံဘို့ပါဘဲ။

ဒါကြောင့် အဲဒီ ချစ်စရာ မုန်းစရာတွေမှာ ချစ်ခြင်း မုန်းခြင်း မဖြစ်ရအောင် ယခု ပြောခဲ့တဲ့ အရိပ်အမြွက်ဖြင့် ဆင်ခြင်ပြီးတော့လဲ ပယ်ရမယ်။ တတ်နိုင်ယင်တော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်ပြီး မချစ် မမုန်းပဲ မြင်ရုံမျှ စသည်၌သာ တည်နေဘို့ပါဘဲ။ အကယ်၍ ချစ်ခြင်း မုန်းခြင်း ဖြစ်မိယင်လဲ ဖြစ်လျှင် ဖြစ်ခြင်း ရှုမှတ်ပြီး ပယ်ပယ် သွားဘို့ပါဘဲ။ ဒီပုံ ဒီနည်းဖြင့် ရှုမှတ်ပြီး ပယ်ပယ်သွားလို့ အနာဂါမိမဂ်ဖိုလ်ရောက်ယင် မုန်းခြင်းဆိုတဲ့ ဒေါသ လုံးဝ ကင်းသွားတယ်။ အဲဒီအခါမှာ ဘယ်လို မုန်းစရာကို တွေ့ရ ပေမဲ့ မုန်းခြင်း မရှိပဲ ချမ်းသာစွာ နေနိုင်တယ်။ အရဟတ္တ မဂ်ဖိုလ်ရောက်တဲ့အခါကျတော့ ချစ်ခြင်းဆိုတဲ့ ရာဂလဲ လုံးဝ ကင်းသွားတယ်။ အဲဒီအခါကျတော့ ဘယ်လို ချစ်စရာကို တွေ့ရပေမဲ့ ချစ်ခြင်း မရှိပဲ ချမ်းသာစွာ နေနိုင်တော့တာဘဲ၊ အဲဒီလို ချမ်းသာစွာ နေနိုင်အောင် အားထုတ်သွားဘို့ပါဘဲ။

အဲဒီလို ချစ်ခြင်း မုန်းခြင်း လုံးဝ ကင်းတယ် ဆိုယင် အခြား ကိလေသာတွေလဲ ကင်းတော့တာပါဘဲ။ ဒါပေမဲ့ အဲဒီတုန်းက တရားနာနေကြတဲ့ နတ်တွေ ဗြဟ္မာတွေနဲ့ သင့်လျော်တဲ့ ဝေါဟာရ စကားတို့ဖြင့် ထပ်မံပြီး ဒီလို ဟော ပြန်ပါတယ်။

## အစွဲအလမ်း ကင်းစေရမည်

အနုပါဒါယ– တစုံတခုကိုမျှ မစွဲလမ်းမူ၍၊ ကုဟိဉ္စိ– တစုံ တရာ၌မျှ၊ အနိဿိတော–မမှီသည်-အမှီအတွယ် ကင်းသည်၊ အဿ–ဖြစ်ရာ၏ တဲ့။ အဲဒီ ချစ်ဖွယ် မုန်းဖွယ်ကို ပယ်ပြီးတော့

ဘာကိုမျှ မစွဲလမ်းပဲ ဘယ်မှာမှ မမှီ မတွယ်ပဲ စွဲလမ်းမှီတွယ်ခြင်း ကင်းစေရမယ် တဲ့။

အဲဒီ အစွဲ အမှီ ကင်းဘို့ရာကိုတော့ သတိပဋ္ဌာန် ဒေသနာတော်မှာ တိုက်ရိုက်ပဲ ဟောထားပါတယ်၊ အနိဿိတော စ— မမှီသည်- အမှီကင်းသည်ဖြစ်၍လည်း၊ ဝိဟရတိ—နေ၏၊ လောကေ—လောက၌၊ ကိဉ္စိ—တစုံတခုကိုမျှ၊ န စ ဥပါဒိယတိ—စွဲလည်း မစွဲလမ်း-လို့ ဟောထားပါတယ်။ ဝင်သက်ထွက်သက်ကို ရှုလျက်ဖြစ်စေ၊ ဆံပင် မွေးညှင်း အစရှိတဲ့ ၃၂-ကောဋ္ဌာသကို ရှုမှတ်လျက်ဖြစ်စေ၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်းစသော ကိုယ်အမူအရာကို ရှုလျက်ဖြစ်စေ ကာယာနုပဿနာကို ပွါးနေယင်၊ သို့မဟုတ် ညောင်းမှု နာမှုစသော ဝေဒနာကို ရှုလျက် ဝေဒနာ နုပဿနာကို ပွါးနေယင်၊ သို့မဟုတ် စိတ္တာ နုပဿနာ ဓမ္မာ နုပဿနာဘို့ကို ပွါးနေယင် ရုပ် နာမ် ခန္ဓာတွေထဲမှ ဘယ်တခုကိုမျှ တဏှာဖြင့် နှစ်သက်သာယာပြီးတော့လဲ မမှီတွယ် မစွဲလမ်းတော့ဘူး၊ ဒိဋ္ဌိဖြင့် အတ္တကောင် ငါကောင်ထင်ပြီးတော့လဲ မမှီတွယ် မစွဲလမ်းတော့ဘူး မှီတွယ်ခြင်း စွဲလမ်းခြင်း လုံးဝ ကင်းသွားတော့တာဘဲ။ ဒါကြောင့် ဒီမှာ ဟောထားတဲ့အတိုင်း အစွဲ အမှီ လွတ်ကင်းချင်ယင် သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ ကိုယ်အမူအရာ, ဝေဒနာ, စိတ် ဓမ္မ အာရုံနှင့် သင်္ခါရတရားတို့ကို သတိဉာဏ်ဖြင့် မပြတ်ရှုမှတ်၍ သိသိနေရုံပါဘဲ။ အဲဒီလို ရှုမှတ်ရာမှာ စပြီး ရှုမှတ်ခါစမှာတော့ မထူးခြားသေးဘူး၊ ရှုမှတ်ဖန်များလို့ သမာဓိဉာဏ်အား ရှိလာတဲ့အခါကျတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရုပ်နာမ် ၂-ပါးကိုလဲ ပိုင်းခြားသိတယ်၊ အကြောင်း

အကျိုးကိုလဲ ပိုင်းခြား သိတယ်၊ ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေတာကိုလဲ ပိုင်းခြားသိတယ်၊ အဲဒီတော့ ဖြစ်ဖြစ်ပြီးပျက်ပျက်သွားလို့ မမြဲတာချည်းဘဲ၊ ဆင်းရဲချည်းဘဲ၊ အနတ္တသဘောတရားမျှချည်းဘဲလို့လဲ ပိုင်းခြားသိတယ်။ အဲဒီလိုသိသိနေယင်ကို အစွဲအမှီ ကင်းနေတော့တာပါဘဲ။ အဲဒီလိုအနိစ္စ ဒုက္ခ အနတ္တသဘောကို သိသိပြီးတော့ နောက်ဆုံးမှာအရဟတ္တမဂ်ဖိုလ်ဉာဏ် ဖြစ်ပေါ်လာပြီး ရဟန္တာအဖြစ်သို့ရောက်သွားဘာဘဲ၊ အဲဒီအခါမှာတော့ အစွဲအမှီတွေ လုံးဝကင်းသွားတော့တာပါဘဲ။

## ချည်တိုင်မှလဲ လွတ်ပါစေ

အဲဒီလို အစွဲအမှီ လုံးဝကင်းယင် သံယောဇဉ်ခေါ်တဲ့သံသရာ့ ချည်နှောင်ကြိုးတွေနဲ့ ချည်နှောင်ရာဌာနတွေလဲကင်းတော့တာပါဘဲ။ ဒါကြောင့်—

> သံယောဇနိယေဟိ–သံယောဇဉ်၏ အာရုံ ဖြစ်သော သက်ရှိ သက်မဲ့ အာရုံတည်းဟူသော ချည်တိုင်တို့မှ၊ ဝိပ္ပမုတ္တော–ကောင်းစွာ လွတ်ပြီးသည်လည်း၊ အဿ–ဖြစ်ရာ၏––

လို့ ဝေါဟာရ အသစ်တပုဒ်ဖြင့်လဲ ထပ်ပြီး ဟောတော်မူပြန်ပါတယ်။ သံယောဇဉ်ဆိုတာ သံသရာမှ ထွက်မသွားနိုင်အောင်ချည်နှောင်တတ်တဲ့ ကိလေသာတွေဘဲ၊ (၁) ကာမရာဂသံယောဇဉ်၊ (၂) ဘဝရာဂသံယောဇဉ်၊ (၃) ပဋိဃသံယောဇဉ်၊ (၄) မာနသံယောဇဉ်၊ (၅) ဒိဋ္ဌိသံယောဇဉ်၊ (၆) ဝိစိ

ကိစ္စသံယောဇဉ်၊ (၇) သီလဗ္ဗတပရာမာသ သံယောဇဉ်၊ (၈) ဣဿာသံယောဇဉ်၊ (၉) မစ္ဆရိယသံယောဇဉ်၊ (၁၀) အဝိဇ္ဇာသံယောဇဉ်ဆိုတဲ့ ဒီသံယောဇဉ်တွေပါဘဲ၊ ရဟန္တာမှာ အဲဒီသံယောဇဉ် ချည်နှောင်ကြိုးတွေမှ ကောင်းစွာ လွတ်မြောက်တယ်၊ ချည်နှောင်ကြိုးတွေမှ လွတ်မြောက်တော့ ချည်နှောင်ရာ ကာမဂုဏ်အစရှိတဲ့ ချည်တိုင်အာရုံတွေမှလဲ လွတ်မြောက်တော့တာပါဘဲ။ အဲဒါတွေကို "ချစ်မုန်းပယ်ပြီး၊ မစွဲမှီ၊ နှောင်ချည်ရာများ လွတ်ရမည်"လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၅။ ချစ်မုန်းပယ်ပြီး၊ မစွဲမှီ၊ နှောင်ချည်ရာများလွတ်ရမည်။

ချစ်ခြင်းနှင့် မုန်းခြင်းကို ပယ်ပြီး ဖြစ်ရမယ်၊ မစွဲလမ်းရဘူး၊ မမှီတွယ်ရဘူး၊ သံယောဇဉ်ကြိုးများဖြင့် နှောင်ချည်ရာဖြစ်တဲ့ ကာမဂုဏ်ငါးပါးစသော ချည်တိုင်အာရုံများမှလဲ လွတ်မြောက်ရမယ်လို့ ဆိုလိုပါတယ်၊ သံယောဇနိယေဟိ–ပုဒ်အရ နှောင်ချည်ရာ ချည်တိုင်များမှ–လို့ ဆိုသင့်ပေမဲ့ အဋ္ဌကထာက ပြည့်သွားလို့ မှ–ဆိုတဲ့ ဝိဘတ်တော့ မထည့်နိုင်ဘဲ ရှိပါတယ်၊ ဒါပေမဲ့ လိုရင်းကတော့ သံယောဇဉ် ၁၀-ပါးမှ လွတ်မြောက်ဖို့က လိုရင်းပါဘဲ။ အဲဒီသို့ လွတ်မြောက်ပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ လောကထဲမှာ ဘာနှင့်မျှ မငြိမကပ်ပဲ ကောင်းစွာ နေရတော့တာပါဘဲ။ ဒါကြောင့်—

သော–ထိုသို့သော ရဟန်းသည်၊ လောကေ–လောက၌၊ သမ္မာ–ကောင်းစွာ၊ ပရိဗ္ဗဇေယျ–ကျင့်သုံး နေနိုင်ပါတော့သည်–လို့ ဟောတော်မူပါတယ်။ အဲဒါကို "သို့ဖြစ်ပါလျှင်၊

လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်”လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာ နေရသည်။

၁၃၁၂-ခုနှစ်တုန်းက ဒီသုတ်ကို ဒီရိပ်သာမှာဘဲ ဟောခဲ့ဘူးတယ်၊ အဲဒီတုန်းကတော့ ဂါထာတွေကို အကုန်လုံး မဟောနိုင်ခဲ့ပါဘူး၊ အကျဉ်းချုပ်လောက်ပဲ ဟောနိုင်ပါတယ်၊ ၂-နံပါတ်ဂါထာက လောကီမင်္ဂလာကို ပယ်ရမယ် ဆိုတာရယ်၊ ၃-နံပါတ်ဂါထာက ကာမရာဂ ၂-ပါးနဲ့ ဘဝရာဂဆိုတဲ့ တဏှာ ၃-ပါး ပယ်ရမယ်ဆိုတာရယ်၊ ယခုဟောနေတဲ့ ဂါထာက ပြဆိုချက်များရယ်–အဲဒါလောက်ကိုသာ ယူပြီးတော့—

လောကီမင်္ဂလာ၊ တဏှာသုံးသွယ်၊ ချစ်မုန်းပယ်၍၊ မှီတွယ်ကင်းစင်၊ သံယောဇဉ်၊ လွတ်လျှင် ထွက်နိုင်သည်–လို့ ဆောင်ပုဒ် စီထားခဲ့ပါတယ်။

အဲဒီဆောင်ပုဒ်မှာ ထွက်နိုင်သည်ဆိုတဲ့ စကားကတော့ ပရိဗ္ဗဇေယျ–ပုဒ်၏ သဒ္ဒါနက်ကိုယူပြီး ဆိုတဲ့စကားပါဘဲ။ ပရိ–ထက်ဝန်းကျင်–လိုလေသေးမရှိ–ဝဇေယျ–သွားရာ၏–သွားနိုင်၏၊ ရပ်တန့်ခြင်း ဆုတ်နစ်ခြင်းမရှိဘဲ သွားတယ် ဆိုတာ သံသရာဝဋ်မှ ထွက်ခွါသွားတယ်ဆိုတဲ့ အနက်နှင့် အရ တူပါဘဲ၊ ဒါကြောင့် လွတ်နိုင်သည်- လို့ ဟိုတုန်းက စီခဲ့တယ်။ ယခု ဆောင်ပုဒ်နှင့် အနက်ပြန်ရာမှာတော့ ပရိဗ္ဗဇေယျ–ပုဒ်ကို ဝိဟရေယျ–လို့ ဖွင့်ပြတဲ့ အဋ္ဌကထာအရ နေရာသည်–

နေနိုင်သည်–လို့ ပြန်ထားပါတယ်။ ဒီကနေ့အတွက် တော်လောက်ပါပြီ၊ တရားသိမ်းကြစို့။

ဒီ ပဥ္စမဂါထာ၌ ဟောထားတဲ့အတိုင်း ချစ်ခြင်း မုန်းခြင်းကိုလဲ ပယ်နိုင်အောင်၊ အစွဲအမှီလဲ ကင်းအောင်၊ သံယောဇဉ် ချည်နှောင်ကြိုးတွေ ချည်တိုင်တွေမှလဲ လွတ်မြောက်အောင် စွမ်းနိုင်သမျှ ကျင့်သုံးအားထုတ်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု　သာဓု　သာဓု။

သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်
စတုတ္ထပိုင်း ပြီး၏။

# သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

## ပဌမပိုင်း

တန်ဆောင်မုန်းလကွယ် ဒီကနေ့ သမ္မာပရိဗ္ဗာဇနီယသုတ်
က ၆-နံပါတ်ဂါထာကို ဟောရမယ်။

---

### အဖြေ ပဌမဂါထာ

၆။ န သော ဥပဓီသု သာရမေတိ၊
အာဒါနေသု ဝိနေယျ ဆန္ဒရာဂံ။
သော အနိဿိတော အနညနေယျော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ဘိက္ခု-ရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်၍ သံသရာမှ လွတ်မြောက်ရန် ကျင့်ကြံအားထုတ်နေသော ပုဂ္ဂိုလ်သည်၊ ဥပဓီသု-ဆင်းရဲ၏ ကပ်မှီ၍ တည်ရာ ခန္ဓာငါးပါးတို့၌၊ ဝါ-ဆင်းရဲချမ်းသာတို့၏ ကပ်မှီ၍တည်ရာ ခန္ဓာငါးပါးတို့၌၊ သာရံ-အနှစ်သာရသို့၊ ဝါ-အနှစ်သာရရှိသည်ဟု ထင်မှတ်ခြင်းသို့၊ န ဧတိ-မရောက်တော့ပေ။

### ရုပ်နာမ်ခန္ဓာ အနှစ်မရှိ သိရမည်

ဥပဓိဆိုတာ ဥပ-နှင့် ဓိ-ဒီ ၂-ခု တွဲစပ်ထားတဲ့ စကားလုံးဘဲ၊ ဥပ-ကပ်၍+ဓိ-တည်ရာ=ဥပဓိ-ကပ်၍ တည်ရာ တဲ့၊

ဘာတွေက ကပ်ပြီးတည်ကြသလဲဆိုတော့ တရားတော်အရ အားဖြင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ သင်္ခါရဆင်းရဲတွေက ကပ်ပြီး တည်နေကြတယ်၊ ဒါကြောင့် ရုပ်နာမ်ခန္ဓာ ဖြစ်တယ် ဆိုယင် အဲဒီ ဆင်းရဲတွေက တပါတည်း ကပ်ပါလာကြတော့ တာဘဲ။ လောကဘက်ကနေ ကြည့်ယင်တော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာ လူ့ချမ်းသာ နတ်ချမ်းသာ ဆိုတာတွေလဲ ဒီ ခန္ဓာတွေမှာ ကပ်မှီပြီး တည်နေကြတယ်လို့ ဆိုရမှာပါဘဲ၊ အဲဒီတော့ လူ့ခန္ဓာတွေ ဖြစ်ယင် လူ့ချမ်းသာတွေရော လူ့ဆင်းရဲတွေရော ပါလာတယ်၊ နတ်ခန္ဓာတွေဖြစ်ယင် နတ် ချမ်းသာတွေရော နတ်ဆင်းရဲတွေရော ပါလာတယ်၊ ဒါပေမဲ့ တရားတော်အရအားဖြင့်တော့ လူ့ချမ်းသာ နတ်ချမ်းသာ ဆိုတာတွေကလဲ ဝိပရိဏာမဒုက္ခ သင်္ခါရဒုက္ခဆိုတဲ့ ဆင်းရဲ တွေပါဘဲ၊ ဒါကြောင့် ဥပမာပြုတာ ဆင်းရဲ၏ ကပ်ငြိတည် ရာ ရုပ်နာမ်ခန္ဓာတွေပါဘဲ။

ပကတိလူတွေကတော့ အဲဒီ ရုပ်နာမ်ခန္ဓာတွေကို မြဲတဲ့ အနေ ချမ်းသာတဲ့အနေ အသက်ရှင်ပြီး တသက်လုံး တည်နေ တဲ့ အကောင်အနေအားဖြင့် ထင်မြင်နေကြတယ်၊ မိမိတို့၏ ရုပ်နာမ်ခန္ဓာတွေကိုလဲ မြဲတဲ့အနှစ် ချမ်းသာတဲ့အနှစ် အတ္တ ကောင်အနှစ် ရှိနေတယ်လို့ ထင်နေကြတယ်၊ သူတပါး ခန္ဓာ တွေကိုလဲ နည်းတူပင် ထင်နေကြတယ်၊ ဒါကြောင့် မိမိ ခန္ဓာ သူတပါးခန္ဓာတွေကို မြဲတယ်၊ ချမ်းသာတယ်၊ ကောင်း တယ်၊ လှပတယ်၊ အတ္တကောင်ဘဲလို့ စွဲလမ်းနေကြတယ်၊ အဲ ဒီလို စွဲလမ်းနေကြတဲ့အတွက် အဲဒီ ရုပ်နာမ် ခန္ဓာတွေကို မြင် တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း လူကို မြင်ရတယ်၊ မိန်းမ

ကို မြင်ရတယ်၊ ယောကျ်ားကို မြင်ရတယ် စသည်ဖြင့် စွဲမှတ်ပြီးတော့ လိုချင်နှစ်သက် တပ်မက်နေကြတယ်။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ် အားကောင်းနေယင် ခဏမစဲ ပျက် ပျက်သွားတာကိုသာ တွေ့ရတယ်၊ ဒါကြောင့် မမြဲတာကွေချည်းဘဲ၊ ဖြစ်ချည် ပျက်ချည်နဲ့ ကြောက်ဖွယ်ဆင်းရဲချည်းဘဲ၊ အလိုအတိုင်း မဖြစ်တဲ့ အနတ္တသဘောတရားချည်းဘဲလို့ ထင်ရှား တွေ့သိရတယ်၊ အဲဒါဟာ အနှစ်သာရကင်းမဲ့နေပုံကို သိရတာပါဘဲ၊ ဒါကြောင့် သာရံ–အနှစ်သာရ ရှိသည်ဟု ထင်မှတ်ခြင်းသို့၊ န ဧတိ–မရောက်–လို့ ဟောတော်မူတာပါဘဲ၊ အဲဒီလို အနှစ်သာရ မရှိတာကိုသိတော့ အဲဒီ ရုပ်နာမ် ခန္ဓာတွေကို လိုချင်နှစ်သက်ခြင်း တပ်မက်စွဲလမ်းခြင်းလဲ မဖြစ်တော့ဘူး။ ဒါကြောင့်–

## လိုလားတပ်မက် ပယ်ဖျက်ရမည်

သော–ခန္ဓာတို့၌ အနှစ်မထင်သော ထိုရဟန်းသည်၊ အာဒါနေသု–ပကတိလူတို့က ငါ ငါ့ဉစ္စာအနေဖြင့် စွဲလမ်းအပ်သော ရုပ်နာမ်ခန္ဓာတို့၌၊ ဆန္ဒရာဂံ–လိုလားခြင်း တပ်မက်ခြင်းကို၊ ဝိနေယျ–ပယ်ဖျောက်၍၊ ဌိတော ဟောတိ–တည်လေတော့၏–လို့လဲ ဟောတော်မူပါတယ်။

ငါ ငါ့ဉစ္စာလို့ စွဲလမ်းနိုင်တဲ့ ရုပ်နာမ် ခန္ဓာတွေကို ဒီ ဂါထာမှာ အာဒါနေသု–လို့ ဆိုထားတယ်၊ ဥပါဒါနက္ခန္ဓာတွေပါဘဲ၊ ဆင်းရဲ၏ ကပ်မှီပြီး တည်ရာ ဆိုတာကလဲ ဒီ ဥပါဒါနက္ခန္ဓာ

တွေဘဲ၊ အဲဒီတော့ ဥပမိခေါ်တဲ့ ရုပ်နာမ် ခန္ဓာတွေမှာ အနှစ်သာရကို မမြင်ယင် အာဒါန ခေါ်တဲ့ ဒီ ရုပ်နာမ် ခန္ဓာတွေမှာ လိုလား တပ်မက်ခြင်းလဲ ဘယ်မှာ ဖြစ်နိုင်တော့မလဲ။ ယခု လူတွေ မြင်ရာ ကြားရာစသည်က လိုချင် တပ်မက်နေတာဟာ မြဲတယ် ချမ်းသာတယ် ကောင်းတယ် လှတယ် မိန်းမ ယောကျ်ား အတ္တကောင်ဘဲလို့ အနှစ်သာရရှိတဲ့ အနေဖြင့် ထင်မှတ်နေကြလို့ လိုချင်တပ်မက်နေကြတာဘဲ၊ အဲဒီလို အနှစ်သာရကို မမြင်ဘူးဆိုယင်တော့ လိုချင်တပ်မက်တဲ့ ဆန္ဒရာဂ မဖြစ်နိုင်တော့ပါဘူး။ အနှစ်သာရရှိတဲ့ အနေဖြင့် ထင်မြင်နေ ယင်တော့ ဆန္ဒရာဂ ကင်းဘို့ ခက်ပါတယ်။

ဒီ ခန္ဓာငါးပါးကို အကောင်းအမြတ် ထင်နေယင်, "နှစ်သက်ဖွယ်မရှိဘူး"လို့ ဘယ်လိုပင် ဟောပြနေပေမယ့်လို့ လိုချင် နှစ်သက်နေမှာဘဲ၊ တပ်မက် စွဲလမ်းနေမှာဘဲ။ ယခုနေအခါမှာ မြတ်စွာဘုရား၏ အလိုတော်နှင့်အညီ နှစ်သက်သာယာမှုတွေ ကင်းပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရအောင်လို့ ဘုရား၏ တရားတွေကို ဟောနေကြတယ်၊ ဒါပေမဲ့ အများပုဂ္ဂိုလ်တွေ မှာတော့ အနှစ်သာရ ရှိတယ်ထင်ပြီး နှစ်သက်သာယာနေကြ တာဘဲ။ ဘုရားဟောထားတဲ့ တရားဘဲလို့ ယုံကြည်တဲ့ သဒ္ဓါ တရားနဲ့ နာကြားနေကြပေမဲ့ အနှစ်သာရမရှိကြောင်း ကိုယ် ပိုင်ဉာဏ်ဖြင့် မသိရသေးယင် ကိုယ့်ခန္ဓာနဲ့ကိုယ် သာယာစရာ နှစ်သက်စရာ ဖြစ်နေကြတာဘဲ။ အနှစ်သာရမရှိကြောင်း ကိုယ် ပိုင်ဉာဏ်ဖြင့် တွေ့ရယင်တော့ လိုချင်တဲ့ဆန္ဒလဲ မဖြစ်ဘူး၊ တပ်မက်တဲ့ရာဂလဲ မဖြစ်ဘူး၊ အဲဒီလို လိုလားတပ်မက်တဲ့ ဆန္ဒရာဂ မဖြစ်နိုင်တော့ပဲ ကင်းရမယ် တဲ့။

ခုတင်က ပြောခဲ့တဲ့အတိုင်း မြင်ဆဲ ကြားဆဲ စသည်မှာ မပြတ်ရှုမှတ်နေတဲ့ ယောဂီကတော့ သမာဓိဉာဏ် အား ကောင်းနေတဲ့အခါ မြင်ပြီး ပျက် ကြားပြီး ပျက် စသည်ဖြင့် ခဏမစဲ ပျက်ပျက်နေတာကိုချည်း တွေ့နေရတယ်၊ အဲဒီလို တွေ့နေရတဲ့သူမှာ မြဲတယ် ချမ်းသာတယ် ကောင်းတယ် အတ္တ ကောင်ဘဲလို့ ထင်မြင်စရာ အနှစ်သာရကို မတွေ့ရတော့ဘူး၊ အနှစ်သာရကို မတွေ့ရတော့ ကိုယ့်သန္တာန်မှာရော သူတပါး သန္တာန်မှာရော လိုချင်တပ်မက်တဲ့ ဆန္ဒရာဂ ဖြစ်ခွင့်မရှိတော့ ဘူး၊ ဒါပေမဲ့ အရဟတ္တမဂ်ကို မရောက်သေးယင်တော့ မရှုဘဲ နေတဲ့အခါ ဆန္ဒရာဂ ဖြစ်နိုင်သေးတာဘဲ၊ ဒါကြောင့် အရဟတ္တမဂ်ရောက်အောင် အားထုတ်ပြီး ဆန္ဒရာဂကို ပယ်ဘို့ ပါဘဲ။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်၊ "ဥပမိ တွင်၊ နှစ်မမြင်၊ ထိုတွင် မလို မမက်ပြီ"တဲ့။

အဲဒီမှာ **ထိုတွင်**–ဆိုတာကလဲ ဥပမိကို ပြောတာပါဘဲ၊ ဂါထာမှာတော့ အာဒါနေသု–လို့ ပါဠိအထူးနဲ့ ဟောထားပါ တယ်၊ ဗမာလင်္ကာမှာတော့ အဲဒီပုဒ်၏ မြန်မာပြန်ကို ထည့်ပြီး စီလို့ မဖြစ်ဘူး၊ ဒါကြောင့် နာမ်စား သဗ္ဗနာမ်နဲ့ပဲ စီလိုက်ရ တယ်၊ **မလို မမက်ပြီ**–ဆိုဘာကတော့ ဆန္ဒဆိုတဲ့ လိုလားခြင်း လဲ မဖြစ်တော့ဘူး၊ ရာဂဆိုတဲ့ တပ်မက်ခြင်းလဲ မဖြစ်တော့ ဘူးလို့ ဆိုလိုတာပါဘဲ။ ကဲ လိုက်ဆိုကြရမယ်။

၆။ ဥပမိတွင်၊ နှစ်မမြင်၊ ထိုတွင် မလို မမက်ပြီ။

ဘုန်းကြီး ယခု အနက်ပြန်ပြခဲ့တာနဲ့ ဒီဆောင်ပုဒ် အစဉ် ကတော့ ဂါထာပါဠိ အစဉ်အတိုင်းပါဘဲ။

န သော ဥပမိသု သာရမေတိ–ဆိုတဲ့ ပဥ္စမအပိုဒ် အရ "ဥပမိတွင် နှစ်မမြင်"–လို့ စီထားတယ်၊

အာဒါနေသု ဝိနေယျ ဆန္ဒရာဂံ–ဆိုတဲ့ ဒုတိယအပိုဒ်အရ "ထိုတွင် မလို မမက်ပြီ"–လို့ စီထားတယ်၊ သုဂါထာ ပါဠိ အစဉ်အတိုင်းပါဘဲ။ သုတ္တနိပါတ် အဋ္ဌကထာ၌ ဖွင့်ပြထားပုံ ကတော့ ဒုတိယအပိုဒ်က စပြီး အနက်ယောဇနာ ပြထား တယ်၊ စွဲလမ်းအပ်သော ခန္ဓာတို့၌ ဆန္ဒရာဂကို ပယ်၍ ထို ရဟန်းသည် ဆင်းရဲ၏ တည်ရာခန္ဓာတို့၌ အနှစ်သို့ မရောက် –အနှစ် ရှိသည်ဟု ထင်မှတ်ခြင်းသို့ မရောက်–လို့ ဖွင့်ပြထား တယ်၊ အဲဒီလို ဆိုတော့ ဆန္ဒရာဂကို ပယ်ပြီးမှ အနှစ်ကို မမြင်တာ လို့ အဓိပ္ပါယ်ရတယ်၊ အနှစ်မမြင်လို့ ဆန္ဒရာဂကို ပယ်တယ်– ဆိုတာလောက် မပေါ်လွင်ပါဘူး၊ ဒါကြောင့် ဒီမှာတော့ သုပါဠိဂါထာ အစဉ်အတိုင်းဘဲ အနက်ပြန်ပါတယ်။

## မှီတွယ်ကင်း၍ ကိုယ်တိုင် တွေ့သိပါစေ

နောက်ပြီးတော့–သော–ထိုရဟန်းသည်၊ အနိသိတော– မမှီမတွယ်သည် ဖြစ်၍၊ အနညနေယျော–သူတပါးက မသိ စေအပ်ပဲ ကိုယ်တိုင်ပင်သိသည်၊ ဟောတိ–ဖြစ်၏။

အဲဒီ ဆန္ဒရာဂကို ပယ်ပြီးပုဂ္ဂိုလ်ဟာ အမှီအတွယ် ကင်း သွားပြီ တဲ့၊ အမှီအတွယ် ကင်းတယ်ဆိုတာ အခြားအရာများ မှာတော့ တဏှာ ဒိဋ္ဌိဆိုတဲ့ အမှီအတွယ်ကင်းတယ်လို့ ယူရပါ တယ်၊ ဒီနေရာမှာလဲ ဒီအတိုင်း ယူချင်လဲ ယူဘို့ပါဘဲ၊ ဒါပေ မယ့် ဒီနေရာမှာတော့ အနညနေယျော–သူတပါးက မသိ

စေအပ်ဘူး–ဆိုတဲ့ပုဒ်နဲ့ တွဲပြီး ဟောထားတဲ့အတွက် သူတပါး ကို မမှီရဘူးဆိုတဲ့ အနက်လဲ သင့်ဘွယ်ရှိပါတယ်။ ဆရာကိုမှီပြီး သိရတာ မဟုတ်ဘူး၊ သူတပါးက ပြောပေးတာကို ကြားရုံမျှ ဖြင့် သိရတာမဟုတ်ဘူး၊ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် တွေ့ပြီး သိတယ် လို့ ဆိုလိုတာပါဘဲ။ အဲဒါကို ဘုန်းကြီးက မှီတွယ်ကင်းစင်၊ ကိုယ်တိုင်ပင်၊ သိမြင် ကောင်းစွာ နေရသည်–လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

မှီတွယ်ကင်းစင်၊ ကိုယ်တိုင်ပင်၊ သိမြင်ကောင်းစွာ နေရ သည်။

အဲဒီ ဆောင်ပုဒ်ထဲမှာ ကောင်းစွာနေရသည် ဆိုတာက တော့ သမ္မာ သော လောကေ ပရိဗ္ဗဇေယျ–ဆိုတဲ့ နောက် ဆုံးအပိုဒ်၏ အနက်ပါဘဲ။ ဒီအပိုဒ်ကို ရှေးဂါထာများမှာလဲ အနက်ပြန်ခဲ့ပါပြီ၊ နောက်ဂါထာတွေမှာလဲ နည်းတူပင် ပြန်ရ ဦးမှာပါဘဲ။

သော–ထိုသို့သောရဟန်းသည်၊ လောကေ–လောက၌၊ သမ္မာ–မည်သည့်အရာ မည်သူနှင့်မျှ မငြိမတွယ်ပဲ ကောင်းစွာ၊ ပရိဗ္ဗဇေယျ–နေနိုင်ပါသည် တဲ့။

အဲဒီလို ရဟန်းက ရဟန္တာဘဲ၊ ပရိနိဗ္ဗာန် မစံခင်လဲ လောကထဲမှာ အငြိအတွယ်မရှိပဲ ကောင်းစွာ ချမ်းသာစွာ နေသွားနိုင်တယ်၊ ပရိနိဗ္ဗာန်ဝင်စံတဲ့ အချိန်ကစပြီး ချမ်းသာ ပုံကိုတော့ အထူးပြောစရာ မလိုပါဘူး၊ ဘာဆင်းရဲမှ မရှိ တော့ပဲ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းပြီး အမြဲတမ်း ချမ်းသာ သွားတော့တာပါဘဲ။ အဲဒီ ချမ်းသာကိုရဘို့ပဲ ယခုလို တရား

နာကြရတယ်၊ တရားကျင့်နေကြရတယ်။ ကဲ ဒီကနေ့ ဂါထာ တပုဒ် တရားသိမ်းကြစို့။

ဤဂါထာတရားကို နာယူကြရသော ကုသိုလ်စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ဥပမိဟု ဆိုအပ်သော ခန္ဓာတို့၌ အနှစ်ကင်းပုံကို သိမြင်နိုင်အောင် အားထုတ်ကြ၍ ထိုခန္ဓာတို့၌ လိုလားတပ်မက်သော ဆန္ဒရာဂကို အကြွင်းမဲ့ ပယ်နိုင်ကြသည်ဖြစ်၍ အမှီအတွယ်ကင်းသည့်ပြင် ကိုယ်တိုင်ပင် သိမြင်နိုင်ကြ၍ လောကထဲ၌ မငြိမတွယ်ပဲ သန့်ရှင်းချမ်းသာစွာ နေနိုင်သော အမြတ်ဆုံး အဆင့်သို့ အလွယ်တကူ လျင်မြန်စွာ ဆိုက်ရောက်နိုင်ကြပါစေ။

သာဓု　　သာဓု　　သာဓု။

သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်
ပဥ္စမပိုင်း ပြီး၏။

## သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

### ဆဋ္ဌမပိုင်း

နတ်တော်လဆန်း (၈)ရက် ဒီကနေ့ သမ္မာပရိဗ္ဗာဇနီယ
သုတ်က ၇-နံပါတ်ဂါထာကို ဟောရမယ်။

---

### အဖြေ ဆဋ္ဌမဂါထာ

၇။ ဝစသာ မနသာ စ ကမ္မုနာ စ၊
အဝိရုဒ္ဓေါ သမ္မာ ဝိဒိတ္ဝာ ဓမ္မံ။
နိဗ္ဗာနပဒါဘိပတ္ထယာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ဘိက္ခု–ရဟန်းသည်၊ ဘိက္ခု–သံသရာဘေးကို ရှုမြင်၍ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရန် ကျင့်ကြံအားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည်၊ ဝစသာ–နှုတ်ဖြင့်ရင်း၊ မနသာစ–စိတ်ဖြင့်ရင်း၊ ကမ္မုနာ စ–ကိုယ်ဖြင့်ရင်း၊ အဝိရုဒ္ဓေါ–မဆန့်ကျင်ပဲ သင့်လျော်စွာ ကျင့်သည်ဖြစ်၍။—

ပါဠိဂါထာမှာ ဆန်းဂိုဏ်းနှင့် ညီညွတ်စေရန်အတွက် ဝစသာ–နှုတ်ဖြင့်–လို့ နှုတ်ကစပြီး ဆိုထားတယ်၊ ဖြစ်စဉ်အားဖြင့် ဆိုယင်တော့ စိတ်အကြံက စပြီးဖြစ်တယ်၊ အဲဒီကနောက်

နှုတ်ဖြင့် ပြောဆိုတယ်၊ ပြောရုံနဲ့ ကိစ္စမပြီးသေးယင် ကိုယ်ဖြင့်လဲ ပြုရတယ်၊ ဒါကြောင့် ဖြစ်ရိုးဖြစ်စဉ်အားဖြင့် "စိတ်ဖြင့် နှုတ်ဖြင့် ကိုယ်ဖြင့်"လို့ ဒီအစဉ်အရ ဆိုသင့်တယ်၊ ဟောရိုးဟောစဉ်အရ ဆိုယင်တော့ "ကိုယ်ဖြင့် နှုတ်ဖြင့် စိတ်ဖြင့်"လို့ ဆိုသင့်တယ်၊ ဒါပေမဲ့ ဆန်းလင်္ကာကို ငဲ့ပြီးတော့ "နှုတ်ဖြင့် စိတ်ဖြင့် ကိုယ်ဖြင့်"လို့ ဆိုထားပါတယ်။ ဘုန်းကြီးကလဲ ဆောင်ပုဒ်မှာ အဲဒီ အစဉ်အတိုင်း "နှုတ်, စိတ်, ကိုယ်ဖြင့် လျော်စွာကျင့်"လို့ စီထားပါတယ်။ ဒါပေမဲ့ ဟောရိုးဒေသနာစဉ်အရ ရှင်းပြီး ပြောရမယ်။

## ကိုယ် နှုတ် စိတ်ဖြင့် မဆန့်ကျင်အောင် ကျင့်ပုံ

သံသရာဝဋ်ဆင်းရဲမှ လွတ်ရန် ကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ဖြင့်လဲ မဆန့်ကျင်ပဲ ညီညွတ်အောင် ကျင့်ရမယ်တဲ့၊ ဘာနဲ့ မဆန့်ကျင်ရမှာလဲဆိုတော့—ကိုယ်ဖြင့် ပြုကျင့်သင့်တဲ့ ကာယသုစရိုက် ၃-ပါးနဲ့ မဆန့်ကျင်အောင် ညီညွတ်အောင် ကျင့်ရမှာဘဲ၊ ကာယသုစရိုက် သုံးပါးဆိုတာ (၁) သူ့အသက်ကို မသတ်ခြင်း၊ (၂) သူ့ဥစ္စာကို မလုမယက် မခိုးယူခြင်း၊ (၃) မပိုင်မဆိုင်သူနှင့် မေထုန်ကာမကို မပြုခြင်း—ဒီသုံးပါးပါဘဲ၊ သူ့အသက်ကို မသတ်ခြင်းဆိုရာမှာ ညှဉ်းဆဲနှိပ်စက်မှုကိုလဲ မပြုပါမှ လျော်စွာကျင့်သည်မည်တယ်၊ မလုယက် မခိုးယူခြင်းဆိုရာမှာလဲ သူ့ဥစ္စာပျက်စီးအောင် လာဘ်မရအောင် ဒီလိုဟာမျိုးကိုလဲ မပြုမှ လျော်စွာကျင့်သည်မည်တယ်၊ ရဟန်းဆိုယင်တော့ သူတပါးကဲ့ရဲ့ဘွယ် အမူအယာမျိုးတွေကို မပြုပဲ ကြဉ်ရှောင်နေမှ ကိုယ်ဖြင့် လျော်စွာကျင့်သည်မည်တယ်၊ ဒါကြောင့် ပညာရှိ သူတော်ကောင်းတွေက ကဲ့ရဲ့

ဘူယ်ဖြစ်တဲ့ အမှုမျိုးကို ကိုယ်ဖြင့် မပြုပဲ ရှောင်ကြဉ်နေရမယ်၊ လို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ နှုတ်ဖြင့်လဲ မဆန့်ကျင်ပဲ ညီညွတ်အောင် ကျင့်ရမယ်တဲ့၊ ဘာနဲ့ မဆန့်ကျင်ရမှာလဲဆိုတော့— နှုတ်ဖြင့် ပြောသင့်တဲ့ ဝစီသုစရိုက် ၄-ပါးနဲ့ မဆန့်ကျင်အောင် ညီညွတ်အောင် ကျင့်ရမှာဘဲ၊ ဝစီသုစရိုက် ၄-ပါးဆိုတာ (၁) မလိမ်ခြင်း၊ (၂) ဂုံးချောစကား မပြောခြင်း၊ (၃) ဆဲဆိုစကား မပြောခြင်း၊ (၄) အနှစ်မဲ့စကား မပြောခြင်း–ဒီ ၄-ပါးပါဘဲ။ ဟုတ်မှန်တာကိုသာ ပြောရမယ်၊ ညီညွတ်ရေးစကားကိုသာ ပြောရမယ်၊ နားဝင်ချိုတဲ့ သာသာယာယာစကားကိုသာ ပြောရမယ်၊ အကျိုးရှိတဲ့စကားကိုသာ ပြောရမယ်–ဒါပါဘဲ၊ အဲဒီလို စကားကောင်းကိုသာ ပြောဆိုနေဘို့ပါဘဲ။

အဲဒီလို ပြောသင့်တဲ့ စကားကောင်းကိုသာ ပြောဆိုယင် ဝစီသုစရိုက်နဲ့ လျော်စွာကျင့်နေသည် မည်ပါတယ်။ ရဟန်းဆိုယင်တော့ ကဲ့ရဲ့ဘွယ်စကားဟူသမျှကို ကြဉ်ရှောင်ပြီး ကျင့်ဘို့ပါဘဲ။ အဲဒီလို ကဲ့ရဲ့ဘွယ် ကိုယ်အမှု နှုတ်အမှုတွေကို မပြုပဲ ကြဉ်ရှောင်နေယင် သီလပြည့်စုံတော့တာပါဘဲ။ ဒါကြောင့် "ကိုယ်ဖြင့် နှုတ်ဖြင့် လျော်စွာကျင့်ရမယ်"ဆိုတဲ့ စကားရပ်ဖြင့် သီလအကျင့်ကို ညွှန်ပြတာပါဘဲ။

နောက် ပြီးတော့ စိတ်အကြံဖြင့်လဲ မဆန့်ကျင်ဘဲ ညီညွတ်အောင် ကျင့်ရမယ်တဲ့၊ ဘာနဲ့ မဆန့်ကျင်ရမှာလဲ ဆိုတော့— စိတ်ဖြင့်ကြံသင့်တဲ့ မနောသုစရိုက် ၃ ပါးနဲ့ မဆန့်ကျင်အောင် ညီညွတ်အောင် ကျင့်ရမှာပါဘဲ၊ မနောသုစရိုက်

၁-ပါးဆိုတာ (၁) သူတပါးပိုင်နက်ဥစ္စာကို မိမိကိုယ်ပိုင်ဖြစ်အောင် မကြံခြင်းဆိုတဲ့ အနဘိဇ္ဈာ၊ (၂) သူတပါးအား သေအောင် ပျက်စီးအောင် မကြံခြင်းဆိုတဲ့ အဗျာပါဒ၊ (၃) ကံနှင့် ကံ၏အကျိုးရှိသည်ဟု ယုံကြည်ယူဆထားခြင်းဆိုတဲ့ သမ္မာဒိဋ္ဌိ – ဒီသုံးပါးပါဘဲ။

ဟောဟန်းဆိုယင်တော့ ကာမဂုဏ်အာရုံတွေကို မကြံခြင်း၊ ဒေါသဖြင့် စိတ်ဆိုးပြီး မကြံခြင်း၊ သူတပါးအား နှိပ်စက်ရန် မကြံခြင်း – အဲဒီ မတော်တာကို မကြံခြင်း သုံးမျိုးဆိုတာဟာ နေက္ခမ္မဝိတက် – ကာမဂုဏ်မှ ထွက်မြောက်တဲ့အကြံ၊ အဗျာပါဒဝိတက် – သူတပါးအား ချမ်းသာစေလိုသော မေတ္တာ အကြံ၊ အဝိဟိံသာဝိတက် – သူအပါးအား သနားသော ကရုဏာအကြံဆိုတဲ့ ဒီ အကြံကောင်းသုံးမျိုးပါဘဲ။

အဲဒီ သုံးမျိုးထဲမှာ နေက္ခမ္မဝိတက်ဆိုတာ ကုသိုလ်ရေး သမထဝိပဿနာအရေးများနှင့် စပ်ပြီးဖြစ်တဲ့ စိတ်အကြံပါဘဲ။ အဲဒီ အကြံကောင်းသုံးမျိုးနဲ့ ညီညွတ်အောင် ကျင့်ဘို့ပါဘဲ၊ ဒီ မနောကံအကျင့်ကောင်းကတော့ သမထဘာဝနာဖြစ်ဖြစ်၊ ဝိပဿနာဘာဝနာဖြစ်ဖြစ် မပြတ် အားထုတ်နေပါမှ ပြည့်စုံနိုင်တယ်၊ ဒါကြောင့် (မနသာ)စိတ်ဖြင့် သုစရိုက်နဲ့ မဆန့်ကျင်အောင် လျော်ညီအောင် ကျင့်ရမယ် ဆိုတာကတော့ သမထနှင့် ဝိပဿနာ တခုခုကို အားထုတ်နေဘို့ ညွှန်ပြတာပါဘဲ။ အထူးအားဖြင့်တော့ ဝိပဿနာကို ပွါးများအားထုတ်နေဘို့ပါဘဲ။

## ဝိပဿနာအားထုတ်ပုံ အကျဉ်းချုပ်

ဝိပဿနာအားထုတ်ပုံ အကြောင်းကိုတော့ ဒီရိပ်သာမှာ ခဏ ခဏ ပြောနေရတာမို့ (ရှေ့ပိုင်းက နာ ၈၊၁၁၊၁၇-စသည် မှာလဲ ပြောခဲ့ပြီးမို့) ရိုးနေပါပြီ၊ ဒါပေမဲ့ တရားနဲ့ဝေးနေတဲ့ သူတွေအတွက် အကျဉ်းချုပ်တော့ ပြောရဦးမှာဘဲ။ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း ထင်ရှားပေါ်နေတာတွေဟာ ရုပ်တရား နာမ်တရားတွေချည်း ဘဲ၊ အဲဒါတွေကို ဖြစ်ခိုက် ဖြစ်ခိုက်မှာ ရှုမှတ်နေယင် အာရုံ မသိတတ်တဲ့ ရုပ်နဲ့ အာရုံသိတတ်တဲ့နာမ် ဒီနှစ်ပါးမျှရှိတယ် ဆိုတာလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိနိုင်တယ်။

အကြောင်းနဲ့ အကျိုးမျှ ဆက်စပ်ပြီး ဖြစ်နေတယ် ဆိုတာ ကိုလဲ သိနိုင်တယ်။

ခဏမစဲ ဖြစ်ပျက်နေတယ် ဆိုတာလဲ သိနိုင်တယ်။

ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဲဘူး ဆိုတာလဲ ကိုယ် ပိုင်ဉာဏ်ဖြင့် သိနိုင်တယ်။

မမြဲတဲ့အတွက် ဆင်းရဲတွေချည်းဘဲ ဆိုတာကိုလဲ သိနိုင် တယ်။

အနတ္တ သဘောတရားမျှဘဲ ဆိုတာလဲ သိနိုင်တယ်။ ဒါကြောင့် အဲဒီသိုကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း သိရအောင် လို့ မြင်တိုင်း ကြားတိုင်း စသည်ကို မပြတ် ရှုမှတ် နေရတယ်။

ဒါပေမဲ့ ရှုခါစမှာတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိ တိုင်းကို အကုန်လုံး စေ့ငအောင် လိုက်ပြီး မရှုမှတ်နိုင်သေးဘူး၊

ဒါကြောင့် ထိသိမှုတမျိုးမျိုး ကစပြီး ရှုမှတ်ရတယ်၊ အဲဒီလို ထိသိမှု တမျိုးမျိုးကို မပြတ်ရှုမှတ်နေယင်း စိတ်ကူးကြံစည်မှု ဖြစ်ပေါ်လာယင် အဲဒါကိုလဲ မှတ်ရတယ်၊ အခံခက်တဲ့ ဒုက္ခ ဝေဒနာတမျိုးမျိုး ဖြစ်ပေါ်လာယင် အဲဒါကိုလဲ မှတ်ရတယ်၊ အတိုချုပ် ပြောရမှာဘဲ၊ ကိုယ်အမူအရာ ဖြစ်ပေါ်လာတိုင်း စိတ်အမူအရာ ဖြစ်ပေါ်လာတိုင်း ဝေဒနာတခုခု ဖြစ်ပေါ် လာတိုင်း သဘောတရား တခုခု ဖြစ်ပေါ်လာတိုင်း အဲဒါတွေကို လိုက်ပြီး ရှုမှတ်ရတယ်၊ အထူးမှတ်စရာ မရှိတဲ့အခါ ဖောင်းမှု ပိန်မှု စသည် အထိအသိ တခုခုကို မပြတ် ရှုမှတ်နေရတယ်။ အဲဒီလို မပြတ်ရှုမှတ်နေယင် ခုတင်ကပြောခဲ့တဲ့ မနောသုစရိုက်တွေနှင့် မဆန့်ကျင်ပဲ လျော်ညီတဲ့အကျင့် ဖြစ်နေတာဘဲ၊ အဲဒီလိုရှုမှတ်နေယင်း အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိရတယ်၊ အဲဒါဟာ ဒုက္ခသစ္စာကို မှန်စွာသိတာဘဲ။ ခဏမစဲ ဖြစ်ပျက်နေလို့ ဆင်းရဲမျှပဲလို့ သိတိုင်း သိတိုင်း မြင်မှု ကြားမှုစသည်တွေကို သာယာတဲ့ တဏှာဟာ ဖြစ်ခွင့်မရှိပဲ ငြိမ်းငြိမ်းသွားတယ်၊ အဲဒါဟာ သမုဒယကို ပယ်သောအားဖြင့် သိတာဘဲ။ အဲဒီလို သိတိုင်းသမုဒယမှ ဆက်ပြီး ဖြစ်မည့် ဥပါဒါန် ကံ ဘဝသစ်စတဲ့ ဆင်းရဲတွေလဲ တဒင်္ဂအားဖြင့် ငြိမ်းတယ်၊ အဲဒါဟာ တဒင်္ဂ နိရောဓသစ္စာကို သိတာဘဲ၊ ရှုသိတိုင်း ရှုသိတိုင်း ဝိပဿနာမဂ္ဂသစ္စာ ဖြစ်ပွါးတယ်၊ အဲဒါဟာ ဝိပဿနာမဂ္ဂသစ္စာကို ပွါးစေသောအားဖြင့် သိတာဘဲ။

အဲဒီလို ရှုတိုင်း ရှုတိုင်း ဝိပဿနာ အလိုအားဖြင့် သစ္စာလေးပါးကို မှန်စွာ သိပြီးတော့ အရိယမဂ်ဉာဏ် ဖြစ်ပေါ်လာ

တယ်၊ အဲဒီအခါမှာ နိရောဓသစ္စာ ခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့ပြီး သစ္စာလေးပါးကို မှန်စွာသိသွားတယ်၊ နောက်ဆုံးမှာ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိသွားတယ်။အဲဒီလို သီလ သမာဓိ ဝိပဿနာ အကျင့်ဖြင့် လျော်စွာကျင့်ပြီး သိရမယ် ဆိုတာကို—

ဘိက္ခု–ရဟန်းသည်၊ ဘိက္ခု–သံသရာဘေးကို ရှုမြင်၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ကျင့်ကြံ အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည်၊ ဝစသာ–နှုတ်ဖြင့်၎င်း၊ မနသာစ–စိတ်ဖြင့်၎င်း၊ ကမ္မုနာစ—ကိုယ်ဖြင့်၎င်း၊ အဝိရုဒ္ဓေါ–မဆန့်ကျင်ပဲ သင့်လျော်စွာကျင့် သည်ဖြစ်၍၊ ဓမ္မံ—သိသင့်သော သစ္စာလေးတန် တရားမှန်ကို၊ သမ္မာ–ကောင်းမွန် မှန်ကန်စွာ၊ ဝိဒိတွာ—သိပြီး၍–လို့ ဒီဂါထာမှာ ပြဆိုသွားပါတယ်၊ အဲဒီလို အရဟတ္တ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိပြီးယင် ရဟန္တာ ဖြစ်နေတော့ တာဘဲ။ အဲဒီအနက် အဓိပ္ပါယ်ကို "နှုတ်, စိတ်, ကိုယ်ဖြင့်၊ လျော်စွာကျင့်၊ သိသင့်တရား သိသွားပြီ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုဆိုကြရမယ်။

၇။ နှုတ်, စိတ်, ကိုယ်ဖြင့်၊ လျော်စွာကျင့်၊ သိသင့်တရား
သိသွားပြီ။

### သေတာရှင်တာ အလိုမရှိ၊ နိဗ္ဗာန်သာ အလိုရှိသည်

အဲဒီသို့ သစ္စာလေးပါးကို သိပြီး ရဟန္တာဖြစ်နေတဲ့ ပုဂ္ဂိုလ်ဟာ နာဘိနန္ဒာမိ မရဏံ လို့ ဆိုထားတဲ့အတိုင်း သေရတာလဲ အလိုမရှိဘူး၊ နာဘိနန္ဒာမိ ဇီဝိတံ လို့ ဆိုထားတဲ့အတိုင်း

အသက်ရှင်နေရတာလဲ အလိုမရှိဘူးတဲ့။ ဒါဖြင့် ဘာကို အလို ရှိသလဲဆိုတော့ **ကာလဥပဒ္ဒိကခ်ါမိရုပ်နာမ်ခပ်သိမ်း** ချုပ်ငြိမ်းတဲ့ အနုပါဒိသေသ နိဗ္ဗာန်ဝင်စံရမည့် အချိန်ကာလကိုသာ မြှော်လင့် ပါတယ်တဲ့၊ ဘာလို့တုန်းဆိုတော့ "ဂေတနံ ဘတကော ယထာ" လခစား အလုပ်သမားလိုပါဘဲတဲ့၊ လခစား အလုပ်သမားဟာ အလုပ်မလုပ်ရပဲ အလုပ်လက်မဲ့ဖြစ်နေတာကိုလဲ အလိုမရှိဘူး၊ ဘာကြောင့်လဲဆိုတော့ အလုပ်မရှိယင် စားဝတ်နေရေး မပြည့်စုံမှာကြောင့်ပါဘဲ။ အလုပ် လုပ်နေရတာလဲ မလွှဲသာလို့သာ လုပ်နေရတယ်၊ အလိုရှိကာတော့ မဟုတ်ဘူး၊ ဒါဖြင့် ဘာကို အလိုရှိသလဲဆိုတော့ လခရမည့် အချိန်ကိုသာ မြှော်လင့်တောင့်တ အလိုရှိနေပါတယ်၊ အဲဒါလိုဘဲ ပရိနိဗ္ဗာန် ဝင်စံရမည့်အချိန်ကိုသာ ရဟန္တာ အရှင်မြတ်က အလိုရှိပါတယ်တဲ့။ ဒါကြောင့်—

နိဗ္ဗာနပဒါဘိ ပတ္ထယာနော – ဆင်းရဲ ငြိမ်းရာ နိဗ္ဗာန်ကိုသာလျှင် လိုလားတောင့်တသည်၊ ဟောတိ –ဖြစ်၏– လို့ ဟောတော်မူပါတယ်။

အဲဒါကို "ဆင်းရဲငြိမ်းရာ၊ နိဗ္ဗာန်သာ၊ စိတ်မှာ တောင့်တ လိုလားသည်" လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဆင်းရဲငြိမ်းရာ၊ နိဗ္ဗာန်သာ၊ စိတ်မှာ တောင့်တ
လိုလားသည်။

ရဟန္တာ ပုဂ္ဂိုလ်များဟာ အသက်ရှင်နေသမျှ ကာလ ပတ်လုံး ခန္ဓာဝန်ကြီးကို အလိုမရှိပဲ ဆောင်နေကြရတယ်၊ နေ့စဉ်

မျက်နှာသစ်ခြင်း စသည်ဖြင့် အညစ်အကြေးတွေကို သုတ်သင်နေရတာလဲ ဆင်းရဲနေတာဘဲ၊ စားရေး သောက်ရေး စသည်အတွက် ကြောင့်ကြ စိုက်နေရတာလဲ ဆင်းရဲနေတာဘဲ၊ နေမကောင်း ထိုင်မသာ ဖြစ်တဲ့အခါလဲ ဆင်းရဲနေတာဘဲ၊ စိတ်ဆင်းရဲမရှိပေမဲ့ အာရုံဆိုးတွေနဲ့ တွေ့ရတဲ့အခါ ကိုယ်ဆင်းရဲလဲဖြစ်တယ်၊ အကုသလဝိပါက်ဆိုတဲ့ ဆင်းရဲလဲ ဖြစ်တယ်၊ ဝင်လေထွက်လေ ရှူပြီး ပြုပြင်နေရတာမှစပြီး သင်္ခါရ ဆင်းရဲကလဲ မပြတ် ဖြစ်နေတာဘဲ၊ ဒါကြောင့် ပရိနိဗ္ဗာန်မစံရ သေးမခြင်း အဲဒီခန္ဓာဝန် ဆင်းရဲများဖြင့် ဆင်းရဲနေတယ်၊ အဲဒီလို ဆင်းရဲတွေကို ဉာဏ်ဖြင့် တွေ့မြင်နေတဲ့အတွက် ရဟန္တာ အရှင်မြတ်တွေက အသက်ရှင်နေတာကိုလဲ အလို မရှိကြတာပါဘဲ။

ပုထုဇဉ်တွေ အနေနဲ့ဆိုယင်တော့ ဒီခန္ဓာကိုယ်ကြီး ရှိနေတာကိုပင် ကောင်းတဲ့အနေ ချမ်းသာတဲ့ အနေနဲ့ ထင်မြင် နေကြပါတယ်၊ ဒီခန္ဓာကိုယ်ကြီး ရှိနေတဲ့အတွက် မြင်ချင်တာတွေကို မြင်ရလို့လဲ ကောင်းတယ်၊ ကြားချင်တာတွေ ကြားရလို့လဲ ကောင်းတယ်၊ နံ့ချင်တာတွေကို နံ့ရလို့ စားချင်တာတွေ စားရလို့လဲ ကောင်းတယ်၊ တွေ့ထိချင်တာတွေကို တွေ့ထိရလို့လဲ ကောင်းတယ်လို့ ထင်နေကြပါတယ်၊ စိတ်ကူးကြံစည် နေရတာကိုလဲ ကောင်းတယ်လို့ ထင်နေကြပါတယ်၊ ဒါကြောင့် ဒီခန္ဓာကိုယ်ကြီး ရှိနေတာကို အလိုရှိနေကြတယ်၊ ပျောက်သွားမယ် ဆိုယင် သဘောမကျနိုင်ပဲ ရှိနေကြတယ်။ ရဟန္တာ များမှာတော့ အဲဒီ မြင်ရ ကြားရတာ စသည်တွေ အကုန်လုံးကို ဆင်းရဲ ချည်းဘဲလို့သာ မြင်နေကြတယ်၊ ဘာမှ ကောင်းတယ်လို့ မထင်ကြဘူး၊ နောက်ဆုံး ပရိနိဗ္ဗာန် စံတဲ့ အခါကျမှ ဆင်းရဲ

ခပ်သိမ်း အကုန်ငြိမ်းတယ်၊ အကောင်းဆုံး အချမ်းသာဆုံးလို့ သိမြင်တော်မူကြပါတယ်၊ ဒါကြောင့် ပရိနိဗ္ဗာန် မစံမီမှာလဲ ဘယ်လိုအာရုံ ဘယ်လိုဝတ္ထုနဲ့မျှ ကပ်ငြိတွယ်တာခြင်း မရှိဘူး၊ မြင်မှုနဲ့စပ်ပြီးတော့လဲ ကပ်ငြိတွယ်တာခြင်း မရှိဘူး၊ ကြားမှု နံမှု စားသိမှု တွေ့ထိမှု ကြံသိမှုတွေနဲ့စပ်ပြီးတော့လဲ ကပ်ငြိတွယ်တာခြင်း မရှိဘူး၊ အဲဒီလို ကပ်ငြိတွယ်တာခြင်းမရှိတဲ့ အတွက် ပရိနိဗ္ဗာန်မစံမီ အတွင်းမှာလဲ ကြည်ကြည်လင်လင် ချမ်းချမ်းသာသာနဲ့ နေရပါတယ်။ ဒါကြောင့်—

> ဘိက္ခု-ရဟန်းသည်။ (နှာ-၆၄၊ စတုတ္ထအပိုဒ် အတိုင်းဖော်ပါ) ဝိဒိတွာ၊ သိပြီး၍၊ နိဗ္ဗာနပဒါဘိ-ပတ္ထယာနော- ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကိုသာလျှင် လိုလားတောင့်တသည်၊ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသို့သော ရဟန်းသည်၊ လောကေ-လောက၌၊ သမ္မာ-ဘာနှင့်မျှ မကပ်မငြိပဲ ကောင်းမွန် ကြည်လင်စွာ၊ ပရိဗ္ဗဇေယျ- နေနိုင်ပါသည်—

လို့ ဟောတော်မူပါတယ်။ အဲဒီနောက်ဆုံးအပိုဒ်ကို "သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်" လို့ ဆောင်ပုဒ်စီထားတယ်၊ ဒီဆောင်ပုဒ်ကိုတော့ ၅-နံပါတ်ဂါထာတုန်းကလဲ ဆိုခဲ့ကြပြီးပါပြီ၊ ဒီအပိုဒ်က အဖြေဂါထာတိုင်းမှာ ပါနေတယ်၊ ဒါပေမဲ့ ဆောင်ပုဒ် စီရာမှာတော့ ရှေ့အပိုဒ်များနဲ့ ရောစီလို့ဖြစ်ရာမှာ သီးခြားမပြပဲ ရောပြီးစီထားပါတယ်၊ ကဲ အဲဒီဆောင်ပုဒ်ကိုဆိုလိုက်ကြသေးတာပေါ့။

> သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်။

သမ္မာပရိဗ္ဗာဇနီယသုတ်က ဒီ သတ္တမဂါထာ၏ အနက်အဓိပ္ပါယ်ကိုတော့ နားလည်လောက်ပါပြီ။ ဒီကနေ့ ဒီမဟာဓမ္မစာရိကာခေါ်တဲ့ အမျိုးသမီးကြီး ယောဂီများအတွက် ကမ္မဋ္ဌာန်းကျောင်းကြီးကို ရေစက်ချပွဲကျင်းပရာမှာ ဒီဂါထာကို အနုမောဒနာအဖြစ်ဖြင့် ဟောပြပါတယ်၊ အဲဒါဟာ ဒီကမ္မဋ္ဌာန်းကျောင်းကြီးမှာ နေထိုင်ပြီး တရားအားထုတ်ကြမည့် အမျိုးသမီးယောဂီများအတွက် ဩဝါဒလည်း ဖြစ်နိုင်ပါတယ်၊ ဒီဂါထာမှာ ဟောပြထားတဲ့အတိုင်း ကိုယ်ဖြင့် နှုတ်ဖြင့် သုစရိုက်နှင့် မဆန့်ကျင်ပဲ လျော်စွာကျင့်ယင် သီလပြည့်စုံသွားမယ်၊ စိတ်ဖြင့် မနောသုစရိုက်နှင့် လျော်စွာ သမထဝိပဿနာတွေကို မပြတ်အားထုတ်ကျင့်သုံးသွားယင် သမာဓိပညာတွေ ပြည့်စုံပြီး အရိယမဂ်လေးပါးဖြင့် သစ္စာလေးပါးကို မှန်ကန်စွာ ကိုယ်တိုင်တွေ့ပြီး သိသွားမယ်၊ အဲဒီလို သိသွားယင် ဆင်းရဲငြိမ်းရာနိဗ္ဗာန်ကိုသာ လိုလားခြင်းရှိတဲ့အတွက် ပရိနိဗ္ဗာန်မစံမီမှာလဲ ချမ်းသာစွာ နေသွားရမယ်၊ ပရိနိဗ္ဗာန်ဝင်စံရတဲ့အခါကျတော့လည်း ဆင်းရဲခပ်သိမ်း အစဉ်ထာဝရ ငြိမ်းပြီး အမြဲတမ်းချမ်းသာ သွားတော့မှာဘဲ။ ဒါကြောင့်—

၇။ နှုတ်, စိတ်, ကိုယ်ဖြင့်၊ လျော်စွာကျင့်၊ သိသင့်တရား သိသွားပြီ။

ဆင်းရဲငြိမ်းရာ၊ နိဗ္ဗာန်သာ၊ စိတ်မှာ တောင့်တ လိုလားသည်။

သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်–ဆိုတဲ့

ဒီတရားဆောင်ပုဒ်ကို ဒီကမ္မဋ္ဌာန်းကျောင်းကြီးမှာ ဩဝါဒ မှတ်တမ်းအနေဖြင့် ရေးဆွဲထားရမယ်၊ဒီကျောင်းမှာ နေထိုင်ပြီး တရားအားထုတ်ကြတဲ့ အမျိုးသမီး ယောဂီတွေကလဲ ဒီတရားဆောင်ပုဒ်ကို အလေးပြုပြီး ကျင့်သုံးသွားကြရမယ်။

ယခု တရားနာပရိသတ်တွေလဲ ဒီတရားဂါထာတော်နှင့် အညီ ကိုယ် နှုတ် စိတ်ဖြင့် သုစရိုက်တရားနှင့် မဆန့်ကျင်ပဲ လျော်ညီစွာ ကျင့်သုံးနိုင်ကြ၍ သိသင့်သိထိုက်သော သစ္စာလေးပါးတရားကို လျင်မြန်စွာသိကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု   သာဓု   သာဓု။

သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

ဆဋ္ဌမပိုင်း ပြီး၏။

# သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

## သတ္တမပိုင်း

ဒီကနေ့ နတ်တော်လဆုတ် (၇)ရက်၊ သမ္မာပရိဗ္ဗာဇနီယ သုတ်က (၇)ခုမြောက် ဂါထာဟောဘို့ အလှည့်ကျတယ်။

---

### အဖြေ သတ္တမဂါထာ

၇။ ယော ဝန္ဒတိ မန္တိ နုန္နမေယျ၊
အက္ကုဋ္ဌောပိ န သန္ဓိယေထ ဘိက္ခု။
လဒ္ဓါ ပရဘောဇနံ န မဇ္ဇေ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ယော ဘိက္ခု– အကြင်ရဟန်းသည်၊ ဝန္ဒတိ မန္တိ– ငါ့ကို သူများက ရှိခိုးသည်ဟု၊ န ဥန္နမေယျ – မာန်မတက်ကြွ အထင်မကြီးရာ။ရဟန်းတော်ဆိုတာ လူအများက အရိုအသေ ပြုကြ ရှိခိုးကြတာဘဲ၊ အဲဒီလို အရိုအသေပြုတာ ရှိခိုးတာကို အကြောင်းပြုပြီးတော့“ငါ့ကို သူများက ရှိခိုးကြ အရိုအသေ ပြုကြတာဘဲ” လို့ စဉ်းစားဆင်ခြင်ပြီး စိတ်မာန်မကက်ကြွ စေရဘူး၊ မာန်မာန မထောင်လွှားစေရဘူး၊ သူများက အရို အသေပြုတာနဲ့ မိမိက ဂုဏ်ယူပြီး မာန်မာန မတက်ကြွစေရ ဘူးတဲ့။

## သူများကရှိခိုးလို့လဲ မာန်မတက်နဲ့

ပြီးခဲ့တဲ့ နတ်တော်လပြည့် ပူဇော်ပွဲနေ့က ဒီဂါထာကို ဟောဘို့ အလှည့်ကျနေတယ်၊ ဟောဘို့လဲ စဉ်းစားထားတယ်၊ အဲဒီပူဇော်ပွဲနေ့က အနယ်နယ် အရပ်ရပ်မှ ကမ္မဋ္ဌာနာစရိယ ဆရာတော် သံဃာတော်များလဲ တော်တော်များပါတယ်၊ ၂၀၀-နီးပါးလောက် ရှိပါတယ်၊ ပူဇော်ပွဲဆိုတော့ အများ အရိုအသေ အလေးအမြတ်ပူဇော်နေကြတဲ့ အခါလဲဖြစ်တယ်၊ ဒါကြောင့် အဲဒီနေ့တုန်းက ဒီဂါထာ ဟောလိုက်ရယင် အပူ ဇော်ခံ အရှင်မြတ်တွေနဲ့ အလွန်ပင် သင့်လျော်ဘွယ် ရှိပါ တယ်။ ဒါပေမဲ့ အဲဒီတုန်းက ပရိသတ် ၄၀၀၀-ကျော်ကို စေ့င အောင် ကျွေးမွေးဘို့ အချိန်ရအောင်လို့ ဒီဂါထာကိုမဟောပဲ ထားခဲ့ရတယ်။

### သူများက ဆဲရေးစွပ်စွဲလို့လဲ စိတ်မဆိုးနဲ့

အက္ကုဋ္ဌောပိ – သူတပါးတို့က ဆဲရေးစွပ်စွဲသော်လည်း၊ န သန္ဓိယေထ–ဒေါသစိတ်ဖြင့် မဆက် မစပ်ရာ။ သူတပါးတို့က မရှိမသေ ပြုကြပေမဲ့ ဆဲရေးကြပေမဲ့ အဲဒါနဲ့ ဆက်စပ်ပြီး အချက် ဒေါသ မဖြစ်စေရဘူး၊ ရန်ငြိုးထားခြင်း မဖြစ်စေရဘူး၊ န သန္ဒိယေထ ဆိုတဲ့ပုဒ်မှာ သန္ဓိယေထ–၏ အနက်က ဆက် ငပ်ရာ၏–တဲ့၊ န သန္ဓိယေထ–ဆိုတော့ မဆက် မစပ်ရာတဲ့။ ဘာနဲ့ မဆက်မစပ်ရမလဲ ဆိုတော့ သူတပါးက ဆဲဆိုသာ မရှိမသေပြုတာနဲ့ မဆက်မစပ်ဖို့ပါဘဲ၊ အဲဒါကို ပြန်လည် စဉ်းစားပြီး ဆက်စပ်နေယင် ဒေါသစိတ်ဖြစ်မယ်၊ ရန်ငြိုးဖွဲ့တဲ့ အာဃာတဖြစ်မယ်၊ အဲဒီလို ဒေါသစိတ် ရန်ငြိုးအာဃာတ

စိတ် မဖြစ်ရအောင် သူတပါးက မရှိမသေပြုတာ ပြောတာ ဆဲဆိုတာကို ဆင်ခြင်အောက်မေ့ပြီး မဆက် မစပ်ပါနဲ့တဲ့၊ ကြားရုံမျှ မြင်ရုံမျှ စသည်၌သာ တည်ပါစေလို့ ဆိုလိုပါတယ်။

အဲဒီစကား ၂-ရပ်ဖြင့် ဆိုလိုတာကတော့-သူတပါးတို့က ကောင်းတာပြုသည်ဖြစ်စေ၊ ရှိခိုးသည်ဖြစ်စေ၊ မကောင်းတာပြုသည်ဖြစ်စေ၊ ဆဲဆိုသည်ဖြစ်စေ အဲဒါတွေကို အလေးမထားဘဲ ဂရုမပြုဘဲ လျစ်လျူရှုနိုင်ရမယ်၊ အာရုံ အကောင်း အဆိုး ၂-ခုကို အတူပြုပြီး လျစ်လျူရှုနိုင်ရမယ်၊ အဲဒါဟာ အကောင်း အဆိုး အာရုံ ၆-ပါးနဲ့စပ်ပြီး လျစ်လျူရှုတဲ့ ဆဠင်္ဂုပေက္ခာဘဲ၊ ဒီဆဠင်္ဂုပေက္ခာက ရဟန္တာပုဂ္ဂိုလ်များမှာမှ အပြည့်အစုံ ဖြစ်တယ်၊ ယခု ဟောနေတာကလဲ အဲဒီရဟန္တာပုဂ္ဂိုလ်ကို ရည်ရွယ်ပြီး ဟောနေတာဘဲ။ ဒါပေမဲ့ ရဟန္တာမဖြစ်သေးတဲ့ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များလဲ ဝိပဿနာဉာဏ် ထက်သန်နေတဲ့ အခါမှာ ဒီ ဆဠင်္ဂုပေက္ခာနဲ့ အခိုက်အတန့်အားဖြင့်တော့ ပြည့်စုံ နိုင်ပါတယ်။ ဒါကြောင့် ရှိခိုးမှုစသော ဣဋ္ဌာရုံ အကြောင်းပြုပြီး မာန်မတက်ရအောင်၊ ဆဲဆိုမှု စသော အနိဋ္ဌာရုံ အကြောင်းပြုပြီး ဒေါသမဖြစ်ရအောင် ပေါ်လာသမျှ အာရုံကို ရှုမှတ်ပြီးတော့လဲ စောင့်စည်းရမယ်၊ မရှုမမှတ်နိုင်ယင် ဆင်ခြင်ပြီးတော့လဲ စောင့်စည်းရမယ်၊ အဲဒါကို ဆောင်ပုဒ်စီထားတယ်-"ရှိခိုးခံရ၊ မတက်ကြွ၊ ဆဲကြသော်လဲ မစပ်ပြီ"တဲ့။ အဲဒါကို ဆိုကြရမယ်။

ဂ။ ရှိခိုးခံရ၊ မတက်ကြွ၊ ဆဲကြသော်လဲ မစပ်ပြီ။

ရှိခိုးခံရတယ် ဆိုတာကတော့ ရဟန်းတော်များနှင့် ပိုပြီး သက်ဆိုင်ပါတယ်၊ ရှေးခေတ်တုန်းက ဆိုယင်တော့ မင်းတို့ အမတ်ကြီးတို့ အစရှိတဲ့ အထက်တန်း ပုဂ္ဂိုလ်ကြီးများနဲ့လဲ သက်ဆိုင်ပါတယ်၊ ယခုအခါမှာတော့ ရှိခိုးတဲ့အစား အရိုအသေ ပေးတာလောက်တော့ ရှိပါလိမ့်မယ်၊ အဆဲအဆို ခံရဘယ် ဆိုဘာကဘော့ လူဝတ်ကြောင်များနဲ့လဲ ဆိုင်တာ ပါဘဲ၊ ဒါကြောင့် ဒီဒေသနာတော်မှာ တိုက်ရိုက်ရည်ရွယ်တာ ကတော့ ရဟန်းပင်ဖြစ်ပေမဲ့ လူဝတ်ကြောင်များလဲ ထိုက် သည့်အားလျော်စွာ ဧရိုအသေပြုခံရတဲ့အတွက် မတက်ကြွ ရအောင်၊ အဆိုအဆဲ ခံရစေကာမူ ဒေါသဖြင့် မဇပ်မိရအောင် သတိပြုပြီး စောင့်ရှောက်သွားကြဘို့ လိုပါတယ်။

## ပေါမျှားလို့လဲ မာန်မယစ်နဲ့

ပရဘောဇနံ – သူတပါးတို့က လှူသော စားဘွယ် သုံးဆောင်ဘွယ်ပစ္စည်းကို၊ လဒ္ဓါ–အလိုရှိတိုင်း အလှူတကူ ရ၍၊ ဝါ–အလှူတကူ ရသောကြောင့်၊ န မဇ္ဇေ–မာန်တက် ကြွကာ မယစ်ရာတဲ့။

ရဟန်းများမှာ စားဝတ်နေရေးအတွက် ဘာမျှ ကြောင့် ကြ မစိုက်ရဘူး၊ သဒ္ဓါတရားရှိတဲ့ ဒကာ,ဒကာမတွေက လှူတဲ့ ပစ္စည်းတွေကို ချမ်းသာစွာနဲ့ သုံးဆောင်မှီဝဲ နေကြရတယ်၊ ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်တွေမှာ လိုတာထက် ပိုလျှံနေ အောင်လဲ ပေါမျှားနေတတ်ပါတယ်၊ အဲဒီလို စားဘွယ် သုံးဘွယ်ပစ္စည်းတွေကို ဘာမျှ ကြောင့်ကြမစိုက်ရဘဲ များစွာ ရပြီး ပေါမျှားနေတဲ့ပုဂ္ဂိုလ်က မာန်ယစ်တတ်တယ်၊ “ငါမှု

ဒီလို ပေါပေါများများ ရပြီး ပြည့်စုံနေတယ်” လို့ မှာန်ယစ်တတ်တယ်၊ အဲဒီလို မာန်မယစ်စေရဘူးတဲ့။ ယခု ပြောခဲ့တဲ့ သုတပါးက ရှိသေမှု မရှိသေမှုနှင့်စပ်ပြီး သင့်တော်အောင် နှလုံးသွင်းသင့်ပုံ စိတ်သဘောထားသင့်ပုံကို မြတ်စွာဘုရားက မူလပဏ္ဏာသပါဠိ အလဂဒ္ဒူပမသုတ်မှာ ဒီလိုဟောကြားတော်မူပါတယ်။

## ဘုရားရှင်၏ စိတ်သဘောထား စင်ကြယ်မြင့်မြတ်ပုံ

ရဟန်းတို့၊ ငါဘုရားဟာ ရှေးကရော ယခုရော ဆင်းရဲနှင့် ဆင်းရဲ၏ ချုပ်ခြင်းကိုသာ ဟောတယ်၊ (ပဋိသန္ဓေမှ စ၍ သိမှု, ထိမှု,မြင်မှု ကြားမှုစသည် မပြတ်ဖြစ်နေတာကို ဆင်းရဲဒုက္ခသစ္စာလို့ ဆိုလိုတယ်၊အဲဒါဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ မပြတ် ဖြစ်ပျက်နေတဲ့ ဆင်းရဲတရားမျှသာ ဖြစ်တယ် လို့လဲ ဆိုလိုပါတယ်။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီးတဲ့ အခါ ခင်မင်တွယ်တာတဲ့ တဏှာ သမုဒယ မရှိတော့သောကြောင့် နောက်ဆုံးဖြစ်တဲ့ စုတိစိတ် ချုပ်သွားပြီးနောက် ဘဝသစ် ရုပ်နာမ် မဖြစ်လာတော့ပဲ ချုပ်ငြိမ်းသွားတယ်၊ အဲဒါဟာမပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အစဉ်၏ ပြတ်စဲချုပ်ငြိမ်းခြင်းမျှသာ၊ ပုဂ္ဂိုလ်သတ္တဝါ၏ ပျောက်ကွယ် ပျက်စီးသွားခြင်းမဟုတ်ဘူး၊ အဲဒီဆင်းရဲနှင့် ဆင်းရဲ၏ ချုပ်ခြင်းကိုသာ ဟောတယ်၊ပုဂ္ဂိုလ်သတ္တဝါ၏ ချုပ်ခြင်းကိုတော့ မဟောဘူးလို့ ဆိုလိုပါတယ်။) အဲဒီလို ဆင်းရဲနှင့် ဆင်းရဲ၏ချုပ်ခြင်းကိုသာ ဟောနေရာ၌ မသိနားမလည်သော အခြားသူတို့က ငါဘုရားကို ဆဲဆိုကြ ကြိမ်းမောင်းကြ ထိပါးပုတ်ခတ်ကြ ဆင်းရဲအောင် ပြောကြ

ပြုကြလျှင် ထိုသို့ပြုကြ ပြောကြသော သူတို့၌ ငါဘုရားမှာ အမျက်ဒေါသ ထွက်ခြင်း, နှလုံးမသာခြင်း, မကျေနပ်ခြင်း မဖြစ်ပါဘူးတဲ့။ နောက်ပြီးတော့ ထိုသို့ ဟောနေရာ၌ သိနားလည်သော အခြားသူတို့က ငါဘုရားကို ရိုသေကြ, လေးစားကြတယ်၊ မြတ်နိုးကြ ပူဇော်ကြတယ်၊ ထိုသို့ ရိုသေ လေးစား မြတ်နိုးပူဇော်ကြရာ၌လဲ ငါဘုရားမှာ နှစ်သက် ဝမ်းသာခြင်း စိတ်၏တက်ကြွခြင်း မဖြစ်ပါဘူး ရဟန်းတို့။

ထိုသို့ ရိုသေလေးစား မြတ်နိုးပူဇော်ကြရာ၌ ငါဘုရားမှာ ဒီလိုသာ စိတ်ဖြစ်ပါတယ်၊ ယံ ခေါ ဣဒံ–အကြင်သို့သော ဤကိုယ်တွင်းက ခန္ဓာငါးပါးအပေါင်းကို၊ ပုဗ္ဗေ–ဗုဒ္ဓဘုရား ဖြစ်ရာဌာနဖြစ်သော ဗောဓိမဏ္ဍိုင်၌ ထိုင်နေစဉ် ရှေးအခါ ကာလ၌၊ ပရိညာတံ–ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိအပ်ခဲ့ပြီ၊ (ဣဒံ ခန္ဓပဉ္စကံ ပုဗ္ဗေ ဗောဓိမဏ္ဍေ တီဟိ ပရိညာဟိ ပရိညာတံ–ဟူသော အဋ္ဌကထာဖွင့်နှင့်အညီ ပြန်တဲ့အနက် ဖြစ်ပါတယ်) တတ္ထ–ထိုရှေးက ပိုင်းခြားသိခဲ့ပြီးဖြစ်သော ခန္ဓာငါးပါးအပေါင်း၌၊ ဣမေ–သိနားလည်ကြသည့် ဤဒကာ ဒကာမတို့သည်၊ ဧဝရူပါ ကာရာ–ဤသို့သော ရိုသေပူဇော်မှုတို့ကို၊ ကရိယန္တိ–ပြုအပ်ကုန်၏ဟူ၍၊ ဧဝံ ဟောတိ–ဤသို့သာ စိတ်ဖြစ်ပါသည် တဲ့။

အဲဒါဟာ မြတ်စွာဘုရားမှာ သူတပါးတို့က အဆိုး အကောင်းပြုမှုနှင့် စပ်ပြီးတော့ စင်ကြယ်မြင့်မြတ်တဲ့ စိတ်သဘောထားပုံပါဘဲ။ အဲဒီမှာ မြတ်စွာဘုရားက ငါ့ကို ရိုသေ ပူဇော်ကြတယ်လို့လဲ သဘောမထားဘူး၊ အဲဒီ ရိုသေပူဇော်

တာတွေကို ငါက ခံစားတယ်လို့လဲ သဘောမထားဘူး၊ ခန္ဓာငါးပါးအပေါင်းကို ရှိသေပူဇော်ကြတယ်၊ ခန္ဓာငါးပါး အပေါင်းက ခံစားတယ်လို့သာ အသိအမှတ် ပြုတော်မူပါ သတဲ့၊ အဲဒီခန္ဓာဆိုတာကလဲ အဲဒီ အရှိအသေ အပူဇော်ခံဆဲမှာ ရှုပြီးသိရတာကို မဆိုလိုဘူး၊ ဗောဓိမဏ္ဍိုင်တုန်းက ပရိညာသုံးပါးဖြင့် သိခဲ့ပြီးဖြစ်တဲ့ တရားတွေကိုသာ ဆိုလိုပါတယ်။

**ဉာတပရိညာ** ဆိုတာ ဖြစ်ခိုက် ရုပ်နာမ်တွေကို ရှုပြီး သူဖြစ်တဲ့အတိုင်း သဘောမှန်ကို သိလျက် "ရုပ်နဲ့နာမ် ဒီ ၂-ပါး မျှသာရှိတယ်၊ အကြောင်းနဲ့အကျိုး ဒီ ၂-ပါးမျှသာ ရှိတယ်" လို့ သိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘဲ။

**တီရဏပရိညာ** ဆိုတာ ဖြစ်ခိုက် ရုပ်နာမ်တွေကို ရှုနေယင်း အဖြစ်အပျက်နှစ်ပါးကို ထင်ရှားတွေ့ပြီး အနိစ္စ ဒုက္ခ အနတ္တမျှဘဲလို့ သိမြင်တဲ့ သမ္မသနဉာဏ်နဲ့ ဥဒယဗ္ဗယဉာဏ် ပါဘဲ။

**ပဟာနပရိညာ** ဆိုတာ အနိစ္စ ဒုက္ခ အနတ္တ သဘောများကို ပိုင်နိုင်စွာသိပြီးတော့ နိစ္စစသည်ဖြင့် စွဲလမ်းပြီးဖြစ်မည့် ကိလေသာ ကံ ဝိပါက်ခန္ဓာတွေကို ပယ်နိုင်တဲ့ ဘင်္ဂဉာဏ် စသော ဝိပဿနာဉာဏ်များနှင့် **အရိယမဂ်**ဉာဏ်များပါဘဲ။

အဲဒီ ပရိညာသုံးပါးဟာ ဘုရားအလောင်းလျာဘဝမှ ဗုဒ္ဓဘုရားဖြစ်သည့်အချိန်အထိ ဖြစ်ခဲ့တဲ့ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်များပါဘဲ။

ဘုရားဖြစ်တော်မူပြီးတဲ့နောက် အဆက်မပြတ်ဖြစ်နေတဲ့ ခန္ဓာတွေကိုလဲ အဲဒီတုန်းက သိခဲ့ပြီးတရားတွေလို့ သိစေလို့ပါတယ်။ ဒါကြောင့် ပါဠိတော်၌ ပုဗ္ဗေ ပရိညာတံ–လို့ မိန့်ဆိုထားတယ်၊ အဋ္ဌကထာ၌လဲ ပုဗ္ဗေ ပရိညာတက္ခန္ဓပဉ္စကံ ယေဝ–လို့ ဖွင့်ပြထားပါတယ်၊ အဲဒီ ပြဆိုပုံ ၂-ရပ်ကို အထူး သတိပြုကြရမယ်။ သူတပါးက ရှိသေဆဲ မရှိသေဆဲမှာလဲ သိနိုင်တာပါဘဲ၊ ဒါပေမဲ့ အခြေခံဝိပဿနာနှင့် အရဟတ္တမဂ်ဉာဏ် ဖြစ်စဉ်မှာ သိခဲ့ဘာက လိုရင်းဖြစ်ကြောင်း သိစေလိုတာပါဘဲ။ အဲဒီနည်းတူပင် ရဟန်းတော်များမှာလဲ စိတ်သဘောထား စင်ကြယ်ဘို့ မြတ်စွာဘုရားက ဒီလို ဆက်လက်ပြီး ညွှန်ကြားတော်မူပါတယ်။ အတိုချုပ် ဖော်ပြရမှာဘဲ။

## စိတ်သဘောထားစင်ကြယ်အောင် နည်းတူပင်
## နှလုံးသွင်းသင့်ပုံ

ရဟန်းတို့၊ ဒါကြောင့် သင်တို့ကိုလဲ အခြားသူတို့က ဆဲရေးခြင်းစသည်ပြုယင် စိတ်ဆိုးခြင်း နှလုံးမသာခြင်း မကျေနပ်ခြင်း မဖြစ်စေကြနဲ့၊ သူတို့က ရှိသေလေးစားကြ မြတ်နိုးပူဇော်ကြသော်လဲ ဝမ်းမြောက် ဝမ်းသာခြင်း မဖြစ်စေကြနဲ့၊ ထိုသို့ ရှိသေလေးစား မြတ်နိုးပူဇော်ကြရာ၌ ငါ့ကို ပူဇော်ကြသည်၊ ငါက ခံစားသည်ဟု သဘောမထားပဲ တရားအားထုတ်စဉ် ရှေးအခါက ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိခဲ့ပြီးဖြစ်သော ခန္ဓာငါးပါး အပေါင်းကို ပူဇော်ကြသည်၊ အဲဒီခန္ဓာငါးပါးက ခံစားသည်ဟူ၍သာ သဘောထားကြရမယ် တဲ့။

အဲဒီမိန့်ခွန်းထဲမှာ “စိတ်ဆိုးခြင်းစသည်ကို မဖြစ်စေရဘူး၊ ဒီလိုသာ သဘောထားကြရမယ်” ဆိုတဲ့ ညွှန်ကြားချက်က တော့ ရဟန္တာမဖြစ်သေးတဲ့ ပုဂ္ဂိုလ်များအတွက်သာ ဖြစ်ပါ တယ်၊ ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်မှာတော့ အဲဒီလို နှလုံးသွင်းမှု၊ စိတ်သဘောထားမှုဟာ သူ့အလိုလိုပင် ဖြစ်နေတာပါဘဲ၊ ဒါကြောင့် ဒီမှာ ညွှန်ကြားလိုရင်းကတော့ အဲဒီလို စင်ကြယ် တဲ့ နှလုံးသွင်းမှုနှင့် ပြည့်စုံရန်အတွက် ရဟန္တာဖြစ်အောင် ကျင့်ဘို့ရာသာ ညွှန်ကြားလိုရင်းပါဘဲ။ ဒါကြောင့် ရဟန်း ဆိုယင် မြတ်စွာဘုရားအလိုတော်အရ ရဟန္တာဖြစ်အောင် အားထုတ်ဖို့ အရေးကြီးပါတယ်။

ရဟန္တာမဖြစ်သေးခင်လဲ မြင်တိုင်း ကြားတိုင်း စသည် မှာ ရှုမှတ်ပြီး သိနေရတဲ့ ရုပ်နာမ်ခန္ဓာတွေကို သူများက အရိုအသေပြုကြတာဘဲ၊ အဲဒီ ရုပ်နာမ်ခန္ဓာတွေက အရိုအသေ အပြုခံနေဘာဘဲ–စသည်ဖြင့် နှလုံးသွင်းယင် သင့်လျော်တာ ပါဘဲ၊ အဲဒီလို နှလုံးသွင်းနေယင် မာန်တက်စရာ မရှိတော့ ပါဘူး၊ ဥပမာအားဖြင့် ပန်းပင်ကလေးတွေကို အမြတ်တနိုး ရေလောင်းပြုစုနေတာကို မြင်ရတဲ့သူမှာ မာန်တက်စရာ မရှိ သလိုပါဘဲ၊ ပန်းပင်က မိမိကိုယ်မဟုတ်သလိုပင် မြင်မှု ကြား မှုစသော ရုပ်နာမ်ခန္ဓာတွေကလဲ မိမိကိုယ်မဟုတ်ပါဘူး၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ သဘောတရားမျှပါဘဲ၊ ဒါကြောင့် ပန်းပင်ကို ပြုစုမှုနှင့် စပ်ပြီး ငါ့ကို ပြုစုတယ်လို့ ထင်မှတ်ဖွယ် မရှိသလိုပင် ရုပ်နာမ်ခန္ဓာကို ပူဇော်ရာမှာလဲ ငါ့အား ပူဇော် ကြတယ်လို့ ထင်မှတ်ပြီး မာန်ယစ်ဖွယ် မရှိပါဘူး၊ အဲဒါက ရဟန္တာမဖြစ်သေးတဲ့ ရဟန်းအတွက် သင့်လျော်သော နှလုံး

သွင်းပုံပါဘဲ။ ရဟန္တာဖြစ်ပြီးတဲ့အခါကျတော့ ဒီလို နှလုံးသွင်းမှုက သူ့အလိုလိုပင် ဖြစ်နေပါတယ်။

## ဆွမ်းစသည်ကို ဆင်ခြင်၍ သုံးဆောင်ပုံ

နောက်တနည်းကတော့ ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝတိ–စသည်ဖြင့် ဟောထားတဲ့ ပစ္စဝေက္ခဏာဖြင့် နှလုံးသွင်းဆင်ခြင်ပြီး ဆွမ်းစသည်ကို သုံးဆောင်ရတယ်။ ဆွမ်းကိုစားရတာဟာ ပျော်မြူးနိုင်ဘို့လဲ မဟုတ်ဘူး၊ လူ့လောကမှာတော့ အားအင်ပြည့်ပြီး ပျော်ပျော်ပါးပါး နေနိုင်အောင်လဲ စားကြတယ်၊ တချို့မှာဆိုယင် ကာမအားတိုးဆေးဆိုတာကိုတောင် တမင်စားကြသေးသတဲ့၊ ရဟန်းများမှာတော့ အဲဒီလို ပျော်မြူးနိုင်အောင်လို့ စားကြရတာ မဟုတ်ဘူး၊ ငါဟာ ယောကျ်ားဘဲ ပျိုရွယ်တဲ့သူဘဲ စသည်ဖြင့် မာန်ယစ်ဖို့ စားရတာလဲ မဟုတ်ဘူး၊ အသားအရေ ကြည်လင်တောက်ပပြီး လှဘို့စားရတာလဲ မဟုတ်ဘူး၊ အသားအသွေးတွေ ပြည့်ဖြိုးပြီး လှပတင့်တယ်အောင်လို့ စားရတာလဲ မဟုတ်ဘူး၊ ဒါဖြင့် ဘာအတွက် စားရတာလဲဆိုတော့–ဒီရုပ် ကိုယ်ကြီး တည်ကြည်နေဘို့ စားရတယ်၊ မျှတနေနိုင်ဘို့ စားရတယ်၊ ဆာလောင်မွတ်သိပ်ခြင်း ဆင်းရဲငြိမ်းအောင်လို့ စားရတယ်၊ အဲဒီလို ဆာလောင်ပဲ နေသာ ထိုင်သာ ရှိနေတဲ့အခါ ဘာလုပ်ဖို့လဲဆိုတော့ ဗြဟ္မစရိယ ဆိုတဲ့ အကျင့်မြတ်ကို ကျင့်သုံးနိုင်ဘို့ပါဘဲ၊ အဲဒီလို ဆင်ခြင်ပြီး ဆွမ်းကို စားရတယ်၊ အဲဒါဟာ ဆွမ်းကို ဆင်ခြင်ပုံ အကျဉ်းချုပ်ပါဘဲ၊ ဒါထက် ကျယ်ပြန့်စွာ သိနားလည်ချင်ယင်တော့ တုဝဋ္ဋကသုတ် တရားတော် နံပါတ် (၆၉) စသည်မှာ ကြည့်ရှုနိုင်ပါတယ်။

သက်န်းတို့ ကျောင်းတို့ကို သုံးဆောင်တဲ့ အခါလဲ ဆင်ခြင်ပြီး သုံးဆောင်ရတယ်၊ အအေး အပူ စသည်ကို ကာကွယ်ဘို့၊ ခြင် မှက် မြွေကင်း စသည်ကို ကာကွယ်ဘို့၊ ကိုယ်အင်္ဂါ လုံခြုံဘို့၊ ကျန်းမာရေး မပျက်ဘို့ စသည် အတွက် သုံးဆောင်ရတယ်၊ ဒီလိုဆင်ခြင်ပြီး သုံးဆောင် တော့ ဆွမ်း သင်္ကန်း ကျောင်း အကောင်းတွေလဲ မလိုဘူး၊ များများရဘို့လဲ မလိုဘူး၊ မလွဲသာလို့ သုံးဆောင် နေရတာဘဲဆိုတာ ထင်ရှား ပေါ်နေပါတယ်၊ အဲဒီတော့ ကောင်းတာတွေ သုံးရတဲ့အတွက်၊ များများရတဲ့အတွက် ဝမ်းမြောက်တက်ကြွဘို့ မာန်ယစ်ဘို့ မရှိတော့ဘူး။

ဒီပြင်လဲ မာန်မယစ်အောင် ဆင်ခြင်ဘို့ကတော့—မိမိကိုယ် ထဲမှာ ရှိနေတဲ့ စက်ဆုပ်ရွံရှာဘွယ် ၃၂-ကောဋ္ဌာသ အစုကို ဆင်ခြင်ဘို့ပါဘဲ၊ မိမိကိုယ်ထဲမှာ ဆံပင်တွေ ,မွေးညှင်းတွေ ခြေသည်းလက်သည်းတွေ သွားတွေ အရေအသား အကြော စသည်တွေ ရှိနေတယ်၊ အဲဒါတွေဟာ သေသေချာချာဆင်ခြင် ကြည့်ယင် ရွံစရာတွေချည်းဘဲ၊ အထူးအားဖြင့် ကျင်ကြီး ကျင်ငယ် သလိပ် ပြည်ပုပ် ချွေး နှပ် တံတွေးဆိုတာ တွေ ဟာ ရွံစရာ အကောင်းဆုံးတွေဘဲ၊ စားသောက်ပြီး ဒီကိုယ် ကြီး ပြုစုထောက်ပံ့နေရဘာဟာ ဒီစက်ဆုပ်ဖွယ် အဖို့အစု တွေကို ပြုစုထောက်ပံ့နေရတာဘဲ၊ အဝတ်သင်္ကန်း ကျောင်း အိပ်ရာ စသည်တို့ဖြင့် ပြုစုထောက်ပံ့နေရဘာလဲ ဒီစက်ဆုပ်ဖွယ် အဖို့အစုတွေကို ပြုစုထောက်ပံ့နေရတာဘဲ၊ အဲဒီစက်ဆုပ်ဖွယ် တွေကို ပြုစုထောက်ပံ့ရအောင်လို့ ဆွမ်း သင်္ကန်းစသည်တွေကို

ရလာတာဟာ ဘာမျှ ဝမ်းမြောက်စရာ မာန်ယစ်စရာ မရှိပါဘူး၊ ဥပမာအားဖြင့် ကျင်ကြီးအစုအပုံကို ပြုစုထောက်ပံ့ဘို့ ပစ္စည်းတွေကို ရလာတဲ့အတွက် ဝမ်းမြောက်ဖွယ် မာန်တက်ဖွယ် မရှိသလိုပါဘဲ။

ဒီလို မာန်မတက်ကြအောင် ဆင်ခြင်ပုံဟာ ရဟန္တာ မဖြစ်သေးခင်မှာ အရေးတကြီး လိုပါတယ်၊ ရဟန္တာ ဖြစ်ပြီးတဲ့အခါကျတော့ မာန်မာနက လုံးဝကင်းသွားပြီ၊ မာန်တက်ကြမှု လုံးဝ မရှိတော့ပါဘူး၊ ဒါကြောင့် အဲဒီလို မာန်ယစ်မှုကင်းတဲ့ ရဟန္တာအဆင့်သို့ ရောက်အောင် ကျင့်သုံးအားထုတ်ဖို့အတွက် ညွှန်ကြားတော်မူလိုရင်းပါဘဲ။ အဲဒါကို "သူမျှားလှူကြ၊ဆွမ်းတွေရ၊ မာန်ကြွယစ်ခြင်းကင်းရာသည်" လို့ ဆောင်ပုဒ်စီသွားတယ်။ အဲဒါကို ဆိုကြရမယ်။

> သူမျှားလှူကြ၊ ဆွမ်းတွေရ၊ မာန်ကြွယစ်ခြင်း ကင်းရာသည်။

အဲဒီမှာ " ဆွမ်းတွေရ" လို့ ဆိုဘာကတော့ လဒ္ဓါ ပရေဘောဇနံ–ဆိုတဲ့ ပါဠိအရ ပါဘဲ၊ ဘောဇန – ဘောဇဉ် ဆိုတာ စားဘွယ် ဆွမ်းကို ဆိုတာပါဘဲ၊ ဆွမ်းကိုခေါင်းတပ်ပြီး ပြလိုက်တော့ ဆွမ်းနဲ့အလားတူ သက်န်းကျောင်းဆေးစတဲ့ သုံးဆောင်ဘွယ်တွေကိုလဲ ယူရပါတယ်။ တနည်းအားဖြင့်တော့ ဘောဇန–အရသုံးဆောင်ဘွယ်လို့လဲ ဆိုနိုင်ပါတယ်၊သုံးဆောင်ဘွယ် ဆိုတော့ သုံးဆောင်စရာတွေ အကုန်လုံးကို ယူရပါဘဲ။ နောက်ဆုံးအပိုဒ်ကတော့ –

သော–ထိုသို့သောရဟန်းသည်၊ လောကေ–လောက၌၊ သမ္မာ–တစုံတရာနှင့်မျှ မငြိမတွယ်မူ၍ ကောင်းစွာ၊ ပရိဗ္ဗဇေယျ–ကျင့်သုံး နေထိုင်နိုင်ပါသည်တဲ့။ ဒီအပိုဒ်ကတော့ အဖြေဂါထာတိုင်းမှာ ပါရှိနေပါတယ်။ အဲဒီအပိုဒ်အတွက် ဆောင်ပုဒ်ကလဲ "သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာနေရသည်"တဲ့။ အဲဒါကိုဆိုကြရမယ်။

သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ
နေရသည်။

ဒီနံပါတ်(၈)ဂါထာကတော့ ရဟန်းတော်များနဲ့ သာပြီး ဆိုင်ပါတယ်၊ ဒါပေမဲ့ ရဟန်းတော်များ၏ ကျင့်ဝတ်ဂုဏ်တွေကို ကြည်ညိုသောအားဖြင့် မိမိတို့မှာ မာန်တက်ကြစရာ မာန်ယစ်စရာတွေနှင့်စပ်ပြီး မာန်မာန မတက်ကြရအောင်၊ မာန်မယစ်ကြရအောင်၊ စိတ်ခေတ်ကျစရာ အမျက်ထွက်စရာ ရန်ငြိုးဖွဲ့စရာတွေနှင့် စပ်ပြီးတော့လဲ စိတ်ခေတ်မကျရအောင်၊ အမျက်မထွက်ရ, ရန်ငြိုးမဖွဲ့ရအောင် စွမ်းနိုင်သမျှ စောင့်ရှောက် ကျင့်သုံးသွားကြဘို့ပါဘဲ။

အဲဒီလို ကျင့်သုံးကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

သတ္တမပိုင်း ပြီး၏။

## သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

### အဋ္ဌမပိုင်း

**ဒီကနေ့ နတ်တော်လကွယ်နေ့ဖြစ်တယ်။ သမ္မာပရိဗ္ဗာဇနီယ သုတ်က အလှည့်ကျနေတဲ့ (၉) ခုမြောက် ဂါထာကို ဟောရမယ်။**

---

### ၈ဖြေ အဋ္ဌမဂါထာ

၉။ လောဘဉ္စ ဘဝဉ္စ ဝိပ္ပဟာယ၊
ဝိရတော ဆေဒနဗန္ဓနာ စ ဘိက္ခု။
သော တိဏ္ဏကထံကထော ဝိသလ္လော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ယော ဘိက္ခု–အကြင်ရဟန်းသည်၊ လောဘဉ္စ–လိုချင်မှု လောဘကိုရင်း၊ ဘဝဉ္စ–ဘဝသစ်ဖြစ်ကြောင်း ကံကိုရင်း၊ ဝိပ္ပဟာယ – အကြွင်းမဲ့ပယ်ပြီး၍၊ ဆေဒနဗန္ဓနာစ–လက်စသည်ကိုဖြတ်၍ နှိပ်စက်ခြင်း, ချည်နှောင်၍ နှိပ်စက်ခြင်း မှလည်း၊ ဝိရတော–ကြဉ်ရှောင်သည်၊ အဿ–ဖြစ်ရာ၏။ သော –ထိုရဟန်းသည်၊ တိဏ္ဏကထံကထော–ကျော်လွန်ပြီးသော ယုံမှားခြင်း ရှိသည်ဖြစ်၍၊ ဝါ–ယုံမှားကို ကျော်လွန်ပြီးသည် ဖြစ်၍၊ ဝိသလ္လော–ကိလေသာ ငြောင့်ကင်းသည်လည်း၊ အဿ –ဖြစ်ရာ၏–တဲ့။

ဒီဂါထာမှာ ပယ်ရမယ်လို့ ဟောထားတဲ့ တရားတွေက ရှေးဂါထာများမှာ ဟောခဲ့ပြီးချည်းလိုလို ဖြစ်နေပါတယ်၊ ဒါပေမဲ့ ဝေါဟာရအသစ်များဖြင့် နားလည်ပြီး တရားထူးရမည့်ပုဂ္ဂိုလ်များအတွက် ထပ်ပြီး ဟောတယ်လို့ မှတ်ယူရပါတယ်။

လောဘကို အကြွင်းမဲ့ ပယ်ရမယ်တဲ့၊ ဒါကတော့ ယခု တရားနာနေကြတဲ့ သူတွေမှာ အလွန်ပင်ပေါ်လွင် ထင်ရှားနေပါဘယ်၊ ဒါပေမဲ့ ဟိုတုန်းက တရားနာနေကြတဲ့ နတ်ဗြဟ္မာတွေ တချို့က ဗုဒ္ဓတရားတော်ကို မကြားမနာရဘူးသေးပဲ ရှိပါလိမ့်မယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေအတွက် ထပ်ပြီးဟောတယ်လို့ ယူရမှာဘဲ။

## လောဘကိုပယ်ပုံ

အဲဒီမှာ ပယ်ရမည့် လောဘဆိုတာဟာ သစ္စာလေးပါးထဲက သမုဒယသစ္စာခေါ်တဲ့ တဏှာပါဘဲ၊ ဒါက ပယ်ဘို့အရေးကြီးတဲ့တရားဘဲ၊ လိုချင်မှု နှစ်သက်မှု သာယာမှု ခင်တွယ်မှု–စသည်ဖြင့် သူ့အမည်တွေက ဓမ္မသင်္ဂဏီပါဠိတော်မှာ အမည်ဝေါဟာရတွေ တရာကျော်တောင် ရှိနေပါတယ်။ အဲဒီလောဘကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ဘို့ပါဘဲ၊ အရဟတ္တမဂ်မရောက်သေးခင်လဲ ကာယကံမြောက် ဝစီကံမြောက် မဖြစ်ရအောင် သီလကို ရိုရိုသေသေ ကျင့်သောအားဖြင့် ပယ်ရမယ်၊ ဒါကတော့ သီလကို ရိုရိုသေသေ စောင့်နေတဲ့သူမှာ လိုချင်နှစ်သက်တဲ့ လောဘအကြောင်းရင်းပြုပြီး ခိုးခြင်း လိမ်ခြင်း မတရားပြုခြင်းစသည် မဖြစ်ပဲ ကင်းနေကြောင်း ထင်ရှားပါတယ်။

ဒါထက်တတ်နိုင်ယင် လောဘစိတ်ကူးတွေ မဖြစ်ရအောင် သမာဓိဘာဝနာ တခုခုကို ပွါးနေရမယ်၊ ဥပမာ–အသက် ရှုတိုင်း ရှိုက်တိုင်း နှာသီးဖျားမှ စောင့်ပြီး ငင်တယ် ထွက်တယ် စသည်ဖြင့် မပြတ်ရှုနေယင် အဲဒီလောဘစိတ်ကူးဟာ အများ အားဖြင့် မဖြစ်ပဲ ကင်းငြိမ်းနေပါတယ်၊ ဥပစာသမာဓိ အပ္ပနာသမာဓိ ဖြစ်လာတဲ့အခါကျတော့ အဲလိုလောဘစိတ် ကူးတွေဟာ ဝေးကွာသွားပါတယ်၊ ဝေးကွာဆိုတာ အဖြစ် ဝေးသွားတာကို ပြောတာပါဘဲ၊ ဈာန်ဝင်စားနေတဲ့အခါမှာ ဆိုယင် လုံးဝမဖြစ်ပဲရှိနေတယ်၊ ဈာန်မှ ထတဲ့အခါလဲ မဖြစ် သလောက်ပင် ကင်းနေတတ်တယ်၊ ဒါကြောင့် ရှေးကဈာန်ရ ပုဂ္ဂိုလ်အချို့ဟာ အရဟတ္တမဂ်ဖိုလ်သို့ မရောက်သေးပါဘဲနဲ့ ရဟန္တာ ဖြစ်နေပြီလို့တောင် အထင်မှားခဲ့ကြသေးတာဘဲ။ ဒါပေမဲ့ လိုချင်နှစ်သက်ဖွယ် အာရုံအထူးနဲ့ တွေ့ရတဲ့အခါ ဈာန်လျှောပြီး လိုချင်နှစ်သက်မှု ဖြစ်နိုင်သေးတာဘဲ။

ဒါကြောင့် အဲဒီလိုချင်နှစ်သက်တဲ့ လောဘ လုံးဝကင်းသွား အောင် ဝိပဿနာဘာဝနာကို ပွါးစေရတယ်၊ ဝိပဿနာရှုပုံပွါးပုံ တွေကိုတော့ ရှေးကလဲ ပြောခဲ့ပြီ ဖြစ်တဲ့အတွက် ယခု ထပ်ပြော ဘို့ မလိုပါဘူး၊ မြင်တိုင်း ကြားတိုင်း စသည်မှာ မပြတ် ရှုမှတ်နေ ယင် အဲဒီမြင်ရတဲ့ကြားရတဲ့ အာရုံစသည်နှင့်စပ်ပြီး လောဘဖြစ် နိုင်ခွင့် မရှိတော့ဘူး၊ ဒါကလဲ ရှုတိုင်းရှုတိုင်း အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာဖြင့် ပိုင်ပိုင် နိုင်နိုင် သိရတဲ့ အာရုံတွေမှာ (နိစ္စ သုခ အတ္တအနေဖြင့် စွဲလမ်းပြီး ဖြစ်မည့်) အနုသယ လောဘ ဖြစ်ခွင့်မရှိတာကို ဆိုလိုပါတယ်။ အဲဒီ ဝိပဿနာဉာဏ်က ရင့်သန် အားပြည့်တဲ့အခါ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို

မျက်မှောက်တွေ့ပြီး သိမြင်သွားတယ်၊ ပဌမမဂ်ဉာဏ်ဖြင့် သိမြင်သွားယင် အပါယ်ကျစေနိုင်တဲ့လောဘ ကင်းသွားတယ်၊ ဒုတိယ မဂ်ဉာဏ်ဖြင့် သိမြင်သွားယင် ကာမအာရုံကို လိုချင်နှစ်သက်တဲ့ လောဘအကြမ်းစား ကင်းသွားတယ်၊ တတိယမဂ်ဉာဏ်ဖြင့် သိမြင်သွားယင် ကာမအာရုံကို လိုချင်နှစ်သက်တဲ့ လောဘ ဟူသမျှ အကုန်ကင်းသွားတယ်၊ နောက်ဆုံး အရဟတ္တမဂ်ဉာဏ်ဖြင့် သိမြင်သွားယင်တော့ ရူပဘဝ အရူပဘဝကို သာယာနှစ်သက်တဲ့ လောဘလဲ ကင်းသွားတယ်၊ လောဘဟူသမျှ အကြွင်းမဲ့ ကင်းငြိမ်းသွားတာပါဘဲ၊ အဲဒီလို အရဟတ္တမဂ်ဖြင့် လောဘကို အကြွင်းမဲ့ ပယ်နိုင်သည်အထိ ကျင့်ဘို့ ညွှန်ကြားတော်မူတာပါဘဲ။

## ဘဝကို ပယ်ပုံ

နောက်ပြီးတော့–ဘဝဥ္စ–ဘဝသစ် ဖြစ်ကြောင်းကံကိုလဲ ပယ်ရမယ်တဲ့။

အဲဒါကလဲ လောဘဆိုတဲ့ သမုဒယကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်လိုက်ယင် ပယ်ပြီး ကင်းငြိမ်းပြီး ဖြစ်နေပါပြီ၊ ဒါပေမဲ့ ဘဝနဲ့ပြောမှ အချို့က သဘောပေါက်မှာမို့ ထပ်ပြီး ဟောရတာပါဘဲ။ မြင်တိုင်း ကြားတိုင်း စသည်ကို ရှုမှတ်လို့ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ အသိဉာဏ်များ ရင့်သန် အားပြည့်တဲ့အခါမှာ ခုတင်က ပြောခဲ့တဲ့အတိုင်း သောတာပတ္တိမဂ် ရောက်သွားယင် အပါယ်လေးပါး၌ ဖြစ်စေနိုင်တဲ့ အကုသိုလ်ကံတွေ အကုန်ကင်းငြိမ်းသွားတယ်၊ ကာမသုဂတိ၌ ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်စေနိုင်တဲ့ ကံလဲ

ကင်းငြိမ်းသွားတယ်၊ ဒုတိယမဂ် ရောက်သွားယင် ၂-ဘဝ ထက် ပိုလွန်ပြီး ဖြစ်စေနိုင်တဲ့ ကံတွေ ငြိမ်းသွားတယ်၊ တတိယမဂ် ရောက်သွားယင် ကာမဘဝ၌ ဖြစ်စေနိုင်တဲ့ ကံတွေ ငြိမ်းသွားတယ်၊ အရဟတ္တမဂ် ရောက်တဲ့အခါ ရူပဘဝ အရူပ ဘဝသို့ ရောက်စေနိုင်တဲ့ကံလဲ ကင်းငြိမ်းသွားတယ်၊ ဒါ ကြောင့် ရဟန္တာမှာ ပရိနိဗ္ဗာန် စုတိချုပ်သွားတဲ့အခါ ဘဝ သစ် ရုပ်နာမ်တွေ မဖြစ်ပေါ် လာတော့ပဲ ငြိမ်းသွားတာပါဘဲ၊ အဲဒါကို ပရိနိဗ္ဗာန်စံတယ်လို့ ခေါ်ရတာဘဲ။ အဲဒီ ပဥ္စမအပိုဒ် အရ "လောဘ တတန်၊ ဖြစ်ကြောင်းကံ၊ ပယ်လှန်ကင်းပြီး ဖြစ်ရမည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၉။ လောဘ တဘန်၊ ဖြစ်ကြောင်းကံ၊ ပယ်လှန်
ကင်းပြီး ဖြစ်ရမည်။

နောက်ပြီးတော့—ဆေဒနဗန္ဓနာ စ—ဖြတ်ခြင်း နှောင်ဖွဲ့ခြင်းမှလည်း၊ ဝိရတော—ကြဉ်ရှောင်သည်၊ အဿ—ဖြစ်ရာ၏ တဲ့။

ဒါကတော့ သီလနှင့် ဆိုင်ပါတယ်၊ ဗြဟ္မဇာလသုတ် စသည်၌ သီလခဏ်းမှာ ဆေဒနဝဓဗန္ဓန—ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း စသည်မှ ကြဉ်ရှောင်သည်—စသည်ဖြင့် ဟောထားတယ်၊ ဒီမှာတော့ ဂါထာ၌ ဝဓ—သတ်ခြင်း ဆိုတာကိုလဲ ချန်ထားပါတယ်။ ဒါပေမဲ့ အဲဒီ သီလဆိုင်ရာ ကျင့်ဝတ်တွေကို အကုန်လုံး ရည်ရွယ်ပြီး ဟောတာပါဘဲ။

## ဖြတ်ခြင်း နှောင်ဖွဲ့ခြင်းပယ်ပုံ

အဲဒီမှာ ဆေဒန – ဖြတ်တယ် ဆိုတာ လက်ခြေစသည်ကို ဖြတ်လို့ ပြီး နှိပ်စက်တာကို ဆိုလိုပါတယ်၊ ရှေးခေတ်တုန်းက ဒီလို ဖြတ်လို့ပြီး နှိပ်စက်တဲ့ အလေ့အကျင့်တွေ ရှိခဲ့ပါတယ်၊ အများအားဖြင့် ရာဇဝတ် အပြစ်သင့်တဲ့ သူတွေကို အဲဒီလို ဖြတ်လို့ပြီး နှိပ်စက်တတ်ကြတယ်၊ အင်အားရှိတဲ့ သူတွေက အားနည်းတဲ့လူတွေ တိရစ္ဆာန်တွေကို ဖြတ်လို့ပြီး နှိပ်စက်တတ်ကြတာဘဲ။ ဗန္ဓန – အရ နှောင်ဖွဲ့ပြီး နှိပ်စက်တာလဲ ရှိတာဘဲ၊ လက်ပြန်ကြိုး စသည် ချည်နှောင်ပြီး နှိပ်စက်တာလဲ ရှိတယ်၊ အကျဉ်းထောင် အချုပ်ထောင် စသည်မှာ ချထားပြီး နှိပ်စက်တာလဲ ရှိတယ်။ အဲဒီလို ဖြတ်ခြင်း နှောင်ဖွဲ့ခြင်းတို့ဖြင့် နှိပ်စက်တာကတော့ သီလနှင့် သက်ဆိုင်ပါတယ်၊ ဒါကြောင့် သောတာပတ္တိမဂ်ဖြင့်ပင် ပယ်နိုင်ပါတယ်၊ အရဟတ္တမဂ်ကျတော့ အဲဒီလို နှိပ်စက်မှုမျိုးဟာ အရိပ် အမြွက်မျှတောင် မရှိပဲ လုံးဝကင်းသွားပါတယ်၊ အဲဒီလို လုံးဝကင်းသွားအောင် အားထုတ်ဖို့ပါဘဲ။

## ယုံမှားကိုပယ်ပုံ

သော – ထိုရဟန်းသည်၊ တိဏ္ဏကထံကထော – သုံးလောသုံးလာ တွေးတောယုံမှားတဲ့ ဝိစိကိစ္ဆာကိုလဲ ကျော်လွန်ခဲ့ပြီးဘင်းပြီး ဖြစ်ရမယ် တဲ့။

ယုံမှားဆိုတာက အစစ်အမှန်တွေနဲ့ စပ်ပြီး ဟုတ်မှ ဟုတ်ပါ့မလားလို့ မယုံတယုံ ဖြစ်နေတာကို ဆိုတာဘဲ၊ ဗုဒ္ဓမြတ်စွာဘုရားဆိုတာ ဟုတ်မှ ဟုတ်ပါ့မလားလို့လဲ ယုံမှားတယ်၊

မဂ်ဖိုလ်နိဗ္ဗာန် တရားအစစ်နှင့်လဲ စပ်ပြီး ယုံမှားတယ်၊ သီလ သမာဓိ ပညာ အကျင့်မှန်တွေကို ကျင့်နေတဲ့ ဘုရားတပည့် သံဃာနှင့်လဲ စပ်ပြီး ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှားတယ်၊ ကံနှင့် ကံ၏အကျိုး ရှိတယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလားလို့လဲ ယုံမှားတယ်၊ အကြောင်းနှင့် အကျိုးတရားမျှသာ ရှိတယ် ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလားလို့လဲ ယုံမှားတယ်၊ အဲဒီလို ယုံမှားတွေ ကင်းရမယ် တဲ့။ ဒါကတော့ သောတာပတ္တိမဂ် ရောက်ယင် လုံးဝ ကင်းတော့တာပါဘဲ၊ သောတာပတ္တိမဂ် မရောက်သေးခင်မှာတော့ ဘုရားဟော တရားတော်များနှင့် သက်ဆိုင်ရာ တရားစာ တရားစကားများကို ကြားနာလေ့လာ ပြီး သုတမယဉာဏ်ဖြင့်လဲ အဲဒီလို ယုံမှားကို ကင်းစေရမယ်။

မြင်တိုင်း ကြားတိုင်း စသည်ကို မပြတ် ရှုမှတ်နေတဲ့ ယောဂီများမှာတော့ ဝိပဿနာဉာဏ်ဖြင့်လဲ အဲဒီလို ယုံမှားကို ပယ်နိုင်ပါတယ်၊ ရှုသိတိုင်း ရှုသိစရာရုပ်နဲ့ ရှုသိနာမ်ဆိုတဲ့ ဒီရုပ် နာမ် ၂-ပါးကို ပိုင်းခြားသိယင် ရုပ်နဲ့ နာမ် ၂-ပါးမျှသာ ရှိတယ် ဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင် သဘောကျပြီး တော့ ရုပ်နဲ့ နာမ်မျှသာ ရှိတယ် ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား လို့ ဖြစ်နေတဲ့ ယုံမှား ကင်းသွားတော့တာဘဲ။

ကွေးချင်တာက အကြောင်း+ကွေးတာက အကျိုး — ဒီအကြောင်းနှင့် အကျိုးမျှ ရှိတယ်လို့ သိယင် အကြောင်း အကျိုးနှင့် စပ်ပြီး ဖြစ်နေတဲ့ ယုံမှားကင်းတော့တာဘဲ။ အဲဒါ ဟာ ပဋိစ္စသမုပ္ပါဒ်နှင့် စပ်ပြီး ဖြစ်တဲ့ ယုံမှား ကင်းပုံပါဘဲ။ နောက်ပြီးတော့ ရှုတိုင်း ရှုတိုင်း အသစ် အသစ် ပေါ်ပေါ်

လာပြီး ချက်ခြင်းပင် ပျောက်ပျောက် သွားတာကို ကိုယ်ပိုင် ဉာဏ်ဖြင့် တွေ့ရတော့ ခဏမစဲ ဖြစ်ပျက်နေတဲ့ အနိစ္စတရား ချည်းဘဲ၊ ဒုက္ခတရား အနတ္တတရားချည်းဘဲလို့လဲ ထင်ရှား သိရတယ်၊ အဲဒီလို သိရတဲ့အတွက် မြဲလေသလော ချမ်းသာ လေသလော အတ္တကောင်ရှိလေသလော စသည်ဖြင့် ယုံမှား လဲ ကင်းသွားတော့တာဘဲ၊ သောတာပတ္တိမဂ် ရောက်တဲ့ အခါကျတော့ အဲဒီလို ယုံမှားတွေဟာ အကုန်လုံး ကင်းသွား တော့တာပါဘဲ။

## ဒီဂါထာအရ အနက်သဘောကို နောက်မှ ဟောသင့် တာ နောက်မှ ဟောသည်

ယခု ခေတ်မှာ ဆိုယင်တော့ ရှေ့နားက ပြောသင့်တဲ့ စကားကို နောက်နားကျမှ ပြောယင် ဟောတဲ့ ပုဂ္ဂိုလ်ဟာ စောစောက သတိမရပဲ နောက်မှသတိရလို့ နောက်မှ ဖြည့်စွက် တဲ့အနေဖြင့် ထပ်ပြီး ဟောဘယ်လို့ ဒီလိုလဲ ထင်မှတ်ဖွယ်ရှိပါ တယ်၊ အဲဒီလို ထင်တဲ့အတိုင်း ဟုတ်မှန်တာလဲ ရှိနိုင်ပါတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတဲ့ တရားမှာတော့ အဲဒီ လို နောက်မှ အမှတ်ရလို့ ဖြည့်စွက် ဟောတာရယ်လို့ မရှိပါ ဘူး၊ ဒီဂါထာမှာ ပဋိပတ္တိက္ကမ – ကျင့်စဉ်အားဖြင့် ဖြတ်ခြင်း နှောင်ဖွဲ့ခြင်းမှ ကြဉ်ခြင်း ယုံမှား ကင်းခြင်း ဆိုတာတွေ ကို ရှေ့ပိုင်းက ဟောသင့်ပေမဲ့ တရားနာသူတို့က နောက်ပိုင်း မှာ ဟောမှ နားလည်မှာမို့ ဒေသနာက္ကမ – ဟောစဉ်အားဖြင့် နောက်ပိုင်းကျမှ အဲဒါတွေကို ဟောတယ်လို့သာ မှတ်ယူရပါ တယ်။

## ဒြောင့်လဲ ကင်းစေရမည်

**နောက်ပြီးတော့ – ဝိသလ္လော–ကိလေသာ ဒြောင့်ကင်း သည်လည်း၊ အဿ–ဖြစ်ရာ၏ တဲ့။**

**သလ္လ** ဆိုတဲ့ ပါဠိက မြှားနဲ့ ဒြောင့်ကို ဟောတယ်၊ ဒီနေရာမှာတော့ ဒြောင့်ဆိုတဲ့ ဝေါဟာရနဲ့ ပိုပြီး သင့်လျော်ပါတယ်၊ ဘယ်လို ဒြောင့်တွေလဲ ဆိုတော့–ရာဂ, ဒေါသ, မောဟဆိုတဲ့ ကိလေသာ ဒြောင့်တွေပါဘဲ၊ ရာဂ ဆိုတာ ခုတင်က ပြောခဲ့တဲ့ လောဘနဲ့ အရအတူတူပါဘဲ၊ ဒါကြောင့် လောဘကို ပယ်တယ် ဆိုကတည်းက ရာဂကိုလဲ ပယ်ပြီး ဖြစ်နေပါပြီ၊ ဒါပေမယ့်လို့ သလ္လ ဒြောင့်ဆိုတဲ့ ဝေါဟာရနဲ့ ဟောမှ နားလည်လွယ်ပုဂ္ဂိုလ်များအတွက် ထပ်ပြီး ဟောတော်မူပါတယ်။ လောဘကင်းယင် ဒေါသ, မောဟဆိုတဲ့ ဒြောင့်တွေလဲ ကင်းတော့တာပါဘဲ။ အဲဒီ သုံးမျိုးထဲက ရာဂဖြင့် တပ်မက်နေယင် ဆင်းရဲနေပါတယ်၊ ဒြောင့်စူးနေတဲ့အခါ မြက်မြက် မြက်မြက်နဲ့ အခံရခက်နေသလိုပါဘဲ၊ ဒါကြောင့် အဲဒီ ရာဂကို ဒြောင့်လို့ ဟောထားတာပါဘဲ။ ဒါပေမဲ့ ရာဂကို ကြိုက်နေကြတဲ့ သတ္တဝါတွေကတော့ အဲဒီ ရာဂဖြင့် တပ်မက် သာယာပြီး ခံစားနေရတာကို အကောင်းဆုံးလို့ ထင်နေကြတယ်၊ ဒါကြောင့် တပ်မက်ဖွယ် အာရုံတွေကို ရှာကြံပြီး သာယာခံစားနေကြတာဘဲ။

ထို့အတူပင် ဒေါသကိုလဲ ကြိုက်တဲ့သူတွေက စိတ်ဆိုးနေမှုတာကို ကောင်းသလိုလို ထင်နေတတ်ကြတယ်၊ ဒါကြောင့် **စိတ်ဆိုးနေတဲ့သူကို ဒေါသချုပ်ထိန်းဘို့** ပြောဟောပေးယင်

မကြိုက်ပဲ လက်မခံပဲလဲ ရှိနေတတ်တယ်။ မောဟကတော့ ကောင်းတဲ့အနေ မကောင်းတဲ့ အနေဖြင့် သိပ်မထင်ရှား လှဘူး၊ ဒါပေမဲ့ မောဟဖြင့် အလွဲအမှားတွေကို အမှန်ထင် နေကြတဲ့အတွက် ဒုက္ခရောက်နေကြရတယ်၊ မမြဲတဲ့ ရုပ်နာမ် တွေကို မြဲတယ်လို့ ထင်နေကြတယ်၊ ရုပ်နာမ် ဆင်းရဲတွေကို ချမ်းသာလို့ ထင်နေကြတယ်၊ အတ္တကောင်မဟုတ်တဲ့ မြင်မှု ကြားမှု စသည်တွေကို အတ္တကောင်, ငါကောင်လို့ ထင်နေ ကြတယ်၊ အဲဒီလို အလွဲကို သိမှားနေတဲ့အတွက် အကုသိုလ်ကံ တွေကို ပြုမိပြီးတော့ အပါယ်ဆင်းရဲစသည်တွေကို ခံစားနေကြ ရတယ်၊ သံသရာမှ လွတ်မြောက်အောင် မကျင့်ကြတဲ့အတွက် သံသရာ ဆင်းရဲတွေကိုလဲ ခံစားနေကြရတယ်၊ ဒါကြောင့် မောဟလဲ ကြောင့်လိုပင် ကိုယ်ထဲက နှိပ်စက်နေတဲ့ တရား ပါဘဲ။ အဲဒီ ကိလေသာကြောင့်တွေလဲ ကင်းစေရမယ် တဲ့။ အဲဒီ စကားရပ်တွေကို "ဖြတ်–နှောင် ကြဉ်ကာ၊ ယုံမှားတာ၊ ကြောင့်ပါ လုံးဝကင်းရမည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဖြတ်–နှောင်ကြဉ်ကာ၊ ယုံမှားတာ၊ ကြောင့်ပါ လုံးဝ ကင်းရမည်။

သော – ထိုသို့သော ရဟန်းသည်၊ လောကေ–လောက၌၊ သမ္မာ–တစ်စုံတရာနှင့်မျှ ငြိတွယ်ခြင်းမရှိပဲ ကောင်းစွာ၊ ပရိဗ္ဗ- ဇေယျ–နေနိုင်ပါသည် တဲ့။ အဲဒီအပိုဒ် ဆိုင်ရာဆောင်ပုဒ်က တော့ အယင်ဂါထာများက အတိုင်းပါဘဲ၊ ဆိုကြရမယ်။

သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်။

ဒီဂါထာအရ ပဋိပတ္တိက္ကမ—ကျင့်စဉ်အားဖြင့် ဖြတ်ခြင်း–နှောင်ဖွဲ့ခြင်း အစရှိတဲ့ ကိုယ်နှုတ် အမူအရာဆိုးများကို ကြဉ်ပယ်ကာ သီလနှင့် ပြည့်စုံကြပြီးလျှင် သောတာပတ္တိမဂ်ဖြင့် ယုံမှားကိုကင်းစေကြလျက် လောဘနှင့် ဘဝသစ်ဖြစ်ကြောင်းကံကို ပယ်သောအားဖြင့် ရာဂစသော ကိလေသာပြောင့်များလဲ ကင်းသွားအောင် ကျင့်ကြဘို့ပါဘဲ။

အဲဒီ ပဋိပတ်ကျင့်စဉ်အတိုင်း မနစ်မဆုတ် အားထုတ်ကျင့်ကြံနိုင်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

အဋ္ဌမပိုင်း ပြီး၏။

# သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

## နဝမပိုင်း

ဒီကနေ့ ပြာသိုလဆန်း ၈ ရက်နေ့ ဖြစ်တယ်၊ သမ္မာပရိဗ္ဗာဇနီယသုတ်က ၁၀–ခုမြောက် ဂါထာကို ဟောရမယ်။

---

## အမြေ နဝမ ဂါထာ

၁၀။ သာရုပ္ပံ အတ္တနော ဝိဒိတွာ၊
နော စ ဘိက္ခု ဟိံသေယျ ကဉ္စိ လောကေ။
ယထာတထိယံ ဝိဒိတွာ ဓမ္မံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ဘိက္ခု-ရဟန်းသည်၊ အတ္တနော-မိမိအား၊ သာရုပ္ပံ–သင့်လျော် လျောက်ပတ်သည်ကို၊ ဝိဒိတွာ–သိပြီး၍၊ ဧတော–ဘည်သည်၊ အဿ–ဖြစ်ရာ၏။

## မိမိနဲ့ သင့်တော်တာကို သိပြီး ပြုကျင့်ပါ

မိမိအား လျော်တယ်ဆိုတာဟာ ရဟန်းဖြစ်တဲ့အတွက် ရဟန်းအဖြစ်အားလျော်တဲ့ ကျင့်ဝတ်ကို သိနားလည်ပြီး အဲဒီကျင့်ဝတ်အတိုင်း ကျင့်နေဘို့ပါဘဲ၊ သိ၍လို့ဆိုပေမဲ့ သိရုံမျှနဲ့တော့ ဘာကိစ္စမျှ မပြီးဘူး၊ ဘယ်အကျိုးကိုမျှ မရနိုင်ဘူး၊ သိတဲ့အတိုင်းကျင့်ရမယ်လို့ ဆိုလိုကြောင်း အဋ္ဌကထာမှာ

ဖွင့်ပြထားပါတယ်။ ဘုန်းကြီးသဘောကျတဲ့အနက်ကတော့ အတ္တနော–မိမိအား သင့်လျော်တာကို သိရမယ်လို့ ဆိုထားတဲ့အတိုင်း ဝိနည်းကျင့်ဝတ်ဖြစ်စေ၊ တရားကျင့်ဝတ်ဖြစ်စေ၊ လောကဘက်က နေထိုင်ရေး ကျန်းမာရေးဖြစ်စေ သင့်လျော်တာကို သိပြီးလျှင် သိသည့်အတိုင်း သင့်တော်အောင်နေထိုင်ကျင့်သုံးရမယ်ဆိုတဲ့ အနက်ကို သဘောကျပါတယ်၊ ဝိနည်းကျင့်ဝတ်တခုတည်းကို ဆိုလိုတာ ဟုတ်ပုံမရပါဘူး။ ရာဂစရိုက်ရှိတဲ့သူမှာ အသုဘကမ္မဋ္ဌာန်း, ဒွတ္တိံသာကာရကမ္မဋ္ဌာန်းများ သင့်လျော်တယ်၊ ဒေါသစရိုက်ရှိတဲ့သူမှာ မေတ္တာစသည် သင့်လျော်တယ်၊ ဝိတက်စရိုက်ရှိတဲ့သူမှာ အာနာပါနကမ္မဋ္ဌာန်း သင့်လျော်တယ်စသည်ဖြင့် ပြထားတဲ့အတိုင်း သင့်လျော်တဲ့ကမ္မဋ္ဌာန်းကို အားထုတ်ဖို့ ညွှန်ကြားတယ်လို့လဲ ထင်ပါတယ်။

နောက်ပြီးတော့ လောကနေထိုင်ရေးဘက်ကလဲ သင့်တော်တာကို စားသုံးရမယ်၊ သင့်တော်တာကို ဝတ်ရမယ်၊ သင့်တော်ရာမှာ နေရမယ်၊ ဣရိယာပုထ် လေးပါးထဲကလဲ ထိုင်နေရတာက သင့်တော်ယင် ကြာကြာထိုင်ပြီး အားထုတ်မယ်၊ သွားနေတာက သင့်တော်ယင် စင်္ကြံကို များများလျှောက်ပြီး အားထုတ်ရမယ်၊ ရပ်နေတာက သင့်တော်ယင်လဲ ကြာကြာရပ်ပြီး အားထုတ်ရမယ်၊ အားနည်းတဲ့အတွက် လျောင်းနေတာက သင့်တော်ယင် လဲလျောင်းပြီး အားထုတ်ရမယ်၊ အပူအအေး ရာသီဥတုမှာလဲ သင့်လျော်တာကို မှီဝဲရမယ်စသည်ဖြင့်လဲ ညွှန်ကြားတယ်လို့ ထင်ပါတယ်။ ဒီလိုယူတဲ့အနက်ကပိုပြီး ပြန့်နှံ့ပြည့်စုံပါတယ်။

သူ့ပါဠိကိုက အတ္တနော–မိမိအား သင့်လျော်တာကို သိရမယ်လို့ ဆိုထားတာဘဲ၊ ဝိနည်းနဲ့လျော်တာကိုသာ ဆိုတာ မဟုတ်ဘူး၊မိမိနဲ့လျော်တာဆိုတော့ ဝိနည်းကျင့်ဝတ်ပဲဖြစ်ဖြစ်၊ ကမ္မဋ္ဌာန်းပဲ ဖြစ်ဖြစ်၊ နေထိုင်ရေးပဲ ဖြစ်ဖြစ် သင့်တော်တာကို သိနားလည်ပြီး သင့်တော်သလို ကျင့်သုံးနေထိုင်သွားဘို့ ပါဘဲ။ ကိုယ်နဲ့ သင့်တော်တာတွေကို ပြုလုပ်နေယင် သူများနဲ့ မသင့်တာ ဆန့်ကျင်တာလဲ ဖြစ်တတ်တယ်၊ကိုယ့်နဲ့ သင့်တော်တာကို ပြုတဲ့အတွက် အနီးအပါးမှာရှိတဲ့ သူတပါးနဲ့ မသင့်တော်တာဖြစ်နေယင် သူတပါးကို နှိပ်စက်ရာ ရောက်နိုင်တယ်၊ အဲဒီလို ကိုယ်ကျိုးကိုသာ ငဲ့ပြီး သူတပါးကို နှိပ်စက်ခြင်းလဲ မဖြစ်ဖို့ လိုပါတယ်၊ အဲဒီလို မဖြစ်ရအောင် ဒီလိုလဲ ဆက်ပြီး ညွှန်ကြားတော်မူပြန်ပါတယ်။

## သူတပါးကို နှိပ်စက်ခြင်းလဲ မဖြစ်ပါစေနဲ့

လောကေ-လောက၌၊ ကဥ္စိ- တစုံတယောက်ကိုမျှ၊ နော စ ဟိံသေယျ၊ညှဉ်းလဲ မညှဉ်းဆဲရာ။ ကိုယ်ကျိုးကို ငဲ့ပြီး သူတပါးကိုလဲ မညှဉ်းဆဲပါနဲ့ တဲ့။ အဲဒီ ၂-ပိုဒ်ကို 'ကိုယ်နှင့် လျော်တာ၊ သိပြီးကာ၊သူ့မှာ ညှဉ်းဆဲကင်းရမည်''လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၀။ ကိုယ်နှင့်လျော်တာ၊ သိပြီးကာ၊ သူ့မှာ ညှဉ်းဆဲ ကင်းရမည်။

ကိုယ်ကျိုးအတွက် ကိုယ်နှင့်လျော်တာကို သိပြီး ပြုကျင့်နေထိုင်ရမယ်၊ သို့ပေမဲ့ သူတပါးကို ညှဉ်းဆဲခြင်းတော့ မပြု

ရဘူး၊ ကင်းစေရမယ်လို့ ဆိုလိုပါတယ်။ နောက်တပိုဒ်က တော့—

ယထာတထိယံ–ကေန်စင်စစ် အမှန် ဖြစ်သော၊ ဓမ္မံ–သစ္စာလေးပါး တရားကို၊ ဝိဒိတွာ–သိပြီး၍၊ ဌိတော–တည်သည်၊ အသာ–ဖြစ်ရာ၏-တဲ့။

ဒီအပိုဒ် အနက်များကိုတော့ ရှေးက တတိယ ဂါထာမှာ သမေစ္စ ဓမ္မံ–လို့လဲ ပြဆိုခဲ့ပါပြီ၊ သတ္တမဂါထာမှာ သမ္မာ ဝိဒိတွာ ဓမ္မံ–လို့လဲ ပြဆို ခဲ့ပါပြီ၊ ဒီမှာ ထူးတာကတော့ ယထာတထိယံ–ဆိုတဲ့ ပုဒ်သောက်သာ ထူးပါတယ်၊ အဲဒီပုဒ် ထူး ဝေါဟာရထူးနဲ့မှ နားလည်မည့် ပုဂ္ဂိုလ်များအတွက် ထပ်ဟောတယ်လို့ မှတ်ယူရမှာဘဲ။ အနက်ကတော့ ရှေ့ပိုင်း များက ပြောခဲ့ပြီးများအတိုင်းပါဘဲ။ ဒါပေမဲ့ သူ့အရာအား လျော်စွာ နဲနဲတော့ ပြောရဦးမှာဘဲ။

## အမှန်ကို သိသင့်သည့် အတိုင်း သိပုံ

ယထာ တထာ– အကြင် အခြင်းအရာ ထို အခြင်းအရာ အားဖြင့်၊ ပဝတ္တံ-ဖြစ်သော တရားသည်၊ ယထာတထိယံ– ယထာတထိယ မည်သည်လို့ ဖွင့်ဆိုအပ်တဲ့ သဒ္ဒါနက် (ဝစနတ္ထ) အားလျော်စွာ ဘယ် အခြင် အရာအားဖြင့် ဖြစ်ဖြစ် သူဖြစ်တဲ့အတိုင်း ကေန်စင်စစ် အမှန်ဖြင်တဲ့ တရားတဲ့။ အဲဒါဟာ သစ္စာလေးပါး တရားဘဲ၊ အဲဒီ သစ္စာလေးပါး အမှန် တရားကို သိသင့်တဲ့အတိုင်း မှန်စွာ သိပြီး ဖြစ်စေရမယ်လို့

ဆိုလိုတာပါဘဲ။ သိသင့်တဲ့အတိုင်း ဆိုတာက ဘယ်လိုလဲဆိုတော့ ဒုက္ခသစ္စာကို ပိုင်းခြားသိရမယ်၊ အဲဒီလို သိတာကို ပရိညာပဋိဝေဓ ခေါ်တယ်။ သမုဒယသစ္စာကို ပယ်ရမယ်။ အဲဒီလို ပယ်တာကို ပဟာနပဋိဝေဓ ခေါ်တယ်၊ ပယ်သောအားဖြင့် သိတာတဲ့။ နိရောဓသစ္စာကို မျက်မှောက်တွေ့ပြီး သိရမယ်၊ အဲဒါကို သစ္ဆိကိရိယာပဋိဝေဓ ခေါ်တယ်။ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်စေရမယ်။ အဲဒါကို ဘာဝနာပဋိဝေဓ ခေါ်တယ်၊ ဖြစ်စေသောအားဖြင့် သိတာတဲ့။

ပရိညာပဋိဝေဓ။ ။အဲဒီသစ္စာလေးပါးထဲက ဒုက္ခသစ္စာဆိုတာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ထင်ရှားဖြစ်ပေါ်နေကြသည့် ဥပါဒါနက္ခန္ဓာ ခေါ်ရုပ်နာမ်တရားများပါဘဲ။ မြင်ဆဲ ကြားဆဲ စသည်၌ ထင်ရှားပေါ်နေတဲ့ အဲဒီရုပ်နာမ်တရားတွေဟာ ခဏမစဲ ဖြစ်ပျက်နေတဲ့အတွက် ဆင်းရဲ အစစ်အမှန်တွေဘဲ၊ အမှန်အတိုင်း မသိကြလို့သာ အကောင်းအမြတ် ထင်ပြီး နှစ်သက် သာယာတဲ့ သမုဒယတဏှာ ဖြစ်နေကြတာဘဲ၊ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ပြီး အမှန်အတိုင်း သိသိသွားယင်တော့ ဘာမျှ နှစ်သက်သာယာစရာ မရှိပါဘူး၊ ကြောက်စရာ ငြီးငွေ့စရာတွေချည်းပါဘဲ၊ ဒါကြောင့် အဲဒီ ရုပ်နာမ်တွေကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ပြီး သူ့ပင်ကို သဘောအားဖြင့်လဲ ပိုင်းခြားသိရမယ်၊ ရုပ်သဘော နာမ်သဘောအားဖြင့်လဲ ပိုင်းခြားသိရမယ်။ ဖြစ်ခြင်း ပျက်ခြင်းအားဖြင့်လဲ ပိုင်းခြား သိရမယ်။ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့်လဲ ပိုင်းခြား သိရမယ်၊

အဲဒီလို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိတာကို ပရိညာ ပဋိဝေဓ ခေါ်တယ်။

အဲဒီလို ပိုင်းခြားပြီး သိတိုင်း သိတိုင်း အဲဒီ သိရတဲ့ ရုပ်နာမ်တွေ အပေါ်မှာ နှစ်သက်သာယာမှု ဖြစ်နိုင်ခွင့် မရှိပဲ ကင်းကင်းသွားတယ်၊ အဲဒါကို ပယ်သောအားဖြင့် သိတဲ့ ပဟာန ပဋိဝေဓ ခေါ်တယ်။ အဲဒီလို ပဟာနပဋိဝေဓဖြင့် သမုဒယ တဏှာ ဖြစ်ခွင့်မရှိပဲ ကင်းငြိမ်းတိုင်း ကင်းငြိမ်းတိုင်း တဏှာမှ ဆက်ဖြစ်မည့် ဉပါဒါန်လဲ ဖြစ်ခွင့် မရှိတော့ဘူး၊ ကမ္မဘဝ လဲ ဖြစ်ခွင့် မရှိတော့ဘူး၊ ကမ္မဘဝကြောင့် ဖြစ်မည့် ဇာတိ ဇရာ မရဏ စတဲ့ ဒုက္ခတွေလဲ ဖြစ်ခွင့် မရှိတော့ဘူး၊ အဲဒါ ဟာ ရှုသိရတဲ့ အာရုံတိုင်း၌ တဒင်္ဂအားဖြင့် ကင်းငြိမ်းသွားတဲ့ တဒင်္ဂနိရောဓဘဲ။ အဲဒီ တဒင်္ဂနိရောဓကို ဝိပဿနာက ပြီးစေသောအားဖြင့် ဆိုက်ရောက် ဆိုက်ရောက်သွားတယ်။ အဲဒါက အာရုံပြုတာတော့ မဟုတ်ဘူး၊ ကိစ္စပြီးသောအားဖြင့် ဆိုက်ရောက်တယ်လို့ ဆိုရတာဘဲ၊ အဲဒီလို ဆိုက်ရောက်ဖို့က လဲ အလွန် အရေးကြီးပါတယ်။ ဝိပဿနာ ရှုတယ်ဆိုရင် အဲဒီ တဒင်္ဂနိရောဓ ဆိုက်ရောက်ပုံကို တိတိကျကျ ပြပြီး ဝန်ခံနိုင်ဘို့ လိုပါတယ်၊ အဲဒါကိုလဲ အထူး သတိပြုကြရမယ်။

ဘာဝနာပဋိဝေဓ။ ။နောက်ပြီးတော့ ဖြစ်ဆဲ ရုပ်နာမ်ကို ရှုတိုင်း ရှုတိုင်း ဝိပဿနာ မဂ္ဂင်တရားတွေ ဖြစ်ပွါးတယ်၊ အဲဒါက ဘာဝနာပဋိဝေဓဘဲ၊ မိမိသန္တာန်မှာ ဝိပဿနာမဂ္ဂင်တွေကို ဖြစ်ပွါးစေသောအားဖြင့် သိတယ်လို့ ဆိုရတယ်၊ ဆင်ခြင်ကြည့်ရင် အဲဒီ ဝိပဿနာမဂ္ဂင်တရားတွေ ဖြစ်ပုံကို သိလဲ သိနိုင်ပါတယ်။ ဖြစ်ပွါးပုံကို အကျဉ်းချုပ် ဖော်ပြဦးမယ်။

ရှုမှတ်မိအောင်ကြောင့်ကြစိုက်ပေးတာက သမ္မာဝါယာမ ဘဲ၊ အမှတ်ရတာက သမ္မာသတိဘဲ၊ သမ္မာသတိမဂ္ဂင် ဆိုတာ သတိပဋ္ဌာန်လေးပါးဖြစ်ကြောင်း ဘုရားကိုယ်တော်တိုင်ဟော ထားတဲ့ သစ္စနိဒ္ဒေသပါဠိကို အထူး သတိပြုကြရမယ်၊ ရှုမိ တဲ့ အာရုံမှာ ကပ်ခနဲ ကပ်ခနဲ စိတ်ကလေး တည်တည်သွား တာက ဝိပဿနာ ခဏိကသမာဓိဘဲ၊ ဒီ ခဏိက သမာဓိမပါ ဘဲ ဝိပဿနာဉာဏ် မဖြစ်နိုင်ဘူးလို့ပြဆိုထားတဲ့ ဝိသုဒ္ဓိမဂ်မဟာ ဋီကာကို အထူးသတိပြုကြရမယ်၊ (န ဟိ ခဏိကသမာဓိံ ဝိနာ ဝိပဿနာ သမ္ဘဝတိ၊ မဟာဋီ ၁၊၁၁။ ) စူးစိုက်ပြီး စိတ် တည်ရာ အာရုံကို အမှန်အတိုင်း သိတာက သမ္မာဒိဋ္ဌိဘဲ၊ အမှန်အတိုင်းသိအောင် စိတ်ဦးညွှတ်ပေးတာက သမ္မာသင်္ကပ္ပ ဘဲ။ အဲဒါတွေဟာ ဝိပဿနာမဂ္ဂင် တရားကိုယ် ငါးပါးဘဲ၊ အဲဒီ ဝိပဿနာမဂ္ဂင်ငါးပါးဟာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ပါဝင် ပြီး ဖြစ်ပေါ်နေတယ်။ နောက်ပြီးတော့ သမ္မာဝါစာ သမ္မာ- ကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင် သုံးပါးကတော့ တရား အားမထုတ်ခင် သီလဆောက်တည်ကတည်းက ပြည့်စုံလာခဲ့ ပါတယ်၊ ရှုမှတ်နေတဲ့ အခါလဲ အဲဒီ သီလမဂ္ဂင်တွေက ပျက် မသွားပါဘူး၊ ပိုပြီး စင်ကြယ်လာတယ်လို့တောင် ဆိုနိုင်ပါ တယ်။ ဒါကြောင့် အဲဒီ သီလမဂ္ဂင် သုံးပါးနှင့်တကွ မဂ္ဂင် ရှစ်ပါးဟာ ရှုတိုင်း ရှုတိုင်း ဖြစ်ပွါးနေတယ်။

တနည်းအားဖြင့် သီလမဂ္ဂင် ပါဝင်ပုံကတော့– မြင်မှု ကြားမှုစသည်ကို မရှုမိလို့ အနိစ္စ ဒုက္ခ အနတ္တမျှပဲ ဆိုတာကို အမှန်အတိုင်း မသိရယင် အဲဒီ မသိရတဲ့ အာရုံကို မြဲတဲ့အနေ

ချမ်းသာတဲ့ အနေ ကောင်းတဲ့အနေ အတ္တကောင်အနေဖြင့် စွဲလမ်းပြီးတော့ လိမ်ပြောတဲ့ မုသာဝါဒလဲ ဖြစ်နိုင်တယ်၊ ဂုံးတိုက်တဲ့ ပိသုဏဝါစာလဲ ဖြစ်နိုင်တယ်၊ဆဲဆိုတဲ့ ဖရုသဝါစာလဲ ဖြစ်နိုင်တယ်၊ အနှစ်မဲ့ အပြိန်အဖျင်းကို ပြောဆိုတဲ့ သမ္ဖပ္ပလာပလဲ ဖြစ်နိုင်တယ်၊ ရှုမိလို့ အမှန်အတိုင်း သိရတဲ့ အာရုံနဲ့ စပ်ပြီး အဲဒီ မုသာဝါဒ စသော ဝစီဒုစရိုက် မိစ္ဆာမဂ္ဂင်တွေ မဖြစ်နိုင်တော့ဘူး။ ထိုအတူပင် မရှုမိလို့ အမှန်အတိုင်း မသိရတဲ့ အာရုံနဲ့ စပ်ပြီး သတ်ခြင်း ခိုးခြင်း မတော်မတရား ကျူးလွန်ခြင်း ဆိုတဲ့ မိစ္ဆာကမ္မန္တလဲ ဖြစ်နိုင်တယ်၊ ရှုမိလို့ အမှန်အတိုင်း သိရတဲ့ အာရုံနဲ့ စပ်ပြီးတော့ အဲဒီ မိစ္ဆာကမ္မန္တလဲ မဖြစ်နိုင်တော့ဘူး၊ ထိုအတူပင် မရှုမိလို့ အမှန်အတိုင်း မသိရတဲ့ အာရုံနဲ့ စပ်ပြီးတော့ မတရား ပစ္စည်းရှာမှု မိစ္ဆာအာဇီဝလဲ ဖြစ်နိုင်တယ်၊ ရှုမိလို့ အမှန်အတိုင်း သိရတဲ့ အာရုံနဲ့ စပ်ပြီးတော့ အဲဒီ မိစ္ဆာအာဇီဝလဲ မဖြစ်နိုင်တော့ဘူး။

အဲဒီလို မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တမိစ္ဆာအာဇီဝ တွေကို ဖြစ်ခွင့် မရှိအောင် ပယ်နိုင်တဲ့အတွက် ရှုမှတ်ပြီး အမှန်အတိုင်း သိတဲ့ ဝိပဿနာဟာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင်ကိစ္စတွေကို ပြီးစေပါတယ်၊ အဲဒီလို ကိစ္စပြီးသောအားဖြင့် ရှုသိတဲ့ ဝိပဿနာထဲမှာ အဲဒီ သီလမဂ္ဂင်သုံးပါးလဲ ပါဝင်တယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဖြစ်ဆဲချုပ်နာမ်ကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဝိပဿနာ မဂ္ဂင်ရှစ်ပါး ဖြစ်ပွါးနေတယ်၊ အဲဒါဟာ ဝိပဿနာရှုခိုက်မှာ ပြည့်စုံသင့်တဲ့ ဘာဝနာ ပဋိဝေဓဘဲ။

အဲဒီ ဝိပဿနာမဂ္ဂင်တွေက ရင့်သန်ပြည့်စုံတဲ့ အခါကျတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အရိယ မဂ္ဂင်ရှစ်ပါးဖြစ်ပေါ်လာတယ်။ အဲဒီအခါမှာ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကို မျက်မှောက်အာရုံပြုပြီး သိသွားတာဟာ "ယထာတထိယံ-ကေန်စင်စစ်အမှန်ဖြစ်သော၊ ဓမ္မံ-တရားကို၊ ဝိဒိတွာ-သိပြီး၍" လို့ဆိုတဲ့အတိုင်း သိသွားတာဘဲ။

အဲဒီလို နိရောဓကို သိသွားတော့ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ဆင်းရဲအစစ်လို့လဲ သိနိုင်ပါတယ်၊ သမုဒယကို ပယ်ခြင်းကိစ္စလဲ ပြီးသွားတယ်၊ မဂ္ဂကို မိမိသန္တာန်၌ ဖြစ်ပွါးစေခြင်းကိစ္စလဲ ပြီးသွားတယ်၊ အဲဒီလို ကိစ္စပြီးသွားတာကိုပဲ "တီသု ကိစ္စတော- (ဒုက္ခ သမုဒယ မဂ္ဂ-ဟူသော) သစ္စာ သုံးပါးတို့၌၊ ကိစ္စတော-ကိစ္စပြီးသောအားဖြင့် သိတယ်၊ နိရောဓေ-နိရောဓသစ္စာ၌၊ အာရမ္မဏ ပဋိဝေဓေ-အာရုံပြုသောအားဖြင့် သိတယ်"လို့အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။

အဲဒီလို နိရောဓ ခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့ အာရုံပြုသိခြင်းဖြင့် ဒုက္ခသစ္စာ, သမုဒယ သစ္စာ, မဂ္ဂသစ္စာ ဆိုတဲ့ သစ္စာ သုံးပါးတို့၌ ပရိညာပဋိဝေဓ-ပိုင်းခြားသိခြင်းကိစ္စ၊ ပဟာန ပဋိဝေဓ-ပယ်သောအားဖြင့် သိခြင်းကိစ္စ (ပယ်တာကိုပင် သိတယ်လို့ဆိုတယ်) ဘာဝနာပဋိဝေဓ-မိမိသန္တာန် ၌ ဖြစ်ပွါးစေသောအားဖြင့် သိခြင်း ကိစ္စတို့ကို ပြီးစေတာဟာ "ယထာတထိယံ-ကေန်စင်စစ် အမှန်ဖြစ်သော၊ ဓမ္မံ-သစ္စာလေးပါးတရားကို၊ ဝိဒိတွာ-သိပြီး၍ တည်တယ်" လို့ဆိုတဲ့ ဒိဒေသနာတော်နှင့် အညီ သိခြင်းပါဘဲ။

အဲဒီလို သိတာကလဲ အရိယမဂ်တပါး နှစ်ပါး သုံးပါးဖြင့် သိရုံနဲ့တော့ မပြီးသေးဘူး၊ အရဟတ္တမဂ်တိုင်အောင် အရိယ မဂ်၄-ပါးလုံးဖြင့် သိပါမှ ပြီးစီးတယ်၊ အဲဒီလို သိပုံကို ရည်ပြီး တော့ "ယထာတထိယံ—ကေန်စစ်စစ် အမှန်ဖြစ်သော၊ ဓမ္မံ – သစ္စာလေးပါး တရားကို၊ ဝိဒိတွာ=သိပြီး၍ တည်သည်" လို့ မိန့်ဆိုထားတာပါဘဲ။ အဲဒါကို "သစ္စာလေးတန်၊ တရားမှန်၊ ကေန်သိပြီး ဖြစ်ရမည်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

သစ္စာလေးတန်၊ တရားမှန်၊ ကေန်သိပြီးဖြစ်ရမည်။

နောက်ဆုံးအပိုဒ်ကတော့ ရှေးဂါထာများ အတိုင်းပါဘဲ၊ သော-ထိုသို့သော ရဟန်းသည်၊ လောကေ-လောက၌ သမ္မာ-တစုံတခုနှင့်မှ မငြိကပ်မတွယ်တာမူ၍ ကောင်းမွန်စွာ ပရိဗ္ဗဇေယျ–ကျင့်သုံး နေနိုင်ပါသည်တဲ့။ အဲဒီ အပုဒ်အ‌ေ ဆောင်ပုဒ်ကလည်း ရှေ့နည်းတူပါဘဲ၊ ဆိုကြရမယ်။

သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်း စွာနေနိုင်သည်။

သူတပါးအား ဆင်းရဲစေမည့် ညှဉ်းဆဲမှု မရှိပဲ မိမိနှင့် လျော်တာကို ပြုလုပ်ကြ၍ သစ္စာလေးတန် တရားမှန်ကို သိ‌ေ အောင် တိုးတက်ကျင့်သုံး အားထုတ်ကြသဖြင့် ဆင်းရဲ ခပ်သိမ်း ငြိမ်းရာနိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် ၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု　　သာဓု　　သာဓု။

သမ္မာပရိဗ္ဗာဇနီယ သုတ်တရားတော် နဝမပိုင်းပြီး၏။

## သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်

### ဒသမပိုင်း

ဒီကနေ့ ပြာသိုလပြည့်နေ့ ဖြစ်တယ်၊ သမ္မာ ပရိဗ္ဗာဇနီယ သုတ်က ၁၁-ခုမြောက် ဂါထာကိုဟောရမယ်။

---

### အဖြေ ဒသမဂါထာ

၁၁။ ယဿာ နုသယာ န သန္တိ ကေစိ၊
မူလာ စ အကုသလာ သမူဟာသေ။
သော နိရာသော-အနာသိသာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ယဿ ဘိက္ခုနော–အကြင် ရဟန်းအား၊ ကေစိ အနုသယာ–အချို့ အနုသယတို့သည်၊ န သန္တိ–မရှိတော့ကုန်။

### အနုသယ အစိပ္ပါယ်

အနုသယ ကိလေသာဆိုတာ ကိန်းတဲ့ ကိလေသာလို့ မြန်မာပြန်ကြတယ်၊ ကိန်းတယ်ဆိုတာကလဲ အကြောင်း ညီညွတ်တဲ့အခါ ဖြစ်နိုင်တာကို ဆိုတာပါဘဲ၊ သန္တာန်မှာ ကိန်းတဲ့ သန္တာနာနုသယက တမျိုး၊ အာရုံမှာ ကိန်းတဲ့ အာရမ္မဏာနုသယက တမျိုး–ဒီလို ၂-မျိုး ရှိတယ်၊ ပုဂ္ဂိုလ်၏ သန္တာန်မှာ အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်တဲ့ ကိလေသာ ကို အဲဒီ သန္တာန်မှာ ကိန်းနေတယ်လို့ ဆိုရတယ်၊ ဒါပေမဲ့

ပုဂ္ဂိုလ်၏ သန္တာန် ဘယ်အစိတ်အပိုင်းထဲမှာ တည်ရှိနေတယ် လို့တော့ မဆိုရပါဘူး၊ ဖြစ်နိုင်တာကိုသာ ဆိုပါတယ်၊ အာရုံမှာ ကိန်းတယ် ဆိုတာကလဲ မြင်ရ, ကြားရ, တွေ့ရ, သိရတဲ့ အာရုံမှာ ပြန်လည်စဉ်းစားပြီး ဖြစ်နိုင်တဲ့ ကိလေသာကို အဲဒီ အာရုံမှာ ကိန်းတယ်လို့ ဆိုရတာပါဘဲ၊ အဲဒီ အာရုံထဲမှာ ဝပ်ပြီး တည်နေတာတော့ မဟုတ်ပါဘူး၊ အဲဒီ သိပြီးသား အာရုံကို ဆင်ခြင်မိတဲ့အခါ ဖြစ်နိုင်လို့ ကိန်းတယ် ဆိုရတာ ပါဘဲ၊ ဖြစ်တဲ့အခါကျတော့ ပုဂ္ဂိုလ်၏ သန္တာန်မှာ ဖြစ်တာ ပါဘဲ။

အနုသယဆိုတာ ဒေသနာ ဝေါဟာရအားဖြင့် (၇)ပါး ရှိတယ်၊ (၁) ကာမရာဂ၊ (၂) ဘဝရာဂ၊ (၃) ပဋိဃ၊ (ဒါက ဒေါသပါဘဲ) (၄) မာန၊ (၅) ဒိဋ္ဌိ၊ (၆) ဝိစိကိစ္ဆာ၊ (၇) အဝိဇ္ဇာ=ဒီ (၇)ပါးပါဘဲ။ တရားကိုယ်အားဖြင့်တော့ ကာမရာဂနဲ့ ဘဝရာဂဆိုတာက လောဘချည်း ဖြစ်တဲ့အတွက် လောဘ, ဒေါသ, မောဟဆိုတဲ့ မူလကိလေသာက သုံးပါး၊ မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာဆိုတာက သုံးပါး=ဒီ (၆)ပါးပါဘဲ။

ပုထုဇဉ်၏ သန္တာန်မှာဆိုယင် ဒီအနုသယ (၇)ပါး (၆)ပါးဟာ အကုန်လုံး ဖြစ်နိုင်တာချည်းဘဲ၊ ဒါကြောင့် ပုထုဇဉ်သန္တာန်မှာ အဲဒီ အနုသယကိလေသာတွေ အကုန်လုံး ကိန်းနေတယ်လို့ ဆိုရတယ်။ သောတာပန်မှာတော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာက ကင်းသွားပြီ၊ ဒါကြောင့် ကျန်တဲ့ ငါးပါး–လေးပါးဘဲ ရှိတော့တယ်။ အနာဂါမ်မှာတော့ ကာမရာဂနဲ့ ဗျာပါဒခေါ်တဲ့ ပဋိဃလဲ ကင်းသွားပြီ၊ ဒါကြောင့် ကျန်တဲ့ ဘဝရာဂ၊ မာန၊ အဝိဇ္ဇာဆိုတဲ့ ဒီသုံးပါးသာ ရှိတော့တယ်။

ရဟန္တာမှာတော့ အဲဒီ ကျန်တဲ့သုံးပါးလဲ ကင်းသွားတယ်၊ အနုသယ ကိလေသာတွေ အကုန်လုံး ကင်းငြိမ်းသွားတာပါဘဲ။

## အာရုံ၌ ကိလေသာကိန်းပုံ

အာရမ္မဏာနုသယ ကိန်းပုံကတော့–မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်းပေါ်လာတဲ့ရုပ်နာမ် အာရုံတွေကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် အမှန်အတိုင်း မသိယင် အဲဒီ မသိရတဲ့ ရုပ်နာမ်အာရုံတွေမှာ ဒီကိလေသာတွေက ပြန်လည် ဆင်ခြင်သောအားဖြင့် ဖြစ်နိုင်တာဘဲ၊ ဝိပဿနာရှုမှတ်ခြင်း မရှိတဲ့ ပုဂ္ဂိုလ်တွေမှာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ရှားသိရတဲ့ အဲဒီ အာရုံတွေမှာ ဒီ ကိလေသာတွေ အကုန်လုံး ဖြစ်နိုင်တာဘဲ၊ မြဲတယ်လို့ စွဲလမ်းပြီးတော့လဲ ဖြစ်နိုင်တယ်၊ ချမ်းသာတယ်၊ ကောင်းတယ်လို့ စွဲလမ်းပြီးတော့လဲ ဖြစ်နိုင်တယ်၊ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ စွဲလမ်းပြီးတော့လဲ ဖြစ်နိုင်တယ်။

## အာရမ္မဏာနုသယ ကိလေသာကို ပယ်ပုံ

မြင်ဆဲ ကြားဆဲ စသည်မှာ မပြက်ရှုနေတဲ့ ယောဂီမှာတော့ သမာဓိဉာဏ် အားရှိနေယင် ရှုတိုင်းရှုတိုင်း ပေါ်လာသမျှ ရုပ်နာမ်အာရုံတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ သိသိသွားတယ်၊ အဲဒီလို သိတိုင်းသိတိုင်း သိရတဲ့အာရုံကိုမြဲတဲ့အနေအားဖြင့်လဲ မစွဲလမ်းဘူး၊ ချမ်းသာတဲ့ အနေ ကောင်းတဲ့ အနေအားဖြင့်လဲ မစွဲလမ်းဘူး၊ ပုဂ္ဂိုလ်သတ္တဝါ အနေအားဖြင့်လဲ မစွဲ

လမ်းဘူး။ ဒါကြောင့် အဲဒီ ရှုမိတဲ့ အာရုံကို ပြန်လည်ဆင်ခြင်ပြီး မြဲဘဲ့အနေ ချမ်းသာတဲ့အနေ ပုဂ္ဂိုလ်အနေအားဖြင့် ဘယ်ကိလေသာမှ မဖြစ်နိုင်ဘူး၊ အဲဒီလို မဖြစ်နိုင်တဲ့အတွက် ရှုမှတ်ပြီး အမှန်အတိုင်း သိရတဲ့ အာရုံမှာ ဘယ်ကိလေသာမှ မကိန်းဘူးလို့ ဆိုရတယ်၊ အဲဒါဟာ ဝိပဿနာဖြင့် အာရမ္မဏာနုသယ ကိလေသာကို ပယ်တာပါဘဲ။

## မရှုမိလို့ မသိရာ၌ ကိလေသာကိန်းပုံ

မရှုမမှတ်နိုင်လို့ အမှန်အတိုင်း မသိယင်တော့ "ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထ သတ္တာနံ ရာဂါနုသယော အနုသေတိ"လို့ ဟောတော်မူတဲ့အတိုင်း ပိယရူပ် သာတရူပ် ခေါ်တဲ့ ချစ်ဖွယ် သာယာဖွယ် ဣဋ္ဌာရုံမှာ ရာဂ အနုသယကိန်းတယ်။ ("ယံ လောကေ အပ္ပိယ ရူပံ၊ အသာတရူပံ ဧတ္ထ သတ္တာနံ ပဋိဃာနုသယော အနုသေတိ")လို့ ဟောတော်မူတဲ့အတိုင်း မုန်းဖွယ် မသာယာဖွယ်ဖြစ်တဲ့ အနိဋ္ဌာရုံမှာ ပဋိဃခေါ်တဲ့ ဒေါသ အနုသယကိန်းတယ်၊ နောက်ပြီးတော့ "ဣတိ ဣမေသု ဒွီသု ဓမ္မေသု အဝိဇ္ဇာ အနုပတိတာ တဒေကဋ္ဌော မာနော စ ဒိဋ္ဌိ စ ဝိစိကိစ္ဆာ စ ဒဋ္ဌဗ္ဗာ"-လို့ ဟောတော်မူတဲ့အတိုင်း အဲဒီ ဣဋ္ဌာရုံ အနိဋ္ဌာရုံ ၂-ပါးမှာပင် အဝိဇ္ဇာ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ အနုသယတွေလဲ ကိန်းတယ်၊ အဲဒါဟာ မရှုမိတဲ့အာရုံမှာ အနုသယကိလေသာတွေ ကိန်းပုံဘဲ။

## ရဟန္တာမှာ အနုသယကင်းပုံ

ယခု ဒီဂါထာမှာပြထားတဲ့ ရဟန်း၏ သန္တာန်မှာတော့ ကေစိ အနုသယာ-အချို့ အနုသယတွေ မရှိတော့ဘူးတဲ့။

အနုသယတွေ အကုန်လုံးကင်းရမှာ မဟုတ်လားလို့ မေးစရာ ရှိတယ်၊ ဟုတ်ပါတယ်၊ အကုန်လုံး ကင်းတာပါဘဲ၊ ဒါပေမဲ့ နောက်တပိုဒ်က မူလာ စ အကုသလာ သမူဟတာသေ-လို့ ဟောထားတဲ့အတွက် အဲဒီ အကုသိုလ်မူလခေါ်တဲ့ လောဘ ဒေါသ မောဟတွေကို ချန်ထားပြီး ဒီအပိုဒ်မှာ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ အချို့အနုသယကိုသာ ဒီအပိုဒ်မှာ ယူရမယ်လို့ ရှေးနိဿယဆရာတို့က ဆိုကြပါတယ်။ အဲဒီလို ယူပုံဟာ ဂေါ-ဗလီဗဒ္ဒနည်းအရပါဘဲတဲ့။ ဂေါ–ဆိုတဲ့ အမည်ဖြင့် နွားဟူသမျှ ကို အကုန်လုံးယူနိုင်ပေမဲ့ ဗလီဗဒ္ဒဆိုတဲ့အမည်ဖြင့် ဝန်ဆောင် နွားများကို ယူနိုင်အောင် ဂေါ–အရဖြင့် အဲဒီဝန်ဆောင် နွားများကို ချန်ထားရသလိုပါဘဲတဲ့။

ဘုန်းကြီးသဘောကျတဲ့ အနက်ကတော့ ကေစိ–ကို ကိဉ္စိ ကောစိ-တို့လိုပင် တစုံတခုတို့မျှ မရှိတော့ဘူးဆိုတဲ့ အနက်ကို သဘောကျပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီသုတ်မှာ ရှေ့ နားက ဆိုခဲ့ပြီး အနက်ကိုလဲ ဝေါဟာရအထူးဖြင့် ထပ်ကာ ထပ်ကာ ဟောထားတဲ့အတွက် အနုသယတွေ တစုံတခုမျှ မရှိတော့ဘူးလို့ ဆိုပြီးဖြစ်ပေမဲ့ အကုသိုလ်မူလဆိုတဲ့ ဝေါဟာရ အထူးဖြင့် ထပ်ပြီးဟောတော်မူတယ်၊ အဲဒီလိုဟောပြီးဖြစ်တဲ့ လောဘကိုပင် တတိယအပိုဒ်ကျတော့ အနာသိသာနော စသည်ဖြင့်လဲ ဟောတော်မူဘယ်၊ ဒါကြောင့် ဒီပဌမအပိုဒ် မှာ အနုသယတွေ အကုန်မရှိကြောင်း ပြတော်မူတယ်လို့ ဆိုချင်ပါတယ်၊ အဲဒီယူဆချက်အရ အနက်ကတော့—

ယသ္မာ ဘိက္ခုနော- အကြင်ရဟန်း၏ သန္တာန်၌၊ အနု- သယာ- ဖြစ်နိုင်ခွင့်ရှိသော အနုသယ ကိလေသာတို့သည်၊ ကေစိ-အချို့ဟုဆိုအပ်သော တစုံတခု တစိတ်တပိုင်းတို့မျှ သော်လည်း၊ န သန္တိ-မရှိကြကုန်-တဲ့။ ဒီစကားရပ်ဖြင့် ဖြစ်ခွင့် ရှိတဲ့ အနုသယကိလေသာတွေဟာ တစိတ်တပိုင်း တစွန်းတစ မျှတောင် မရှိတော့ဘူး၊ အကုန်လုံး ကင်းသွားပြီလို့ အနက် ရပါတယ်။ အဲဒါကို "ဖြစ်ခွင့်ရှိက၊ နုသယ၊ လုံး၀ ထိုဟာ မရှိပြီ" လို့ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၁။ ဖြစ်ခွင့်ရှိက၊ နုသယ၊ လုံး၀ ထိုဟာ မရှိပြီ။

ဖြစ်ခွင့်ရှိတဲ့ ကိလေသာ = အကြောင်း ညီညွတ်တဲ့ အခါ ဖြစ်နိုင်တဲ့ ကိလေသာကို အနုသယ – ကိန်းတဲ့ ကိလေသာ ခေါ်တယ်၊ အဲဒီ အနုသယ ကိလေသာတွေဟာ ရဟန္တာ ရဟန်းမှာ လုံး၀မရှိတော့ဘူးလို့ ဆိုလိုပါတယ်။ အနုသယတွေ အကုန် လုံး၀ကင်းယင် အခြား ကိလေသာတွေလဲ အကုန် ကင်းတော့ဘာဘဲ၊ ဒီလိုဆိုယင် အကုသိုလ်မူလ ကင်းကြောင်း စသည်ကို ဟောဘို့ မလိုတော့ဘူး မဟုတ်လားလို့ မေးစရာ ရှိပါတယ်။ အဖြေကတော့–အကုသိုလ် မူလတွေကိုလဲ ပယ် တယ်လို့ ဟောမှ သဘောပေါက် နားလည်မည့် နတ် ဗြဟ္မာ တွေအတွက် ထပ်ဟောဘို့လဲ လိုပါသေးတယ်။ ဒါကြောင့်–

## ရဟန္တာမှာ အကုသိုလ်မူလ ကင်းပုံ

အကုသလာ မူလာ စ – အကုသိုလ်မူလ
အမြစ် အရင်းတို့ကိုလည်း၊ သမူဟတာ –
အကြွင်းမဲ့ နှုတ်ပယ်အပ်ကုန်ပြီ။

(သမူ့ဟတာသေ-ဆိုတဲ့ ပါဠိမှာ သေ-အက္ခရာကိုတော့ နိပါတ်လို့လဲ ဆိုတယ်၊ အာဂုမ်လို့လဲ ဆိုတယ်၊ ပဋ္ဌမာ ဗဟုဝုစ် အဆုံးရှိတဲ့ ပုဒ်နောက်မှာ ရှိတတ်ပါတယ်၊ ဂါထာမှာ ဆန်း ဂိုဏ်းအတွက် အက္ခရာလိုနေတဲ့အခါ ဖြည့်စွက်ထားတဲ့သဘော ပါဘဲ။)

အကုသိုလ်မူလတွေဆိုဘာ လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ်ဟိတ် ၃-ပါးပါဘဲ၊ ဟေတု- ဟိတ်- အကြောင်း ဆိုတာနဲ့ မူလ-အရင်းအမြစ် ဆိုတာဟာ သဘောအားဖြင့် အတူတူပါဘဲ၊ သစ်ပင်များဟာ အမြစ်အရင်းကို မှီပြီး ဖြစ် ပွါးရ စည်ပင်ရသလိုပင် အကုသိုလ်တရားတွေကလဲ လောဘ, ဒေါသ, မောဟဆိုတဲ့ အမြစ်အရင်းသုံးပါးကို မှီပြီး ကြီးပွါး စည်ပင်ရတယ်၊လိုချင်နှစ်သက်တဲ့ လောဘ အားကောင်းယင် သူ့အားကောင်း သလောက် လိုချင်နှစ်သက်မှု ဆိုင်ရာ အကုသိုလ်တရားတွေ ထက်သန်တယ်, ကြီးပွါးတယ်, စည်ပင် တယ်။ ဒေါသ အားကောင်းယင် သူ့အားကောင်းသလောက် ဒေါသဆိုင်ရာ စိတ်ဆိုးမှု, ပြစ်မှားမှု, ရန်ငြိုးထားမှု စသော အကုသိုလ်တွေ ထက်သန်တယ်, ကြီးပွါးတယ်, စည်ပင်တယ်။ မောဟ အားကောင်းယင် လောဘရော, ဒေါသရော, အကုသိုလ် ဟူသမျှတွေ ထက်သန်တယ်, ကြီးပွါးတယ်,စည်ပင် တယ်၊ လောဘ, ဒေါသ မပါပဲ ယုံမှားမှု စိတ်ပျံ့လွင့်မှုတွေလဲ မောဟ အားကောင်းသလောက် သန်စွမ်း ကြီးပွါး စည်ပင် တာဘဲ။ အကုသိုလ်တရားတို့၏ အမြစ်အရင်းဖြစ်တဲ့ အဲဒီ လောဘ, ဒေါသ, မောဟတွေကိုလဲ ပယ်ပြီးပါပြီတဲ့။နောက် ပြီးတော့-

## ရဟန္တာမှာ အာသာနှင့် အာသီသလဲ ကင်းပုံ

**သော**–အနုသယနှင့် အကုသိုလ် အမြစ် အရင်းတို့ကို အကြွင်းမဲ့ ပယ်ပြီးသော ထို ရဟန်းသည်၊ နိရာသော – နိအာသော – လိုချင်မှု အာသာကင်းသည်ဖြစ်၍၊ **အာသာ** ဆိုတာက လိုချင်ခြင်းဘဲ၊ နိ – ဆိုတာက မရှိဘူးကင်းတယ်တဲ့၊ ဒါကြောင့် **နိရာသော**– လိုချင်ခြင်း **အာသာကင်းသ**ည်ဖြစ်၍၊ အနာ-သိသာနော–န အာသိသာနော–တောင့်တမှု အာသီသလဲ မရှိတော့ပြီ–တဲ့။

အကုသိုလ် အမြစ်အရင်းသုံးပါးထဲက လောဘ အမြစ် အရင်း ကင်းသွားယင် လိုချင်ခြင်း ဆိုတာလဲ ကင်းတော့ တာဘဲ၊ တောင့်တခြင်းဆိုတာလဲ မရှိတော့ဘူး၊ဘာကြောင့်လဲ ဆိုယင် လိုချင်တယ် တောင့်တတယ် ဆိုတာ တရားကိုယ်အရ အားဖြင့် လောဘပင် ဖြစ်သောကြောင့်ပါဘဲ။ အဲဒီတော့ အကုသိုလ် အမြစ်အရင်းကို ပယ်ပြီးပြီ ဆိုတာနဲ့ လိုချင်ခြင်း, တောင့်တခြင်းလဲ ကင်းသွားပြီဆိုတာ သိနားလည်နိုင်ပါ တယ်၊ ဒါပေမဲ့ လိုချင်ခြင်းအာသာလဲ ကင်းသွားပြီ၊ တောင့် တခြင်း အာသီသလဲ မရှိတော့ဘူးလို့ ဒီလို တိုက်ရိုက် ဖော် ပြပြီ ဟောမှ နားလည်ကြမည့် နတ် ဗြဟ္မာတွေ အတွက် နိရာသော–လိုချင်ခြင်း အာသာကင်းသည်ဖြစ်၍၊ အနာသိ-သာနော – တောင့်တခြင်း အာသီသလဲ မရှိတော့ပြီ လို့ ထပ်ပြီး ဟောတော်မူတာပါဘဲ။ အဲဒါကို “အကု–မြစ်ရင်း၊

နှုတ်ပယ်ရှင်း၊ လိုခြင်း, တောင့်တ မရှိပြီ”လို့ ဆောင်ပုဒ် စီထားဘယ်။ အဲဒါကို ဆိုကြရမယ်။

အကု–မြစ်ရှင်း၊ နှုတ်ပယ်ရှင်း၊ လိုခြင်း, တောင့်တ မရှိပြီ။

နောက်ဆုံးအပိုဒ်ကတော့ ရှေးဂါထာများနှင့် ထပ်တူပါဘဲ။ သော – ထိုသို့သော ရဟန်းသည်၊ လောကေ – လောက၌၊ သမ္မာ–တစုံတနေ့င့်မျှ ငြိတွယ်ခြင်း မရှိသည်ဖြစ်၍ ကောင်း မွန်စွာ၊ ပရိဗ္ဗဇေယျ – ကျင့်သုံး နေထိုင်နိုင်ပါသည် တဲ့။ ဆောင်ပုဒ်ကလဲ ဆိုနေကျအတိုင်းပါဘဲ၊ ဆိုကြရမယ်။

သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာ နေရသည်။

ယခု ဒီမှာ ယောဂီတွေ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ်ရှုမှတ်နေကြရတာဟာ ဒီဂါထာက “အနုသယ မရှိစေရလို့” ဆိုတဲ့အတိုင်း အာရမ္မဏာနုသယကို ပယ်နိုင် အောင် ရှုမှတ်နေကြရတာဘဲ၊ အဲဒီလို ရှုမှတ်လို့ ဝိပဿနာ ဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျတော့ အရိယမဂ်ဉာဏ် ဖြစ် ပေါ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ်၊ အဲဒီအခါ အရိယ မဂ်ဖြင့် သန္တာနာနုသယကို အမြစ်ပြတ် ပယ်သွားတယ်၊ အဲဒီလို ပယ်နိုင်အောင်လို့သဲ ရှုမှတ်နေကြရတာဘဲ၊ အရဟတ္တ မဂ်ရောက်တဲ့အခါကျတော့ အနုသယကိလေသာတွေ အကုန် ကင်းသွားတယ်၊ အဲဒီတော့ အကုသိုလ် မူလတွေရော လိုချင်မှု တောင့်တမှုတွေရော အကုန်ကင်းသွားတယ်၊ အဲဒီအဆင့်သို့ ရောက်ရအောင် ရှုမှတ် အားထုတ်နေကြရတာဘဲ။ အဲဒီအဆင့်

ရောက်သွားယင် ချမ်းသာကြည်လင်စွာ နေရပါတယ် တဲ့။ ကဲ တရားသိမ်းရမယ်။

ဤသမ္မာပရိဗ္ဗာဇနီယ ဂါထာ၌ ဟောထားသည့်အတိုင်း အနုသယကိလေသာတို့နှင့်တကွ အကုသိုလ်မှုလတရားတို့ကို ပယ်နိုင်အောင် ရှုမှတ် အားထုတ်နိုင်ကြသည်ဖြစ်၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု  သာဓု  သာဓု။

သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်
ဒသမပိုင်းပြီး၏။

# သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်

## ကောဓသမပိုင်း

ဒီကနေ့ ပြာသိုလဆုတ် ၈-ရက်နေ့ ဖြစ်တယ်၊ သမ္မာပရိဗ္ဗာဇနီယသုတ်က ၁၂-ခုမြောက် ဂါထာကို ဟောရမယ်။

---

### အဖြေ ကောဓသမဂါထာ

၁၂။ အာသဝခီဏော ပဟီနမာနော၊
သဗ္ဗံ ရာဂပထံ ဥပါတိဝတ္တော။
ဒန္တော ပရိနိဗ္ဗုတော ဌိတတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ယော ဘိက္ခု–အကြင် ရဟန်းသည်၊ အာသဝခီဏော–အာသဝေါ ခပ်သိမ်း ကုန်ငြိမ်းပြီးသည်၊ ပဟီနမာနော–မာန ၉-ပါးကို ပယ်ရှားပြီးသည်၊ သဗ္ဗံ–အလုံးစုံသော၊ ရာဂပထံ–တပ်မက်တရား ဖြစ်ပွါးဘို့ရာ လမ်းပမာတူလှသည့် သင်္ခါရတရားအပေါင်းကို၊ ဥပါတိဝတ္တော–ဉာဏ်ဖြင့် ချဉ်းကပ် ရှုမှတ်ပိုင်းခြားသိသောအားဖြင့် ကျော်လွှား လွန်မြောက်ပြီးသည်၊ အဿ–ဖြစ်ရာ၏ တဲ့။

### အာသဝေါတရား ပယ်ပုံ

အာသဝေါခပ်သိမ်း ကုန်ငြိမ်းပြီးလဲ ဖြစ်ရမယ်၊ မာန ၉-ပါးကို ပယ်ပြီးလဲ ဖြစ်ရမယ်၊ တပ်မက်မှု ရာဂဖြစ်ပွါးဘွယ်ရာ သင်္ခါရတရားအပေါင်းကိုလဲ ကျော်လွန်ပြီး ဖြစ်ရမယ် တဲ့။

အဲဒီမှာ ကုန်ငြိမ်းစေရမည့် အာသဝေါတရား ဆိုတာက ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ–လို့ ၄-မျိုး ရှိတယ်။ အာသဝဆိုတဲ့ ပါဠိက ယိုစီးတတ်တယ် ဖြစ်ပွါးတတ်တယ်လို့ အနက်ရှိတယ်၊ ဒါကြောင့် ကာမာသဝဆိုတာ ကာမဂုဏ် အာရုံတွေနဲ့စပ်ပြီးတော့ ယိုစီးတတ်ဖြစ်ပွါးတတ်တဲ့ တရားဘဲ၊ မျက်စိကလဲ ယိုစီးပြီး ဖြစ်ပွါးတတ်တယ်၊ နားက၊ နှာခေါင်းက၊ လျှာက၊ ကိုယ်က၊ စိတ်နှလုံးကလဲ ယိုစီးပြီး ဖြစ်ပွါးတတ်တယ်၊ အညစ်အကြေးတွေ ယိုစီးထွက်နေသလိုပင် မျက်စိက မြင်တိုင်း မြင်တိုင်း မြင်ရာ အဆင်းအာရုံဆီကို ယိုစီးထွက်နေတဲ့တရား၊ နားက ကြားတိုင်း ကြားရာ အသံဆီကို ယိုစီးထွက်နေတဲ့တရား၊ နှာခေါင်းက နံတိုင်း အနံ့ဆီကို ယိုစီးထွက်နေတဲ့တရား၊ လျှာက စားသိတိုင်း အရသာဆီကို ယိုစီးထွက်နေတဲ့တရား၊ ကိုယ်က တွေ့ထိတိုင်း အတွေ့အထိဆီကို ယိုစီးထွက်နေတဲ့တရား၊ စိတ်ကူး စဉ်းစား ကြံစည်တိုင်း စိတ်ကူးကြံစည်မိရာ အာရုံဆီကို ယိုစီးထွက်နေတဲ့ တရားတွေဘဲ။

အဲဒါဟာ အာသဝ–အာသဝေါဆိုတဲ့ ကိလေသာ တရားတွေဘဲ၊ ကာမအာရုံကို နှစ်သက်သာယာပြီး ယိုထွက်ယင် ကာမာသဝဘဲ၊ ဘဝကို သာယာပြီး ယိုထွက်ယင် ဘဝါသဝဘဲ၊ အလွဲအမှားကို အမှန်အနေဖြင့် ယူစွဲပြီး ယိုထွက်ယင် ဒိဋ္ဌာသဝဘဲ၊ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားတွေကို မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင်အနေဖြင့် အသိမှားပြီး ယိုထွက်တာက အဝိဇ္ဇာသဝဘဲ။ အဲဒီ အာသဝ ဆိုတဲ့ အာသဝေါတရားတွေ ကုန်ခန်းစေရမယ် တဲ့။ ကုန်ခန်းအောင်

ကျင့်ပုံ ကျင့်နည်းတွေကတော့ ခဏ ခဏ ပြောနေရ ကြား
နေရတာတွေမို့ ရိုးနေပါပြီ။ အကျဉ်းချုပ်အားဖြင့် သတိ
ပဋ္ဌာန်ဒေသနာတော်နှင့်အညီ မြင်တိုင်း ကြားတိုင်း နံတိုင်း
စားသိတိုင်း ကြံသိတိုင်း ရှုမှတ်ပြီး အဲဒီ အာသဝတွေကို ပယ်
နေရတယ်၊ အဲဒီလို ရှုမှတ်လို့ ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံ
တဲ့အခါမှာ အရိယမဂ်ဉာဏ်ရောက်တယ်၊ သောတာပတ္တိ
မဂ်ဉာဏ်ရောက်ယင် ကာမာသဝထဲက အပါယ်လေးပါး ကျ
စေနိုင်တဲ့ အကြမ်းဆုံး ကာမာသဝတွေ ကင်းသွားတယ်၊
ကာမေသုမိစ္ဆာစာရ အဒိန္နာဒါန် မုသာဝါဒ သုရာမေရယ
စသည်ဆိုင်ရာ ကာမာသဝတွေ ကင်းသွားတာပါဘဲ။ မိစ္ဆာ
ဒိဋ္ဌိ ဆိုတဲ့ ဒိဋ္ဌာသဝလဲ ကင်းသွားတယ်။ အဝိဇ္ဇာသဝထဲက
အပါယ်ကျစေနိုင်တဲ့ မောဟ အကြမ်းစားလဲ ကင်းသွားတယ်။

သကဒါဂါမိမဂ်ရောက်ယင် ကြမ်းတမ်းတဲ့ ကာမရာဂ
ဆိုတဲ့ ကာမာသဝလဲ ကင်းသွားတယ်။ အနာဂါမိမဂ်ရောက်
ယင်တော့ ကာမရာဂဆိုတဲ့ ကာမာသဝတွေ အကုန်လုံး
ကင်းသွားတယ်။ ဒါပေမဲ့ ဘဝရာဂ ဆိုတဲ့ ဘဝါသဝ ကတော့
ရှိနေသေးတယ်၊ ဒါကြောင့် အနာဂါမ်က ဘဝကိုတော့
သာယာနေသေးတာဘဲ၊ ကာမဘဝကိုတော့ မနှစ်သက်ပါ
ဘူး၊ ဒါပေမဲ့ ရူပဘဝ အရူပဘဝကို သာယာမှုကတော့
ရှိနေသေးတာဘဲ။ ဒါကြောင့် အနာဂါမ်ပုဂ္ဂိုလ်ဟာ လူ့ဘဝ
နတ်ဘဝမှ စုတေတဲ့အခါ ရူပဗြဟ္မာ့ဘုံ အရူပဗြဟ္မာ့ဘုံများမှာ
ဖြစ်နေတယ်၊ အဲဒီ ဖြစ်ရာဘဝကို သာယာနှစ်သက်နေသေး
တာဘဲ။ အရဟတ္တမဂ် ရောက်တဲ့အခါကျတော့ အဲဒီ ဘဝါသဝ
လဲ ကင်းသွားတယ်။ အဝိဇ္ဇာသဝ ဆိုတဲ့ မောဟလဲ အကုန်

ကင်းသွားတယ်၊ အခြား ကိလေသာတွေလဲ အကုန် ကင်းသွားတယ်၊ ကင်းသွားတယ်ဆိုတာ လုံးဝ မဖြစ်နိုင်တာကို ဆိုတာပါဘဲ၊ အဲဒါကို ကုန်ခန်းသွားတယ်လို့လဲ ဆိုရတယ်။ ဒါကြောင့်—

## အာသဝေါကင်းလျှင် မာနလဲကင်းသည်

**အာသဝခီဏော**–အာသဝေါခပ်သိမ်း ကုန်ငြိမ်းပြီးလဲ ဖြစ်ရမယ် တဲ့။ အာသဝေါကုန်ယင် ခီဏာသဝ ဆိုတဲ့ ရဟန္တာ ဖြစ်တာဘဲ။ ရဟန္တာဖြစ်ယင် မာနကိုလဲ ပယ်ပြီး ဖြစ်သွားတာပါဘဲ၊ ဒါပေမဲ့ အဲဒီ မာနကင်းတယ်ဆိုတဲ့ ဂုဏ်နဲ့ ကြည်ညိုရအောင် ပဟီနမာနော–ပယ်ပြီးသော မာနရှိတယ်လို့လဲ ထပ်ပြီး ဟောထားပါတယ်။ အဲဒီမှာ ပယ်ပြီးသော မာနရှိတယ် ဆိုတာက ပါဠိနောက်လိုက်ပြီး ပြန်တဲ့အနက်ပဲ၊ ပယ်လဲ ပယ်ပြီးပြီ၊ အဲဒီမာနဟာ ရှိလဲ ရှိသေးတယ်လို့ အထင် မှားစရာဘဲ၊ ဒါကြောင့် ဒီလို အနက်ဝေါဟာရကို နားမလယ်လို့ မေးတာကိုလဲ ဘုန်းကြီးတို့က ဖြေရှင်းပေးရပါတယ်။ ဗမာလို အချောပြန်ယင်တော့ မာနကို ပယ်ပြီးပြီလို့ပဲ ပြန်ရပါတယ်။ အဲဒီ မာန က တရားကိုယ်အားဖြင့် အထင်ကြီးတာ ဘဝင်မြင့်တာ တပါးတည်းပါဘဲ၊ ဒါပေမဲ့ ကိုယ်က သူတပါးထက် မြတ်တယ်လို့ အထင်ကြီးတာက တပါး၊ သူတပါးနဲ့ တန်းတူဘဲလို့ အထင်ရောက်တာက တပါး၊ သူတပါးထက် ယုတ်ညံ့တယ်လို့ ထင်တာက တပါး၊ ဒီလို ၃-ပါးရှိတယ်။ အဲဒီ ၃-ပါးကလဲ အထက်တန်း ပုဂ္ဂိုလ်မှာ အထင်ကြီးတာက ၃-ပါး၊ အလတ်တန်း ပုဂ္ဂိုလ်မှာ အထင်ကြီးတာက ၃-ပါး၊ အောက်တန်း ပုဂ္ဂိုလ်မှာ အထင်ကြီးတာက ၃-ပါး–ဒီလို ၃-ပါး ၃–လီ ၉-

ပါးရှိတယ်၊ ဒါကြောင့် ပဟီနမာနော—မာန ၉-ပါးကို ပယ်ရှားပြီးသည် ဖြစ်ရမယ်လို့ အနက်ပြန်ထားပါတယ်။

## နိဝါတနှင့် ဟီနမာန်ခွဲပြချက်

အဲဒီ မာန ၉-ပါးထဲမှာ သူတပါးထက်သာတယ် သူတပါးနဲ့ တန်းတူပဲလို့ ထင်တာတွေကတော့ အထင်ကြီးတဲ့ မာန သဘော ထင်ရှားပါတယ်။ သူတပါးထက် အောက်ကျတယ် ယုတ်ညံ့တယ်လို့ ထင်တာက မာန ဟုတ်ပါ့မလား၊ မိမိကိုယ်ကို နှိမ်ချတဲ့ နိဝါတမင်္ဂလာ မဖြစ်ပေဘူးလားလို့ မေးစရာ ရှိတယ်။ သူတပါးကို ရိုသေလေးစားပြီး မိမိကိုယ်ကို နှိမ်ချတာကတော့ နိဝါတမင်္ဂလာပါဘဲ၊ ယခု ဒီမှာ အယုတ်အညံ့ အနေဖြင့် မာန်တက်တာကတော့ သူတပါးကို ရိုသေတာ မဟုတ်ပါဘူး၊ မြင့်မြတ်တဲ့ သူတပါးတွေနဲ့ ဂုဏ်ပြိုင်တဲ့သဘော ပါဘဲ။ ဘယ်လိုလဲ ဆိုတော့—ငါတို့က သာမန်ရဟန်းငယ်ဘဲ ဟိုမထေရ်ကြီးတွေလို မနေလဲ ရပါတယ် စသည်ဖြင့် ရဟန်းငယ်များမှာ ဖြစ်တတ်တဲ့ မာနမျိုးပါဘဲ၊ လူများထဲမှာလဲ ငါတို့က အောက်တန်းစားတွေဘဲ ဟိုအထက်တန်းစား အရာရှိကြီးတွေ သေဌေးကြီးတွေလို မဟုတ်ပဲ သင့်တော်သလို နေနိုင်ပါတယ် စသည်ဖြင့် အောက်တန်းစား လူများမှာ ဖြစ်တတ်တဲ့ မာနမျိုးဟာလဲ အယုတ်အညံ့ မာနပါဘဲ၊ အဲဒါကို ဟီန မာန်ခေါ်တယ်၊ တန်းတူဘဲလို့ ထင်တာကိုတော့ သဒိသမာန် ခေါ်တယ်၊ သူ့ထက်မြတ်တယ် သာတယ်လို့ ထင်တာကိုတော့ သေယျမာန်ခေါ်တယ်။

## ယာထာဝမာန်နှင့် အယာထာဝမာန်

အဲဒီ မာနတွေကလဲ အဟုတ် အမှန်အတိုင်း အထင်ရောက်တာကိုတော့ ယာထာဝမာန်ခေါ်တယ်၊ ဟုတ်မှန်တဲ့ ဂုဏ်နဲ့ အဆင်ကြီး ဘဝင်မြင့်တဲ့ သဘောပါဘဲ။ ကိုယ်က မတတ်ပဲ မသိပဲ မပြည့်စုံပဲနဲ့ တတ်တယ် သိတယ် ပြည့်စုံတယ်လို့ မဟုတ်ပဲ ဂုဏ်ယူပြီး မာန်တက်တာကိုတော့ အယာထာဝမာန်လို့ ခေါ်တယ်။ သောတာပတ္တိမဂ်ဖိုလ်ရောက်လို့ သောတာပန်ဖြစ်သွားယင် အဲဒီ အယာထာဝမာန်ကတော့ ကင်းသွားပါတယ်၊ ဒါပေမဲ့ ဟုတ်မှန်တဲ့ ဂုဏ်နဲ့ တက်ကြွတဲ့ ယာထာဝမာန်ကတော့ မကင်းသေးဘူး၊ ရှိနေသေးတာဘဲ။ ဒီ ယာထာဝမာန်က သကဒါဂါမ်မှာလဲ ရှိသေးတာဘဲ၊ အနာဂါမ်မှာလဲ ရှိသေးတာဘဲ။ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်တဲ့ အခါကျမှ ဒီမာနက အကုန်လုံးကင်းသွားတာ၊ ဒါကြောင့် မာန ၉-ပါးကိုပယ်ရှားပြီး ဖြစ်ရမယ် ဆိုတာလဲ ရဟန္တာဖြစ်အောင် ကျင့်ရမယ် ဆိုတာနဲ့ အတူတူပါဘဲ။ ဒီဂါထာမှာ အာသဝေါကုန်ပြီး ဖြစ်တယ် ဆိုတာလဲ ရဟန္တာ၏ ဂုဏ်ပုဒ်ပဲ၊ မာန ၉-ပါးပယ်ရှားပြီး ဖြစ်တယ် ဆိုတာလဲ ရဟန္တာ၏ ဂုဏ်ပုဒ်ပဲ၊ နောက် ၂-ပိုဒ်က ပုဒ်တွေလဲ ရဟန္တာ၏ ဂုဏ်ပုဒ်တွေပါဘဲ၊ ဒီတသုတ်လုံးမှာ ဟောထားတဲ့ ဂုဏ်ပုဒ်တွေဟာ အများအားဖြင့် ရဟန္တာ၏ ဂုဏ်ပုဒ်တွေချည်းပါဘဲ။

### ရာဂဖြစ်စရာတွေဆိုတာ ဘာတွေလဲ

နောက်တပိုဒ်မှာ "ရာဂပထ—ရာဂ၏ လမ်း" ဆိုတာ တပ်မက်မှု–ရာဂဖြစ်ဖွယ်သင်္ခါရ တရားတွေပါဘဲ၊ ဒါကြောင့်

ရာဂပထံ—တပ်မက်တရား ဖြစ်ပွါးဘို့ရာ လမ်းပမာတူလှသည့် သင်္ခါရတရား အပေါင်းကို—လို့ သရုပ်ပေါ်အောင် မြန်မာ ပြန်ထားပါတယ်။ အဲဒါတွေက ဘာတွေလဲ ဆိုယင်–စာပေ ကျမ်းဂန် ဝေါဟာရအားဖြင့် တေဘူမကသင်္ခါရတရားတွေ၊ ကာမ ရူပ, အရူပ ဆိုတဲ့ဘုံသုံးပါး၌ အတွင်းဝင်တဲ့ တရားတွေ ဘဲ၊ တနည်း ဥပါဒါနိတို့၏ အာရုံဖြစ်နိုင်တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါး တရားတွေဘဲ၊ တနည်း မဂ်ဖိုလ်နိဗ္ဗာန်မှ အလွတ်ဖြစ် တဲ့ လောကီ ရုပ်နာမ်တရားတွေဘဲ၊ တနည်း ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲ အစစ်အမှန် တရားတွေဘဲ၊ အများ သိလွယ်တဲ့ စကားနဲ့ ပြောရယင်တော့ ယခု မြင်တိုင်း ကြားတိုင်း တွေ့ တိုင်း ကြံသိတိုင်း ထင်ရှားတဲ့ မြင်မှု စသည်တွေပါဘဲ၊ အဲဒီ မြင်မှု စသည်တွေကို အကြောင်းပြုပြီးတော့ တပ်မက် သာယာနေကြတာဘဲ၊ ဒါကြောင့် အဲဒီ ရာဂဖြစ်ဖွယ် မြင်မှု စသောတရားတွေကို–ဥပါတိဝတ္တော–ချဉ်းကပ်ပြီး ကျော် လွန်သွားရမယ်လို့ ဟောထားတာပါဘဲ။

## ချဉ်းကပ်ပြီး ကျော်လွန်ပုံ

အဲဒီ **ဥပါတိဝတ္တော** ဆိုတဲ့ ပုဒ်မှာ ဥပ–၏ **အနက်က** ချဉ်းကပ်သည် တဲ့၊ အတိဝတ္တော–က ကျော်လွန်သည် တဲ့။ ဘယ်လို ချဉ်းကပ်ရမှာလဲ ဆိုတော့ သတိ သမာဓိ ဉာဏ်ဖြင့် ရှုသိလျက် ချဉ်းကပ်ရမှာပါဘဲ၊ ဒါကြောင့် "ဥပါတိဝတ္တော –ဉာဏ်ဖြင့် ချဉ်းကပ် ရှုမှတ် ပိုင်းခြား သိသောအားဖြင့် ကျော်လွား လွန်မြောက်ပြီးသည်၊ အဿ–ဖြစ်ရာ၏"–လို့ မြန်မာပြန်ထားပါတယ်၊ ယခု ဒီက ယောဂီတွေ မြင်တိုင်း ကြားတိုင်း စသည်မှာ မပြတ် ရှုမှတ်ပြီး သိသိ နေတာဟာ

အဲဒီ ကျော်လွှန်သင့်တဲ့ သင်္ခါရ ရုပ်နာမ် ဒုက္ခသစ္စာတရားတွေကို အသိဉာဏ်ဖြင့် ချဉ်းကပ်နေတာပါဘဲ၊ ဉာဏ်ဖြင့် ကပ်တယ် ဆိုတော့ အခြေခံဖြစ်တဲ့ သတိနဲ့ သမာဓိဖြင့်လဲ ချဉ်းကပ်နေတာပါဘဲ။ အဲဒီလို ရှုမှတ်လို့ သမာဓိ ဉာဏ်အားကောင်းတဲ့အခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရုပ်နဲ့ နာမ်ကိုလဲ ပိုင်းခြားသိတယ်၊ အကြောင်းနဲ့ အကျိုးကိုလဲ ပိုင်းခြားသိတယ်၊ အဖြစ်အပျက် မမြဲတဲ့ အခြင်းအရာစသည်ဖြင့်လဲ ပိုင်းခြားသိတယ်၊ မမြဲဘူးလို့ သိတိုင်း သိတိုင်း မြဲတဲ့အနေဖြင့် တပ်မက်မှု ဖြစ်ခွင့်မရှိတော့တဲ့အတွက် အဲဒီသိရတဲ့သင်္ခါရတရားတွေကို တဒင်္ဂပဟာန်အရအားဖြင့် ကျော်လွှန်သွားတာဘဲ၊ ဆင်းရဲပဲ အတ္တမဟုတ်တဲ့သဘောတရားမျှပဲလို့ သိတိုင်း သိတိုင်းလဲ ကျော်လွှန်သွားတာဘဲ။

အဲဒီလို ရှုမှတ်မှု ဝိပဿနာဖြင့် ကျော်လွှန်ခဲ့ပြီးတဲ့နောက် အရိယမဂ်ဉာဏ်များ ဖြစ်ပေါ်လာတယ်၊ အဲဒီအခါ သောတာပတ္တိမဂ်ဉာဏ်ဖြင့် အပါယ်လားကြောင်း တပ်မက်ဖွယ်တွေကို ကျော်လွှန်သွားတယ်၊ အနာဂါမိမဂ်ဉာဏ်ဖြင့် တပ်မက်ဖွယ် ကာမဂုဏ် သင်္ခါရတွေကို ကျော်လွှန်သွားတယ်၊ အရဟတ္တမဂ် ရောက်တဲ့အခါကျတော့ တပ်မက်ဖွယ်ဟူသမျှတွေကို အကုန်လုံး ကျော်လွှန်သွားတယ်၊ အဲဒီလို ကျော်လွှန်ပြီး ဖြစ်ရပါတဲ့။ အဲဒီ ပဌမ ၂-ပိုဒ်ကို "အာသဝေါ ကုန်ရှင်း၊ မာနကင်း၊ တပ်ခြင်းလမ်းကို ကျော်လွှန်ပြီ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၂။ အာသဝေါကုန်ရှင်း၊ မာနကင်း၊ တပ်ခြင်းလမ်း
ကို ကျော်လွှန်ပြီ။

အာသဝေါကုန်ခန်း ကင်းရှင်းရမယ်၊ မာနလဲ ပယ်ပြီးဖြစ်၍ ကင်းရမယ်၊ တပ်မက်ခြင်း၏လမ်းပမာ တပ်မက်ဖွယ်ရာ သင်္ခါရတွေကိုလဲ ကျော်လွန်ပြီး ဖြစ်ရမယ်လို့ ဆိုလိုပါတယ်။ အဲဒီကနောက် တတိယအပိုဒ်ကတော့– "ဒန္တော–ယဉ်ကျေးပြီးသည်၊ ပရိနိဗ္ဗုတော–ကိလေသာ ခပ်သိမ်း ကုန်ငြိမ်းပြီးသည်၊ ဌိတတ္တော–တည်တံ့သော စိတ်ရှိသည်၊ အသ–ဖြစ်ရာ၏" တဲ့။

## ရိုင်းစိုင်းမှုတွေပယ်ပြီး ယဉ်ကျေးရမည်

ယဉ်ကျေးပြီး ဖြစ်ရမယ် ဆိုတာဟာ မယဉ်ကျေးတဲ့ ကိလေသာ အရိုင်းအစိုင်းတွေ ကင်းပြီးဖြစ်ရမယ်လို့ ဆိုလိုတာပါဘဲ၊ ရိုင်းစိုင်းမှု ကင်းယင် ယဉ်ကျေးတာပါဘဲ၊ ကိုယ်ဖြင့် နှုတ်ဖြင့် ရိုင်းစိုင်းတဲ့ ဝီတိက္ကမ ကိလေသာတွေကို သီလဖြင့် ပယ်ရတယ်၊ ကာမဝိတက်စသော စိတ်ဖြင့် မယဉ်ကျေးတဲ့ ပရိယုဋ္ဌာန်ကိလေသာတွေကို သမာဓိဖြင့် ပယ်ရတယ်၊ ရိုင်းစိုင်းမှု ဖြစ်နိုင်သေးတယ်လို့ ဆိုရတဲ့ အနုသယ ကိလေသာတွေကို ဝိပဿနာပညာ အရိယမဂ်ပညာတို့ဖြင့် ပယ်ရတယ်၊ အဲဒီလို ပယ်လို့ အရဟတ္တမဂ်ဖိုလ်ရောက်သွားယင် အကြွင်းမဲ့ ယဉ်ကျေး သွားတော့ဘာဘဲ၊ အဲဒီလို ယဉ်ကျေးပြီး ဖြစ်ရမယ်တဲ့၊ ဒါလဲ ရဟန္တာ၏ ဂုဏ်ပုဒ်ပဲ။

## ကိလေသာငြိမ်းအေး၍ စိတ်တည်တံ့ရမည်

နောက်ပြီးတော့ ပရိနိဗ္ဗုတော ဆိုရာမှာ ပရိ–၏ အနက်က ထက်ဝန်းကျင်တဲ့၊ အလုံးစုံ၊ အကြွင်းမဲ့၊ ခပ်သိမ်းဆိုတာနဲ့ အရတူပါဘဲ၊ နိဗ္ဗုတော–က ငြိမ်းသည်တဲ့၊ ဒါကြောင့် ပရိ-

နိဗ္ဗုတော–ကိလေသာခပ်သိမ်း ကုန်ငြိမ်းပြီးသည်–လို့ အနက်ပြန်ထားတယ်၊ ဒါလဲ ရဟန္တာ၏ ဂုဏ်ပုဒ်ပဲ။ ဌိတတ္တော–တည်တံ့သောစိတ်ရှိတယ် ဆိုတာကတော့ သာမန် သမာဓိ၊ ဈာန်သမာဓိတို့ဖြင့် စိတ်တည်ကြည်တာကိုလဲ ယူနိုင်ပါတယ်၊ ဒါပေမဲ့ ဒီဂါထာမှာတော့ ကိလေသာခပ်သိမ်း အကုန်လုံးကင်းငြိမ်းပြီးဖြစ်တဲ့ ရဟန္တာ၏ စိတ်တည်တံ့တာကိုသာ ဆိုလိုပါတယ်၊ ရဟန္တာဆိုတာ အလွတ်နေတဲ့အခါလဲ စိတ်တည်တံ့နေတာပါဘဲ၊ သမာပတ်ဝင်စားနေယင်တော့ တနေ့လုံး တည၌လုံးလဲ တအာရုံတည်းမှာ တည်တံ့နေတာဘဲ၊ ခုနစ်ရက်တိုင်တိုင်လဲ တည်တံ့နေနိုင်ပါတယ်။ အဲဒီ သုံးပုဒ်အရ "နူးညံ့, ယဉ်ကျေး၊ ကိလေဘေး၊ ငြိမ်းအေးစိတ်လဲ တည်တံ့သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

　နူးညံ့, ယဉ်ကျေး၊ ကိလေဘေး၊ ငြိမ်းအေးစိတ်လဲ တည်တံ့သည်။

နောက်ဆုံးတပိုဒ်ကတော့ အခါတိုင်းလိုပါဘဲ။ သော–ထိုသို့သောရဟန်းသည်၊ လောကေ–လောက၌၊ သမ္မာ–တစုံတခုနှင့်မျှ မငြိမတွယ်ပဲ ကောင်းမွန်စွာ၊ ပရိဗ္ဗဇေယျ–ကျင့်သုံးနေနိုင်ပါသည် တဲ့။ ဆောင်ပုဒ်ကလဲ အခါတိုင်းလိုပါဘဲ၊ ဆိုကြရမယ်။

　သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်။

ဒီဂါထာမှာ ညွှန်ပြထားတဲ့အတိုင်း အာသဝေါခပ်သိမ်း ကုန်ငြိမ်းရန် စသည့်အတွက် စွမ်းနိုင်သမျှ ရှုမှတ်အားထုတ်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

ကောဒသမပိုင်းပြီး၏။

# သမ္မာ ပရိဗ္ဗာဇနီယသုတ် တရားတော်

## ဒွါဒသမပိုင်း

ဒီကနေ့ ပြာသိုလကွယ်နေ့ ဖြစ်တယ်၊ သမ္မာပရိဗ္ဗာဇနီယ သုတ်က ၁၃-ခုမြောက် ဂါထာကို ဟောရမယ်။

---

### အဖြေ ဒွါဒသမဂါထာ

၁၃။ သဒ္ဓေါ သုတဝါ နိယာမဒဿီ၊
ဝဂ္ဂဂတေသု န ဝဂ္ဂသာရိ ဓီရော။
လောဘံ ဒေါသံ ဝိနေယျ ပဋိဃံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ယော ဓီရော–အကြင် ပညာရှိရဟန်းသည်၊ သဒ္ဓေါ–ယုံကြည်မှုသဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍၊ သုတဝါ–အကြားအမြင် သုတနှင့် ပြည့်စုံသည်ဖြစ်၍၊ နိယာမဒဿီ–အရိယမဂ်ဟူသော ကိန်းသေတရားကို တွေ့မြင်သည်ဖြစ်၍၊ အဿ–ဖြစ်ရာ၏။

### သဒ္ဓါတရားနဲ့ ပြည့်စုံရမည်

ယုံကြည်မှုသဒ္ဓါတရားနဲ့ ပြည့်စုံရမယ် တဲ့၊ ယုံကြည်မှုသဒ္ဓါဆိုတာက မျိုးဖလာယုံကြည်မှုလဲ ရှိတယ်၊ အဲဒီ သဒ္ဓါတရားဟာလဲ ကောင်းမြတ်ပါတယ်၊ မိဘများက ဗုဒ္ဓသာသနာဝင်

ဖြစ်တဲ့အတွက် သားသမီးများကို ငယ်ငယ်ကတည်းက ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန် သံဃာစစ် သံဃာမှန်များကို ယုံကြည်အောင် ကြည်ညိုအောင် သင်ကြားပေးထားကြတယ်၊ ဘုရားရှိခိုးဘို့ ရဟန်းသံဃာတော်များ ရှိခိုးဘို့ သင်ကြားပေးထားကြတယ်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ရွတ်ဆိုစေပြီး သရဏဂုံတည်အောင်လဲ ညွှန်ကြားပေးထားကြတယ်။ ဒါကြောင့် ဗုဒ္ဓသာသနာဝင် မိဘတို့၏ သားသမီးများဟာ ငယ်ငယ်ကတည်းက ဘုရား တရား သံဃာဂုဏ်ကို သိတန်သလောက်သိပြီး ဘုရား တရား သံဃာကို ယုံကြည်လာခဲ့ကြတယ်၊ သရဏဂုံ တည်လာခဲ့ကြတယ်၊ ဒါလောက်ဆိုယင် ကိုကောင်းမြတ်လှပါပြီ။ ဘာကြောင့်တုန်းဆိုလို့ရှိယင် ဘုရား တရား သံဃာဂုဏ်ကို သိသင့်သလောက် သိထားတဲ့အတွက် ဘုရား တရား သံဃာနဲ့စပ်ပြီး ကုသိုလ်တွေပွါးရတယ်၊ သရဏဂုံမ် တည်တယ်ဆိုယင် အဲဒီ သရဏဂုဏ်တည်ရုံနဲ့ပဲ အပါယ်လေးပါးက လွတ်မြောက်နိုင်တာဘဲ။ မဟာသမယသုတ် နိဒါန်းမှာ ဗြဟ္မာကြီးတယောက်က မြတ်စွာဘုရားကို ဒီလို လျှောက်တယ်။

### သရဏဂုံမ်တည်ယင် အပါယ်မှ လွတ်နိုင်သည်

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

ယေ ကေစိ–အမှတ်မရှိ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂတာသေ–

ဆည်းကပ်ကုန်၏၊ (ဒီမှာ သေ–အက္ခရာကတော့ နိပါတ်၊ သို့မဟုတ် အာဂုမ်မျှပါဘဲ၊ အနက်မရှိပါဘူး။) တေ–မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ကြသောထိုပုဂ္ဂိုလ်တို့သည်၊ အပါယဘူမိံ–အပါယ်ဘုံသို့၊ န ဂမိဿန္တိ–မလား–မရောက်ရကုန်လတ့်။ အဲ ဘုရားကို အမြတ်ဆုံး ကိုးကွယ်ရာအဖြစ်ဖြင့် ဆည်းကပ်ယင် ဗုဒ္ဓသရဏဂုံတည်နေတာဘဲ၊ ဗုဒ္ဓသရဏဂုံတည်ယင် တရားသံဃာကို ဆည်းကပ်တဲ့ သရဏဂုံတွေလဲ တည်နေတာပါဘဲ၊ အဲဒီလို သရဏဂုံဘည်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ အပါယ်ဘုံကို မရောက်ပဲ အပါယ်လေးပါးမှ လွတ်မြောက်ကြတယ်–တဲ့။

မာနုသံ ဒေဟံ–လူ့ ဘဝ လူ့ ခန္ဓာကိုယ်ကို၊ ပဟာယ–စွန့်ကြပြီး၍၊ ဝါ–စွန့်ကြရသည်ရှိသော်၊ ဒေဝကာယံ–နတ်အပေါင်းကို၊ ပရိပူရေဿန္တိ–ပြည့်စေကုန်လတ့်။ လူ့ ခန္ဓာကိုယ်ကို စွန့်ပြီး ကွယ်လွန်သွားယင် နတ်သမီးတွေ နတ်သားတွေဖြစ်ပြီး နတ်ဦးရေကို တိုးပွါးစေကြ ပြည့်စေကြပါလိမ့်မယ်–တဲ့၊ နတ်အပေါင်း ပြည့်စေတယ်ဆိုတာ နတ်ဖြစ်ပြီး ဦးရေတိုးတာကို ဆိုတာပါဘဲ။

ဒီဂါထာအရအားဖြင့် မိဘများက သင်ကြားပေးတဲ့ အကုန်လုံး သားသမီး သူငယ်တွေဟာ သရဏဂုံတည်နေလို့ ရှိသလောက် အပါယ်မှ လွတ်မြောက်ပြီးတော့ နတ်ပြည်ရောက်နိုင်တော့တာဘဲ၊ နောက်ပြီးတော့ ဘုရား တရား သံဃာနဲ့ စပ်ပြီး ကုသိုလ်တွေလဲ အမြဲတမ်း ဖြစ်ပွါးရတယ်၊ ဒါကြောင့် မိရိုးဖလာ သဒ္ဓါတရားဟာလဲ အဘိုးတန်လှပါပြီ။ အဲဒီက

နောက် သိတတ်တဲ့အရွယ် ရောက်လာတဲ့အခါကျတော့ ဆရာသမားတွေက ပြောဟောတဲ့တရားကိုလဲ နာရတယ်၊ တရားစာအုပ်တွေလဲ ကြည့်ရှုရတယ်၊ အဲဒီတော့ သဒ္ဓါတရားဟာ ပိုပြီးခိုင်မြဲလာတယ်၊ ပဌမက ဖြစ်ခဲ့တဲ့သဒ္ဓါက ယုံကြည်ကာမျှ ပသာဒသဒ္ဓါဘဲ၊ တရားနာရလို့ တရားစာအုပ်တွေကို ကြည့်ရှုရလို့ ရတနာသုံးပါး၏ ဂုဏ်ကို သိတန်သမျှသိပြီး ယုံကြည်တာ ကြည်ညိုတာကတော့ သက်ဝင်ပြီး ယုံကြည်တဲ့ ဩကပ္ပနသဒ္ဓါတဲ့၊ ဩကပ္ပနသဒ္ဓါက ပသာဒသဒ္ဓါထက် ပိုပြီး ခိုင်ခဲ့တယ်။

ဒါပေမဲ့ ဒီ"သဒ္ဓေါ သုတဝါ"အစချီတဲ့ ဂါထာအရကတော့ အဲဒီ ပသာဒသဒ္ဓါ ဩကပ္ပနသဒ္ဓါလောက်နဲ့ မပြည့်စုံသေးဘူး၊ အဝေစ္စပသာဒခေါ်တဲ့ သဒ္ဓါနဲ့ပြည့်စုံဘို့ လိုပါသေးတယ်၊ အဝေစ္စပသာဒဆိုတာ တရားကို ဉာဏ်ဖြင့်သိပြီး ခိုင်ခိုင်မြဲမြဲ ယုံကြည်တဲ့ သဒ္ဓါတရားဘဲ၊ အဲဒါက အောက်ထစ်ဆုံးအားဖြင့် သောတာပန်ဖြစ်မှ ပြည့်စုံတယ်၊ ပြည့်စုံပုံကတော့—ဝိပဿနာ အလုပ် အားထုတ်ရှုမှတ်နေတဲ့ ယောဂီဟာ ရုပ်နဲ့နာမ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားသိလာယင် ယုံကြည်မှု သဒ္ဓါတရား တိုးတက်လာတယ်၊ "မြတ်စွာဘုရားက ရုပ်နဲ့နာမ် ဒီ ၂-ပါး သာရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ မရှိဘူးဆိုတာ ဟောထားတယ်၊ ဟောတဲ့အတိုင်း မှန်ပါပေတယ်"လို့ ယုံကြည်မှု ခိုင်မြဲလာတယ်။ အဲဒီကနောက် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ ဆိုတာတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိလာတဲ့အခါကျတော့ သဒ္ဓါတရားက သာပြီး အားကောင်းလာတယ်၊ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါကျတော့ သဒ္ဓါတရားက အင်မတန်

အားကောင်းလာတယ်၊ ဘုရား တရား သံဃာကြည်ညိုမှု ဆရာသမားယုံကြည်မှု အားထုတ်နေတဲ့ တရားကို ယုံကြည်မှု တွေဟာ အင်မတန်ကို အားကောင်းလာပါတယ်၊ ဒါပေမဲ့ အဲဒါလောက်နဲ့လဲ မပြည့်စုံသေးဘူး၊ အဲဒီလို ဆက်လက်ရှုနေ ယင်း ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါ နိဗ္ဗာန်ကို မျက်မှောက် တွေ့သွားတယ်၊ အဲဒါက အရိယမဂ်ပဲ၊ အဲဒီမဂ် ကို ဒီဂါထာမှာ နိယာမဆိုတဲ့အမည်ဖြင့် ဟောထားပါတယ်၊ အဲဒီ အရိယမဂ် ရောက်သွားယင်တော့ ယုံကြည်မှု သဒ္ဓါတရား ဟာဘယ်တော့မှ မပျက်နိုင်အောင် ခိုင်မြဲသွားတယ်၊ ရုပ် နာမ် အနိစ္စ ဒုက္ခ အနတ္တဆိုတာတွေလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့ရ တယ်၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုလဲ တွေ့ရတယ်၊ ငြိမ်း ရာ ရောက်သွားတဲ့ အရိယမဂ်တရားကိုလဲ တွေ့ရတယ်၊ အဲဒီ လို တရားကို တွေ့ရတော့ အဲဒီတရားတွေကို ဟောထားတဲ့ ဘုရားကိုလဲ တွေ့ရတာဘဲ။ ဒါကြောင့်----

ဓမ္မံ ပဿန္တော မံ ပဿတိ-တဲ့။ ဓမ္မံ ပဿန္တော-တရားကို တွေ့မြင်သော ပုဂ္ဂိုလ်သည်၊ မံ-ငါဘုရားကို၊ ပဿတိ-တွေ့မြင် ၏-လို့ ဆိုထားတဲ့အတိုင်း တရားကို တွေ့မြင်မှ ဘုရားကို တွေ့မြင်တာ။ အဲဒီလို တွေ့မြင်ရတော့-ဗုဒ္ဓေ အဝေစ္စပ္ပသာ-ဒေန သမန္နာဂတော-လို့ ဟောထားတဲ့အတိုင်း မြတ်စွာဘုရား အပေါ်၌ ဉာဏ်ဖြင့်သက်ဝင်ပြီး ယုံကြည်တဲ့သဒ္ဓါဟာ ကောင်း ကောင်းကြီး ဖြစ်တော့တာဘဲ။ အဲဒီလို ဖြစ်ပုံကို ရည်ပြီးတော့ ဉာဏ်စဉ်တရားဟောတဲ့အခါ “ဗုဒ္ဓစမ်းရည်၊ တွေ့မြင်ပြီ ယုံ ကြည် မြဲလှစွာ”လို့ ဟောတာပါဘဲ။ ဘုရားဟောထား

တရားကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်ပြီး ဘုရားကို ခိုင်ခိုင်မြဲမြဲ ယုံကြည်မှုသဒ္ဓါဖြစ်တယ်လို့ ဆိုလိုပါတယ်၊ ထို့အတူပင် တရား သံဃာတို့၌လဲ ယုံကြည်မှုသဒ္ဓါ ခိုင်မြဲသွားတော့တာဘဲ။ အဲဒီ လို ခိုင်မြဲတဲ့ အဝေစ္စပသာဒသဒ္ဓါတရားနှင့် ပြည့်စုံရမယ်တဲ့။ အဲဒါဟာ သဒ္ဓေါ-သဒ္ဓါတရားနှင့် ပြည့်စုံသည် ဆိုတဲ့ ပုဒ်၏ အနက်ပါဘဲ။

## အကြားအမြင်သုတနဲ့လဲ ပြည့်စုံရမည်

နောက်ပြီးတော့ — သုတဝါ-အကြားအမြင် သုတနှင့် ပြည့်စုံရမယ်တဲ့။

သုတ-ပုဒ်၏သဒ္ဒါနက်က ကြားအပ်သည်တဲ့၊ မြင်သည် ဆိုတဲ့ အနက်ကတော့ တိုက်ရိုက်အားဖြင့် မပါပါဘူး၊ ဒါပေမဲ့ သုတ-၏အနက်ကို အဋ္ဌကထာများမှာ အာဂမသုတနဲ့ အဓိဂမ သုတအားဖြင့် ၂-မျိုးဖွင့်ပြထားပါတယ်၊ **အာဂမ**-ဆိုတာ ဘုရားဟောတရားတော်တွေဘဲ၊ အဲဒါတွေကို ကြားနာပြီး သိ မှတ်ထားတာကို အာဂမသုတခေါ်တယ်၊ အဲဒါက အကြားလို့ အနက်ရပါတယ်။ **အဓိဂမ** ဆိုတာကတော့ သိသင့်တာတွေကို ကိုယ်တိုင်တွေ့ပြီး သိတာတွေပါဘဲ၊ အဲဒီလို ကိုယ်တိုင်တွေ့ပြီး သိတာကို အဓိဂမသုတလို့ ခေါ်တယ်၊ အဲဒါက အမြင်လို့ အနက်ရပါတယ်။ ဒါကြောင့် ရှေးမြန်မာဆရာတော် အရှင် မြတ်များက သုတ-၏ အနက်ကို အကြားအမြင်လို့ ပြန်ဆို တော်မူခဲ့ကြပါတယ်။ အဲဒီ အကြားနဲ့ အမြင် သုတ ၂-မျိုးထဲမှ အကြားဆိုတာက ဘယ်လောက် ပြည့်စုံရမလဲဆိုတော့- တတ်နိုင်ယင် ပိဋကသုံးပုံ အကုန်လုံးကို ကြားနာ လေ့လာ

မှတ်သိထားတာဟာ အကောင်းဆုံးပါဘဲ၊ ဒါပေမဲ့ လိုရင်းကတော့ မိမိကျင့်ရမည့် သီလ သမာဓိ ပညာ ဆိုင်ရာလောက်ကြားနာထားယင်လဲ ပြည့်စုံပြီလို့ ဆိုနိုင်ပါတယ်၊ တဂါထာလောက်ကို ကြားနာလေ့လာထားယင်လဲ ပြည့်စုံကြောင်း အဋ္ဌကထာများမှာ ပြဆိုထားတာ ရှိပါတယ်။

**အဓိဂမသုတ** ဆိုတဲ့ အမြင်ကတော့ ဒွါရ ၆-ပါးက ထင်ရှားပေါ်လာသမျှတွေကို ရှုမှတ်ပြီး ရုပ်နဲ့နာမ်ကို ပိုင်းခြားသိရမယ်၊ တကယ်ဖြစ်ပျက်တာကို တွေ့သိပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောများကိုလဲ ပိုင်ပိုင်နိုင်နိုင် သိရမယ်၊ အဲဒါက ဝိပဿနာ ဉာဏ်ဖြင့် ကိုယ်တိုင်တွေ့ပြီးသိတဲ့ လောကီအဓိဂမသုတဘဲ၊ ဒါလောက်နဲ့လဲ မပြည့်စုံသေးဘူး၊ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံပြီး ရုပ်နာမ်သင်္ခါရ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို အရိယမဂ်ဉာဏ်၄-ပါးဖြင့် တွေ့သိရမယ်၊ အဲဒီလို တွေ့သိတာဟာ လောကုတ္တရာ အဓိဂမသုတဘဲ၊ အဲဒီသုတနဲ့လဲ ပြည့်စုံရမယ်တဲ့။

## အရိယမဂ်ကို နိယာမခေါ် ရပုံ

အဲဒီ လောကုတ္တရာ အဓိဂမသုတနဲ့ ပြည့်စုံယင် နိယာမဆိုတဲ့ အရိယမဂ်ကိုလဲ မြင်ပြီး ဖြစ်တော့တာဘဲ၊ ဒါကြောင့် – နိယာမဒဿီ – အရိယမဂ်ဟူသော ကိန်းသေတရားကို တွေ့မြင်ခြင်း၊ အဿ – ဖြစ်ရာ၏ – လို့ ဟောတော်မူတာဘဲ။ နိယာမဆိုတာ ဗမာလို ကိန်းသေမြဲတဲ့ တရားလို့ အနက်ရတယ်၊ ဘယ်လို ကိန်းသေ မြဲတာလဲဆိုယင် – ဝိပဿနာ ရှုလာခဲ့စဉ်က သိခဲ့တဲ့ အနိစ္စ, ဒုက္ခ, အနတ္တ အသိကိုလဲ ကိန်းသေမြဲစေတယ်၊ မိမိ၏ အခြားမဲ့မှာ အရိယဖိုလ်အကျိုးဖြစ်စေသော အားဖြင့်

လဲ ကိန်းသေမြဲတယ်၊ ဒါကြောင့် အရိယမဂ်ကို နိယာမလို့ ပါဠိဘာသာဖြင့် ဆိုရတယ်၊ အဲဒီ နိယာမခေါ်တဲ့ အရိယမဂ် ၄-ပါးကို တွေ့မြင်သူလဲ ဖြစ်ရမယ်တဲ့။ အဲဒီ သုံးပုဒ် အရကို "သဒ္ဒါ သုတ၊ ပြည့်စုံရ၊ မဂ္ဂကိုလဲ သိမြင်သည်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၃။ သဒ္ဒါ သုတ၊ ပြည့်စုံရ၊ မဂ္ဂကိုလဲ သိမြင်သည်။

ဝဂ္ဂဂတေသု– ကွဲပြားကြောင်း ဖြစ်သော အယူများသို့ ရောက်နေသော လူတို့၌၊ န ဝဂ္ဂသာရီ–ကွဲပြားကြောင်း ဖြစ်သော အယူသို့ မလျှောက်မသွားသည်၊ အသ–ဖြစ်ရာ၏။

## ကွဲပြားကြောင်း မိစ္ဆာအယူလဲ ကင်းရမည်

ဝဂ္ဂ ဆိုတာ အစုအစုကွဲနေတာကို ဆိုတယ်၊ ဒါကြောင့် ဒီနေရာမှာ ဝဂ္ဂဂတ–ကွဲပြားခြင်း ရောက်နေတယ်–ကွဲပြားနေတယ် ဆိုတာဟာ ကွဲပြားကြောင်း ဖြစ်တဲ့ အယူများကို ရောက်နေလို့ပါဘဲ၊ ကွဲပြားကြောင်းဖြစ်တဲ့ အယူဟာ အကျဉ်းချုပ်အားဖြင့် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပါဘဲ၊ အကျယ်ဆိုယင်တော့ ဗြဟ္မဇာလသုတ်မှာ ၆၂-ပါးခွဲခြားပြီး ဟောထားပါတယ်။ အတ္တကောင်ဟာ သေပြီးလဲ မပျက်ဘူး၊ ဘယ်တော့မှ မပျက်ဘူး၊ အမြဲတမ်း ရှိမြဲရှိနေတယ်လို့ ယူတာကို သဿတဒိဋ္ဌိခေါ်တယ်။ သေပြီ ယင် ဘာမျှမရှိတော့ဘူး၊ တခါတည်း ပြတ်စဲ သွားတယ်လို့ ယူတာကို ဥစ္ဆေဒဒိဋ္ဌိခေါ်တယ်။ ဂမ္ဘာလောကထဲမှာ လူတွေဟာ အဲဒီ မိစ္ဆာအယူတွေကြောင့် တစုနဲ့ တစု အယူချင်းမတူပဲ ကွဲနေကြတယ်၊ ငါတို့ အယူကသာ မှန်

တယ်၊ အခြားအယူတွေက မှားတယ်လို့ ထင်မှတ်ပြီး ငြင်းခုံနေကြတယ်။ အဲဒီလို ကွဲပြားနေတဲ့ လောကထဲမှာ ကွဲပြားကြောင်းဖြစ်တဲ့မိစ္ဆာအယူတွေကို မယူမစွဲဘူး၊ စိတ်ဖြင့် ယူစွဲပြီး ကြံစည်ခြင်း လျှောက်သွားနေခြင်း မရှိဘူးတဲ့၊ အဖြောင့်အားဖြင့်တော့ အဲဒီမိစ္ဆာအယူတွေ မရှိဘူးလို့ ဆိုလိုတာပါဘဲ၊ ဒါကတော့ သောတာပတ္တိမဂ် ရောက်ကတည်းက ကင်းလာခဲ့တာပါဘဲ။ အဲဒီအနက်ကို "အယူချင်းကွဲ၊ လူတွေထဲ၊ ယူစွဲမဝင်မလျှောက်ပြီ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုဆိုကြရမယ်။

အယူချင်းကွဲ၊ လူတွေထဲ၊ ယူစွဲ မဝင် မလျှောက်ပြီ။

လောဘံ–လောဘကိုငင်း၊ ဒေါသံ–ဒေါသကိုငင်း၊ ပဋိဃံ –ပဋိဃကိုငင်း၊ ဝိနေယျ–ပယ်ဖျောက် ရာ၏၊ (တနည်း) ဝိနေယျ–ပယ်ဖျောက်၍၊ ဌိတော–တည်သည်၊ အဿ–ဖြစ်ရာ၏။

## လောဘ စသည်လဲ ကင်းရမည်

ဒိလောဘ ဒေါသပယ်ဘို့ ဆိုတာကတော့ မကြာခဏ ပြောနေရ ကြားနေကြရတာမို့ ရိုးနေပါပြီ။ အဲဒီ ၃-ပါးထဲမှာ ဒေါသနဲ့ ပဋိဃ ဆိုတာကတော့ တရားကိုယ်အရ အတူတူပါဘဲ၊ ဒါပေမဲ့ ဝေါဟာရအထူးဖြင့် သိနားလည်မည့် ပုဂ္ဂိုလ်များအတွက် ထပ်ပြီး ဟောထားတယ်လို့ ယူရမှာဘဲ။ သုတ္တနိပါတ်အဋ္ဌကထာကတော့ ပဋိဃံ–စိတ်ကို ထိခိုက်တတ်သော၊ ဒေါသံ–ဒေါသကိုငင်း–လို့ ပဋိဃကို ဒေါသ၏ ဝိသေသနအဖြစ်ဖြင့် အနက် ပြန်စေလိုပါတယ်။ ဒေါသ၏ ဝိသေသနအဖြစ် အနက်ပြန်လို့လဲ ဘာမျှအဓိပ္ပါယ်အထူးမရပါဘူး၊ ဒီသုတ်

မှာ ဝေါဟာရအထူးများဖြင့် ဟောလေ့ ရှိတဲ့အတိုင်း ထပ်ပြီး ဟောတယ်ဆိုတာက ပိုပြီး ရှင်းပါတယ်။ ပဋိဃ–၏အနက်ကို အဋ္ဌသာလိနီ အဘိဓမ္မာအဋ္ဌကထာမှာတော့ အာရုံကို ထိခိုက်တတ်လို့ ပဋိဃ ခေါ်တယ်လို့ ဖွင့်ပြထားတယ်၊ အဲဒီအနက်က ပိုပြီး ပေါ်လွင်ပါတယ်။ ဒီတတိယအပိုဒ်ကို "လောဘ ဒေါသ၊ ပဋိဃ၊ ပယ်ချ အကုန်ကင်းစေပြီ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

လောဘ ဒေါသ၊ ပဋိဃ၊ ပယ်ချ အကုန်ကင်းစေပြီ။

နောက်ဆုံး အပိုဒ်ကတော့ ရှေးနည်းတူပါဘဲ။ သော– ထိုသို့သော ရဟန်းသည်၊ လောကေ– လောက၌၊ သမ္မာ– တစုံတခုနှင့်မျှ မငြိတွယ်ပဲ ကောင်းမွန်စွာ၊ ပရိဗ္ဗဇေယျ– ကျင့်သုံးနေနိုင်ပါသည်-တဲ့။ ဆောင်ပုဒ်ကလဲ အတူတူပါဘဲ၊ ဆိုကြရမယ်။

သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာ နေရသည်။

ဒီ ဂါထာမှာ ဟောထားတဲ့အတိုင်း သဒ္ဓါတရားနဲ့ သုတနှင့် ပြည့်စုံသည့်အပြင် နိယာမ ခေါ်တဲ့ အရိယမဂ် ၄-ပါးကိုလဲ သိရအောင် လောဘ ဒေါသ ပဋိဃ တို့ကိုလဲ အကြွင်းမဲ့ ပယ်နိုင်အောင် စွမ်းနိုင်သမျှ တိုးတက်အားထုတ်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု။

သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော် ဒွါဒသမပိုင်း ပြီး၏။

# သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

## တေရသမပိုင်း

ဒီကနေ့ တပို့တွဲလဆန်း ၈-ရက်ဖြစ်တယ်၊ လပြည့်ကျော် ၁-ရက်နေ့ကျတော့ မော်လမြိုင် သွားရမယ်၊ တပေါင်းလဆန်း ၁-ရက်နေ့ကျမှ ပြန်ရောက်မယ်။ သမ္မာပရိဗ္ဗာဇနီယသုတ်က ဟောစရာ ၄-ဂါထာ ကျန်ရှိနေသေးတယ်၊ ခရီးမသွားခင် ပြီးစေချင်တယ်၊ ဒါကြောင့် ဒီကနေ့ အမှတ် ၁၄ နှင့် ၁၅-ဂါထာ ၂-ပုဒ်ကို ဟောရမယ်။

---

### အဖြေ တေရသမဂါထာ

၁၄။ သံသုဒ္ဓဇိနော ဝိဝဋ္ဋစ္ဆဒ္ဒေါ၊
ဓမ္မေသု ဝသီ ပါရဂူ အနေဇော။
သင်္ခါရနိရောဓဉာဏကုသလော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ဘိက္ခု– ရဟန်းသည်၊ သံသုဒ္ဓဇိနော– အစင်ကြယ်ဆုံး အရဟတ္တမဂ်ဖြင့် ကိလေသာရန်ကို အောင်နိုင်ပြီးသည်ဖြစ်၍၊ ဝိဝဋ္ဋစ္ဆဒ္ဒေါ–ဝဋ္ဋသုံးပါးနှင့် အဖုံးအကွယ် ကင်းပြီးသည်ဖြစ်၍ အသ––ဖြစ်ရာ၏။

သံသုဒ္ဓ–ကောင်းစွာ စင်ကြယ်တဲ့မဂ်ဆိုတာ အရဟတ္တမဂ်ပဲ၊ ဒါကြောင့် အစင်ကြယ်ဆုံး အရဟတ္တမဂ်လို့ အနက်ပြန်

ပါတယ်၊ ကိလေသာ ရန်သူတွေကို အရဟတ္တမဂ်ဖြင့် အောင်နိုင်ပြီးလဲ ဖြစ်ရမယ်-တဲ့၊ ဒါကတော့ အကျယ်ချဲ့ပြောဘို့ မလိုပါဘူး၊ အဲဒါကို "စင်ကြယ်မဂ်ဖြင့်၊ အောင်နိုင်လင့်"လို့ ဆောင်ပုဒ်မှာ စီထားတယ်။

စာမူတွေမှာ ဝိဝဋ္ဋစ္ဆဒေါ-လို့ ပါဠိ ရှိနေတယ်၊ အဲဒီလိုဆိုတော့ နောက်ဆုံးအက္ခရာ သုံးလုံးမှာ အခြားဂါထာများနှင့် ဂရုလဟု အနေအထားမတူပဲ ကွဲပြားနေတယ်၊ ဝိဝဋ္ဋ-ဆဒ္ဒေါ-လို့ ရှိနေပါမှ ဆန်းဂိုဏ်းသင့်ပြီး အခြား ဂါထာများနှင့်လဲ ညီတယ်၊ သဒ္ဒါအနေလဲ သင့်ပါတယ်၊ ဒါကြောင့် အဲဒီအတိုင်းပဲ ရွတ်ဆိုလိုက်ပါတယ်။ အနက်ကတော့ "အထ ဝါ ဝိဝဋ္ဋော စ ဝိစ္ဆဒ္ဒေါ စာတိ ဝိဝဋ္ဋစ္ဆဒ္ဒေါ"လို့ ဖွင့်ပြထားတဲ့ သီလက္ခန် အဋ္ဌကထာ (၂၂၃)နှင့် အညီပါဘဲ။ ဆိုလိုတာကတော့ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဆိုတဲ့ ဝဋ္ဋသုံးပါးလဲ ကင်းပြီး ဖြစ်ရမယ်၊ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ အဝိဇ္ဇာ ဒုစ္စရိုက်ဆိုတဲ့ ကိလေသာမှောင် အဖုံးအကွယ်များလဲ ကင်းပြီး ဖြစ်ရမယ်-တဲ့။ အဲဒါကိုလဲ "ဝဋ္ဋနှင့် ဖုံးကွယ် ကင်းလေပြီ" လို့ ဆောင်ပုဒ်မှာ စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၁၄။ စင်ကြယ်မဂ်ဖြင့်၊ အောင်နိုင်လင့်၊ ဝဋ္ဋနှင့် ဖုံးကွယ် ကင်းလေပြီ။

အရိယမဂ်လေးပါးလုံးဟာ စင်ကြယ်တဲ့ မဂ်ချည်းပါဘဲ၊ အဲဒီ လေးပါးထဲက အရဟတ္တမဂ်ဟာ ကိလေသာအလုံးစုံကို အကြွင်းမဲ့ ပယ်တတ်သောကြောင့် သာမန် စင်ကြယ်ရုံမဟုတ်ပဲ ကောင်းစွာ စင်ကြယ်တယ်လို့ ဆိုထားပါတယ်၊ ဒါကြောင့်

အစင်ကြယ်ဆုံး အရဟတ္တမဂ်လို့ အနက်ပြန်ခဲ့တယ်၊ ဆောင်ပုဒ်မှာတော့ "စင်ကြယ်မဂ်ဖြင့်"လို့ အက္ခရာလေးလုံးမျှနဲ့ စီထားပါတယ်၊ အဲဒါဟာ အရဟတ္တမဂ်ဖြင့်-လို့ ဆိုလိုတာပါဘဲ၊ အရဟတ္တမဂ်ဖြင့် ကိလေသာ ရန်သူတွေကို အောင်နိုင်ပြီး ဖြစ်တယ်ဆိုတော့ ရဟန္တာဖြစ်ပြီး ဖြစ်ရမယ်လို့ ဆိုလိုပါတယ်၊ အဲဒီ ရဟန္တာဖြစ်ပုံကိုတော့ ချဲ့မပြောဘဲ့ မလိုပါဘူး။ နောက်ပြီးတော့ ကိလေသာရန်သူအားလုံးကို အောင်နိုင်ပြီးပြီ ပယ်ပြီးပြီလို့ ဆိုယင် ကိလေသဝဋ် ကင်းတော့တာပါဘဲ၊ အဲဒီ ကိလေသဝဋ် ကင်းယင် ကမ္မဝဋ် ဝိပါကဝဋ်များလဲ ကင်းတော့တာပါဘဲ၊ နောက်ပြီးတော့ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ အဝိဇ္ဇာ ဆိုတဲ့ ကိလေသာ အဖုံးအကွယ်တွေလဲ ကင်းတော့တာပါဘဲ၊ အဲဒီ ရာဂ အစရှိသော ကိလေသာတွေရှိနေယင် သစ္စာလေးပါးကို အပြည့်အစုံ မသိမမြင်နိုင်ဘူး၊ ဒါကြောင့် အဲဒီ ရာဂစသည်ကို အဖုံးအကွယ်လို့ ဒီမှာဆိုထားပါတယ်။ နောက်ပြီးတော့ ဒုစ္စရိုက် ဆိုတာကတော့ သုဂတိဘဝကိုတောင် မသွားနိုင်အောင် ကာကွယ် တားမြစ်တတ်တယ်၊ ဒါကြောင့် သူ့ကိုလဲ ဒီမှာ အဖုံးအကွယ်လို့ ဆိုထားပါတယ်၊ အဲဒီ ဒုစ္စရိုက်တွေလဲ ကိလေသာ ကင်းယင်ကင်းတော့တာပါဘဲ၊ ဒါကြောင့် ဝိဝဋ္ဋဆဒ္ဒေါ- ဝဋ်သုံးပါးနှင့် အဖုံးအကွယ်ကင်းပြီး ဖြစ်တယ်လို့လဲ ဆိုထားပါတယ်။

နောက်တပုဒ်ကတော့- ဓမ္မေသု- တရားတို့၌၊ ဝသီ-မိမိအလိုအတိုင်း နိုင်နင်းသည်၊ အသ-ဖြစ်ရာ၏-တဲ့။

ဘယ်လို တရားတွေမှာ နိုင်နင်းရမှာလဲဆိုတော့ သစ္စာလေးပါးတရားတို့၌ နိုင်နင်းသည် လို့ အဋ္ဌကထာက ဖွင့်ပြ

ထားပါတယ်။ တခြား ဒေသနာများမှာတော့ ဝသီဘော် ပြောက်တယ်–နိုင်နင်းတယ်–ဆိုတာကို ဈာန်သမာပတ် ဖလသမာပတ်တို့၌ နိုင်နင်းတာကို ပြဆိုလေ့ရှိပါတယ်၊ ဒါကြောင့် ဈာန်သမာပတ်တရားတွေ ဖိုလ်သမာပတ်တရားတွေမှာ အလိုရှိတိုင်း ဝင်စားနိုင်ပြီး နိုင်နင်းတယ်ဆိုတာက သာပြီး သင့်လျော်ဘွယ် ရှိပါတယ်။ အဲဒါကို "တရားတွေမှာ၊ ပိုင်နိုင်စွာ" လို့ ဆောင်ပုဒ်မှာ စီထားတယ်။

နောက် ၂-ပုဒ်ကတော့– ပါရဂူ–တဖက်ကမ်းသို့ ရောက်သည့်ဥဒ်း၊ အနေဇော–တုန်လှုပ်တတ်သော တဏှာကင်းသည့်ဥဒ်း၊ အသာ–ဖြစ်ရာ၏-တဲ့။

မပြတ်ဖြစ်နေတဲ့ ရုပ်နာမ် ခန္ဓာအစဉ်ကို သံသရာလို့ ခေါ်တယ်၊အဲဒီ ရုပ်နာမ်အစဉ်ကို ဒီဘက်ကမ်းလို့ ဆိုတယ်၊အဲဒီ ရုပ်နာမ်ခန္ဓာအစဉ် ဖြစ်ပေါ်ခြင်းမရှိပဲ ပြတ်စဲချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဟိုဘက်ကမ်းလို့ ဆိုတယ်၊ ကိလေသာ မကင်းသေးလို့ ရုပ်နာမ်ခန္ဓာတွေ ဖြစ်နေသမျှကာလပတ်လုံး ဒီဘက်ကမ်း ဒီဘက်နယ် သံသရာထဲမှာ ကျင်လည်နေတယ်လို့ ဆိုရတယ်၊ အဲဒီ ရုပ်နာမ်ခန္ဓာအစဉ် ပြတ်စဲတဲ့ နိဗ္ဗာန်သို့ အရိယမဂ်လေးပါးဖြင့် ရောက်သွားယင် အထူးအားဖြင့် အရဟတ္တမဂ်ဖိုလ်ဉာဏ်ဖြင့် ရောက်သွားလျှင် ဟိုဘက်ကမ်း ရောက်သွားတယ်လို့ ဆိုရတယ်။ ဒါကြောင့် ဟိုဘက်ကမ်း ရောက်တယ်ဆိုတာ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်သို့ ရောက်သွားတာကို ဆိုတာပါဘဲ။ တဏှာ ဆိုတာက ထိုထို အာရုံကောင်းတွေကို လိုချင် တောင့်တသောအားဖြင့် လှုပ်ရှားနေလို့

သူ့ကို ဇော–လို့ပါဠိမှာ ဆိုထားတယ်၊ အဲဒီ တောင့်တပြီး လုပ်ရှားတတ်တဲ့ တဏှာကင်းတဲ့ ရဟန္တာကို အနေဇော– တုန်လှုပ်တတ်သော တဏှာကင်းတယ်လို့ ဆိုထားတာပါဘဲ။ အဲဒီ ၂-ပုဒ်ကို မြန်မာလင်္ကာအရ ကာရန်ရအောင် "တဏှာ ကင်းပျောက် ဟိုကမ်းရောက်ပြီ"လို့ ရှေ့နောက်ပြန်ပြီး ဆောင် ပုဒ်မှာ စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

တရားတွေမှာ၊ ပိုင်နိုင်စွာ၊ တဏှာကင်းပျောက် ဟိုကမ်း ရောက်ပြီ။

"ဓမ္မေသု ဝသီ"–တရားတွေမှာ ပိုင်နိုင်တယ်–နိုင်နင်းတယ် ဆိုတာလဲ ရဟန္တာ၏ ဂုဏ်ဘဲ၊ "ပါရဂူ"–ဟိုဘက်ကမ်းရောက် တယ် ဆိုတာလဲ ရဟန္တာ၏ ဂုဏ်ဘဲ၊ "အနေဇော"–တဏှာ ကင်းတယ် ဆိုတာလဲ ရဟန္တာ၏ ဂုဏ်ဘဲ၊ အားလုံး ရဟန္တာ၏ ဂုဏ်ပုဒ်ချည်းပါဘဲ။

တတိယအပိုဒ်ကတော့–သင်္ခါရနိရောဓ ဉာဏကုသလော– သင်္ခါရချုပ်ရာ နိဗ္ဗာန်ကိုသိတဲ့ ဉာဏ်၌ ကျွမ်းကျင်လိမ္မာသည် လည်း၊ အသာ–ဖြစ်ရာ၏–တဲ့။

သင်္ခါရချုပ်ရာ နိဗ္ဗာန်ကို သိတဲ့ဉာဏ်ဆိုတာ အရိယမဂ်ဉာဏ် လေးပါးဘဲ၊ အဲဒီ အရိယမဂ်ဉာဏ် လေးပါးကို အစဉ်အတိုင်း အရဟတ္တမဂ်အထိ ရောက်ပြီးယင် အဲဒီ အရိယမဂ်ဉာဏ်အရာ၌ ကျွမ်းကျင်လိမ္မာသည် မည်တော့တာဘဲလို့ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ ဘာကြောင့်လဲဆိုတော့–မိမိသန္တာန်မှာ အဲဒီ အရိယမဂ်ဉာဏ် လေးပါးလုံးဖြစ်ပြီး ဖြစ်သောကြောင့် ပါဘဲ၊ ကိုယ့်သန္တာန်မှာ ဖြစ်ဘူးတဲ့တရားဆိုတော့ အဲဒီ တရား

အကြောင်း ကောင်းကောင်း သိနားလည်တာပေါ့။ နောက်ပြီးတော့ မဂ်ဉာဏ် ဆိုတာက တမဂ် တမဂ်ဟာ တကြိမ် တကြိမ်သာ ဖြစ်တယ်၊ အဲဒီ တကြိမ် တကြိမ် ဖြစ်ရုံမျှနဲ့ ကောင်းကောင်း ကျွမ်းကျင်တော့တာဘဲ။ ဒါလဲ ရဟန္တာ၏ ဂုဏ်ပုဒ်ပါဘဲ။ အဲဒီအပိုဒ်ကို "သခ်ါရချုပ်ရာ၊ နိဗ္ဗာန်မှာ၊ ကောင်းစွာသိမြင် ကျွမ်းကျင်သည်"လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

သခ်ါရချုပ်ရာ၊ နိဗ္ဗာန်မှာ၊ ကောင်းစွာသိမြင် ကျွမ်းကျင်
သည်။

ဒီဂါထာမှာ စင်ကြယ်တဲ့ အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာ ရန်ကို အောင်နိုင်တဲ့ဂုဏ်၊ ဝဋ်သုံးပါး ကင်းတဲ့ဂုဏ်၊ ကိလေသာ အဖုံးအကွယ် ကင်းတဲ့ဂုဏ်၊ တရားတွေမှာ ပိုင်နိုင်တဲ့ဂုဏ်၊ နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်းရောက်တဲ့ဂုဏ်၊ လှုပ်ရှားတတ်တဲ့ တဏှာကင်းတဲ့ဂုဏ်၊ သခ်ါရချုပ်ရာ နိဗ္ဗာန်ကိုသိတဲ့ မဂ်ဉာဏ် လေးပါး၌ ကျွမ်းကျင်တဲ့ဂုဏ်ဆိုတဲ့ ရဟန္တာ၏ ဂုဏ်တွေကို ဟောထားတယ်၊ အဲဒီဂုဏ်တွေနဲ့ ပြည့်စုံအောင် ဘယ်လို ကျင့်ရမလဲ ဆိုတော့-ရှေ့ပိုင်း ဂါထာများကို ဟောစဉ်က ဖော်ပြခဲ့တဲ့အတိုင်း သီလအခြေခံပြီးတော့ သမာဓိနှင့် ပညာ ပြည့်စုံအောင် ကျင့်ဘို့ပါဘဲ။

နောက်ဆုံးအပိုဒ်ကတော့ ရှေးဂါထာများနှင့် အတူတူ ပါဘဲ။ သော-ထိုသို့သော ရဟန်းသည်၊ လောကေ-လောက ၌၊ သမ္မာ-တစုံတခုနှင့်မျှ မငြိတွယ်ပဲ ကောင်းမွန်စွာ၊ ပရိဗ္ဗ-ဇေယျ-ကျင့်သုံးနေနိုင်ပါသည်-တဲ့။ ဆောင်ပုဒ်ကလဲ အတူတူ ပါဘဲ၊ အဲဒါကို ဆိုကြရမယ်။

သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာ နေရသည်။

(ဒီဂါထာမှာ တတိယအပိုဒ် အဆုံးဂိုဏ်းအရာ၌ လ ဟု တလုံးနှင့် ဂရု နှစ်လုံးအားဖြင့် သုံးလုံးမျှ ရှိသင့်ရာတွင် "ဏကုသလော"ဟု လ ဟု သုံးလုံးနှင့် ဂရု တလုံးအားဖြင့် လေးလုံးရှိနေတယ်၊ အဲဒါကို ဆန်းလက္ခဏာအရ ယူလိုလျှင် လ ဟု သုံးလုံးထဲမှ ဒုတိယနှင့် တတိယ ၂-လုံးကို ပေါင်း၍ ဂရု တလုံးအဖြစ် ယူရတယ်၊ အဲဒီလို ယူယင် ဆန်းဂိုဏ်း လက္ခဏာနဲ့ညီတယ်။ ဒါက ရှေးဆရာမြတ်တို့၏ သင့်မြတ်သော ယူဆပုံပါဘဲ။ အဲဒါကတော့ ယခု တရားနာပရိသတ်နဲ့ မဆိုင် ပါဘူး၊ ဒါပေမဲ့ စာအုပ်အဖြစ် ထွက်ပေါ်လာတဲ့ အခါကျ တော့ သုတရှင်ပညာရှိများ သိမှတ်ဖို့ ယခုကတည်းက ထည့် သွင်းပြောရတာပါဘဲ။)

ယခု နောက်တဂါထာကိုလဲ ဆက်ဟောရဦးမယ်၊ ဒါမှ လာပြည့်နေ့ကျတော့ အပြီးသတ် ဟောရန် အဆင်သင့်မှာ။

## အပြေ စုဒ္ဒသမဂါထာ

၁၅။ အတီတေသု အနာဂတေသု စာပိ၊
ကပ္ပါတိတော အတိစ္စ သုဒ္ဓိပညော။
သဗ္ဗာယတနေဟိ ဝိပ္ပမုတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ဘိက္ခု-ရဟန်းသည်၊ အတီတေသု စာပိ- အတိတ်တရား တို့၌ရင်း၊ အနာဂတေသု စာပိ - အနာဂတ်တရားတို့၌ရင်း၊

ကပ္ပါတီတော–ကြံတွေးခြင်းကို လွန်မြောက်သည်၊ အဿ–ဖြစ်ရာ၏။

အတိတ်တရား,အနာဂတ်တရားတို့၌ ကြံတွေးခြင်း ကင်းရမယ်တဲ့။ အတိတ်တရားဆိုတာ ဘာတုံးဆိုယင်၊ ရှေးရှေးဘဝတွေက ဖြစ်ခဲ့တဲ့ ရုပ်နာမ်ခန္ဓာတွေလဲ အတိတ်တရားတွေဘဲ၊ ယခုဘဝတွင် ရှေးရှေးနှစ် ရှေးရှေးလတွေ ရှေးရှေးအချိန်ကာလတွေက ဖြစ်ခဲ့တဲ့ ရုပ်နာမ်ခန္ဓာတွေလဲ အတိတ်တရားတွေဘဲ၊ အဲဒီအတိတ် ရုပ်နာမ်ခန္ဓာတွေကို ငါ ငါ့ဥစ္စာအနေဖြင့် ကြံတွေးစွဲလမ်းခြင်း ကင်းစေရမယ်တဲ့၊လွန်မြောက်ဆိုတာလဲ ကင်းတာပါဘဲ။ ရှေးရှေးဘဝများက ရုပ်နာမ်တွေကိုတော့ မသိရတဲ့အတွက် ကြံတွေးစရာ တယ်မရှိပါဘူး၊ ဒါပေမဲ့ တချို့က ငါဟာ ရှေးဘဝတွေ ကတည်းက ရှိလာခဲ့တယ်၊ ရှေးဘဝမှ ငါကပင် ယခုဘဝ ရောက်လာတယ် စသည်ဖြင့် ကြံတွေးတတ် သေးတာဘဲ၊ ယူဆစွဲလမ်းတတ်သေးတာဘဲ၊ အများအားဖြင့်တော့ ယခုဘဝအတွင်း ရှေးကာလများက ဖြစ်ခဲ့တာတွေကိုကြံတွေးစွဲလမ်းတာက ပိုများပါတယ်၊ဘယ်လိုလဲ ဆိုတော့–

ရှေးကာလ ငယ်ရွယ်စဉ်က မြင်ခဲ့ ကြားခဲ့တာ စသည်တွေကို ငါအနေနဲ့, ငါ့အသိအမြင် စသည်အနေနဲ့ ထင်မှတ်နေကြတယ်၊ နံခဲ့တာ, စားသိခဲ့တာ, ထိသိခဲ့တာ, ကြံသိခဲ့တာ, စသည်တွေကိုလဲ နည်းတူပင် ထင်မှတ်နေကြတယ်။ ကြံစည်စဉ်းစားဆဲ အချိန်မတိုင်မီက မြင်သိတာ စသည်တွေကိုလဲ နည်းတူပင် ငါ ငါ့ဥစ္စာအနေနဲ့ ထင်မှတ်နေကြတယ်။ အဲဒီလို

ထင်မှတ်စွဲလမ်းနေတာတွေဟာ အတိတ်ရုပ်နာမ်တွေမှာ အာရုံပြုပြီးဖြစ်တဲ့ ကပ္ပခေါ် ကြံစည်မှုတွေပါဘဲ။ အဲဒါတွေ ကျော်လွန်ဘို့ ကင်းဘို့ လိုပါတယ်။

အနာဂတ်တရားဆိုတာ နောင်ဖြစ်လတံ့ ဘဝများက ရုပ်နာမ်ခန္ဓာတွေလဲ အနာဂတ်တရားတွေဘဲ၊ ယခုဘဝတွင်နောက်နောက်ကာလ, နောက်နောက်ရက်, နောက်နောက်လ, နှစ်များမှာဖြစ်မည့် ရုပ်နာမ်ခန္ဓာတွေလဲ အနာဂတ်တရားတွေဘဲ။ အဲဒီအနာဂတ် တရားကိုတော့ ယခုဘဝဖြစ်မည့် တရားကိုရောနောက်ဘဝကျမှ ဖြစ်မည့်တရားကိုရော ငါ ငါ့ဥစ္စာအနေဖြင့်ကြံတွေး စွဲလမ်းနေကြတာပါဘဲ၊ နောင်တခါ်န် နောက်ရက်, နောက်လ, နောက်နှစ်များကျတော့ ပိုပြီးချမ်းသာလိမ့်မယ်လို့လဲ ထင်တတ်ကြတယ်၊ မြှော်လင့် တောင့်တတတ်ကြတယ်၊ ထို့အတူပင် နောက်ဘဝများကျတော့ ချမ်းသာကောင်းစားဘို့လဲ မြှော်လင့်တောင့်တတတ်ကြတယ်၊ အဲဒီလို ကြံတွေးမှုတွေလဲ ကျော်လွန်ရမယ် ကင်းစေရမယ်တဲ့။

ယခု ဖြစ်ဆဲ ပစ္စုပ္ပန်ကိုတော့ ကြံတွေး စွဲလမ်းကောင်းပါသလားလို့ မေးစရာရှိတယ်၊ အဲဒါလဲ ကျော်လွန်ရမှာ ကင်းစေရမှာပါဘဲ၊ ပါဠိဂါထာမှာ စ – နှင့် အပိ–သဒ္ဒါတို့ဖြင့် ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌ ကြံတွေးခြင်းကိုလဲ ကျော်လွန်ရမယ် ဆိုတဲ့ အနက်ကို ပြပါတယ်၊ ဘယ်လိုပါလဲဆိုတော့- ဘုရားကိုလဲ ရှိခိုးသည်၊ တရားကိုလဲ ရှိခိုးသည်- ဟု ဆိုလျှင်ပင် "သံဃာကိုလဲ ရှိခိုးသည်"ဟု သိရသလိုပါဘဲ။ ဒါကြောင့် ပစ္စုပ္ပန္နေသု-စာပိ – ဖြစ်ဆဲပစ္စုပ္ပန်တရားတို့၌လည်း၊ ကပ္ပါတီတော–ကြံတွေး

ခြင်းကို လွန်မြောက်သည်၊ အသာ–ဖြစ်ရာ၏- လို့ ထည့်ပြီး အနက်ပြန်ရတယ်။ ပစ္စုပ္ပန်တရား ဆိုတာ ယခုဘဝမှာ ဖြစ်နေဆဲ တရားတွေဘဲ၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း, ထင်ရှားဖြစ်နေတဲ့ တရားတွေဘဲ၊ ယခု ယောဂီတွေ ရှုမှတ်နေကြရတာဟာ အဲဒီ မြင်ဆဲ, ကြားဆဲ စသော ပစ္စုပ္ပန်တရားတွေကို ရှုမှတ်နေကြရတာဘဲ။ အဲဒါဟာ ပစ္စုပ္ပန်တရားတွေမှာ ကပ္ပ–ဆိုတဲ့ ကြံ တွေး စွဲလမ်းမှုတွေ မဖြစ်ရအောင် ဖြစ်ခွင့်မရဘဲ ကင်းငြိမ်းအောင် ရှုမှတ်နေကြရတာဘဲ။

အဲဒီလို ရှုမှတ်နေလို့ မြင်တိုင်း, ကြားတိုင်း စသည်မှာ ထင်ရှားတဲ့ ရုပ်နာမ်တရားတွေကို "ဖြစ်ပြီး ပျောက်သွားလို့ မမြဲတဲ့တရားတွေချည်းဘဲ၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲတွေချည်းဘဲ၊သူ့သဘောအတိုင်း သူဖြစ်နေလို့ အစိုးမရတဲ့အနတ္တတရားတွေချည်းဘဲ"လို့ ပိုင်ပိုင် နိုင်နိုင် သိသိသွားယင် အဲဒီ ပစ္စုပ္ပန်တရားတွေမှာ ငါ ငါ့ဥစ္စာအနေဖြင့် ကြံတွေးစွဲလမ်းခြင်း မဖြစ်နိုင်တော့ဘူး၊ ဖြစ်ဆဲပစ္စုပ္ပန်တရားတွေ အပေါ်မှာ ငါ ငါ့ဥစ္စာအနေဖြင့် ကြံတွေးစွဲလမ်းခြင်း မဖြစ်နိုင်ယင် ဖြစ်ခဲ့ပြီး အဘိတ်တရား၊ ဖြစ်လတ္တံ့ အနာဂတ်တရားတွေ အပေါ်မှာလဲ ကြံတွေး စဉ်းစားခြင်း ဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းတော့တာဘဲ၊ အဲဒီလို ကင်းငြိမ်းတာဟာ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ရုပ်နာမ်ခန္ဓာတို့၌ ကြံတွေးခြင်းကို ဝိပဿနာရှု၍ တဒင်္ဂပဟာန်ဖြင့် ကျော်လွန်သွားတာဘဲ။ အဲဒီဝိပဿနာက ရင့်သန်ပြည့်စုံတဲ့အခါ အရိယမဂ်ဉာဏ် ဖြစ်ပေါ်လာတယ်၊ အဲဒီ အရိယမဂ်ဉာဏ် လေးပါးထဲက ပဌမမဂ်ဖြင့် ငါကောင် အနေနဲ့ ကြံတွေး စွဲလမ်းတဲ့ ဒိဋ္ဌိကို အကြွင်းမဲ့ ပယ်သွားတယ်၊

ငါးဥစ္စာအနေနဲ့ ကြံ တွေး စဲ့လမ်းတဲ့ တဏှာတွေထဲမှလဲ အပါယ်ကျစေနိုင်တဲ့ အကြမ်းဆုံးကို ပယ်သွားတယ်၊အနာဂါမိမဂ်ဖြင့် ကာမတဏှာကို ပယ်သွားတယ်၊ အရဟတ္တမဂ်ဖြင့် ဘဝတဏှာကို ပယ်သွားတယ်၊ အဲဒီလို ကပ္ပခေါ်တဲ့ တဏှာ ဒိဋ္ဌိအကြံအစဲ့ကို ပယ်သောအားဖြင့် ကျော်လွန်သွားအောင် ရှုမှတ် ကျင့်သုံးရမယ်လို့ ဆိုလိုပါတယ်။ အဲဒါကို အတိတ် တဖြာ၊ နာဂတ်မှာ၊ ရမ်းကာကြံတွေး ကျော်လွန်ပြီ” လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၁၅။ အတိတ် တဖြာ၊ နာဂတ်မှာ၊ ရမ်းကာ
ကြံတွေး ကျော်လွန်ပြီ။

ဒါက ပါဠိဂါထာမှာ ရှိရင်းအတိုင်း အတိတ်, အနာဂတ်၌ ကြံတွေးမှုကို ကျော်လွန်ရမယ်လို့ ဆိုထားတာပါဘဲ၊ ကပ္ပ ဆိုတဲ့ ပါဠိအရ တဏှာနဲ့ ဒိဋ္ဌိနဲ့ ကြံတွေးတယ်ဆိုတာ ရမ်းဆပြီး ကြံတွေးတာပါဘဲ၊ ဒါကြောင့် ကာရန်လဲ ရနေတဲ့အတွက် အဲဒီ ကပ္ပ-ကို ရမ်းကာ ကြံတွေးလို့ ဆိုထားပါတယ်၊ စ-နှင့် အပိ-တို့ဖြင့် ယူသင့်တဲ့ ပစ္စုပ္ပန်ကိုပါ ရအောင် ဆောင်ပုဒ် စီယင်တော့- “အတိတ်ဖြစ်ဆဲ၊ နာဂတ်လဲ၊ ကြံစဲ့မှုကို ကျော်လွန်ပြီ”လို့ ဆိုရပါဘဲ။

အဲဒီလို အတိတ်, အနာဂတ်, ပစ္စုပ္ပန် ရုပ်နာမ်ခန္ဓာတရား တို့၌ ငါ ငါ့ဥစ္စာအနေဖြင့် ကြံတွေး စဲ့လမ်းမှုကို ကျော်လွန် သွားယင် အလွန်စင်ကြယ်တဲ့ အရဟတ္တမဂ်ဉာဏ်နဲ့လဲ ပြည့်စုံ တော့တာပါဘဲ၊ဒါကြောင့် အတိစ္စ သုဒ္ဓိပညော--လို့လဲဆက်ပြီး ဟောထားပါတယ်။ အတိစ္စ-အတိဝ သုဒ္ဓိပညော--အလွန်ပင်

စင်ကြယ်သော ဉာဏ်ပညာနှင့် ပြည့်စုံသည်လည်း၊ အသ္ဘ– ဖြစ်ရာ၏တဲ့။ အဲဒါကို "ဉာဏ်စင်ကြယ်စွ" လို့ ဆောင်ပုဒ်မှာ စီထားတယ်။

အဲဒီကနောက် တတိယအပိုဒ်ကတော့– သဗ္ဗာယတနေဟိ· မျက်စိနှင့် အဆင်း, နားနှင့် အသံအစရှိသော အလုံးစုံသော အာယတန ၁၂-ပါးတို့မှ၊ ဝိပ္ပမုတ္တော၊ လွတ်မြောက်ပြီးသည် လည်း၊အသ္ဘ–ဖြစ်ရာ၏ တဲ့။

အလုံးစုံသော အာယတနတို့မှ စွဲလမ်းမှုကင်းသော အား ဖြင့် လွတ်မြောက်ရမယ်လို့ ဆိုလိုပါတယ်၊ အဲဒါဟာ အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာတို့၌ ကြံတွေးစွဲလမ်းခြင်းကို လွန် မြောက်တယ်ဆိုတာနဲ့ အနက်သဘောအားဖြင့် အတူတူပါဘဲ။

အာယတန ဆိုတာ အသိစိတ်ဖြစ်ကြောင်း တရားလို့ အနက်ရှိတယ်။ မျက်စိနဲ့ အဆင်းကို မှီပြီး မြင်သိစိတ် ဖြစ် တယ်၊ ဒါကြောင့် မျက်စိနဲ့ အဆင်းဟာ မြင်သိစိတ် ဖြစ် ကြောင်း အာယတနဘဲ။ ထို့အတူပင် နားနဲ့ အသံဟာ ကြားသိစိတ်ဖြစ်ကြောင်း အာယတနဘဲ။ နှာခေါင်းနဲ့ အနံ့ ဟာ နံ့သိစိတ်ဖြစ်ကြောင်း အာယတနဘဲ။ လျှာနဲ့ အရသာ ဟာ စားသိစိတ်ဖြစ်ကြောင်း အာယတနဘဲ။ ကိုယ်အကြည် ရုပ်နဲ့ အတွေ့ရုပ်ဟာ ထိသိစိတ်ဖြစ်ကြောင်း အာယတနဘဲ။ အဲဒီမှာ အတွေ့ဆိုတာက ကြမ်းတမ်း နူးညံ့ ချောညက်တဲ့ ပထဝီအတွေ့, ပူအေးနွေးတဲ့ တေဇောအတွေ့, တောင့်တင်း တွန်းကန် လှုပ်ရှားတဲ့ ဝါယောအတွေ့အားဖြင့် သုံးမျိုးရှိတယ်၊ ဖောင်းတယ် ပိန်တယ် သွားတယ် လှုပ်တယ် စသည်ဖြင့် ရှုမှတ်

ပြီး သိရတာဟာ အဲဒီ အတွေ့သုံးမျိုးထဲက ဝါယောအတွေ့ကို သိရတာပဲ များတယ်။ နောက်ပြီးတော့ ဘဝင်စိတ် ဆင်ခြင်စိတ်နဲ့ စိတ်ကူးအာရုံဟာ ကြံသိစိတ်ဖြစ်ကြောင်း အာယတနဘဲ။ အဲဒီ အာယတန ၁၂-ပါးမှ လွတ်မြောက်ရမယ်တဲ့။

ဘယ်လို လွတ်ရမှာလဲဆိုတော့–အဲဒီ အာယတနတွေကို ငါ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းခြင်း ကင်းသောအားဖြင့် လွတ်မြောက်ရမယ်၊ မြဲတယ် ချမ်းသာတယ် ကောင်းတယ် ငါကောင်ဘဲလို့ စွဲလမ်းခြင်းမှလဲ လွတ်မြောက်ရမယ်။ ယခု ယောဂီတွေ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့သိတိုင်း ကြံသိတိုင်း ရှုမှတ်နေကြရတာဟာ အဲဒီ မျက်စိအဆင်း စသော အာယတနတို့ကို မြဲတဲ့အနေ စသည်ဖြင့် စွဲလမ်းမှုကင်းအောင် ရှုမှတ်နေကြရတာဘဲ။ ခုတင်က ပြောခဲ့တဲ့အတိုင်း ရှုမှတ်လို့ သမာဓိနှင့် ဉာဏ် အားရှိလာတဲ့အခါ မြင်တာနဲ့ မှတ်သိတာဟာ ချက်ခြင်းပင် ပျောက်သွားတယ်လို့ သိရတယ်၊ ကြားတာနဲ့ မှတ်သိတာလဲ ချက်ခြင်းပျောက်သွားတယ်လို့ သိရတယ်။ နံတာနဲ့ မှတ်သိတာလဲ ချက်ခြင်းပျောက်သွားတယ်လို့ သိရတယ်။ စားသိတာနဲ့ မှတ်သိတာလဲ ချက်ခြင်းပျောက်သွားတယ်လို့ သိရတယ်။ ဖောင်းတယ် ပိန်တယ်၊ သွားတယ် ကြွတယ် လှမ်းတယ် ချတယ် စသည်ဖြင့် မှတ်တဲ့အခါ ထိသိတာနဲ့ မှတ်သိတာလဲ ချက်ခြင်းပင် ပျောက်သွားတယ်လို့ သိရတယ်။ စိတ်ကူးကြံစည်တာကို စိတ်ကူးတယ် ကြံစည်တယ် လိုချင်တယ် စသည်ဖြင့် ရှုမှတ်နေတဲ့အခါ ကြံသိတာနဲ့ ရှုသိတာလဲ ချက်ခြင်းပင် ပျောက်သွားတယ်လို့ သိရတယ်။

အဲဒီလို သိရတဲ့အတွက် မျက်စိ အဆင်း မြင်သိမှု စသော အာယတနတို့နှင့် စပ်ပြီး မြဲတဲ့အနေ ချမ်းသာတဲ့အနေ ကောင်းတဲ့အနေ ငါကောင်အနေဖြင့် ထင်မှတ်စွဲလမ်းမှုလဲ ကင်းသွားတယ်၊ အဲဒါကတော့ ရှုသိတဲ့အာရုံ, ဆင်ခြင်မိတဲ့ အာရုံနဲ့စပ်ပြီး တဒင်္ဂအားဖြင့် ထင်မှတ်စွဲလမ်းမှု ကင်းတာဘဲ။ အဲဒီလို တဒင်္ဂအားဖြင့် ရှုသိတိုင်းကင်းပြီးတော့ အရိယမဂ် ရောက်တဲ့အခါ အဲဒီ အာယတန ၁၂-ပါးနဲ့စပ်ပြီး ထင်မှတ် စွဲလမ်းမှု ကိလေသာတွေ အမြစ်ပြတ် ကင်းငြိမ်းသွားတယ်၊ အဲဒီလို ကင်းငြိမ်းသွားတာဟာ အာယတနအားလုံးမှ လွတ် မြောက်သွားတာဘဲ၊ ဒါလဲ ရဟန္တာ၏ ဂုဏ်ပုဒ်ပါဘဲ။ အဲဒါ ကို "အာယတန၊ ယင်းမှ လွတ်မြောက်သွားလေပြီ"လို့ စီထားတယ်၊ "အာယတန ဆိုတဲ့ ထိုတရားအားလုံးမှ လွတ် မြောက်သွားပြီ"လို့ ဆိုလိုတာပါဘဲ။ အဲဒါကို ဆိုကြရမယ်။

ဉာဏ်စင်ကြယ်စွ၊ အာယတန၊ ယင်းမှ လွတ်မြောက် သွားလေပြီ။

နောက်ဆုံးအပိုဒ်ကတော့ ပါဠိရော ဆောင်ပုဒ်ရော ရှေး ဂါထာများနဲ့ အတူဘူပါဘဲ။ သော-ထိုသို့သော ရဟန်းသည်၊ လောကေ-လောက၌၊ သမ္မာ-တစုံတခုနှင့်မျှ မငြိတွယ်ပဲ ကောင်းစွာ၊ ပရိဗ္ဗဇေယျ-ကျင့်သုံးနေထိုင်နိုင်ပါသည် တဲ့။ ဆောင်ပုဒ်ကို ဆိုကြရမယ်။

သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်း စွာနေရသည်။

## ရှုမှတ်တိုင်း အာယတနများ ထင်ရှားပုံ

ဒီကနေ့ ဟောတဲ့ ၂-ဂါထာထဲမှာ (သဗ္ဗာယတနေဟိ ဝိပ္ပမုတ္တော) အာယတန အားလုံးတို့မှ လွတ်မြောက်သည် ဆိုတဲ့အပိုဒ်ဟာ ဒီက ယောဂီတွေအတွက် အထင်ရှားဆုံး ဖြစ်မှာပါဘဲ။ ဘာကြောင့်လဲဆိုတော့–မြင်တယ် ကြားတယ် စသည်ဖြင့် ရှုမှတ်တိုင်း အဲဒီအာယတန တွေကို ထင်ရှား တွေ့ နေရသောကြောင့်ပါဘဲ။ ထင်ရှားတွေ့ပုံကတော့–မြင်ဆဲမှာ စက္ခာယတန ဆိုတဲ့ မျက်စိလဲ ထင်ရှားတယ်၊ ရူပါယတန ဆိုတဲ့ အဆင်းလဲ ထင်ရှားတယ်၊ မနာယတန ဆိုတဲ့ မြင်သိ စိတ်လဲ ထင်ရှားတယ်၊ အဲဒီ အာယတန ၃-ပါး ကတော့ မြင်ဆဲမှာ အထင်ရှားဆုံးပါဘဲ။ တခါတရံမှာ မြင်တွေ့မှု ဖဿ လဲ ထင်ရှားတယ်၊ မြင်လို့ကောင်း မကောင်း အလယ်အလတ် ဝေဒနာလဲ ထင်ရှားတယ်၊ အဆင်းအာရုံကို နှလုံးသွင်းတဲ့ မနသိကာရလဲ ထင်ရှားတယ်၊ ကြည့်ဘို့ မြင်ဘို့ ကြောင့်ကြ စိုက်တဲ့ စေတနာလဲ ထင်ရှားတယ်၊ အဆင်းကို မှတ်သားတဲ့ သညာလဲ ထင်ရှားတယ်၊ အဲဒီ ဖဿ ဝေဒနာ သညာ စေတနာ မနသိကာရ ဆိုတာတွေက ဓမ္မာယတနဘဲ။ မြင်ဆဲမှာ ယခု ပြောကဲ့ အာယတန ၄-ပါးထင်ရှားတယ်။ ကြားဆဲ နံဆဲ စားသိ ဆဲ တွေ့ထိဆဲများမှာလဲ နည်းတူပင် အာယတန ၄-ပါး ၄-ပါး ထင်ရှားတယ်။ ကြံသိဆဲမှာတော့ ဘဝင်နဲ့ ဆင်ခြင်တာကလဲ မနာယတနဘဲ၊ ကြံသိတာကလဲ မနာယတနဘဲ၊ ကြံသိရတဲ့ အာရုံကလဲ သီးသန့်အားဖြင့် ဓမ္မာယတနဘဲ၊ ကြံသိမှုနှင့် တပါတည်းဖြစ်တဲ့ ဖဿ ဝေဒနာ သညာ စသည်ကလဲ ဓမ္မာ ယတနဘဲ၊ ဒါကြောင့် ကြံသိဆဲမှာ အာယတန ၂-ပါးသာ ထင်ရှားတယ်။ သီးသန့်မဟုတ်ပဲ အဆင်း အသံ စသည်ကို

ဆင်ခြင်တဲ့ အခါကျတော့ ရူပါယတန စသည်လဲ ထင်ရှားပါသေးတယ်။

မြင်တိုင်းကြားတိုင်း စသည်မှာ ရှုမှတ်နေတဲ့ ယောဂီဟာ အဲဒီ အာယတနတွေကို တွေ့သိနေရတာဘဲ၊ သမာဓိဉာဏ်အားရှိတဲ့အခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီ အာယတနတွေ ဖြစ်ပေါ်လာပြီးတော့ ချက်ခြင်းပင် ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ အဲဒီလိုတွေ့ရတော့ မမြဲဘူး ဆင်းရဲချည်းဘဲ အတ္တကောင် မဟုတ်တဲ့ သဘောတရားမျှဘဲလို့ သိသိသွားတယ်၊ အဲဒီလို သိတိုင်း သိတိုင်းမြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင် ငါကောင်အနေဖြင့် စွဲလမ်းထင်မှတ်မှု မဖြစ်နိုင်တော့ဘူး၊ အဲဒါဟာ အစွဲအလမ်း ကင်းသော အားဖြင့် အာယတနတွေမှ လွတ်မြောက်နေတာဘဲ။ အဲဒါဟာ ဝိပဿနာက တဒင်္ဂပဟာန်ဖြင့် အစွဲအလမ်းတွေကို ပယ်ပုံဘဲ၊ တဒင်္ဂအနေဖြင့် အာယတနတို့မှ လွတ်ပုံဘဲ။ အဲဒီလို တဒင်္ဂအနေဖြင့် လွတ်ပြီးတော့ အရိယမဂ် ရောက်ပြီး သမုစ္ဆေဒ အနေဖြင့် လွတ်မြောက်အောင် ရှုမှတ်အားထုတ် နေကြရတာဘဲ။

ဒါကြောင့် ဒီ သာသနာ့ရိပ်သာမှာ ရှုမှတ်နေကျ အတိုင်း အာယတန ၁၂-ပါးမှ လွတ်မြောက်အောင် စွမ်းနိုင်သမျှ ရှုမှတ်အားထုတ်ကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု — သာဓု – သာဓု

သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော် တေရသမပိုင်း ပြီး၏။

# သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်

## စုဒ္ဒသမပိုင်း

ဒီကနေ့ ၁၃၃၇-ခုနှစ် တပို့တွဲလပြည့်နေ့ ဖြစ်တယ်၊ နက်ဖြန်ခါကျတော့ မော်လမြိုင်သွားရမှာမို့ သမ္မာပရိဗ္ဗာဇနီယသုတ်တရားကို ဒီကနေ့ အပြီးသတ်ဟောဘို့ စီစဉ်ထားတယ်၊ နောက်ဆုံးဖြစ်တဲ့ အမှတ်(၁၇) ဂါထာကတော့ နိမ္မိတဘုရားက ချီးကျူး အနုမောဒနာပြုတဲ့ ဂါထာဖြစ်တယ်၊ ယခု အမှတ်(၁၆)ဂါထာကို ဟောရမယ်။

---

### အပြေပန္နရသမ ဂါထာ

၁၆။ အညာယ ပဒံ သမေစ္စ ဓမ္မံ၊
ဝိဝဋံ ဒိသွာန ပဟာနမာသဝါနံ။
သဗ္ဗုပဓီနံ ပရိက္ခယာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ယောဘိက္ခု–အကြင် ရဟန်းသည်၊ ပဒံ–ရောက်အပ်–သိအပ်သော သစ္စာလေးပါးကို၊ အညာယ–အရိယမဂ်သို့မရောက်သေးမီ ရှေးအဖို့က အသီးအသီးသိပြီး၍၊ ဓမ္မံ–သစ္စာလေးပါးတရားကို၊ သမေစ္စ–အရိယမဂ်ဉာဏ်တပြိုင်နက် သိပြီး၍။ ဒါက အဋ္ဌကထာမှာ ဖွင့်ပြထားတဲ့ အနက်ပါဘဲ။ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ပုဗ္ဗဘာဂမဂ်ဖြင့် သစ္စာလေးပါးကို အသီးအသီး တပါးချင်းကိုသာ သိရတယ်၊ လေးပါးလုံးကို တပြိုင်နက်တော့ မသိနိုင်သေးဘူး၊ အရိယမဂ်ခဏကျတော့ အဲဒီသစ္စာလေးပါးကို တပြိုင်နက် သိတယ်။ ဘယ်လိုလဲဆိုတော့–

## သင်ယူခြင်း စသည်ဖြင့် သစ္စာတပါးချင်းသိပုံ

**ပဋိဝေဓငါးပါး။** ။ဝိပဿနာ တရားကို ပွါးများ အား ထုတ်မည့်ပုဂ္ဂိုလ်ဟာ"မြင်ဆဲ ကြားဆဲစသည်၌ ထင်ရှားဖြစ်ဖြစ် ပြီး ပျက်ပျက်သွားတဲ့ရုပ်နာမ်တရားတွေကို အမှန်အတိုင်း မရှု မသိနိုင်ယင် တဏှာဖြင့် **သာယာပြီးတော့လဲ** စွဲလမ်းနိုင်တယ်၊ ဒိဋ္ဌိဖြင့် အထင်အမြင် မှားပြီးတော့လဲ အတ္တအနေနဲ့ စွဲလမ်း နိုင်တယ်၊ ဒါကြောင့် အဲဒီ ရုပ်နာမ်တွေကို ဥပါဒါနက္ခန္ဓာ လို့ ခေါ်တယ်။

အဲဒီ ဥပါဒါနက္ခန္ဓာတွေဟာ ခဏမစဲ ဖြစ်ပျက်ပြီးနှိပ်စက် တတ်သောကြောင့် ဆင်းရဲ အစစ်အမှန် ဒုက္ခသစ္စာဘဲ၊ အဲဒီ ဒုက္ခသစ္စာတရားတွေကို အကောင်းထင်ပြီး **သာယာ** နှစ်သက် မှုက သမုဒယသစ္စာ–ဆင်းရဲ ဖြစ်ကြောင်း အစစ်အမှန်ဘဲ" စသည်ဖြင့် သစ္စာလေးပါးကို ဆရာ့ထံမှ သင်ယူရတယ်၊ **အဲဒီလို** သင်ယူပြီးသိတာကို **ဥဂ္ဂဟပဋိဝေဓ**–သင်ယူသော **အား** ဖြင့် ထိုးထွင်းသိခြင်းလို့ ဆိုရပါတယ်။ အဲဒီလို သင်ယူထား တာထဲက နားမလည်တာရှိယင် မေးရတယ်၊ အဲဒီလို မေးပြီး ဖြေရှင်းချက် သိနားလည်တာကို **ပရိပုစ္ဆာပဋိဝေဓ**ခေါ် တယ်။ ကြားနာပြီး သိတာကို **သဝနပဋိဝေဓ** ခေါ်တယ်။ အဲဒီလို သင်ယူကြားနာပြီး နှုတ်တက် ဆောင်ထားတာကို **ဓာရဏပဋိဝေဓ**ခေါ်တယ်။ မြင်တိုင်း ကြားတိုင်း စသည်မှာ အဲဒီဒုက္ခနဲ့ သမုဒယသစ္စာတရားတွေ ရှုမှတ်ပြီး သိတာကို **သမ္မသနပဋိဝေဓ** ခေါ်တယ်။

ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာတို့ကို အရိယမဂ် မရောက်မီ ရှေးအဖို့က အဲဒီ ပဋိဝေဓ ငါးပါးလုံးဖြင့် သိရတယ်၊ အဲဒီလို

သိတဲ့အခါမှာ အဲဒီ သစ္စာ ၂-ပါးထဲက တပါးချင်းသာ သိနိုင်တယ်၊ ၂-ပါးလုံးကို တပြိုင်နက် မသိနိုင်ဘူး။ နိရောဓနှင့် မဂ္ဂသစ္စာကိုလဲ တပါးချင်းသာ သိနိုင်တယ်၊ အဲဒီလို သိတာကလဲ ကြားနာပြီးတော့သာ သိနိုင်တယ်။ ရှုပြီးသိတဲ့ သမ္မသနအသိတော့ မဖြစ်နိုင်ပါဘူး။ ကြားနာသိပုံကတော့ "ရုပ်နာမ် ဆင်းရဲခပ်သိမ်း မဖြစ်ပေါ်လာတော့ပဲ ငြိမ်းတဲ့ နိရောဓသစ္စာဟာ (ဣဋ္ဌ ကန္တ မနာပံ) အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ သဘောဘဲ၊ အဲဒီ ချုပ်ငြိမ်းရာသို့ ရောက်စေနိုင်တဲ့ မဂ္ဂသစ္စာခေါ် မဂ်အကျင့်လမ်းဟာလဲ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ သဘောဘဲ"လို့ ဒီလိုကြားနာပြီး သိလျက် စိတ်ညွတ်ရုံမျှပါဘဲ၊ အဲဒီ နိရောဓနှင့် မဂ္ဂတို့ကို ရှုရတာတော့ မဟုတ်ပါဘူး၊ အဲဒီလို ကြားနာပြီး သိတဲ့ အခါလဲ တပါးချင်းသာ သိနိုင်တယ်။ ဒါကြောင့် ရောက်အပ် သိအပ်လို့ ပဒမည်တဲ့ သစ္စာလေးပါးကို ချုံးအကြာ တပါးချင်းသာ သိတယ်လို့ ဆိုပါတယ်။ ယခု မြွက်ခဲ့တာက အညာယ ပဒံ–ဆိုတဲ့ ပါဠိအရ သုတ္တနိပါတ် အဋ္ဌကထာမှာ ဖွင့်ပြတဲ့ အနက်ပါဘဲ။ အဲဒါဟာ သစ္စာနံ စတုရော ပဒါ–ဆိုတဲ့ ဓမ္မပဒကို ကိုးကားပြီး ဖွင့်ပြချက်ပါဘဲ။ ဒါပေမဲ့ ဓမ္မပဒဂါထာမှာ ဆိုလိုရင်းကတော့ သစ္စာလေးပါးကို တပါးချင်းသိတယ်လို့တော့ ဆိုလိုဟန်မတူပါဘူး၊ သစ္စာဟူသမျှတွေထဲမှာ (ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ–လို့) ၄-ပုဒ်ရှိတဲ့ သစ္စာဟာ အမြတ်ဆုံး ဖြစ်တယ်လို့သာ ဆိုလိုရင်းဖြစ်ပါတယ်။ ဒါက ပါဠိပညာရှိများ သတိပြုဘို့ ဆင်ခြင်ဘို့ပါဘဲ။

## အရိယမဂ်ခဏ၌ သစ္စာလေးပါးလုံး တပြိုင်နက်သိပုံ

သမေစ္စ ဓမ္မံ–ဆိုတဲ့ပါဠိအရ အရိယမဂ်ခဏ၌ သစ္စာလေးပါးကို တပြိုင်နက်သိပုံကတော့– မဂ်ဉာဏ်ဖြင့် နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကိုသာ မျက်မှောက်အာရုံပြုပြီး သိပါတယ်၊ အဲဒီလို နိဗ္ဗာန်ကိုသိလိုက်ယင် ခဏမစဲ ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာတရားတွေကို ဆင်းရဲလို့လဲ သိနိုင်တော့တာ ပါဘဲ။ အဲဒီ ဒုက္ခသစ္စာဆိုတဲ့ ရုပ်နာမ်တွေမှာ နှစ်သက်လိုချင်တတ်တဲ့ သမုဒယသစ္စာဆိုတဲ့ တဏှာဟာလဲ ကင်းသင့်သမျှ ကင်းသွားတော့တာပါဘဲ၊ အဲဒီလို ကင်းသွားတဲ့အတွက် ပဟာနပဋိဝေဓဆိုတဲ့ ပယ်သောအားဖြင့် သိခြင်းကိစ္စလဲ ပြီးသွားပါတယ်။ မဂ္ဂသစ္စာဆိုတာဘဲ မိမိသန္တာန်မှာ ဖြစ်ပေါ်သွားတဲ့ အတွက် ဘာဝနာ ပဋိဝေဓဆိုတဲ့ ဖြစ်ပွါးစေသောအားဖြင့် သိခြင်းကိစ္စလဲ ပြီးသွားပါတယ်။ ဒါကြောင့် အရိယမဂ်ဉာဏ်ဖြင့် သစ္စာလေးပါး တပြိုင်နက်သိပုံကို "တီသု ကိစ္စတော ပဋိဝေဓော ဟောတိ၊ နိရောဓေ အာရမ္မဏပဋိဝေဓော" လို့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။

တီသု–ဒုက္ခ သမုဒယ မဂ္ဂဟူသော သစ္စာသုံးပါးတို့၌၊ ကိစ္စတော ပဋိဝေဓော–ပိုင်းခြား၍ သိခြင်းကိစ္စ, ပယ်ခြင်းကိစ္စ, ဖြစ်ပွါးစေခြင်း ကိစ္စပြီးသောအားဖြင့် ထိုးထွင်း၍ သိခြင်းသည်၊ ဟောတိ–ဖြစ်၏။ နိရောဓေ–နိရောဓသစ္စာ၌၊ အာရမ္မဏပဋိဝေဓော–အာရုံပြုလျက် သိခြင်းဖြစ်၏–တဲ့။

အဲဒီပါဠိအနက်အရ ဆောင်ပုဒ်ကတော့ "သစ္စာလေးအင်၊ သိပြီးလျှင်၊ မဂ်တွင် ပြိုင်တူ သိလေပြီ" လို့ စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

၁၆။ သစ္စာလေးအင်၊ သိပြီးလျှင်၊ မဂ်တွင် ပြိုင်တူ သိလေပြီ။

ဝိပဿနာမရှုမီ သစ္စာလေးပါးဆိုင်ရာ တရားကို သင်ကြား လေ့လာစဉ်ကရော၊ ဝိပဿနာရှုစဉ်ကရော သစ္စာလေးပါးကို တပြိုင်နက် မသိနိုင်ဘူး၊ တပါးချင်းသာ သိတယ်၊ အရိယမဂ် ခဏကျတော့ နိရောဓကို မျက်မှောက်ပြုပြီး သိခြင်းဖြင့် ကျန် သစ္စာသုံးပါးကို ကိစ္စပြီးသောအားဖြင့် သစ္စာလေးပါးလုံးကို တပြိုင်နက် သိသွားတယ်၊ အဲဒီလို သိပြီးပြီလို့ ဆိုလိုပါတယ်။

သစ္စာတပါးချင်းသိပုံနှင့် တပြိုင်နက်သိပုံ ထပ်မံရှင်းပြချက်

သစ္စာလေးပါးထဲက ဒုက္ခနဲ့ သမုဒယဆိုတာက ဝဋ်သုံးပါး ထဲမှာ အတွင်းဝင်တဲ့ ဝဋ်သစ္စာ ၂-ပါးဘဲ၊ နိရောဓနဲ့ မဂ္ဂဆို တာက ဝဋ်သုံးပါးမှ ကင်းလွတ်တဲ့ ဝိဝဋ္ဋသစ္စာ ၂ ပါးဘဲ။ အဲဒီ ဝဋ်သစ္စာ ဝိဝဋ္ဋသစ္စာ ၂- မျိုးထဲမှာ ဝိဝဋ္ဋသစ္စာကို ဝိပဿနာ မရှုရဘူး၊ ဝဋ်သစ္စာ ၂-ပါးကိုသာ ရှုရမယ်လို့ အဋ္ဌကထာများမှာ အတိအလင်း ပြဆိုထားပါတယ်၊ ပြဆိုပုံ ပါဠိကတော့ –

"ဝဋ္ဋေ ကမ္မဋ္ဌာနာ ဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော"တဲ့။ အနက်ကတော့ –

ဝဋ္ဋေ–ဒုက္ခနှင့် သမုဒယဟူသော ဝဋ်သစ္စာ ၂- ပါး၌၊ ကမ္မဋ္ဌာနာဘိနိဝေသော – ဝိပဿနာ ကမ္မဋ္ဌာန်းကို စ၍ နှလုံး သွင်းခြင်း–ရှုမှတ်ခြင်းသည်၊ ဟောတိ–ဖြစ်၏၊ ဝိဝဋ္ဋေ –နိရောဓ နှင့် မဂ္ဂဟူသော ဝိဝဋ္ဋသစ္စာ ၂ ပါး၌၊ အဘိနိဝေသော–စ၍ နှလုံးသွင်းခြင်း ရှုမှတ်ခြင်းသည်၊ နတ္ထိ–မရှိပေ–တဲ့။

ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ယခုဘဝတွင် ရရှိအောင် အားထုတ်လိုတဲ့သူဟာ မြင်ခိုက် ကြားခိုက် စသည်၌ ထင်ရှား ပေါ်လာတဲ့ ဥပါဒါနက္ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာနဲ့ နှစ်သက်လိုချင်မှု ဆိုတဲ့ သမုဒယသစ္စာကို စပြီး ရှုရတယ်၊ အဲဒီလို ရှုတိုင်း ရှုတိုင်း အဲဒီ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို တခုချင်းသာ သိရတယ်၊ မရှုခင်ကဖြစ်စေ၊ ရှုဆဲမှာဖြစ်စေ၊ "မဂ်ဉာဏ်ကို ရပါစေ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါစေ"လို့ စိတ်ညွတ်တိုင်း တောင့်တမိတိုင်းလဲ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာကို တခုချင်းသာ သိရတယ်။ အဲဒါဟာ ရှေးအဖို့က သစ္စာတပါးချင်းသာ သိပုံဘဲ။

ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီးတော့ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်တဲ့အခါကျတော့ ခဏမစဲ ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုနေယင်းထဲက ရုပ်နာမ်တွေအားလုံး ချုပ်တဲ့နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မျက်မှောက်သိမြင်သွားတယ်၊ အဲဒီအခါမှာ ကျန်တဲ့ သစ္စာသုံးပါးကိုလဲ ပိုင်းခြားသိနိုင်ခြင်း၊ ပယ်ခြင်း၊ မိမိသန္တာန်၌ ဖြစ်ပွါးစေခြင်းဆိုတဲ့ ကိစ္စများ ပြီးစီးသောအားဖြင့် သိသွားတယ်၊ အဲဒါဟာ အရိယမဂ်ခဏ၌ သစ္စာလေးပါးလုံးကို တပြိုင်နက် သိပုံပါဘဲ။ အဲဒီလို ရှေးအဖို့က သစ္စာတပါးချင်းကို သိပြီးတော့ အရိယမဂ်ခဏ၌ လေးပါးလုံးကို တပြိုင်နက် သိပြီးဖြစ်ရမယ် တဲ့။ ဒါကြောင့် အဋ္ဌကထာမှာ ဖွင့်ပြထားတဲ့အတိုင်း—

ယော ဘိက္ခု—အကြင်ရဟန်းသည်၊ ပဒံ—ရောက်အပ်သိအပ်သော သစ္စာလေးပါးကို၊ အညာယ—အရိယမဂ်သို့ မရောက်သေးမီ ရှေးအဖို့က အသီးအသီးသိပြီး၍၊ ဓမ္မံ—

သစ္စာလေးပါးတရားကို၊ သမေစ္စ–အရိယမဂ်ဉာဏ်ဖြင့် တပြိုင်နက် သိပြီး၍–လို့ **အနက်မြန်မာ** ပြန်ခဲ့ပါတယ်။

## တနည်း အနက်ပြန်ဆိုဖော်ပြချက်

**တနည်း** ပြန်မယ်ဆိုယင်လဲ ဖြစ်သင့်ပါတယ်၊ ဘယ်လိုလဲ ဆိုတော့–ဘုရားဟောပါဠိ များစွာတို့မှာ ပဒံ–ဆိုတဲ့ ပုဒ်ဖြင့် နိဗ္ဗာန်ကို ဟောလေ့ရှိပါတယ်။ ဒါကြောင့် အဲဒီပါဠိတော် များစွာတို့နှင့်အညီ–ပဒံ–ရောက်အပ်–သိအပ်သော နိဗ္ဗာန်ကို၊ အညာယ–မျက်မှောက် အာရုံပြုသောအားဖြင့် သိ၍– ဝါ–သိလျက်၊ ဓမ္မံ–သစ္စာလေးပါးလုံးကို၊ သမေစ္စ–တပြိုင်နက် သိပြီး၍–လို့ ဒီလိုအနက်ပြန်ယင်လဲ သင့်ပါတယ်၊ အဲဒါဟာ "တီသု ကိစ္စတော ပဋိဝေဓော ဟောတိ၊ နိရောဓေ အာရမ္မဏပဋိဝေဓော"လို့ ပြဆိုထားတဲ့ အခြားအဋ္ဌကထာ များနှင့်လဲ ညီပါတယ်။ အဲဒီအနက်အရ **ဆောင်ပုဒ်**ကိုလဲ "နိဗ္ဗာန်မြင်ကာ၊ လေးသစ္စာ၊ မဂ်မှာပြိုင်တူ သိလေပြီ"လို့ စီထားပါတယ်။ အဲဒါကိုလဲ ဆိုကြရမယ်။

နိဗ္ဗာန်မြင်ကာ၊ လေးသစ္စာ၊ မဂ်မှာ ပြိုင်တူ သိလေပြီ။

## ဒုတိယပါဒ စသည် အနက်ပြန်ဆို ဖော်ပြချက်

အာသဝါနံ ပဟာနံ–**အာ**သဝေါတရားတို့ကို ပယ်ကြောင်းဖြစ်သော နိဗ္ဗာန်ကို၊ ဝါ–အာသဝေါတရားတို့ကို ပယ်ခြင်း=**အာ**သဝေါ တရားတို့၏ ကင်းခြင်းကို၊ ဝိဒ္ဓါ ဒိသွာန–ပွင့်ပွင့်လင်းလင်း အထင်အရှား ဆင်ခြင်လျက် သိမြင်ပြီး၍–တဲ့။ အဲဒါကို "အာသဝများ၊ ကင်းရှင်းသွား၊

ထင်ရှားဆင်ခြင် သိလေပြီ”လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

အာသဝများ၊ ကင်းရှင်းသွား၊ ထင်ရှားဆင်ခြင် သိလေပြီ။

နောက်ပြီးတော့–သဗ္ဗုပဓိနံ–အလုံးစုံသော ဥပဓိတို့၏၊ ပရိက္ခယာ–ကုန်ခြင်းကြောင့်၊ နော သဇ္ဇတိ-ဘယ်အရာ၌မျှ မငြိကပ် မတွယ်တာတော့ပေ။ ပါဠိဂါထာမှာ ပရိက္ခယာ–နော-လို့ ရှိတယ်၊ အဋ္ဌကထာမှာ ပရိက္ခီဏတ္တာ ကတ္ထစိ အသဇ္ဇမာနော-လို့ဖွင့်ပြထားတယ်၊ အဲဒီအဖွင့်နှင့်အညီ နော–ဆိုတဲ့ ပဋိသေဓပုဒ်ကို နော သဇ္ဇတိ-ဘယ်အရာ၌မျှ မငြိကပ် မတွယ်တာတော့ပေ-လို့ အနက်ပြန်လိုက်ရတာပါဘဲ၊ အနက်ပြန်ပုံကတော့ ထူးဆန်းပါတယ်၊ ဒါပေမဲ့ အခြားနည်းဖြင့် ပြန်ဘို့ မရှိတဲ့အတွက် အဋ္ဌကထာဖွင့်ပြချက်မှီပြီး ပြန်လိုက်ရတာပါဘဲ။ အဲဒီအပိုဒ်အရ ဆောင်ပုဒ်ကိုတော့ “လေးဥပဓိ၊ ကုန်လေဘိ၊ ကပ်ငြိတွယ်တာကင်းလေပြီ”လို့ စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

လေးဥပဓိ၊ ကုန်လေဘိ၊ ကပ်ငြိတွယ်တာကင်းလေပြီ။

ဥပဓိဆိုတာ ကပ်ပြီးတည်ရာတွေဘဲ၊ ဘာတွေက ကပ်ပြီး တည်နေကြသလဲဆိုယင် တရားဒေသနာတော်အရအားဖြင့် တော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဝဋ်ဆင်းရဲ သင်္ခါရဆင်းရဲ တွေ ကပ်ပြီးတည်နေကြပါတယ်။ ရုပ်နာမ်ခန္ဓာတွေဖြစ်နေယင် အဲဒီရုပ်နာမ်ခန္ဓာတွေကိုမှီပြီး ကိုယ်ဆင်းရဲစသည် သည်တွေ ဖြစ်ပေါ်လာကြတယ်၊ ဒါကြောင့် ရုပ်နာမ်ခန္ဓာတွေကို ခန္ဓု-

ပမိလို့ ခေါ်တယ်၊ ကာမဂုဏ်အာရုံတွေ၊ ကိလေသာတွေ၊ အဘိသင်္ခါရဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေကို မှီပြီး တော့လဲ ဆင်းရဲတွေ ဖြစ်ပေါ်လာကြတယ်၊ ဒါကြောင့် ကာမဂုဏ်တွေကို ကာမုပဓိလို့ခေါ်တယ်၊ ကိလေသာတွေကို ကိလေသုပဓိလို့ခေါ်တယ်၊ ကံတွေကို အဘိသင်္ခါရုပဓိလို့ ခေါ်တယ်၊ အဲဒီဥပဓိ အလုံးစုံကုန်နေသောကြောင့် ဘယ်မှာမျှ ငြိကပ်တွယ်တာခြင်းမရှိတော့ဘူးတဲ့၊ အထူးအားဖြင့်တော့ ကိလေသာဥပဓိတွေ ကုန်နေသောကြောင့် ကပ်ငြိတွယ်တာ ခြင်း ကင်းတာပါဘဲ။ နောက်ဆုံးအပိုဒ်ကတော့ ရှေးဂါထာ များနဲ့ အနက်ရော ဆောင်ပုဒ်ရော အတူတူပါဘဲ။ အဲဒီဆောင် ပုဒ်ကို ဆိုကြရမယ်။

> သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေ ရသည်။

သီတင်းကျွတ်လကွယ်နေ့က ဟောပြခဲ့တဲ့ အမှတ် ၂-ဂါထာ မှ အမှတ် ၁၆-ဂါထာအထိ ၁၅-ဂါထာတို့ဖြင့် မြတ်စွာဘုရားက ဖြေကြား ဟောပြတော်မူပြီးတဲ့အခါ နိမ္မိတဘုရားက ဒီလို ချီးကျူးအနုမောဒနာပြုတော်မူပါတယ်။

### နိမ္မိတဘုရားက ချီးကျူးအနုမောဒနာပြုပုံ

၁၇။ အဒ္ဓါ ဟိ ဘဂဝါ တထေဝ တော၊
ယော သော ဝေဝိဟာရီ ဒန္တော ဘိက္ခု။
သဗ္ဗသံယောဇနယောဂဝီတိဝတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

ဘဂဝါ–ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တော–အရှင်ဘုရား ဖြေကြားဟောတော်မူသော ဤစကားအားလုံးသည်၊ အဒ္ဒါ–မချွတ်ကေန်၊ တထေဝ- ထိုဖြေကြား ဟောပြသည့် အတိုင်းပင် မှန်လှပါပေသည်တဲ့။အမှတ် ၂-ဂါထာမှာ ယဿ မင်္ဂလာ သမူဟတာသေ-ဆိုတဲ့စကားမှစပြီးအမှတ်၁၆-ဂါထာ၌ သဗ္ဗုပဓိနံ ပရိက္ခယာနော၊ သမ္မာ သော လောကေ ပရိဗ္ဗ- ဇေယျ-လို့ဆိုတဲ့ နောက်ဆုံးစကားတော်တိုင်အောင် ဖြေကြား ဟောပြတော်မူခဲ့သမျှ စကားတော်အလုံးစုံဟာ ဖြေကြား ဟောပြတော်မူတဲ့အတိုင်း မချွတ်ကေန် မှန်လှပါပေတယ်တဲ့။ မှန်ပုံကို အတိုချုပ်အားဖြင့် ဒီလိုဖော်ပြပြီး ချီးကျူးတော် မူပါတယ်။

ယော သော ဘိက္ခု- အကြင်ရဟန်းသည်၊ ဧဝံဝိဟာရီ- လောကီမင်္ဂလာဟူသမျှကို ပယ်ပြီးဖြစ်ရမယ်စသည်ဖြင့် အရှင် မြတ်ဘုရား ဟောကြားဖြေဆိုတော်မူတဲ့အတိုင်း ကျင့်သုံးနေ လေ့ရှိ၏၊ ဝါ-ကျင့်သုံးနေလေ့ရှိသော၊ ယော သော ဘိက္ခု- အကြင်ရဟန်းသည်၊ ဒန္တော–ကိလေသာဟူသော ရိုင်းစိုင်း ခြင်း ကင်းလျက် ယဉ်ကျေးပြီးသည်၊ဟောတိ–ဖြစ်ပါပေ၏။ သဗ္ဗသံယောဇနယောဂဝီတိဝတ္တော–အလုံးစုံသော သံယော ဇဉ်တို့နှင့် အလုံးစုံသော ယောဂတို့ကို ကျော်လွန်ပြီးသည် လည်း၊ ဟောတိ–ဖြစ်ပေ၏ တဲ့။

## သံယောဇဉ် ၁၀-ပါး

သံယောဇဉ်ဆိုတာ သံသရာထဲမှ မထွက်မြောက်နိုင်အောင် ချည်နှောင်ထားတဲ့ နှောင်ကြိုးသဖွယ်ဖြစ်တဲ့ တရားတွေဘဲ၊

အဲဒီ သံယောဇဉ်အားလုံးကိုလဲ လွန်မြောက်သွားပါပြီ တဲ့၊ သံယောဇဉ်ကို လွန်မြောက်တယ်ဆိုတာ သံယောဇဉ်တွေ ဖြစ်နိုင်ခွင့်မရှိတော့ဘဲ ကုန်သွားတာ ကင်းရှင်းသွားတာပါ ဘဲ။ အဲဒီ သံယောဇဉ်ကြိုးတွေက (၁၀)ပါးရှိတယ်။

(၁) ကာမဂုဏ်အာရုံတွေကို သာယာနှစ်သက် တပ်မက် တာက ကာမရာဂ သံယောဇဉ်တဲ့၊ အဲဒီ ကာမရာဂ သံယောဇဉ် ရှိနေတဲ့ပုဂ္ဂိုလ်ဟာ ရူပဗြဟ္မာဘဝ အရူပဗြဟ္မာဘဝသို့ရောက် နေပေမယ်လို့ အဲဒီဘဝက အသက်တမ်းကုန်လို့ စုတေတဲ့ အခါ ကာမဘဝသို့ ပြန်ရောက်လာရတာဘဲ၊ ချည်နှောင်ထား တဲ့ကြိုးက ဆွဲချလိုက်သလိုပါဘဲ။

(၂) ဘဝကို ခင်မင်တွယ်တာနေတာက ဘဝရာဂသံယော ဇဉ်တဲ့၊ အဲဒီ သံယောဇဉ်ရှိနေတဲ့ ပုဂ္ဂိုလ်က ဘဝပြတ်သွား မှာကို အလိုမရှိဘူး၊ ဘဝထဲမှာ အမြဲပျော်နေတယ်၊ ဒါကြောင့် ဘဝမှ ကင်းလွတ်တဲ့နိဗ္ဗာန်ကို မရောက်နိုင်ဘူး။

(၃) အလိုမရှိတဲ့ပုဂ္ဂိုလ်နဲ့ အာရုံများကို အကြောင်းပြုပြီး စိတ်ဆိုးကိပါး ပြစ်မှားတတ်တဲ့ ဒေါသ–က ပဋိဃ သံယောဇဉ် တဲ့၊ အဲဒီသံယောဇဉ်ရှိနေတဲ့ ပုဂ္ဂိုလ်က အနိဋ္ဌာရုံနဲ့ တွေ့ရတဲ့ အခါ ဒေါသများအားဖြင့် စိတ်ဆင်းရဲရတတ်တယ်။

(၄) ကိုယ့်ကို အထင်ကြီးပြီး ဘဝင်မြင့်တာက မာန သံယောဇဉ်တဲ့၊ အဲဒီသံယောဇဉ်ရှိတဲ့ပုဂ္ဂိုလ်က ဟုတ်သည်ဖြစ် စေ၊ မဟုတ်သည်ဖြစ်စေ တစုံတခုကို ဂုဏ်ယူပြီးတော့ မာန် တက်ပြီး ဘဝင်မြင့်နေတတ်တယ်။

(၅) ရုပ်နာမ်တွေကိုပင် အတ္တကောင်လို့ အထင်အမြင်များတာက ဒိဋ္ဌိသံယောဇဉ်ဘဲ၊ ကံ ကံ၏အကျိုးမရှိစသည်ဖြင့် အထင်အမြင်များတာလဲ ဒိဋ္ဌိသံယောဇဉ်ဘဲ။

(၆) ဘုရား တရား သံဃာ အစစ်အမှန်တွေကို ဟုတ်မှ ဟုတ်ပါ့မလား စသည်ဖြင့် ဝေဘန်စဉ်းစားတာက ဝိစိကိစ္ဆာသံယောဇဉ်တဲ့။

(၇) မဂ္ဂင်ရှစ်ပါးမှ အလွတ်ဖြစ်တဲ့ ဘာသာရေး အလေ့အကျင့်များတွေကို အကျင့်ကောင်း အကျင့်မှန်ထင်တာက သီလဗ္ဗတသံယောဇဉ်တဲ့။ ဒီ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတသံယောဇဉ် သုံးပါးရှိနေတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်လေးပါးမှ မလွတ်သေးဘူး၊ ကုသိုလ်ကံအားကောင်းလို့ သုဂတိဘဝတွေမှာ ဖြစ်နေပေမယ်လို့ အကြောင်းမညီညွတ်ဘဲ တနေ့တချိန်မှာ အပါယ်လေးပါးသို့ ကျရောက်နိုင်သေးတာဘဲ။

(၈) သူတပါးကောင်းစားတာကို မနာလိုတာက ဣဿာသံယောဇဉ်တဲ့။

(၉) မိမိနဲ့စပ်ဆိုင်တဲ့ ပစ္စည်းများ ဂုဏ်များပုဂ္ဂိုလ်များကို သူတပါးနဲ့ မစပ်ဆိုင်စေချင်တဲ့ ဝန်တိုမှုက မစ္ဆရိယသံယောဇဉ်တဲ့။

(၁၀) မမြဲ ဆင်းရဲ အတ္တမဟုတ်တဲ့ ရုပ်နာမ်တရားတွေကို မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင်အနေဖြင့် မှားသွင်းစွာ သိတာက အဝိဇ္ဇာသံယောဇဉ်တဲ့၊ ဒီ အဝိဇ္ဇာသံယောဇဉ်နှောင်ကြိုး မကင်းသေးသမျှ ကာလပတ်လုံး သံသရာဝဋ်

ထဲမှ မလွတ်မြောက်ဘူး။ ယခုပြောပြနေဆဲ ရဟန်းမှာတော့ အဲဒီ အဝိဇ္ဇာနှင့်တကွ သံယောဇဉ်ကြိုးတွေ အကုန်လုံး ကင်းရှင်းနေပါပြီတဲ့။

နောက်ပြီးတော့ ယောဂလေးပါးကိုလဲ ကျော်လွန်သွားပါပြီ၊ ကင်းရှင်းနေပါပြီတဲ့။ ယောဂဆိုတာလဲ သံသရာဝဋ်ထဲ ယှဉ်စေတတ်တဲ့ တရားပါဘဲ၊ အဲဒါက (၁) ကာမယောဂ၊ (၂) ဘဝယောဂ၊ (၃) ဒိဋ္ဌိယောဂ၊ (၄) အဝိဇ္ဇာယောဂလို့ ၄-ပါး ရှိတယ်။ ကာမယောဂဆိုတာ ကာမရာဂသံယောဇဉ်နဲ့ အတူတူပါဘဲ၊ ဘဝယောဂဆိုတာလဲ ဘဝရာဂ သံယောဇဉ်နဲ့ အတူတူပါဘဲ၊ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂ ဆိုတာတွေလဲ ဒိဋ္ဌိ သံယောဇဉ် အဝိဇ္ဇာသံယောဇဉ် ဆိုတာတွေနဲ့ အတူတူပါဘဲ။ ဒါကြောင့် သံယောဇဉ်ကို လွန်မြောက်ယင် ယောဂကိုလဲ လွန်မြောက်တော့တာပါဘဲ။ အဲဒီ စကားရပ်တွေကို ဒီလို ဆောင်ပုဒ်များစီထားတယ်၊ "ဘုရားဗုဒ္ဓ၊ ဟောသမျှ၊ မုချကေန် မှန်ပေသည်။ ဟောတိုင်းကျင့်ကာ၊ နေသူဟာ၊ ကောင်းစွာ ယဉ်ကျေးနေပေသည်။ ယောဂလေးအင်၊ သံယောဇဉ်၊ ကင်းစင် လုံးဝလွတ်မြောက်သည်"တဲ့။အဲဒီ ဆောင်ပုဒ်တွေကို ဆိုကြရမယ်။

၁၇။ ဘုရားဗုဒ္ဓ၊ ဟောသမျှ၊ မုချ ကေန် မှန်ပေသည်။

ဟောတိုင်းကျင့်ကာ၊ နေသူဟာ၊ ကောင်းစွာ ယဉ်ကျေးနေပေသည်။

ယောဂလေးအင်၊ သံယောဇဉ်၊ ကင်းစင်လုံးဝ လွတ်မြောက်သည်။

နောက်ဆုံးအပိုဒ်ကတော့ ရှေး ဂါထာများနဲ့ အတူတူပါဘဲ၊ ဒါပေမဲ့ ဘုရားရှင်ကိုယ်တော်တိုင် ဟောတာနဲ့ နဲနဲကွဲရအောင်လို့ ဆောင်ပုဒ်ကိုတော့ "သို့ဖြစ်သူဟာ၊ လောကမှာ၊ ကောင်းစွာ ကျင့်သုံးနေရသည်"လို့ အနည်းငယ် ပြင်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

သို့ဖြစ်သူဟာ၊ လောကမှာ၊ ကောင်းစွာ ကျင့်သုံးနေရသည်။

ဒီ အမှတ် ၁၇-ဂါထာကတော့ နိမ္မိတရုပ်ပွါး ဘုရားကချီးကျူး အနုမောဒနာပြုတဲ့ နိဂုံးချုပ်ပါဘဲ။ ဒါကြောင့် သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော်ဟာ ပြီးဆုံးသွားပါပြီ။

## တရားနာရခြင်း၏ အကျိုး

ဒီ သုတ်တရားတော်ကို နာရတဲ့အတွက် အကျိုးဖြစ်ထွန်းပုံကို သုတ္တနိပါတ် အဋ္ဌကထာမှာ ဒီလို ဖော်ပြ ထားပါတယ်။

သုတ္တပရိယောသာနေ ကောဋိသတသဟဿဒေဝတာနံ အဂ္ဂဖလပ္ပတ္တိ အဟောသိ သောတာပတ္တိ သကဒါဂါမိ အနာဂါမိ ဖလပ္ပတ္တာ ပန ဂဏနတော အသင်္ချေယျာတိ။

သုတ္တပရိယောသာနေ– သုတ်တရားတော်၏ အဆုံး၌၊ ကောဋိသတသဟဿဒေဝတာနံ– ကုဋေတသိန်းသော နတ်ဗြဟ္မာတို့အား၊ အဂ္ဂဖလပ္ပတ္တိ– အမြတ်ဆုံး အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်၊ အဟောသိ– ဖြစ်လေပြီ။ သောတာပတ္တိ သကဒါဂါမိ အနာဂါမိဖလပ္ပတ္တာ ပန–သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ်များသို့ ရောက်ကြသော ပုဂ္ဂိုလ်တို့

သည်ကား၊ ဂဏနတော– အရေအတွက် ဂဏန်းအားဖြင့်၊ အသင်္ချေယျာ၊ မရေမတွက်နိုင်အောင်ပင် များကုန်၏။ ဣတိ– ဤတွင် သုတ်တခု အဖွင့် ပြီး၏။

**ရဟန္တာ ကုဋေ တသိန်း။** ။ ဒီ သမ္မာပရိဗ္ဗာဇနီယသုတ်ကို ကြားနာနေယင်း နှလုံးသွင်းရှုမှတ်ပြီး ရဟန္တာ ဖြစ်သွားတဲ့ နတ် ဗြဟ္မာတွေဟာ ကုဋေ တသိန်းတောင် ရှိပါသတဲ့၊ သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်သွားကြတဲ့ ပုဂ္ဂိုလ်တွေကတော့ မရေမတွက်နိုင်အောင် များပါသတဲ့၊ အဲဒီလို တရားနာနေယင်း ဟောပြောတဲ့ တရားကို သိနားလည်ပြီး နှလုံးသွင်း ရှုမှတ်နိုင်ကြတာ တရားထူး ရသွားကြတာဟာ အလွန်ပင် အံ့ဩစရာ ကောင်းလှပါပေတယ်၊ ဘာကြောင့်လဲ ဆိုတော့ ယခု ဂါထာတပုဒ်ချင်း အကျယ်ချဲ့ပြီး ဟောနေတာတောင် နားလည်ဖို့ရာ သိပ် မလွယ်သောကြောင့်ပါဘဲ။ အဲဒီလို နားလည်ပြီး တရားထူးကို အလွယ်တကူနဲ့ ရသွားကြတာတွေဟာ ပါရမီထူး ရှိနေကြလို့ပါဘဲ။

ပါရမီထူးဆိုတာလဲ တခြား မဟုတ်ပါဘူး၊ယခုလို နာကြားပြီး ရှုမှတ်ကျင့်သုံးခဲ့တဲ့ အလေ့အကျင့်ပါဘဲ၊ ယခုလို တရားနာပြီး ရှုမှတ်ကျင့်သုံးတာ ပါရမီထူးဘဲ၊ ယခု တရားကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ယနေ့ဘဝမှာ အကြောင်းမညီညွတ်လို့ တရားထူးကို မရသေးယင် နောင်ကာလ ဒုတိယဘဝ တတိယ ဘဝ စသည်မှာ တစုံတယောက်က ဟောပြောတဲ့ တရားကို နာနေယင်းလဲ တရားထူး တရားမြတ်ကို အလွယ်တကူနဲ့ ရသွားနိုင်တယ်၊ နတ်ပြည်ရောက်သွားယင် အဲဒီ နတ်ပြည်မှာ

ဗုဒ္ဓတရားတော်ကို ဟောပြောတတ်ကဲ့ နတ်ဓမ္မကထိကတွေ ဆိုတာရှိတယ်၊ အဲဒီ နတ်ဓမ္မကထိကတို့၏ တရားကို နာယင်းလဲ တရားထူး ရနိုင်တယ်၊ ဗြဟ္မာ့ပြည် ရောက်သွားယင်လဲ ဗြဟ္မာဓမ္မကထိကတို့၏ တရားကို နာယင်းလဲ တရားထူးကို ရနိုင်တယ်။

## နတ်ဘဝမှာ ပြန်ပြီး သတိရလျှင် ချက်ခြင်း တရားထူး ရနိုင်တယ်

နတ်ဖြစ်သွားယင် နတ်ကိုယ်ထဲမှာ ရုပ်တွေက အင်မတန် သန့်ရှင်း ကြည်လင်တယ်၊ အဲဒီ ကြည်လင် သန့်ရှင်းတဲ့ ရုပ်ကို မှီပြီးဖြစ်တဲ့ ဉာဏ်ကလဲ ထက်မြက်တယ်၊ ဒါကြောင့် ရှေးဘဝ တုန်းက အားထုတ်ခဲ့ဘူးတဲ့ တရားကို သတိရလျှင် ချက်ခြင်း ပင် နှလုံးသွင်းပြီး တရားထူးကို ရတတ်ပါတယ်။ ဒါကြောင့်–

"ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊အထ ခေါ
သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ
ဟောတိ"

လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။

ဘိက္ခဝေ–ရဟန်းတို့၊ သတုပ္ပါဒေါ–ရှေးဘဝတုန်းက အား ထုတ်ခဲ့တဲ့ တရားကို သတိရခြင်းသည်၊ ဒန္ဓော– နှေးသော် နှေးရာသေး၏၊ အထ ခေါ–စင်စစ်အားဖြင့်သော်ကား၊ သော သတ္တော– ရှေး ဘဝတုန်းက တရား အားထုတ်ခဲ့ဘူးကြောင်း သတိရသော ထို ပုဂ္ဂိုလ်သည်၊ ခိပ္ပမေဝ–လျင်မြန်စွာသာ လျှင်၊ ဝိသေသဘာဂီ– တရားထူးကို ရခြင်း အဖို့ ရှိသည်၊ ဟောတိ–ဖြစ်ပေ၏-တဲ့။ (အံ-၁၊၅၀၅)

နတ်ပြည်ရောက်ခါစ နတ်မိတ်ဆွေတွေနဲ့ နှုတ်ဆက် ပြောဆိုနေရခြင်း စသည်ကြောင့် ရှေးဘဝကို ပြန် မစဉ်းစားမိတဲ့ အတွက် ရှေးဘဝတုန်းက နှုလုံးသွင်း အားထုတ်ခဲ့တဲ့ တရားကို သတိမရပဲ ကြာမြင့်နေမယ် ဆိုယင် ကြာမြင့်နေနိုင်ပါတယ်-တဲ့၊ ဒါပေမဲ့ ရှေးက နှုလုံးသွင်းဘူးတဲ့တရားကို သတိရယင် တရားထူး ရတာကတော့ မနှေးဘူး၊ လျင်မြန်စွာ တရားထူးကို ရတတ်တယ်လို့ ဆိုလိုပါတယ်။

ဒါကြောင့် ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်နေကြတဲ့ပုဂ္ဂိုလ်တွေဟာ အကြောင်းညီညွတ်ယင် ယခု မျက်မှောက်ဘဝမှာပဲ တရားထူး တရားမြတ်တွေကို ရသွားကြပါလိမ့်မယ်၊ ပြည့်ပြည့်စုံစုံ အားထုတ်ယင် ယခုဘဝမှာ ရဘို့ကပဲ များပါလိမ့်မယ်။ အကြောင်း မညီညွတ်လို့ ယခု ဘဝမှာ တရားထူးကို မရသေးယင် ဒုတိယဘဝ တတိယဘဝ စသော နောက်ကာလမှာ အရိယမဂ်ဖိုလ်တရားထူးကို အလွယ်တကူနဲ့ ရဘို့ရာ သေချာပါတယ်။ ဒါကြောင့် ဒီ သမ္မာပရိဗ္ဗာဇနီယသုတ်မှာ ဟောကြားဖွင့်ပြခဲ့တဲ့အတိုင်း မနစ်မဆုတ် အားထုတ် သွားကြရုံပါဘဲ၊

အဲဒီလို မနစ်မဆုတ် ရှုမှတ်အားထုတ်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

**သာဓု သာဓု သာဓု။**

**သမ္မာပရိဗ္ဗာဇနီယသုတ် တရားတော် ပြီး၏။**

# နောက်ဆက်တွဲ
# တရားဆွေးနွေးပွဲ မှတ်တမ်း

## ပဌမအကြိမ်

| | |
|---|---|
| ကျင်းပရာ ဌာန။ | သာသနမာလဝိသောဓနီသိမ်တော်၊ သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။ |
| ကျင်းပသည့်ရက်။ | ၁၃၃၇-ခုနှစ် နတ်တော်လပြည့်ကျော် ၄-ရက် နံနက် ၇-နာရီ။ |
| သဘာပတိ ။ | သဒ္ဓမ္မသီတဂူဆရာတော် ပုသိမ်မြို့။ |
| အခမ်းအနားမှူး ။ | ရွှေစည်ဆရာတော် မန္တလေးမြို့။ |

### အခမ်းအနားမှူး၏ လျှောက်ထားချက်

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်အရ ယခုအခါ တရားဆွေးနွေးပွဲ စတင်ကျင်းပပါမည်။ ရှေးဦးစွာ အခမ်းအနား အစီအစဉ်ကို ဖတ်ကြား လျှောက်ထားပါမည်။

၁။ ပုသိမ်မြို့ သဒ္ဓမ္မသီတဂူ သဘာပတိ ဆရာတော်ဘုရားက သဘာပတိမိန့်ခွန်း မြွက်ကြားရန်။

၂။ မေမြို့ သတိပဋ္ဌာန် ရိပ်သာဆရာတော် ဦးအာစာရက ဆွေးနွေးတင်ပြရန်။

၃။ မော်လမြိုင် တောင်ဝိုင်း မဟာစည်ရိပ်သာဆရာတော် ဦးသံဝရက ဆွေးနွေးတင်ပြရန်။

၄။ ညောင်ကန်–အရှင်ဣန္ဒက က ဆွေးနွေးတင်ပြရန်။

၅။ ပျဉ်းမနား ပြန်ကပြေးရိပ်သာ ဦးဇဋိလက ဆွေးနွေး တင်ပြရန်။

၆။ ဆင်ဖြူကျွန်း ရွှေမန်းဦးပဝရက ဆွေးနွေးတင်ပြရန်။

၇။ မုံရွာမြို့ စန်းမြဲရောင်ခြည်ဆရာတော် ဦးနန္ဒိသရ က ဆွေးနွေးတင်ပြရန်။

ဒီ ၇-ပါးတို့က ဆွေးနွေးတင်ပြရန် အစီအစဉ် ပြုလုပ်ထား ပါသည်ဘုရား။ တပါးတပါး ၁၀-မိနစ်လောက်စီဆိုလျှင် တနာရီ ကျော်ကျော် အချိန်ကုန် ဖြစ်သွားပါလိမ့်မယ်။ ယခု အမှတ် (၁)အစီအစဉ်အရ သဘာပတိ သဒ္ဓမ္မသီတဂူ ဆရာတော်ဘုရား ကြီးက သဘာပတိမိန့်ခွန်း မြွက်ကြားတော် မူပါလိမ့်မယ် ဘုရား။

## သဘာဝပတိမိန့်ခွန်း

ယခုနေအခါမှာ သာသနာ့ရိပ်သာဆိုတဲ့ အမည်ဖြင့်အနယ်နယ် အရပ်ရပ်မှာ တည်ထောင်ဖွင့်လှစ်ပြီး သတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြား ညွှန်ပြနေကြတဲ့ ကမ္မဋ္ဌာန်းဌာနတွေဟာ ရာနှင့်ချီပြီး များပြားပြန့်ပွားလျက် ရှိနေပါတယ်၊ အဲဒီ ရိပ်သာတွေက ကမ္မဋ္ဌာနာစရိယ နာယကဆရာတော်တွေဟာ မိမိတို့ လျှောက်လာခဲ့ရတဲ့ ပဋိပတ် ညွှန်ကြားပြသခြင်း လမ်းစဉ်ကြီးမှာ ယောဂီအမျိုးမျိုးတို့၏ အတွေ့အသိ ပြောကြားပုံတွေ များစွာပင် ရှိခဲ့ပါတယ်၊ တပည့်ယောဂီတို့က သူတို့၏ အဇ္ဈတ္တသန္တာန်ကိုယ်မှာ မည်သို့မည်ပုံ ရှုမှတ်ပြီး မည်သို့ တွေ့ကြုံရတယ်၊ ရုပ်နာမ်ဖြစ်ပျက်တွေကို ဘယ်လိုတွေ့ရတယ် ဆိုတာတွေကို လျှောက်ကြားတဲ့အခါ ကမ္မဋ္ဌာနာစရိယများက မည်သို့မည်ပုံ ညွှန်ကြားပြုပြင် ပေးခဲ့ရတယ်–ဆိုတာရယ် အဲဒီလို ညွှန်ကြားပေးတဲ့အတွက် အခက်အခဲများကို ကျော်လွှန်ပြီး ထူးခြားတဲ့ သတိ သမာဓိ ပညာများဖြစ်လာပုံ၊ စိတ်ဓာတ်အားလျော့နေတဲ့ယောဂီများ စိတ်အားတက်လာပုံ၊ ထူးခြားသော အတွေ့အသိများကို တွေ့သိလာပုံ စသည်တို့ကို တင်ပြဆွေးနွေးတော်မူကြရန်နှင့် သံသယရှိသည့် အချက်များကိုလဲ တင်ပြဆွေးနွေးကြရန် ဖြစ်ပါတယ်။ အဲဒီလို ဟောကြားပုံ ထူးထူးခြားခြား တွေ့သိပုံများဟာ ယခု ကြားနာသူတို့မှာ အလွန်မှတ်သားဘွယ် ကောင်းပါလိမ့်မယ်၊ နောင်လာနောက်ပွား ပုဂ္ဂိုလ်များအတွက်လဲ နည်းယူဘွယ် ကြည်ညိုဘွယ် အားတက်ဘွယ် ဖြစ်ပါလိမ့်မယ်။

တချို့ပုဂ္ဂိုလ်တွေမှာ ဆေးဆရာအမျိုးမျိုး ဆေးအမျိုးမျိုးနဲ့ ကုလို့မရတဲ့ ရောဂါဝေဒနာတွေဟာ ရှုမှတ်နေယင်း ပျောက်သွားကြတာလဲ ရှိပါတယ်၊ အဲဒါဟာ မြတ်စွာဘုရား၏ သာသနာတော် တရားတော်မြတ်ဆေးဖြင့် ပျောက်ကင်းသွားတယ်–လို့ ဆိုနိုင်ပါတယ်၊ တရားတော်ကို ဆေးလို့ဆိုနိုင်ခြင်း၏ အကြောင်းကတော့ မိလိန္ဒပဥှာပါဠိတော်မှာ ဒီလို ပြဆိုထားတာ ရှိပါတယ်။

ယေ ကေစိ ဩသဓာ လောကေ၊
ဝိဇ္ဇန္တိ ဝိဝိဓာဗဟူ။
ဓမ္မောသဓသမံ နတ္ထိ၊
တော် ပိဝထ ဘိက္ခဝေါ–တဲ့။

လောကေ–လောက၌၊ ဝိဝိဓာ ဗဟူ–အမျိုးမျိုးအစားစားများစွာကုန်သော၊ ယေကေစိ ဩသဓာ–အလုံးစုံသော ဆေးတို့သည်၊ ဝိဇ္ဇန္တိ–ရှိကုန်၏၊ တေသု–ထိုလောကမှာ ရှိကြတဲ့ဆေးတို့တွင်၊ ဓမ္မောသဓ သမံ+တရားတော်မြတ် ဆေးအလားထူးခြား ထက်မြက်သော ဆေးမည်သည်၊ နတ္ထိ–မရှိပေ။ ဘိက္ခဝေါ–ရဟန်းတို့၊တံ–အကောင်းဆုံးဖြစ်သော ဤတရားဆေးကို၊ ပိဝထ၊ သောက်ကြ, သုံးဆောင်မှီဝဲကြပါကုန်လော့တဲ့။

လောကမှာ ရှိကြတဲ့ ဆေးတွေကတော့ ရုပ်ကိုယ်မှာဖြစ်တဲ့ ရောဂါကိုသာ ပျောက်စေနိုင်တယ်၊ စိတ်ရောဂါကိုတော့ မပျောက်စေနိုင်ဘူး၊ ရုပ်ရောဂါထဲမှာလဲ တချို့ရောဂါတွေကို မပျောက်စေနိုင်ဘူး၊ တရားဆေးကဟော့ လောဘ ဒေါသ အစရှိတဲ့ စိတ်ရောဂါတွေကိုလဲ ပျောက်စေနိုင်တယ်၊ အဲဒီ

စိတ်ရောဂါတွေ တစိတ်တဒေသလောက် ပျောက်ယင် အပါယ်လေးပါးဆင်းရဲ စသည်မှ လုံးဝကင်း လွတ်တော့တာဘဲ။ ပုဗ္ဗဘာဂမဂ်ခေါ်တဲ့ သတိပဋ္ဌာန် အစရှိသော ဝိပဿနာဆေးနှင့် အရဟတ္တ မဂ်ဆေးကို သောက်သုံးလိုက်တဲ့ အခါကျတော့ ကိလေသာရောဂါတွေ အကုန်ပျောက်ကင်းပြီး ဆင်းရဲခပ်သိမ်းမှ အပြီးတိုင် လွတ်မြောက်သွားနိုင်တယ်၊ ဒါတွင်မကသေးဘူး၊ ဝိပဿနာဆေးဖြင့် ရောဂါဝေဒနာ တွေကိုလဲ ပျောက်စေနိုင်ပါတယ်၊ မြတ်စွာဘုရားရှင်မှာ နောက်ဆုံးဝါမှာ ပရိနိဗ္ဗာန်စံလောက်အောင် အလွန်ပြင်းထန်တဲ့ ရောဂါဝေဒနာ ဖြစ်ပေါ်လာပါတယ်၊ အဲဒီတုန်းက ဘယ်ဆေးကိုမှ မသုံးဆောင်ဘဲ ဝိပဿနာဆေးဖြင့်ပင် ပျောက်ကင်းစေခဲ့ပါတယ်၊ ဒါကြောင့် တရားဆေးဟာ အမြတ်ဆုံးဖြစ်ကြောင်း သိရပါတယ်၊ အဲဒီလို အမြတ်ဆုံးဆေးတော်ကြီး ဖြစ်တဲ့အတွက် ရုပ်ရောဂါတွင်မက စိတ်ရောဂါတွေကိုပါ အမြစ်ပြတ် ပျောက်ငြိမ်းစေနိုင်တဲ့ သတိပဋ္ဌာန်စသော တရားဆေးတော်ကြီးကို သောက်သုံးမှီဝဲကြဖို့ မြတ်စွာဘုရားက မိန့်မှာတိုက်တွန်းတော်မူခဲ့ပါတယ်။

အဲဒီ အမိန့်တော်အတိုင်း ဘုရားတပည့်တော်တို့ ကမ္မဋ္ဌာန်းဆရာတွေဟာ အဲဒီတရားဆေးတော်ကြီးကို လက်ကိုင်ပြုပြီး လောကသူ လောကသား ဝေဒနာသည်တွေကို ကုစားနေတယ်–ဆိုယင်လဲ မမှားပါဘူး၊ အဲဒီလို ကုသရာမှာ ဘယ်ဆရာတော်က ဘယ်လိုဟောပြောပြီး ကုသလိုက်လို့ ဘယ်ပုဂ္ဂိုလ်တွေမှာ ဘယ်လိုရောဂါတွေ ပျောက်သွားတယ်၊ ရောဂါထဲမှာ ကိလေသာရောဂါဟာ အကြီးဆုံးဘဲ၊ အဲဒီကိလေသာ ရောဂါတွေ

နှင့်တကွ ကိလေသာမှ ဖြစ်လာတဲ့ ဝိပါကဝဋ်ဆိုင်ရာ ရုပ်ရောဂါ တွေပျောက်ကင်းသွားတယ်–ဆိုတာကို အရှင်ဘုရားတို့ တွေ့ ကြုံခဲ့ရသည့်အတိုင်း တင်ပြဆွေးနွေး ကြဘို့ပါဘဲ။

ဒါကြောင့် အရှင်ဘုရားတို့ဟာ မိမိတို့ကိုယ်တိုင် ကြားသိ တွေ့ကြုံကြရတဲ့ ထူးခြားချက်များကို အခြား ဆရာတော် များလဲ ဗဟုသုတဖြစ်ပွားရအောင်၊ ဒကာ ဒကာမတွေလဲ ကြားနာရပြီးဘော့ သဒ္ဓါတရား တိုးပွါးသော အားဖြင့် ပဋိပတ္တိသာသနာတော်ကြီးကို အားပေးနိုင်အောင် တင်ပြ ဆွေးနွေးရန်ဖြစ်ပါတယ်၊ အဲဒီသို့ တင်ပြဆွေးနွေးပြီးတော့ ရှေ့အဖို့မှာ ဒါ့ထက်တိုးပြီး ကုစားနိုင်အောင် ကြိုးစားမယ်၊ ဒါ့ထက်ကိုးပြီး ရောဂါသည်တွေ ရောဂါပျောက်အောင် ကြိုးစားမယ်–ဆိုတဲ့ စေတနာတွေနဲ့ အားထုတ်သွားတော်မူ နိုင်ကြရန်အတွက် ဘုရားတပည့်တော်က အနူးအညွတ် တောင်းပန်ပါတယ်–အရှင်ဘုရားတို့။

သာဓု–သာဓု–သာဓု–။

---

အစီအစဉ် နံပါတ် (၁) အရ သဘာပတိ ဆရာတော် ဘုရားကြီးက မိန့်ခွန်းစကား မိန့်ကြားပြီးပါပြီ၊ယခု အစီအစဉ် နံပါတ်(၂)အရ မေမြို့ သစ်တောသမ်း၊ သတိပဋ္ဌာန် သာသနာ့ ရိပ်သာ ဆရာတော် ဦးအာစာရအရှင်မြတ်က တရားဆွေးနွေး တင်ပြပါလိမ့်မယ်၊ ဆရာတော်ဦးအာစာရအရှင်ဘုရား၊တရား ဆွေးနွေးရန် ကြွတော်မူပါ အရှင်ဘုရား။

(ဤဆရာတော်ပြောသည့် သမာပတ်ဝင်စားပုံမှာ ဤဆွေးနွေးပွဲ မှတ်တမ်း၌ ဖော်ပြရန် မသင့်သောကြောင့် ဤအရာ၌ မပြဘဲ ချွင်းချန်ထားလိုက်သည်။) (မဟာစည် ဆရာတော်)

အစီအစဉ် နံပါတ်(၂)အရ ဆရာတော်ဦးအာစာရက ဆွေးနွေးတင်ပြပြီးပါပြီ၊ ယခု အစီအစဉ် နံပါတ်(၃)အရ မော်လမြိုင်မြို့ တောင်ဝိုင်းကလေး မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဦးသံဝရက မိမိ၏ အတွေ့အကြုံများကို ယခုစည်းဝေးတည်ရှိနေကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့၏ မျက်မှောက်မှာ ဆွေးနွေးတင်ပြပါလိမ့်မည်၊ ဆရာတော်ဦးသံဝရ ကြွတော်မူပါ အရှင်ဘုရား။

## ဆရာတော် ဦးသံဝရ၏ တင်ပြဆွေးနွေးချက်

ဘုရားတပည့်တော် တင်ပြချက်နှင့် ပတ်သက်၍ မသင့်လျော်ဘူးထင်မြင်လို့ရှိယင် အားမနာဘဲ ပြုပြင်ပေးတော်မူကြပါရန် အကြံဉာဏ်သစ် ပေးတော်မူကြပါရန် ရှေးဦးစွာ ပန်ကြား လျှောက်ထားပါသည်ဘုရား။

ဘုရားတပည့်တော်၏ အလုပ်ကတော့ စိတ်ခေတ် စစ်ဆင်ရေးအနေနဲ့ လုပ်ရတာတွေ များပါတယ်။

## ရှုမှတ်တတ်အောင် သင်ပြပုံ

တပည့်တော်တို့က ဖောင်းတယ် ပိန်တယ်–လို့ ရှုမှတ်ဖို့ရာ သေသေချာချာ ပြောပြပေမဲ့ မမှတ်တတ်ဘူး–ဆိုတဲ့ အမျိုး

သမီး ယောဂီကြီးများကိုလဲ တွေ့ရပါတယ်၊ အဲဒီအခါမှာ ဘုရားတပည့်တော်က ကဲ–ဒကာမကြီး ဒီလိုဆိုယင် ထိုင်တယ် ထိတယ်–လို့မှတ်ပါ-လို့ ပြောပြီးတော့ စိတ်စိုက်ပြီး ထိထိမိမိ ရှုမှတ်ပုံကို သေသေချာချာ ပြောရပါတယ်၊ အဲဒါကိုလဲ မမှတ်တတ်သေးဘူး-ဆိုယင် လက်နှစ်ဖက်ထိထား၊ အဲဒီ လက်ချင်းထိတာကို စိတ်နဲ့စိုက်ပြီး ထိတယ် ထိတယ်-လို့ မပြတ်မှတ်နေပါ–လို့ ပြောပါတယ်၊ အဲဒီလို မှတ်နေယင်းလဲ အသက်ကို မှန်မှန်ရှူပါ–လို့ ပြောပါတယ်၊ အဲဒီလိုအသက်ကို မှန်မှန် ရှူနေယင်း လက်က ထိတာ–ကို ထိတယ် ထိတယ်–လို့ မပြတ်မှတ်စေပါတယ်၊ အဲဒီလို မှတ်နေရာက ဖောင်းတာ ပိန်တာကို မှတ်ကြည့်စမ်းပါ-လို့ ခိုင်းရပါတယ်၊ အဲဒီလို လှည့်ပြီး ခိုင်းတော့ ဖောင်းတာ ပိန်တာကိုလဲ မှတ်တတ်သွားပါတယ်၊ အဲဒီကနောက် ထိုင်တာထိတာကို အမှတ်ခိုင်းတော့လဲ မှတ်တတ်သွားပါတယ်၊ အဲဒီကနောက် စိတ်ကူး ကြံစည်တာကို မလွှတ်ရအောင် အမှတ်ခိုင်းပါတယ်၊ အဲဒီ စိတ်ကူးကိုလဲ မှတ်နိုင်လာပါတယ်၊ အဲဒီကနောက် သုံးလေးရက်လောက် ကြာတဲ့အခါ တချို့ယောဂီမှာ အိမ်က ပါလာတဲ့ ရောဂါဝေဒနာက ထင်ရှားပေါ်လာတယ်၊ ခေါင်းကိုက်တာ ဗိုက်နာတာ ဒူးနာတာ ဒီလိုဟာတွေပါဘဲ။

## ခေါင်းကိုက်ရောဂါ ပျောက်ပုံ

အဲဒီလို ယောဂီကို ဘုရားတပည့်တော်က ဖောင်းတယ် ပိန်တယ်·လို့ မှတ်နေယင်း ထင်ရှားပေါ်လာသမျှကို စူးစိုက်ပြီး မှတ်ဖို့ ပြောပါတယ်၊ ဖောင်းတယ် ပိန်တယ် မှတ်နေယင်း ခေါင်းထဲကကိုက်လာယင် အဲဒီ ကိုက်တဲ့ နေရာကလေး

ကို လက်နဲ့ ထောက်ထားသလို စိတ်နဲ့ ထိထိမိမိ စူးစိုက်ပြီး ကိုက်တယ် ကိုက်တယ်-လို့ မပြတ် အတင်းမှတ်နေဖို့ တိုက်တွန်းပါတယ်၊ အဲဒီလို မှတ်ခါစမှာတော့ တိုးတိုးပြီး နာတယ် ကိုက်တယ်-လို့လဲ ပြောတတ်ပါတယ်၊ "သတိပဋ္ဌာန် တရားဆေး ဟာ အကောင်းဆုံးဘဲ မကြောက်နဲ့ ပေပြီးတော့သာ မှတ်နေပါ၊ တဖြေးဖြေး သက်သာ လာလိမ့်မယ်၊ ဘုန်းကြီးက တာဝန်ခံပါတယ်၊ ဘာမှ မဖြစ်စေရပါဘူး၊ မပျောက်မချင်း စူးစူးစိုက်စိုက်မှတ်သာ မှတ်နေပါ"လို့ သတိပဋ္ဌာန် ဆေးကို အတင်း တိုက်ကျွေးပါတယ်၊ အဲဒီတော့ ခေါင်းကိုက်နေတဲ့ ယောဂီက မမှတ်ပဲနေလဲ ကိုက်မြဲကိုက်နေမှာဘဲ၊ မှတ်နေယင် ပျောက်မယ်-ဆိုတော့ မှတ်နေတာက ဝိပဿနာ ကုသိုလ်လဲ ရတယ်၊ ပျောက်လဲ ပျောက်သွားမှာဘဲ-လို့ ယုံကြည်စိတ်ချပြီး ဘုရားတပည့်တော် ညွှန်ကြားတဲ့အတိုင်း အတင်း မှတ်နေပါ တယ်၊ အဲဒီလို မှတ်နေယင်း တဖြေးဖြေးကိုက်တာက လျော့ လျော့လာတာကို တွေ့ရပါသတဲ့။ အဲဒီတော့ အားတက်ပြီး မှတ်နေလိုက်တာ ခေါင်းကိုက်ရောဂါဟာ လုံးလုံး ပျောက် ကင်းသွားပါသတဲ့၊ အဲဒီရောဂါဟာ ငါးနှစ်ခြောက်နှစ်လောက် က စွဲကပ်ပြီး မကြာမကြာ ကိုက်နေတဲ့ ရောဂါ ဖြစ်ပါသတဲ့။ အဲဒီ ရောဂါဟာ မှတ်နေယင်း ပျောက်သွားပြီးတော့ နောက် ထပ် မဖြစ်လာတော့ဘဲ ပြတ်စဲ သွားပါသတဲ့၊ ခေါင်းကိုက် ပျောက်လို့ ချမ်းချမ်းသာသာနဲ့ ဘုရားတပည့်တော် ညွှန်ကြား တဲ့အတိုင်း သဒ္ဓါထက်သန်စွာနဲ့ မှတ်နေတဲ့အတွက် အဲဒီ ယောဂီဟာ ဉာဏ်စဉ် တရားနာခွင့်ရသည်အထိ ပြည့်စုံသွား ပါတယ်။

သမ္မာပရိဗ္ဗာဇနီယ ၁၂—ပ-မ-၁ ၈

ကမ္မဋ္ဌာန်းကျောင်းက ထွက်ပြီးတဲ့နောက် တွေ့ရတဲ့အခါ မေးကြည့်တော့လဲ အဲဒီ ခေါင်းကိုက်ဟာ မပေါ်လာတော့ ကြောင်း လျှောက်ပါတယ်၊ အဲဒါဟာ သတိပဋ္ဌာန်တရား ဆေးဖြင့် ငါးနှစ် ခြောက်နှစ်တိုင်တိုင် စွဲကပ် နှိပ်စက်နေတဲ့ ခေါင်းကိုက်ရောဂါ ပျောက်ကင်းသွားတဲ့အပြင် ဉာဏ်စဉ်တရား နာခွင့်ရသည်တိုင်အောင် ကိလေသာ စိတ်ရောဂါတွေလဲ ကင်း တန်သမျှ ကင်းသွားကြောင်း ကိုယ်တွေ့ တခုပါဘဲ။

ဒီပြင်လဲ ဗိုက်နာပျောက်အောင် အမှတ်ခိုင်းလို့ မှတ်နေ ယင်း ဗိုက်နာပျောက်သွားတာလဲ ရှိပါတယ်၊ ထို့အတူပင် ဒူးနာပျောက်သွားတာလဲ ရှိပါတယ်၊ နောက်ပြီးတော့ ပယော ဂ ပူးကပ်တဲ့ ရောဂါကိုလဲ အတင်း အမှတ်ခိုင်းလို့ မှတ်နေယင်း ပင် ပျောက်ကင်းသွားတာလဲ ရှိပါတယ်၊ အချိန်လုပြီး အတို ချုပ် လျှောက်ထား တင်ပြရခြင်း ဖြစ်ပါတယ်၊ အကျယ် သိလိုတဲ့ အရှင်မြတ်များ ရှိယင်တော့ အချိန် အခွင့် သင့်တဲ့ အခါမှာ မေးနိုင်ပါတယ်။

တချို့ယောဂီက ရှုမှတ်လို့ ကောင်းလာတဲ့အခါမှာ ဖောင်း တယ်လို့ မှတ်တဲ့ အခိုက်မှာ ဖောင်းတာကတခြား + မှတ်သိ တာကတခြား ကွဲပြားနေကြောင်း သူ့အလိုလို ပြောတတ် ပါတယ်၊ သူ့အလိုလို မပြောတတ်တဲ့ ယောဂီကိုတော့ ဖောင်းတက်လာတာနဲ့ မှတ်သိတာ တခုထဲဘဲလား၊ တခြား စီလား၊ ဖောင်းတာက သိတတ်ရဲ့လား၊ သူက ဘာကို သိ တုန်း၊ မှတ်တာက ဘာကိုသိတုန်း၊ မှတ်တာက ဖောင်းတာ လို တောင့်တင်း လှုပ်ရှားတတ်ရဲ့လား၊ စသည်ဖြင့် မေးစစ် ကြည့်ရပါတယ်၊ အဲဒီလို မေးကြည့်တော့ ရုပ်နှင့်နာမ် ကွဲနေ

ပုံကို ပြောတတ်ပါတယ်၊ ထိုအတူပင် တချို့ယောဂီက ကွေးချင်တဲ့စိတ် ရှိလို့ ကွေးတယ်၊ အဲဒီစိတ် မရှိယင် မကွေးဘူး စသည်ဖြင့် အကြောင်းနှင့်အကျိုးကိုလဲ သူ့အလိုလိုပင်ပြောတတ်ပါတယ်၊ သိလောက်ပါလျက် မပြောတတ်တဲ့ ယောဂီကိုတော့ အသေးစိတ် ခွဲခြားပြီး မေးကြည့်ရပါတယ်။

အဲဒီကနောက် ဆက်ပြီး မှတ်နေယင်း သူတို့အတွေ့များကို ပြောတတ်ပါတယ်၊ ဒုက္ခဝေဒနာတွေ့ရပုံကို အများအားဖြင့် ပြောတတ်ကြပါတယ်၊ အဲဒီ ဒုက္ခဝေဒနာတွေကို ဘုရားတပည့်တော်တို့က စူးစူးစိုက်စိုက် မပြတ်မှတ်နေဖို့ ညွှန်ကြားရပါတယ်။ ညွှန်ကြားတဲ့အတိုင်း မှတ်ကြတဲ့ ယောဂီများဟာ အဲဒီဒုက္ခဝေဒနာ ပျောက်ကင်း သွားကြတာဘဲများပါတယ်၊ အဲဒီအခါ ပေါ်လာသမျှ ဝေဒနာတွေဟာဖြစ်ပြီး ပျောက်သွားတာကို တွေ့ရကြောင်း ပြောကြပါတယ်၊ အဲဒီလို ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူး–လို့သိတာဟာ အနိစ္စာနုပဿနာဉာဏ်ဖြစ်ကြောင်း၊ ဒီ ဉာဏ်ဖြစ်အောင်လို့ ဝိပဿနာ ရှုရကြောင်း စသည်များကို ပြောပြပြီး အားပေးတိုက်တွန်းရပါတယ်။

အဲဒီလို အားပေးတိုက်တွန်းတဲ့အတိုင်း မပြတ်ရှုမှတ်ကြတဲ့ ယောဂီတွေမှာ အလင်းရောင် ပီတိ စသည်ကို တွေ့ရကြောင်း ပြောကြပါတယ်၊အဲဒီတော့ဥဒယဗ္ဗယဉာဏ်အနုပိုင်းရောက်လာကြပြီ–လို့ အမှတ်ပြုပြီးတော့ ပေါ်လာသမျှကို မပြတ်ရှုမှတ်သွားဖို့ ညွှန်ကြား တိုက်တွန်းရပါတယ်၊ ဒီနည်းဖြင့် ယောဂီတွေဟာ ဥဒယဗ္ဗယဉာဏ် စသည်ကို အစဉ်အတိုင်း ရောက်သွားကြပါတယ်၊ ဘင်္ဂဉာဏ်ကို ရောက်ပြီးတဲ့နောက်မှာ တိုး

ကြီးပေါ်က လိမ့်ကျရတော့မလိုလို ကြောက်တဲ့အကြောင်းလဲ ပြောတဲ့ ယောဂီ ရှိပါတယ်၊ ဒါဟာ ဘုရားတပည့်တော် ကြားသိရ တွေ့ကြုံရတဲ့ အချို့အတွေ့အကြုံများပါဘဲ၊ဘဂ်, ဘယ, အာဒီနဝဉာဏ် စသည်ဖြစ်တဲ့အခါ အရှင်ဘုရားတို့၏ တပည့်များ ပြောပုံကိုလဲ မိန့်ကြားတော်မူကြစေလိုပါတယ် အရှင်မြတ်တို့ ဘုရား။

[ ယောဂီတို့ ကိုယ်တွေ့ ဉာဏ်စဉ် ဖြစ်ပုံများကို ကမ္မဋ္ဌာန်း ဆရာတို့၏ မှတ်တမ်းစာအုပ်၌ရင်း၊ ဝိပဿနာရှုနည်းကျမ်း၌ ရင်း၊ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ် တရားတော်၌ရင်း အပြည့်အစုံ ပြထားပြီး ရှိသည်။ သံသယ ရှိလျှင် ထိုစာအုပ်များ၌ ကြည့်ရှုလေ့လာ မှတ်သားရာ၏၊ ထိုစာအုပ်တို့၌ ပြထားသည့် အတိုင်း မပြောနိုင်လျှင် ထိုယောဂီမှာ ဉာဏ်စဉ်ပြည့်စုံစွာ မဖြစ်သေး-ဟု မှတ်ရာ၏။ မဟာစည် ဆရာတော်။ ]

အစီအစဉ် နံပါတ်(၃)အရ မော်လမြိုင်မြို့ တောင်ဝိုင်း ကလေး မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဦးသံဝရ အရှင်မြတ်က တင်ပြ ဆွေးနွေးလို့ ပြီးပါပြီ၊ အစီအစဉ်နံပါတ် (၄)အရ ညောင်ကန်-အရှင်ဣန္ဒက က တင်ပြ ဆွေးနွေးပါ လိမ့်မည်။ ညောင်ကန်—အရှင်ဣန္ဒက တင်ပြ ဆွေးနွေးရန် ကြွတော်မူပါ။

## ညောင်ကန် — အရှင်ဣန္ဒက၏ တင်ပြ ဆွေးနွေးချက်

ဘုရားတပည့်တော် တင်ပြ လျှောက်ထားလိုတာကတော့ ဆရာတော်များသိကြပြီးသားအတိုင်း ဘုရားတပည့်တော်တို့၏

မဟာစည်ဝိပဿနာတရား အားထုတ်ခြင်းရဲ့ ရည်ရွယ်ချက်ဟာ ဝိပဿနာဉာဏ်ဖြစ်ဖို့နဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရဖို့ရာသာ ဖြစ်ပါတယ်၊ ဒါပေမဲ့ ဝိပဿနာတရားကို ပွါးများအားထုတ်နေယင်း အကြောင်းညီညွတ်ပြီး ပြီးစီးသွားတဲ့ ရောဂါပျောက်ကင်းသွားတာများကိုလဲ တွေ့ရဘူးပါတယ်၊ နောက်ပြီးတော့ တချို့မှာ အမြင်အကြားပေါက်တဲ့ သဘောကိုလဲ ကြားသိရ တွေ့ရပါတယ်၊ အဲဒီ အမြင်အကြားနှင့် ရောဂါပျောက်တာတွေက တော့ ဝိပဿနာအားထုတ်ရမှာ လိုရင်းအကျိုး မဟုတ်ပါဘူး၊ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာဖြင့် ကိုယ်တိုင်သိမြင်တဲ့ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ရာကသာ လိုရင်းအကျိုးဖြစ်ပါတယ်၊ အဲဒီ လိုရင်းအကျိုးကို ရအောင် အားထုတ်နေယင်း အပိုအမြတ်အစွန်းအနေနဲ့ ဖြစ်ပေါ်လာတာကလေးတွေကိုလဲ အချို့ယောဂီမှာ တွေ့ကြရပါတယ်။

## ဥပက္ကိလေသ ကျော်လွန်ပုံ

အဲဒီလို တွေ့ရတာတွေထဲက ဘုရားတပည့်တော် တွေ့ရတာကလေးတခုကို တင်ပြလိုပါတယ်၊ မယ်ဇလီကုန်းရိပ်သာမှာ သွားပြီး ဘုရားတပည့်တော်များ တရားပြနေစဉ်တုန်းက ဒကာကြီးတယောက်ဟာ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် အကူးပိုင်းရောက်တဲ့အခါ သူက ဝမ်းသာလွန်းအားကြီးပြီး စိတ်ခေတ်တွေ အလွန်တက်ကြွလာပါတယ်၊ အဲဒီလို တက်ကြွလာပြီးတော့ သူက ဇေတဝန်ကျောင်းတော်–ဆိုတဲ့ စာတန်းကြီးနဲ့ ကျောင်းဆောင်ကြီးကို တွေ့ရတဲ့အတွက် အဲဒီ ကျောင်းတော်ကြီးဆီကို ရည်မှန်းပြီး စကြံဦးဖက်က အခြားဖက်ဆီကို ပြေးပါတယ်၊ သူရည်မှန်းတဲ့ နေရာရောက်တော့

ကျောင်းတော်ကြီးကို မတွေ့ရတာနဲ့ ပြန်လှည့်ကြည့်လိုက်တော့ စကြံဦးဖက် ရောက်နေတယ်–ဆိုပြီး စကြံဦးဖက် ပြန်ပြေးလာပြန်တယ်၊ ဒီနည်းဖြင့် ဟိုဖက်ထိပ် ဒီဖက်ထိပ် ခေါက်တုံ့ ခေါက်ပြန် ချွေးသီး ချွေးပေါက်များကျအောင် ပြေးနေပါတယ်၊ အဲဒီလို ပြေးနေတာတွေ့ရတဲ့အတွက် ည ၁၁-နာရီခွဲလောက်ကျတော့ အခြားယောဂီတွေက လန့်ထိပ်ပြီးတော့ ကမ္မဋ္ဌာန်းဆရာ ဘုန်းကြီးများထံ လာလျှောက်ကြပါတယ်၊ အဲဒီတုန်းက မယ်ဇလီကုန်းရိပ်သာ ဆရာတော် ဦးသူရိယနှင့် ဘုရားတပည့်တော် အတူ ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

အဲဒါနဲ့ ဒကာကြီး ဘာဖြစ်လို့ ပြေးနေတာလဲလို့ မေးပါတယ်၊ ခုဘင်က ပြောခဲ့တဲ့အတိုင်းပင် သူထင်မြင်ပုံအကြောင်းကို သူက လျှောက်ထားပါတယ်၊ ဒါဖြင့် ရေကလေး သောက်လိုက်ပါဦး၊ မမောဘူးလားလို့ ပြောတော့ သူက မမောပါဘူး၊ တပည့်တော် ဝမ်းသာနေတယ်-လို့ ဆိုပါတယ်၊ ဒါပေမဲ့ သူမှာ ဟောဟဲ ဟောဟဲနဲ့ ချွေးတွေလဲ ကျနေပါတယ်၊ ရှေ့ဆက်ပြီး ပြေးနေယင် သူဟာ သေဖို့ရာသာ ရှိပါတော့တယ်၊ ဒါကြောင့် ကဲ–ထိုင်ပါ–ဆိုပြီးတော့ သူကို ရေတိုက်ပြီး ဒကာကြီး မြင်ရ တွေ့ရဟာတွေကို အသံထွက် ဆိုပြီး မှတ်ပြပါ၊ လဲ့နေယင် ဘုန်းကြီးတို့က တဲ့ပေးမယ်၊ ဟောဒီနားမှာ ဘုန်းကြီးတို့နှစ်ပါး ထိုင်နေတယ်၊ ဘာမှ မကြောက်နဲ့–ဆိုပြီးတော့ ဘုရားတပည့်တော်များက အမှတ်ခိုင်းပါတယ်၊ အဲဒီလို ခိုင်းလို့ သူက အသံထွက်ဆိုပြီး မှတ်နေလိုက်တာဟာ ယောဂီများမှာ ထင်ပေါ်မြဲ အာရုံနိမိတ်ထုံးစံအတိုင်း စုံလို့ပါဘဲ၊ တော–တောင်–ရေ–မြေ–တိမ်

ခိုးတွေ နတ်သမီးတွေကို မြင်ရတာရော စုံလို့ပါဘဲ၊ အဲဒီ အခါမှာ ဒါလောက်ဆို တော်လောက်ပါပြီ ဒကာကြီး၊ ရေသောက်ပြီး အိပ်ပေတော့ဆိုပြီး အမှတ်ကို ရပ်နား ထားစေလိုက်ရပါတယ်၊ သူ့ကို နှိမ်လို့ မရတာနဲ့ အအိပ်ခိုင်း ရတာပါဘဲ။

နံနက်ရောက်တဲ့အခါကျတော့ သူ့ကို ဒီလို ဟောပြောကြ ပါတယ်၊ "ဒကာကြီး၊ ပီတိ ပဿဒ္ဓိ–ဆိုတာလဲ တော်တော် တန်တန် အားထုတ်ရုံနဲ့ မတွေ့ဘူး၊ ဒါပေမယ်လို့ ဒီ ပီတိ ပဿဒ္ဓိ–ဆိုတာဟာ သိပ်ဝမ်းသာစရာတော့ မဟုတ်သေးပါ ဘူး၊ သိပ်ပြီးတော့လဲ အဖိုးတန်တာ မဟုတ်ပါဘူး၊ မြတ်စွာ ဘုရားက ဝက္ကလိရဟန်းကို ဟောထားတဲ့ တရားရှိတယ် ဒကာ ကြီး၊ ငါဘုရား၏ ရုပ်ပုံကို တွေ့မြင်နေပေမယ်လို့ တရားကို မမြင်ယင် ငါဘုရားကို မြင်ရာ မရောက်သေးဘူး၊ တရားကို မြင်မှ ငါဘုရားကို မြင်ရာ ရောက်တယ်" လို့ ဟော ထားတဲ့ ပါဠိကိုပါ ရွတ်ပြပြီး သူ့ကို နှိမ်ချ ဟောပါတယ်၊ အဲဒီလို ဟော တာကိုပင် သူက ဝမ်းသာစရာ ထင်ပြီး တုန်တုန်ခိုက်ခိုက်နဲ့ နတ် ပူးသလို ဖြစ်လာပါတယ်၊ အဲဒီတော့ သူ့ကို စိတ်ခဲတ် စစ် ဆင်ရေးအနေနဲ့ ဒကာကြီး နတ် ပူးနေသလား–လို့မေးလိုက် ပါတယ်၊ အဲဒီလို မေးလိုက်တော့ သူက မခံနိုင်ဘူး။

"ဟာ–မဟုတ်ပါဘူး ဘုရား၊ တပည့်တော်ကို နတ်မပူး ပါဘူး၊ ဝမ်းသာလွန်းလို့ တုန်လာတာပါ" လို့ သူက ပြန်ပြော တယ်၊ အဲဒီတော့ဒီဒကာကြီးကို နှိပ်ချပြီး ဟောပေမယ်လို့ ပါဠိ ရွတ်ပြီး ဟောယင် သူက ပိုပြီးဝမ်းသာနေဦးမယ်–လို့ ယူဆပြီး တော့ သူ့ကို ဗမာစကား သက်သက်ဖြင့်ဘဲ နှိပ်ချဟောရ ပါတယ်။

ဒကာကြီး ယခု တွေ့ထားတဲ့ တရားကလေးဟာ ဘာမှ အဘိုးမတန်သေးဘူး၊ ဒါထက် အဘိုးတန်တာတွေ အများကြီး ရှိသေးတယ်၊ အဲဒီ အဘိုးတန် တရားတွေကို တွေ့ရအောင် ဒကာကြီးဟာ အများကြီးဆက်ပြီး အားထုတ်ရ ဦးမယ်–” စသည်ဖြင့် ဟောပြောပြီး သွန်သင်လိုက်တဲ့ အခါ ကျတော့ သူက လမ်းစဉ်အမှန်တဲ့ပြီးတော့ ရှေ့ကို တိုးတက် သွား ပါဘယ်။

အဲဒီတုန်းက အခြား ယောဂီတွေက အဲဒီ ဒကာကြီး အတွက် စိုးရိမ်ကြပါတယ်၊ ဘုရားတပည့်တော်တို့ အဲဒီဌာနကို မရောက်သေးခင်က အဲဒီက အခြားဒကာကြီး တယောက်ဟာ အဲဒီကဆရာဘုန်းကြီး[၁] ကမ္မဋ္ဌာန်း ပြနေရာမှာ ရူးသွားဘူးတဲ့ အတွက် စိုးရိမ်ပြီး လှုပ်ရှားနေတဲ့ ဒီ ဒကာကြီးကို ပြန်လွှတ်ဖို့ လျှောက်ကြပါတယ်၊ ဒါပေမဲ့ တပည့်တော်တို့က ပြန်မလွှတ်ဘဲ လုပ်ငန်းစဉ်ကို တဲ့ပေးတဲ့အတွက် ချောချောမောမော တရား တိုးတက်သွားပါတယ်၊ အဲဒါဟာ ဘုရား တပည့်တော် တွေ့ရ တဲ့ အထူး တခုပါပဲ။

## ဝက်ရူးပြန် ရောဂါ ပျောက်ပုံ

နောက်တခုကတော့ ဟသ်ာတ ရိပ်သာမှာ ရိပ်သာ ဆရာ တော် ဦးကုဏ္ဍလနှင့်အတူ တရား ပြနေစဉ်တုန်းက ဝက်ရူး ရောဂါ ပျောက်သွားတဲ့ အမျိုးသမီး တယောက်ကို တွေ့ရဘူး ပါတယ်၊ သူ့နာမည်က မမြစန်းတဲ့၊ သူ့နေရပ်က လိပ်ချောင်း

---

၁။ ယင်း ဘုန်းကြီးမှာ မဟာစည် ဩဝါဒခံ မဟုတ်ပါ။

ရှာပါ တဲ့၊သူမှာ အိမ်တုန်းက တခါ တခါ ဝက်ရူး ပြန်ယင် အမြှုပ်တွေ ထွက်ပြီးနေတယ်၊ နာရီဝက် တနာရီ လောက် နှိပ်ပေးမှ ပျောက်ပါသတဲ့၊ ရိပ်သာ ရောက်လာတော့လဲ တရား ထိုင်ယင်း အဲဒီလို ဝက်ရူးပြန်ပါတယ်၊ ပြန်တဲ့ အခါမှာ လဲကျ သွားတယ်၊ ဒါပေမဲ့ နာရီဝက် တနာရီ နှိပ်မပေးရဘဲနဲ့ ချက် ခြင်းဘဲ ပြန်ထနိုင် ပါတယ်၊ အဲဒီတော့ ရိပ်သာ ဂေါပက အဖွဲ့ဝင် လူကြီးများက ရိပ်သာနာမည် ပျက်လိမ့်မယ်၊ ဝက်ရူးပြန်တဲ့ ရောဂါ ဖြစ်တယ်-ဆိုလို့ရှိယင် တပည့်တော်တို့ ရိပ်သာမှာ တရားအားထုတ်မည့်သူ မရှိဘဲဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် အဲဒီ အမျိုးသမီးကို ပြန်လွှတ်ပါ-လို့ တပည့် တော်တို့ကို လျှောက်ကြပါတယ်၊ စိုးရိမ် ကြလို့ပါဘဲ။

"သူ့ ဝက်ရူးရောဂါက အိမ်က ပါလာတဲ့ နဂိုရောဂါဘဲ၊ ဒီ ရိပ်သာကျမှ အသစ်ဖြစ်လာတဲ့ ရောဂါ မဟုတ်ပါဘူး၊ ဒါကြောင့် နာမည်ပျက်စရာ မရှိပါဘူး၊ တရားအားထုတ်ယင်း ဝက်ရူးရောဂါ ပျောက်သွားယင် ဘုန်းကြီးတို့မှာ အမြတ် ထွက်ဖို့သာ ရှိပါတယ်"လို့ ပြောပြပြီးတော့ အဲဒီ အမျိုးသမီးကို ဆက်ပြီး အားထုတ် စေပါတယ်။

အားထုတ်ဖို့ ညွှန်ပြပုံကတော့ ဖြစ်ပေါ် လာသမျှတွေကို မှတ်ဖို့ ဝက်ရူးပြန်ယင်လဲ ပြန်တယ်လို့-မှတ်ဖို့ တပည့်တော်တို့ က ညွှန်ကြားပါတယ်၊ ညွှန်ကြားတဲ့အတိုင်း ဆက်ပြီး အား ထုတ်တဲ့အခါမှာ လဲကျသွားယင် ချက်ခြင်းပင် ရှုမှတ်တော့ ချက်ခြင်းပင် ထ, ထိုင်နိုင်ပါတယ်၊ နှိပ်လဲ မပေးရတော့ပါဘူး။

နောက်ကျတော့ အဲဒီယောဂီအမျိုးသမီးက ပြောပြလို့ သိရသည်မှာ ဆေးဆရာတွေ အမြင်နဲ့တော့ ဝက်ရူးရောဂါ

ဘာ့ကြောင့်ဖြစ်တယ်–ဆိုတာ တပည့်တော် မပြောတတ်ပါဘူး၊ သူပြောတာကတော့ ဝက်ရူးပြန်မည့် (ပြန်ချင်တဲ့) စိတ်ကြီး အဦးဆုံးဖြစ်လာပါတယ်–တဲ့၊ အဲဒီအကြောင်းကို အဦးဆုံး သိလာပါတယ်၊ အဲဒီ ဝက်ရူးပြန်မည့် စိတ်ကြီးကို အမည် မမှည့်တတ်ပါဘူး၊ အဲဒီ စိတ်ကြီးဖြစ်လာယင် ငါတော့ ဝက်ရူးပြန်တော့မှာဘဲ–လို့ ကြိုတင်ပြီး သိလာပါသတဲ့ ဘုရား၊ အဲဒီလို သူကလျှောက်တော့ ဒါဖြင့်ယင် အဲဒီ စိတ်ကြီးကို သိတယ် သိတယ်–လို့ မှတ်ဖို့ ညွှန်ကြားရပါတယ်၊ ညွှန်ကြားတဲ့အတိုင်း အဲဒီစိတ်ကြီးပေါ်လာတိုင်း မှတ်ပါတယ်၊ အဲဒီလို မှတ်ယင်း မှတ်ယင်းနဲ့ အဲဒီစိတ်ဟာ မပေါ်လာတော့ဘူး၊ မပေါ်လာတဲ့အတွက်ကြောင့် ဝက်ရူးလဲ မပြန်တော့ပါဘူး၊ ဉာဏ်စဉ်နာသွားရသည့်အထိ ပျောက်ငြိမ်းနေပါတယ်၊ နောက် နှစ်လ သုံးလ တနှစ်လောက်ရှိတဲ့အခါ သင်္ကန်းနားထောင်ပြီး မကြာမကြာမေးကြည့်တော့လဲ အဲဒီဝက်ရူးရောဂါ မရှိတော့ကြောင်း ကြားသိရပါတယ်၊ ယခုလဲ အဲဒီအမျိုးသမီးဟာ အသက်ရှင်လျက် ရှိနေပါသေးတယ် ဘုရား၊ ဒီအတွေ့အကြုံထူးကိုလဲ ဘုရားတပည့်တော်က တင်ပြ လျှောက်ထားပါတယ်ဘုရား။

အစီအစဉ်နံပါတ် (၄)အရ ဆောင်ကန်အရှင်ဣန္ဒက က သူ၏ အတွေ့အကြုံများကို တင်ပြသွားပါပြီ၊ ယခု အစီအစဉ်နံပါတ်(၅)အရ ပျဉ်းမနားမြို့နယ် ပြန်ကပြေးရွာ မဟာစည်တိုက်ခွဲ ရိပ်သာဆရာတော် ဦးဇဋိလအရှင်မြတ်က တင်ပြလျှောက်ထားရန်ပါ ဘုရား။

## ပြန်ကပြေးရွာ မဟာစည်တိုက်ခွဲ ရိပ်သာဆရာတော် ဦးဇဋိလ၏ တင်ပြဆွေးနွေးချက်

ဘုရားတပည့်တော် ကမ္မဋ္ဌာန်းပြလာခဲ့တဲ့ ခရီးတလျှောက်မှာ တွေ့ကြုံရတဲ့ ထူးခြားချက်ကို တင်ပြပြီး ဖြစ်ပေါ်နေတဲ့ သံသယကိုလဲ တင်ပြလျှောက်ထားလိုပါတယ်ဘုရား။

### ဦးဘိုးထွန်း၏ နံရိုးကောက်ပျောက်ပုံ

ပဌမ ထူးခြားတဲ့ အတွေ့အကြုံကို လျှောက်ထားပါမည်၊ ဘုရားတပည့်တော် တရားပြနေရာမှာ အရွယ်တော်တော်ကြီးပြီး နံရိုးက အဘုတ်ကို ထောက်နေတဲ့ ဒကာကြီးတယောက်ကို တွေ့ရပါတယ်၊ သူ့အမည်က ဦးဘိုးထွန်းပါတဲ့၊ ပျဉ်းမနားမြို့ အနောက်ပိုင်းမှာ နေပါတယ်၊ အဲဒီ ဦးဘိုးထွန်းဟာ ကလေးတယောက်ကို သူရင်ဘတ်အနှင်းခိုင်းရာက နံရိုးကွေးကောက်ပြီးတော့ အဘုတ်ကို ထိခိုက်နေတဲ့အတွက် အသက်ရှူလေကို ဝအောင် မရှူနိုင်ဘဲ ရှိနေပါသတဲ့၊ အဲဒါကို သေးရုံသွားပြီးပြတော့ ဆရာဝန်များက ခွဲရမယ်-လို့ချည်း ပြောနေတဲ့အတွက် အသက်ကလဲ ၇၀-ကျော်နေပြီ၊ ခွဲရမယ်-ဆိုယင်တော့ ငါသေမှာဘဲ၊ မခွဲခင် မသေခင် တရားသွားအားထုတ်ဦးမယ်-ဆိုပြီး ဘုရားတပည့်တော်ထံ လာပြီးတရားအားထုတ်ပါတယ်၊ အားထုတ်တဲ့အခါ အဖြစ်အပျက်ကို များများမြင်တဲ့ ဉာဏ်ပိုင်းရောက်တဲ့အခါကျတော့ သူဟာထိုင်ပြီး ဖေါင်းတယ် ပိန်တယ်-လို့ မှတ်နေယင်း ဝမ်းထဲက ဒုတ်ကနဲမြည်တဲ့အသံကို ကြားရတယ်၊ အဲဒီလိုမြည်ပြီးတော့ အသက်ရှူချောင်သွားတာကိုလဲ တွေ့ရတယ်၊ စမ်းသပ်ကြည့်တော့ နံရိုးဟာ နဂိုကလို

မဟုတ်တော့ဘဲ အပေါ်တက်ပြီး ညီနေတာကိုလဲ တွေ့ရပါသတဲ့။

အဲဒါကို ဆရာဝန်ထံ သွားပြတဲ့အခါ ဘယ်ဆေးရုံ သွားကုသတုန်း၊ ဘယ်ဆရာနဲ့ ကုသတုန်း–လို့ ဆရာဝန်ကမေးတော့ ဘုရားဆေးနဲ့ဘဲ ကုလာပါတယ်၊ ရိပ်သာမှာ တရားအားထုတ်တာနဲ့ဘဲ ဝမ်းဗိုက် ဖောင်းပိန်ကိုရှုယင်း ဒီနံရိုးဟာ ဖြောင့်လာတာပါဘဲ–လို့ သူကပြောသတဲ့။ အဲဒီတော့ ဆရာဝန်က အဲဒီနည်းဟာ မခွဲမစိတ်ပဲနဲ့ ရောဂါပျောက်တဲ့ နည်းတနည်းဘဲ၊ အလွန်ကောင်းတဲ့ နည်းဘဲ–လို့ ပြောလိုက်ပါသတဲ့။

## ဘေလုံးရောဂါ ပျောက်ပုံ

နောက်တခုကတော့ **မခင်အေး** ဆိုတဲ့ အမျိုးသမီး တယောက်၏ အကြောင်းပါဘဲ၊ အဲဒီ အမျိုးသမီးဟာ နဂိုမူလက တရားအားထုတ်ဖို့ ဝါသနာမပါပါဘူး၊ တနေ့တော့ ဘုရားတပည့်တော်ဟောတဲ့ တရားတိပ်ခွေကို သူတို့ဆေးလိပ်ခုံမှာ ဖွင့်ပြီးနာကြားကြတော့ တရားကို သဘောကျတဲ့သူများက ဒီတရားက တော်တော်ကောင်းတာဘဲ၊ ဒီတရားဟောတဲ့ ကိုယ်တော်ကိုလဲ သွားဖူးချင်တယ်–လို့ ပြောတဲ့အခါ အဲဒီ မခင်အေးက "ဟာ–အဲဒီဘုန်းကြီးဟာ ဘာမှထူးတာမဟုတ်ဘူး၊ တို့လောက်တောင် မလှဘူး၊ သွားပြီးဖူးလို့ ဘာထူးမှာတုန်း–" လို့တောင် ပြောဘူးပါသေးသတဲ့။

ဒါပေမဲ့ ဒီအမျိုးသမီးဟာ တနေ့ကျတော့ သူ့တူမကလေးက လာပြီး တရားအားထုတ်တာနဲ့ အစောင့်အရှောက်အဖြစ်နဲ့ လိုက်လာပြီးတော့ သူလဲ အားထုတ်ပါတယ်။ အားထုတ်တဲ့

အခါ, သူမှာ နဂိုကရှိနေတဲ့ ဘေလုံးက ပိုပြီး နာနာလာတာ တွေ့ရတယ်၊ ပျဉ်းမနားဆေးရုံမှာ သွားပြတဲ့ အခါကျတော့ ခွဲထုတ်ပစ်ရလိမ့်မယ်–လို့ ဆရာဝန်က ပြောလိုက်တယ်၊ဒါပေမဲ့ မခွဲရသေးဘဲ ရှိနေစဉ် သူတူမ တရားအားထုတ်ရာမှာ ကူညီ ယင်း သူကိုယ်တိုင်လဲ ကြိုးကြိုးစားစား အားထုတ်ပါတယ်၊ အဲဒီလို အားထုတ်တဲ့အခါ အားထုတ်စမှာ ဒီဘေလုံးက ပိုပြီး ဆိုးလာပေမဲ့ နောက်ပိုင်း အမှတ်က နိုင်လာတဲ့ အခါကျတော့ အဲဒီ ဘေလုံးကို စမ်းကြည့်လို့တောင် မတွေ့ရတော့ဘူး၊ဒါနဲ့ ဆရာဝန်ကို သွားပြတော့ ဆရာဝန်က ဓာတ်မှန်ဖြင့် ကြည့် ပါတယ်၊ အဲဒီလိုကြည့်တဲ့အခါ ခွဲထုတ်ပစ်ရမည့် ဘေလုံးဟာ ရှာလို့ မရတော့ပါဘူးတဲ့။ အဲဒီတော့ ဆရာဝန်က "နင့်ကို ဘယ်ဆရာက ခွဲကုပေးသတုန်း" ....လို့ မေးတယ်၊ "ဘယ် ဆရာကမှ ခွဲကုမပေးပါဘူး၊ ရိပ်သာမှာသွားပြီး တရားအား ထုတ်ပါတယ်၊ ဆရာတော်က ညွှန်ကြားတဲ့အတိုင်း ရှုမှတ် အားသုတ်နေယင်း ဒီဘေလုံးဟာ ရှာမတွေ့ရတော့ဘဲ ပျောက် သွားတာပါဘဲ"–လို့ ဆိုတော့ ဆရာဝန်က ဒီလိုဆိုယင်"အဲဒီ ကိုယ်တော်ဟာ ငါ့ထက်တောင် သာသွားပြီ"–လို့ ပြော လိုက်ပါသတဲ့။ အဲဒီအခါကစပြီး မခင်အေးဟာ ရတနာသုံး ပါးရဲ့ ဂုဏ်ကို လေးလေးနက်နက် ယုံကြည်သွားပါတော့ တယ်။ ဒါတွေကတော့ ထူးခြားတဲ့အချက်တွေပါဘဲ။

## သံသယ တင်ပြချက်

ယခု ဘုရားတပည့်တော်မှာ သံသယ ဖြစ်နေတဲ့ အချက် ကလေးတွေကို လျှောက်ချင်ပါတယ်။အဲဒါတွေက ပိုပြီးအရေး ကြီးတယ်–လို့ ထင်ပါတယ်၊ တပည့်တော်တို့ တရားအားထုတ်

ပြီးလို့ ဉာဏ်စဉ်တရား နာပြီးဖြစ်တဲ့ ယောဂီများထဲက ရွေးဆက်တက်ချင်ပါတယ်—ဆိုယင် ကမ္မဋ္ဌာန်းဆရာများက ရပြီးတရားကိုစွန့်ပါ၏၊ မရသေးတဲ့ တရားကို ရပါစေ—လို့ ဆိုစေပြီးတော့ အဲဒီလို ယောဂီကို အားထုတ်ခိုင်းပါတယ်၊ အဲဒီလိုခိုင်းရာမှာ ရပြီးတရားစွန့်တယ်—ဆိုတာက သောတာပတ္တိဖိုလ် စသည်ကို ဆိုတာမဟုတ်ပါလား၊ မရသေးတဲ့ တရားဆိုတာက သကဒါဂါမိမဂ်ဖိုလ် စသည်ကို ဆိုတာမဟုတ်ပါလား၊ အဲဒီလိုဆိုယင် ဆရာခိုင်းတဲ့အတိုင်း ရပြီးကို စွန့်ပြီး မရသေးတာကို ရအောင် အားထုတ်တဲ့ အချို့ယောဂီဟာ မကြာမီပင် ချုပ်ငြိမ်းတဲ့သဘောသို့ ရောက်တာကို တွေ့ရပါတယ်၊ အဲဒီလို ၂-ခါလောက် စွန့်ပြီး အားထုတ်တဲ့ အချို့ယောဂီဟာ ချုပ်ငြိမ်းတဲ့သဘောသို့ ၂-ကြိမ်တိုင်တိုင် မကြာခင် ရောက်တာကို တွေ့ရပါတယ်၊ အဲဒီလို ချုပ်ငြိမ်းရာသို့ နောက် ၂-ကြိမ်ရောက်တယ်—ဆိုယင် အနာဂါမိမဂ်ဖိုလ် ရောက်တယ်လို့ ယူဖွယ်ရှိပါတယ်၊ ဒါပေမဲ့ အဲဒီလို ပုဂ္ဂိုလ်မှာ အနာဂါမ် အခြေအနေတော့ မရှိသေးဘဲ ဖြစ်နေပါတယ်၊ ပဌမဆင့် အခြေအနေလောက်သာ ရှိတာကို တွေ့ရပါတယ်၊ အဲဒါကို ဘယ်လိုမှတ်ယူသင့်တယ်—ဆိုတာ အဆုံးအဖြတ်ပေးဖို့ ကြွရောက်တော်မူလာကြတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်မြတ်များအား ရှိသေစွာ လျှောက်ထားပါတယ် ဘုရား။

နောက်ပြီးတော့ စင်္ကြံလျှောက်ယင်း မှတ်တာ၊ ရပ်ယင်းမှတ်တာ၊ ထိုင်ယင်း မှတ်တာ၊ လဲလျောင်းအိပ်ယင်း မှတ်တာလို့ ဒီလို လေးမျိုးရှိသည့်အနက်မှ ရွေးနှစ်မျိုးက ဝီရိယတိုးတက်ရေးအတွက် ကျေးဇူးပြုတယ်၊ နောက် နှစ်မျိုးက

တော့ သမာဓိဖြစ်ရေးအတွက် ကျေးဇူးပြုတယ်–လို့ ဆရာ သမားများထံမှ ကြားနာ မှတ်သားရဘူးပါတယ်၊ အဲဒီ ဩဝါဒမှာလဲ သံသယ ရှိနေပါတယ်၊ အဲဒီအတိုင်း မှန် မမှန်, သင့် မသင့် အဆုံးအဖြတ် ပေးတော်မူကြစေလိုပါတယ်ဘုရား၊ တပည့်တော် လျှောက်ထားချင်တာက ဒါလောက်ပါဘဲ ဘုရား။

အစီအစဉ် နံပါတ် (၅)အရ ပျဉ်းမနားမြို့နယ် ပြန်ကပြေး ရွာ မဟာစည်တိုက်ခွဲရိပ်သာ ဆရာတော် ဦးဇဋိလ အရှင် မြတ်က တင်ပြဆွေးနွေးလို့ ပြီးသွားပါပြီ။ ဦးဇဋိလ အရှင်သူ မြတ်၏ ဆွေးနွေးချက်ထဲမှာ မရသေးတဲ့တရားကို ရအောင် အားထုတ်တဲ့ ယောဂီမှာ ချုပ်ငြိမ်းတဲ့ သဘောသို့ ၂-ကြိမ် တိုင်တိုင် နောက်ထပ်ရောက်ပါလျက် အနာဂါမ် အခြေအနေ မရှိဘဲ ပဌမအဆင့် အခြေအနေအတိုင်းသာ ဖြစ်နေတာဟာ ဘာ့ကြောင့်ပါလဲဆိုတဲ့ မေးခွန်းဟာ အလွန် နက်နဲပါတယ်။ နောက်တခုက ဝီရိယ တိုးကြောင်း၊ သမာဓိ ဖြစ်ကြောင်း ဣရိယာပုတ်များနှင့် စပ်၍ မေးချက်ဟာလဲ နက်နဲပါတယ်၊ အဲဒီ မေးခွန်း ၂-ခုထဲက ပဌမမေးခွန်းထဲမှာ ရပြီးတရား စွန့်ပြီး အားထုတ်ရတယ်–ဆိုတာကလဲ သံသယဖြစ်ဖွယ် ရှိပါ တယ်၊ ဘာ့ကြောင့်လဲဆိုတော့ ရပြီးတရားဆိုတာဟာ အရိယ ဖိုလ်တရား ဖြစ်ပါတယ်၊ အဲဒါဟာ ပယ်စွန့်အပ်တဲ့ ပဟာတဗ္ဗ တရား မဟုတ်ပါဘူး၊ ဒါကြောင့်ပါဘဲ။ ဒါပေမဲ့ ယခု တရား ဆွေးနွေးပွဲအတွင်းမှာ ဒီအချက်တွေကို ဖြေရှင်းဖို့ အချိန်မရှိ ပါဘူး၊ ဒီ သံသယဖြစ်ဖွယ် အချက်တွေကို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ဖြေရှင်းပေးပါလိမ့်မယ်၊ ယခု အစီ

အစဉ် နံပါတ် (၆)အရ ဆင်ဖြူကျွန်းမြို့ ရွှေမန်းဆရာတော် ဦးပဝရ က တင်ပြဆွေးနွေးရန် ဖြစ်ပါတယ် ဘုရား။

(ဦးပဝရ၏ တင်ပြချက်ကိုလဲ မှတ်တမ်းတင်ရန် မသင့်သောကြောင့် ချွင်းချန် ထားလိုက်သည်၊ မဟာစည် ဆရာတော်၊)

## မဟာစည်ဆရာတော်၏ ဆုံးဖြတ်ချက်

ဤအရာ၌ ပြန်ကပြေး ဆရာတော် ဦးဇဋိလ၏ မေးခွန်းစသည်ကို ဖြေရှင်းပြမည်။

၁။ ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ အခဏ်း (၅) အဆုံးပိုင်း၌ "ရပြီးဖိုလ်တရားကို မဝင်စားလိုပါ၊ ရပြီးဖိုလ်သို့ မရောက်ပါစေလင့်"ဟု အာလယဖြတ်ရန် တိတိကျကျ ညွှန်ပြထားသည်၊ ဓမ္မဓိဋ္ဌာန်ဖြင့် ပြဆိုချက်ဖြစ်၍ရင်း၊ ကျမ်းစာဖြစ်၍ရင်း၊ ရပြီးဖိုလ်တရား-ဟု အတိအကျလဲ ပြထားသည်၊ ထိုညွှန်ပြချက်အရပင် ကမ္မဋ္ဌာနာစရိယတို့က ရပြီးတရားကို စွန့်ပါ၏-ဟု ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ညွှန်ကြားကြပေသည်၊ ထိုသို့ ရပြီးတရား-ဟု သာမန် ညွှန်ကြားခြင်းမှာ ထိုယောဂီ တွေ့သိထားသော ရပြီးတရားကို သောတာပတ္တိဖိုလ်အစစ်-ဟု ကမ္မဋ္ဌာန်းဆရာက ကေန်မသိနိုင်၊ မဆုံးဖြတ်နိုင်သောကြောင့် ဖြစ်လေသည်၊ အာလယဖြတ်သည်ကိုပင် စွန့်ပါ၏-ဟု ပေါ်လွင်စေရန် ညွှန်ကြားခြင်း ဖြစ်ပေသည်၊ ပဟာတဗ္ဗတရား မဟုတ်သော်လဲ အာလယဖြတ်သည့်အနေဖြင့် စွန့်ခြင်းမှာ အပြစ်မရှိပါ။

ပဌမစျာန် ရပြီးသော ပုဂ္ဂိုလ်က ဒုတိယစျာန် တက်ရန် အားထုတ်လိုသောအခါ(ပဌမဇ္ဈာနေ နိကန္တိံ ပရိယာဒါယ) ပဌမစျာန်၌ လိုလား နှစ်သက်ခြင်းကို ကုန်စေ၍ ပယ်၍–ဟု ဆိုပြီးနောက် (ဩဠာရိကင်္ဂပဟာနာယ) ကြမ်းသော ဝိတက် ဝိစာရ အင်္ဂါတို့ကို ပယ်စွန့်ရန် အလို့ငှါ–ဟု ဆိုသော ဝိသုဒ္ဓိမဂ်ကဲ့သို့ပင် စွန့်သည်–ဟု ဆိုကောင်းပါသည်၊ ယင်းသို့ စွန့်ခြင်းသည်လည်း ကုသိုလ်ဖြင့် အကုသိုလ်ကို ပယ်ခြင်းမျိုး မဟုတ်ပါ၊ ရပြီးသို့ ပြန်မရောက်ရန် မဖြစ်လာရန် အာလယ ဖြတ်သောအားဖြင့် စွန့်ခြင်းမျှသာ ဖြစ်သည်၊ သို့သော်လဲ ဝိပဿနာရှုနည်းကျမ်း၌မူ စွန့်သည်–ဟုဆိုလျှင် သူ့ဘာပါး အပြစ်မြင်ဖွယ်ရှိသောကြောင့် အာလယ ဖြတ်သည်–ဟူသော စကားကိုသာ သုံးထားသည်။

နောက်ထပ် ၂-ကြိမ်တိုင်တိုင် ချုပ်ငြိမ်းရာသို့ ရောက်ပါလျက် ပဌမအဆင့် အခြေအနေလောက်သာ ရှိနေသည်မှာ အဘယ့်ကြောင့်ပါနည်း–ဟူရာ၌ မူလက အရိယဖိုလ်သို့ ကျေနပ် ရောက်ခဲ့ပြီးဖြစ်ပါမူ နောက်ထပ် ၂-ကြိမ် ရောက်သည်မှာလည်း အာလယ မပြတ်သောကြောင့် ပဌမဖိုလ်သို့သာ ပြန်ရောက် နေခြင်း ဖြစ်သည်–ဟု ယူသင့်၏၊ ဤအရာ၌ ပဌမရောက်စဉ်ကပင် ဝိပဿနာဉာဏ်စဉ် မပြည့်စုံသေးဘဲ ချုပ်ငြိမ်းရာ ရောက်သည်–ဟု ထင်ရသော ရောက်ပုံများလဲ ရှိသည်ကို သတိပြုသင့်၏၊ တချို့မှာ ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောကို ဘာမျှ မသိပါပဲ ချုပ်ငြိမ်းရာ ရောက်သကဲ့သို့ ပြောသည်လည်း ရှိ၏၊ ထိုသို့သောပုဂ္ဂိုလ်က တနာရီအမိဋ္ဌာန်

ပြုထားလျှင် တနာရီတိတိမှာ သမာပတ်မှ ထ လာသကဲ့သို့ ဖြစ်သည်လည်း ရှိ၏၊ သို့သော်လဲ ကင်းသင့်သော ကိလေသာများ မကင်းဘဲ ရှိနေသည်ကို တွေ့ရသဖြင့် အရိယမဂ်ဖိုလ် မဟုတ်ကြောင်း သိရပေသည်၊ ဤမျှဖြင့် ပဌမပြဿနာ ပြေလောက်ပေပြီ။

၂။ ဝိပဿနာတရား အားထုတ်ရာ၌ ကာယိကဝီရိယ စေတသိကဝီရိယဆိုတဲ့ ရထားဘီး ၂-ခုလုံး တပ်ဆင်လျက် ရှိသင့်ကြောင်းကို သဂါထာဝဂ္ဂသံယုတ် အစ္ဆရာသုတ်၌ "ရထော အကူဇနော နာမ၊ ဓမ္မစက္ကေဟိ သံယုတော" ဟု ဟောထားသည်၊ မဟာဝဂ္ဂသံယုတ် နှာ (၅)၌ "ဈာနင်္ဂော စက္ကဝီရိယော" ဟု ဟောထားသည်။

လဲလျောင်းလျက် ရှုမှတ်နေရာ၌ ကာယိကဝီရိယ မရှိ၊ စေတသိကဝီရိယသာ ရှိသည်၊ ယင်း စေတသိကဝီရိယသည်လည်း အိပ်သည် အိပ်သည်-ဟူ၍သော်၎င်း၊ ဖောင်းသည် ပိန်သည်-ဟူ၍သော်၎င်း၊ ဖောင်းသည် ပိန်သည် အိပ်သည် ထိသည်-ဟူ၍သော်၎င်း ရှုမှတ်နေကျ သက်သက်သာသာ ရှုမှတ်နေလျှင် မထက်သန်လှ အားမကောင်းလှပေ၊ သို့ဖြစ်၍ ထိုသို့အိပ်လျက် ရှုမှတ်နေသောအခါ၌ ဝီရိယက အားနည်း၍ သမာဓိက အားကောင်းနေတတ်ပေသည်၊ ထိုသို့သော အခြေအနေကို ရည်၍ ကမ္မဋ္ဌာနာစရိယတို့က "လဲလျောင်းလျက် ရှုမှတ်ခြင်းဖြင့် သမာဓိ-ကို တိုးပွါးစေသည်" ဟု ဆိုတာ ဖြစ်ပေလိမ့်မည်၊ သို့သော် ထိုသို့ အိပ်နေစဉ်၌လည်း အထိအသိ များစွာတို့ကို ဖြန့်၍ ရှုမှတ်နေပါမူ ဝီရိယကိုလဲ ပွါးစေနိုင်သည်ပင်။

ထိုင်လျက် ရှုမှတ်နေရာ၌မူ ကိုယ်ကို မတ်မတ်ပြု၍ ထိုင်နေလျှင် ကာယိကဝီရိယလည်း ထင်ရှား၏၊ သို့သော် ရပ်နေရာလောက်ကား မထင်ရှားပေ၊ ယင်းသို့ ထိုင်နေရာ၌လည်း ထိုင်သည် ထိုင်သည်–ဟူ၍သော်၎င်း၊ ဖောင်းသည် ပိန်သည်–ဟူ၍သော်၎င်း ဖောင်းသည် ပိန်သည် ထိုင်သည် ထိသည်–ဟူ၍သော်၎င်း ရှုမှတ်နေကျ သက်သက်သာသာ ရှုမှတ်နေလျှင် စေတသိက ဝီရိယလည်း မထက်သန်လှ အားမကောင်းလှပေ၊ ထိုသို့သောကာလ၌ သမာဓိအားကောင်းလျက် ရှိတတ်သည်၊ ထိုသို့သော ဖြစ်ပုံကိုရည်၍ ထိုင်လျက် ရှုမှတ်စဉ်၌ သမာဓိကို ပွါးစေသည်–ဟု ဆိုတာ ဖြစ်ပေလိမ့်မည်၊ သို့သော်လည်း ထိုင်လျက် မှတ်နေကျပင် မှတ်နေသော်လည်း စူးစူးစိုက်စိုက် မှတ်နေလျှင်သမာဓိနှင့် ဝီရိယ ညီမျှစွာ ဖြစ်တတ်ပေ၏၊ တကိုယ်လုံးမှအထိ အသိများကို ဖြန့်၍ မှတ်ပါမူ ဝီရိယကိုလဲ ပွါးစေနိုင်သည်ပင်။

ရပ်လျက် ရှုမှတ်နေရာမှာ ထိုင်လျက် ရှုမှတ်သည်နှင့် မထူးခြားလှပေ၊ ကိုယ်ကို ထောင်မတ်အောင် ကြောင့်ကြပြုသည့် ဝီရိယ ပို၍ ထင်ရှားခြင်းမျှသာ ထူးပေသည်။

စင်္ကြံလျှောက်၍ ရှုမှတ်ရာ၌မူ ကြွမူ လှမ်းမူ စသည်ဖြစ်အောင် ကြောင့်ကြပြုသော ကာယိကဝီရိယ အထူး အားကောင်း၏၊ ကြွတိုင်း လှမ်းတိုင်း စသည်ကို စူးစူးစိုက်စိုက် မှတ်မိအောင် ကြောင့်ကြပြုသော စေတသိကဝီရိယလည်း အားကောင်းသည်ပင်၊ ကြောင့်ကြပြုမှုဝီရိယ အားများသောကြောင့် သမာဓိအားက မထက်သန်လှပေ၊ ထို့ကြောင့်ပင် အရှင်အာနန္ဒာမထေရ်မြတ်သည် (မမ အစ္စာရဒ္ဓံ ဝီရိယံ၊

တေန မေ စိတ္တံ ဥဒ္ဒစ္စာယ သံဝတ္တတိ၊ ဟန္ဒာဟံ ဝီရိယံသမတံ ယော်ဇေမိ)ဟု ဆင်ခြင်ပြီး စင်္ကြံလျှောက်ယင်း ရှုမှတ်ရာမှ ကျောင်းခန်းအိပ်ရာသို့ ဝင်တော်မူပေသည်။ သို့ဖြစ်၍ စင်္ကြံလျှောက်ယင်း ရှုမှတ်ရာ၌ ဝီရိယကို ပွါးစေသည်မှာ သံသယ ဖြစ်ဖွယ်မရှိပေ၊ ရပ်ယင်း ထိုင်ယင်း ရှုမှတ်ရာ၌မူ စူးစူးစိုက်စိုက် ရှုမှတ်နေလျှင် ဝီရိယသမာဓိ ၂-ပါးလုံးကိုပင် ဖြစ်ပွါးစေနိုင်သည်ဟူ၍ရင်း၊ တကိုယ်လုံး၌ အထိ အသိများကိုရင်း၊ မြင်မှု ကြားမှု စသည် ပေါ်လာသမျှကိုရင်း လိုက်၍ ဖြန့်၍ ရှုမှတ်နေပါမူ ဝီရိယကို အထူးသဖြင့် ပွါးစေနိုင်သည်–ဟူ၍ရင်း မှတ်ယူသင့်ပေသည်၊ လဲလျောင်းလျက် ရှုမှတ်လျှင်မူ ဝီရိယ လျော့ဖို့ကသာ များပေသည်။ ဤမျှဖြင့် ဒုတိယ ပြဿနာ ပြေလောက်ပါပြီ။ (ဆုံးဖြတ်ချက်)

အစီအစဉ် နံပါတ် (၆)အရ ဆင်ဖြူကျွန်းမြို့ ရွှေမန်း ဆရာတော် ဦးပဝရက မိမိရဲ့ အတွေ့အကြုံတို့ကို တင်ပြ ဆွေးနွေးလို့ ပြီးပါပြီ။ ယခု အစီအစဉ် နံပါတ် (၇) အရ မုံရွာမြို့ စန်းမြရောင်ခြည်ရိပ်သာ ဆရာတော် ဦးနန္ဒိသာရ အရှင်မြတ်က တင်ပြ ဆွေးနွေးရန်ဖြစ်ကြောင်း ဘုရားတပည့် တော်က ပရိသတ်၏ကိုယ်စား လျှောက်ထားပါတယ် ဘုရား၊ စန်းမြရောင်ခြည် ဆရာတော် ကြွတော်မူပါ အရှင်ဘုရား။

## စန်းမြရောင်ခြည် ဆရာတော်၏ တင်ပြ ဆွေးနွေးချက် မူလက စိတ်မဝင်စားပဲနဲ့ အသိထူးပုံ

ဘုရားတပည့်တော်ဟာ ၁၃၁၄-ခုနှစ် ဆိပ်ခွန်ရွာ မူလ မဟာစည်ဌာနက တရားအားထုတ်ပြီးပြန်လာတော့ ကလေးဝ

မြို့ တောကျောင်းမှာ ကမ္မဋ္ဌာန်းစပြီး ပြခဲ့ပါတယ်၊ အဲဒီတုန်းက အသက် ၅၈-နှစ်လောက်ရှိတဲ့ အမယ်ကြီး တယောက်ဟာ အဲဒီတုန်းက စပြီး တရားအားထုတ်ကြတဲ့ ၁၅-ယောက်ထဲမှာ ထူးခြားတဲ့ ယောဂီတယောက် ဖြစ်ပါတယ်၊ အဲဒီတုန်းက ယောဂီတွေ အားလုံးဘဲ လိုလိုချင်ချင် နှစ်နှစ်သက်သက်နဲ့ အားထုတ်ကြပါတယ်၊ အဲဒီအထဲမှာ ခုတင်က ပြောခဲ့တဲ့ ဒကာမကြီးကတော့ မူလက ဘုရား တရားလဲ သိပ် မကြည် ညိုလှဘူး၊ တရားကိုလဲ သိပ်ပြီး မလိုက်စားဘူး၊ သူ့ကိုယ်သူ ပိုပြင်နေတာနဲ့ အချိန်ကုန်နေတာပါဘဲ၊ ရှုမှတ်ဖို့လဲ ဘာမှ မျှားမျှားပေးလို့ မရဘူး၊ ဖောင်းတာနဲ့ ပိန်တာ ဒီ ၂-ခုဘဲ သူ့ကို အမှတ်ခိုင်းရပါတယ်၊ ဒါပေမဲ့ အဲဒီ ၂-ကို အမှတ်ခိုင်းတဲ့ အတိုင်း ရှုမှတ်တဲ့အခါကျတော့ သူက အခြားယောဂီများထက် အင်မတန်ထူးခြားစွာ သိလာပြီး ပြောတတ်ပါတယ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်—ဆိုတာကို မကြားဘူးဘဲနဲ့ သူ့ကိုယ်တွေ့ဖြင့် ရှင်းရှင်းလင်းလင်း ပြောတတ်ပါတယ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပုံကိုလဲ မကြားဘူးဘဲနဲ့ ရှင်းရှင်းလင်းလင်း သူတွေ့ သိပုံကို ပြောတတ်ပါတယ်၊ သမ္မသနဉာဏ်ကျတော့ ဒုက္ခအခြင်းအရာကို သူက ထင်ထင်ရှားရှား ပြောတတ်ပါတယ်။ ဥဒယဗ္ဗယဉာဏ်ပိုင်း ရောက်တဲ့အခါကျတော့ အရောင်အလင်း ပီတိ စသည်ဖြစ်ပုံ တွေ့ပုံတွေကို သူက ထင်ထင် ရှားရှား ပြောပါတယ်၊ များ မကြာမီ ဘင် ဘယ အာဒီနဝ စသည် ဉာဏ်ဖြစ်ပုံတွေကို ပြောပြီးတော့ ၁၂-ရက်လောက်ရှိတဲ့အခါမှာ မှတ်နေယင်းဘဲ ချုပ်ငြိမ်းရာ ရောက်သွားပုံကို ပြောပါတယ်။

အဲဒီလို ပြောပြီးကတည်းက သူ့မှာ အလွန်ထူးခြားပါတယ်၊ သူဟာ မူလက စျေးသည်ပါဘဲ၊ ဒါပေမဲ့ သူက မတွေ့ဘူးတဲ့တရား မသိဘူးတဲ့တရားကို တွေ့ရ သိရတဲ့အတွက် စျေးသည်လဲ မလုပ်တော့ဘူး၊ ထမင်းချက်ဖို့ရာ ဆန်ပြာတဲ့ အခါ ပိုးမွှားတွေ အရေးကို မြော်တွေးပြီး သူက ဆန်ပြာတဲ့ အလုပ်လဲ မလုပ်တော့ဘူး၊ ဘာအလုပ်ကိုမှ မလုပ်တော့ဘဲ သူက နေ့ရော ညဥ့်ပါ တရားကိုသာ အားထုတ်နေတယ်၊ ရပ်ထဲ ရွာထဲမှာ မနေချင်တော့ဘူးဆိုပြီး ကလေးဝတောကျောင်းမှာ လူ့ဘဝမှ သီလရှင်အဖြစ်သို့ ပြောင်းလဲလိုက်ပါတယ်၊ သီလရှင်ဖြစ်ပြီးတော့လဲ တရားကို မပြတ် အားထုတ်နေပါတယ်၊ သူအားထုတ်ပုံက သော့ပေးထားတဲ့ နာရီများ မပြတ်သွားနေသလိုဘဲ၊ နေ့ရော ညဥ့်ပါ မပြတ်မစဲလိုဘဲ အားထုတ်နေပါတယ်။

အဲဒီလို မပြတ်ရှုမှတ် အားထုတ်နေတဲ့အတွက် သူက ရှုမှတ်မှုမှာ အလွန်နိုင်နင်း နေပါတယ်၊ ချုပ်ငြိမ်းရာ ရောက်အောင် အဓိဋ္ဌာန်ပြုပြီး ရှုမှတ်လိုက်လျှင် ၂-မိနစ်တောင် မကြာဘူး၊ ချုပ်ငြိမ်းရာ ရောက်နေတာကို တွေ့ရပါတယ်၊ မူလက အဓိဋ္ဌာန်ပြုထားတဲ့ အချိန်ကျမှဘဲ ဆင်ခြင်စိတ် ရှုသိစိတ်တွေ ပြန်ပေါ်လာတယ်၊ မိနစ် စက္ကန့်တောင် မလွဲဘဲနဲ့ အချိန်ကိုက် ဖြစ်နေတာကိုဘဲ တွေ့ရပါတယ်၊ အဲဒီလို တရားနဲ့သူဟာ မကင်းကွာဘဲ ရှုမှတ်အားထုတ်နေရာမှ လွန်ခဲ့သော ၃-နှစ်လောက်ကမှ ကွယ်လွန်သွားပါတယ်၊ အဲဒါက ပွဲဦးထွက် ကမ္မဋ္ဌာန်းပြစဥ်က တွေ့ရတဲ့ အထူးပါဘဲ။

## နတ်သမီး ဂတိနိမိတ်ထင်ပုံ

နောက်တခုကတော့ မုံရွာမြို့ စန်းမြရောင်ခြည်ကျောင်းတိုက်မှာ မမ္မပီတိကျောင်း၏ ကျောင်းဒကာ ကျောင်းအမ မိသားစု အကုန်လုံး တရားအားထုတ်ကြပါတယ်၊ ဉာဏ်စဉ်တွေလဲ သူတို့၏ ကိုယ်တွေ့ဖြင့်ပင် သဘောကျကြပါတယ်၊ ဘုရားတပည့်တော်ကတော့ ဆုံးဖြတ်ပေးခြင်း မရှိပါဘူး၊ ထူးခြားတာကတော့ အဲဒီကျောင်းအမကြီးဟာ မကျန်းမမာဖြစ်လာတဲ့အခါကျတော့ သူ့သားသမီး မြေးမြစ်တွေကို သူ့အနားမလာစေရဘူး၊ သူက စိတ်အေး လက်အေးနဲ့ တရားဘဲ အားထုတ်နေတယ်၊ နောက်ရက်အနည်းငယ် ကြာလာတဲ့အခါမှာ နတ်ရထားနဲ့ နတ်သမီးက လာခေါ်တယ်-လို့ ဆိုပါတယ်၊ အဲဒီလို လာခေါ်တဲ့အခါ သူက ငါဟာ နင်တို့လို နတ်သမီးအဖြစ်မျိုး လိုချင်လို့ ဘုရားသမီးတော် အဖြစ်နဲ့ တရားအားထုတ်တာမဟုတ်ဘူး၊ နင်ပြန်သွားလို့ ငေါက်ငန်းပြီး မောင်းထုတ်လိုက်ပါသတဲ့၊ အဲဒီလို အားထုတ်နေတာဟာ တလလောက်ဘဲ ကြာပါတယ်၊ အဲဒီအတွင်း သူ့မျက်နှာမှာ ရှုံ့မဲ့ခြင်း ညှိုးနွမ်းခြင်းမရှိဘဲ အခါမခန်း ပြုံးပြုံး ရွှင်ရွှင်ရှိနေပါတယ်၊ ကျောင်းမှာ သိမ်သမုတ်တဲ့အခါကျတော့လဲ သိမ်သမုတ်ရန် မဟာစည် ဆရာတော်အမှူးရှိတဲ့ သံဃာတော်များလဲ ကြွလာလိမ့်မယ်ဆိုတာ ကြားသိရပြီးတော့ သူ့စိတ်ဟာ တက်ကြွလာတယ်၊ ကျောင်းလာပြီး ဆရာတော် သံဃာတော်တွေကိုလဲ ဖူးချင်တယ်၊ ကျောင်းမှာချက်တဲ့ အလှူထမင်း အလှူဟင်းကိုလဲ စားချင်တယ်၊ စားပြီးတော့ တရားအားထုတ်နေချင်တယ်-လို့လဲ ဆိုပါတယ်၊ တလလောက်ကြာ

လို့ ကွယ်လွန်ခါနီးမှာ ခုတင်က ပြောခဲ့သလိုဘဲ နတ်သမီး တွေ ပြုံးပြုံး ပြောင်ပြောင်နဲ့ လာတယ်–လို့ ဆိုပါတယ်။

စုတိစိတ် ချုပ်ခါနီးအထိ ဒီကျောင်းအမကြီး၏ရဲ့ မျက်နှာဟာ ပြုံးပြုံး ရွှင်ရွှင်ဘဲ ရှိနေတယ်၊ အနားမှာရှိနေတဲ့ သားသမီးတွေကို သူပြောပုံကတော့ နင်တို့ ငါ့အတွက် ဘာမှ မပူရစ်ကြနဲ့ ငါတော့ သေမှာဘဲ၊ ငါသေပြီးတဲ့နောက် ငါတို့အားထုတ်တဲ့ တရားကို နင်တို့ လက်မလွှတ်စေကြနဲ့–လို့ မှာကြားတယ်၊ ဒီနောက် နတ်သမီးတယောက် လာပြန်တယ်–လို့ သူက ပြောပြန်တယ်၊ အဲဒီ နတ်သမီးက အယင်က လာတဲ့ နတ်သမီးထက် အဆင့်အတန်းတော်တဲ့ အကြောင်းပြောတော့ နင်က ဟိုနတ်သမီးထက် တော်ပေမယ်–လို့ နင်တို့အဆင့်အတန်းမျိုးကို လိုချင်လို့ ဘုရား၏ တရားကို အားထုတ်တာ မဟုတ်ဘူး–လို့ ဆိုပြီးတော့ မကြာမီမှာပင် စုတိစိတ် ကျသွားပါတယ်။ ဒါက စန်းမြရောင်ခြည်တိုက်မှာတွေ့ရတဲ့ အထူးတခုပါဘဲ။

## နတ်ဖမ်းစားလို့ စကားမပြောနိုင်ဖြစ်ပုံ

နောက်တခုကတော့ ဒီနှစ်အတွင်းမှာ တွေ့ရတဲ့ အထူးတခုပါဘဲ၊ အသက် ၇၃-နှစ်ရှိတဲ့ အဘိုးကြီးတယောက်ရှိပါတယ်၊ သူက သာမန်တော့ မဟုတ်ပါဘူး၊ သူ့ နောင်တော်ကြီးက မြန်မာပြည်မှာ အင်မတန် ထင်ရှား ကျော်ကြားတဲ့ ဆရာတော်ကြီး ဖြစ်ပါတယ်၊ အဲဒီ ဆရာတော်ကြီး ကလဲ သူ့ကို ဆုံးမလို့ မရဘူး၊ ချော့မော့ ပြောလို့လဲ မရဘူး၊ ဆွေမျိုးထဲမှာလဲ သူ့ ကို ပြောလို့ မရဘူး၊ သမီးများ မြေး

များက စန်းမြရောင်ခြည်ကျောင်းမှာ လာပြီး တရားအား ထုတ်နေကြပါတယ်၊ သူ့သမီးများ မြေးများက ဘုန်းကြီး တပါးနဲ့ တိုးတိုးသက်သာ စကားပြောနေကြတုန်း အဲဒီ အဘိုးကြီးက အနီးအပါး ရောက်လာတယ်၊ ရောက်လာပြီး တော့ သူနဲ့အလားတူဖြစ်တဲ့ အဘိုးကြီး တယောက်နဲ့ ရပ် စကား ရွာစကားတွေ ကျယ်လောင် ကျယ်လောင်နဲ့ တော ရောက် တောင်ရောက် ဟိုပြော ဒီပြော လုပ်နေကြတယ်၊ အဲဒီအနား ဘုရားတပည့်တော်က ရောက်သွားပြီးတော့ ဒကာကြီး ဒီအနားမှာ မနေနဲ့ ဒီနေရာမှာနေလို့ ယောဂီမှာ သပ္ပါယ မဖြစ်ဘူး၊ ယောဂီဆိုတာ ယောဂီနဲ့ သပ္ပါယဖြစ်တဲ့ နေရာမှာနေပြီး အားထုတ်ပါ-လို့ ဒါလောက်ပဲ သူ့ကိုပြောလိုက် ပါတယ်။

အဘိုးကြီးက စိတ်တိုတဲ့အတွက် အဲဒီလိုပြောတာ အကြောင်းပြုပြီး ဘုရားတပည့်တော်ပေါ်မှာ သူက ပြစ်မှား သွားဟန် တူပါတယ်၊ အဲဒီလို ပြောပြီးတဲ့နောက် များမကြာ မီမှာပင် အဲဒီ အသက် (၇၃)နှစ်ရှိတဲ့ အဘိုးကြီးမှာ သွက် ချာပဒ ဖမ်းတဲ့ အနေဖြစ်ပြီး စကားလဲ မပီဘဲ လှုပ်လှုပ်ရွရွ ဖြစ်နေပါတယ်၊ အဲဒီတော့ ဘုရားတပည့်တော်များနှင့်တကွ သူ့သားသမီး မြေးများပါ ဆရာဝန် သွားခေါ်ကြဘို့ ပြော တော့ သူက မခေါ်ရဘူးဆိုတဲ့ အနေနဲ့ လက်ကိုရမ်းပြပါ တယ်၊ စကားတော့ သူက ပီအောင် မပြောနိုင်ဘူး၊ ဒါကြောင့် သူက စာဖြင့် ရေးပြပါတယ်၊ဘုန်းကြီးကိုပြစ်မှား မိတဲ့အတွက် နတ်က သူ့ကို စကားမပြောနိုင်အောင် ပြုလုပ် ထားတယ်-လို့ စာရေးပြပါတယ်၊ ဒါဖြင့် ဘယ်လို လုပ်ရမလဲ

လို့ မေးတော့ ဘုန်းကြီးကို ကန်တော့ရမယ်—လို့ နတ်က သူ့ကို ပြောပါသတဲ့၊ အဲဒီတော့ သူက စိတ်ဖြင့် ကန်တော့ ပါသတဲ့၊ ကန်တော့ပြီးတော့ ကနေ့ ည, နက်ဖြန်ည, နောက် တညအားဖြင့် ၃-ည ပြည့်တဲ့အခါ ၁၀-နာရီ တိတိအချိန် စကားပြောလိမ့်မယ်—လို့ ဆိုပါသတဲ့၊ ဒါ့ကြောင့် အားလုံး အကုန်ဘဲ ၃-ညလုံး စောင့်နေကြပါတယ်၊ အဲဒီ ၃-ညစေ့ပြီးတဲ့ နေ့မှာ ၁၀-နာရီလဲ တီးရော၊ အဲဒီအဘိုးကြီးလဲ စကားပြော လာပါတယ်၊ အဲဒါဟာ ယုံကြည်စရာတော့ မကောင်းဘူး၊ ဒါပေမဲ့ ကိုယ်တိုင်တွေ့ရတဲ့ အထူး ဖြစ်တဲ့အတွက် ယခု တင်ပြ ပါတယ်။

တရားအတွေ့ထူးတော့လဲ မဟုတ်ပါဘူး၊ ဘုရားတပည့် တော်အတွက်ကတော့ ယခုနှစ်အတွက် ဒါလောက်ပါဘဲ။

သတိပေးချင်တာတခုတော့ ပြောပါရစေ၊ ဆွေးနွေးပွဲကို ရုတ်ဘရက် ကျင်းပတဲ့အတွက် ပြောစရာတွေ ရှိနေပေမဲ့ ပြောဘို့ မလွယ်ပါဘူး၊ ပြောသင့် မပြောသင့် ချင့်ချိန်နေရ တဲ့အတွက် ပြောဘို့ မလွယ်ပါဘူး၊ ဒါ့ကြောင့် နောက်နှစ် ကျတော့ စောစောကပင် အစီအစဉ်ကလေး လုပ်ထားယင် ကောင်းပါလိမ့်မယ် ဆိုတာကို လျှောက်ထားယင်း တပည့် တော် ပြောစရာကို အပြီးသတ်လိုက်ပါပြီ ဘုရား။

မုံရွာမြို့ စန်းမြရောင်ခြည်ဆရာတော်ဘုရားက ရှေးရှေးက တွေ့ခဲ့ရတဲ့ အတွေ့အကြုံရော၊ မကြာမီက တွေ့ခဲ့ရတဲ့ အတွေ့ အကြုံရော တင်ပြ ဆွေးနွေးသွားပါပြီ၊ နောက်ပိုင်းအနေနဲ့ နိဂုံးချုပ်ခါနီးမှာ ဘုရားတပည့်တော်ရဲ့ တာဝန်ကိုလဲ စန်းမြ

ရောင်ခြည်ဆရာတော်က ယူပြီးတော့ ယခု ကြွရောက်လျက် ရှိနေကြတဲ့ ဆရာတော်အရှင်မြတ်များကို သတိပေးသွားပါတယ် ဘုရား၊ ဒါပေမယ်လို့ ဘုရားတပည့်တော်က ထပ်ပြီးတော့ လျှောက်ထားလိုပါသေးတယ်၊ အဲဒါက ဘာလဲဆိုယင် တရားအတွေ့အကြုံ တင်ပြဆွေးနွေးပွဲ အစီအစဉ်မှာ မနေ့ညနေကမှ ဆရာတော်ဘုရားကြီးက အမိန့်ရှိလိုက်တဲ့အတွက်ကြောင့် မသိုးသက်န်းရက်သလို ဗြုန်းစားကြီး ပြုလုပ်ရခြင်း ဖြစ်ပါတယ်ဘုရား၊ ဒါကြောင့် ဒီမှာ စောစောက ကျကျနနလဲ ပြင်မထားနိုင်ဘဲ ရှိခဲ့ပါတယ်၊ နောက်နောက်နှစ်များကျတော့ သဘာပတိ ဆရာတော်ဘုရားကြီး၏ နေရာ အခမ်းအနားမှူး၏နေရာ၊ ကမ္မဋ္ဌာနာစရိယဆရာတော်များ၏ နေရာဆိုတဲ့ အဲဒီလို နေရာများကို အသီးအသီး နေသားတကျ ဖြစ်အောင် ပြင်ဆင် ထားရပါလိမ့်မယ်၊ နောက်ပြီးတော့ တင်ပြဆွေးနွေးမည့် ဆရာတော်များ စာရင်းကိုလဲ စောစောက ကောက်ယူပြီးတော့ နေ့ရက်အချိန်နှင့်တကွ စီစဉ်ထားရပါလိမ့်မယ်၊ နောက်နှစ် ဆွေးနွေးတင်ပြတော် မူကြမည့် ဆရာတော်များကလဲ စောစောကပင် တင်ပြဆွေးနွေးရန် အချက်များကို စောစောကပင် စဉ်းစား ပြီးတော့စာရင်းပေးကြရန် ဘုရားတပည့်တော်က လျှောက်ထား ပါတယ်ဘုရား။

နောက်ပြီးတော့ တင်ပြဆွေးနွေးတဲ့အခါမှာ ပါဠိပါဠိသားတွေ ရွတ်ဆိုနေဘို့ စကားလုံးကောင်းတွေ ရှာကြံ ပြောဆိုဘို့ကတော့ သိပ်မလိုဘူးလို့ ထင်ပါတယ်၊ ထူးဆန်းတဲ့အတွေ့အကြုံကိုသာ တိုတိုတုတ်တုတ် တင်ပြဘို့ လိုပါလိမ့်

မယ်၊ ဥပမာ ယောဂီတယောက်က ဆန်းဆန်း ကြယ်ကြယ် သူတွေ့ပုံကို ပြောကြားဘူးယင် ထူးခြားတဲ့ အတွေ့အသိ ဖြစ်ပုံကို ပြောကြားဘူးယင် စွဲကပ်နေတဲ့ ရောဂါဝေဒနာ ဆိုးဟာ မှတ်နေယင်း ပျောက်ကင်းသွားပုံကို ပြောကြားလို ရှိယင် အဲဒီလို အကြောင်းအရာကလေးများကို တင်ပြ ဆွေးနွေးရန် ဖြစ်ပါတယ်ဘုရား။

နောက်ပြီးတော့ ဘယ်လို အခက်အခဲ တွေ့နေရာမှာ ဘယ်လိုပြုပြင်ညှန်ကြားပြီး အားပေးလိုက်လို့ လွန်မြောက်သွားတယ်-ဆိုတာမျိုးကိုလဲ တင်ပြဘို့ လိုပါလိမ့်မယ်၊ ယခု ပြောခဲ့တာဟာ ဘုရားတပည့်တော် ထင်မြင်ချက်ပါဘဲ၊ ဆရာတော်ဘုရားကြီးကလဲ ဒီအတိုင်းဘဲ အလိုရှိလိမ့်မယ် ထင်ပါတယ်၊ အဲဒီလို ကမ္မဋ္ဌာနာစရိယတို့၏ လက်တွေ့များကို စုပေါင်းပြီး မှတ်တမ်းအနေဖြင့် စာအုပ်စာတမ်းပြုလုပ်ထားဘို့၊ အဲဒီ စာအုပ်စာတမ်းကို နောင်လာနောက်သား အများတို့က ကြည့်ရှုမှတ်သားပြီး ပဋိပတ္တိ သာသနာတော်ကို တိုးတက်အောင် ပြုစုသွားနိုင်ဘို့ ဆရာတော်ဘုရားကြီးက ရည်ရွယ်ချက်ရှိကြောင်းလဲ မိန့်ကြားတော်မူပါတယ်ဘုရား။

ယခု အချိန်နာရီလဲ စေ့လုပြီဖြစ်သောကြောင့် ဒီနှစ်ပဌမ အစဆုံး တရားဆွေးနွေးတင်ပြပွဲ အစီအစဉ်ကို သဘာပတိ ဖြစ်တော်မူတဲ့ ပုသိမ်မြို့ သဒ္ဓမ္မသိတဂူဆရာတော်ဘုရားကြီးက သဘာပတိ နိဂုံးချုပ် မိန့်ခွန်းကို မိန့်ကြားတော်မူပြီးတော့ တရားဆွေးနွေးပွဲ အခမ်းအနားကို ရုပ်သိမ်းရန် ဖြစ်ပါသည် အရှင်ဘုရား။

## နိဂုံးချုပ် သဘာပတိမိန့်ခွန်း

ယခု တရားဆွေးနွေးပွဲမှာ မိမိတို့၏ တွေ့ကြုံကြတဲ့ အထူးများကို တင်ပြကြတာဟာ တော်တော်ကလေး စုံစုံလင်လင်ဖြစ်သွားပါပြီ၊ သာသနာ့ရိပ်သာဆိုတဲ့ ပဋိပတ္တိဌာန များမှာ ဟောပြော ညွှန်ကြားပြီး ကျင့်သုံးနေကြတဲ့ ဝိပဿနာအကျင့်တရားဟာ သာမန် ဒါန, သီလ, စသော ကုသိုလ်တရားတို့ထက် အင်မတန်မှ ထူးမြတ်တဲ့တရား ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီ ပဋိပတ်တရားနှင့် တရားကျင့်သူများကို စောင့်ရှောက်ကူညီနေကြတဲ့ သူတော်ကောင်း နတ်တွေဆိုတာလဲ ကမ္ဘာအရပ်ရပ်မှာ ရှိကြမှာပါဘဲ၊ အဲဒီလို ရှိနေကြတဲ့ အတွက် ခုတင်က စန်းမြရောင်ခြည်ဆရာတော် ပြောသလို နတ်သမီးက လာခေါ်တာ၊ အပြစ်ရှိတဲ့သူကို နတ်က ဒဏ်ခတ်တာတို့ ဆိုတာတွေလဲ မဟာဓမ္မိဥပါသကာဝတ္ထုမှာလို မာတင်ဇာတ်မှာလို ရှိနိုင်တာပါဘဲ။

ဟိုရှေး ခေတ်တုန်းက ဝိမာနဝတ္ထု ပေတဝတ္ထုဆိုတာတွေမှာ ပဌမသံဂါယနာတုန်းက မပါခဲ့တဲ့ အကြောင်းအရာများကို ဒုတိယသံဂါယနာ တတိယသံဂါယနာမှာ ထည့်သွင်းပြဆိုခဲ့ကြပါတယ်၊ သီရိလင်္ကာ-ဆိုတဲ့ သီဟိုဠ်က ဝတ္ထုကြောင်းများကိုလဲ အဋ္ဌကထာမှာ များစွာပင် ဖော်ပြခဲ့ကြပါတယ်၊ အဲဒီတုန်းက မြန်မာပြည်က အကြောင်းအရာတွေကို မဖော်ပြခဲ့ရတာဟာ လိုနေတယ်-လို့ ဆိုရမှာဘဲ၊ ဒါကြောင့် ယခု တင်ပြတော်မူကြတဲ့ အကြောင်းအရာများကိုလဲ မှတ်တမ်းတင်ထားသင့်ပါတယ်၊ မှတ်တမ်းတင်ထားရန်လဲ ဆရာတော်

ဘုရားကြီးက ရည်ရွယ်ကြောင်း မိန့်ကြားတော်မူပါ
အဲဒါဟာ နောင်တခေတ်ကျယင် အင်မတန် အလေးဒ
ပြုအပ်တဲ့ အဖြစ်သနစ်များလဲ ဖြစ်နိုင်ပါတယ်၊ အဲဒီအကြေ
အရာများကို နည်းယူပြီး ဟောပြောခြင်း, ကျင့်ခြင်
ပဋိပတ္တိသာသနာတော်ဟာ တိုးတက်ပြန့်ပွားပြီး ဗုဒ္ဓသ
နာဝင် ပုဂ္ဂိုလ်များစွာတို့မှာလဲ အလွန်ကျေးဇူးများသွာ
မယ်-လို့လဲ မြော်လင့်ဖွယ်ရှိပါတယ်၊ နောင်နှစ်ခါဆိုယင်
ဆွေးနွေးနေတာကို ဘေးက ပရိသတ်များ နားကြားနိုင်ေ
စီစဉ်ပေးဖို့လဲ လိုမယ်-လို့ ထင်ပါတယ်၊ အဲဒီလို စီစဉ်ပေ
ပဋိပတ္တိ သာသနာတော် အတွက် အကျိုး များသွား
ပါဘဲ။

ဒါကြောင့် ယခုကြွရောက်လာကြတဲ့ ဆရာတော် ႏ
မြတ်များဟာ နောင်နှစ်ကျတော့ မိမိတို့၏ထူးခြားတဲ့ အ
အကြံများကို တင်ပြ ဆွေးနွေးခြင်းဖြင့် ကြားနာသူ
ဗဟုသုတ ကြွယ်ဝ ပြည့်စုံသည့်ပြင် ပဋိပတ္တိသာသနာ
အတွက် ကျေးဇူးများအောင် ဆောင်ရွက်နိုင်ဘို့ ရည်
ပြီးတော့ စောစောကပင် တင်ပြဆွေးနွေးစရာ အချက်အ
များကို စဉ်းစားထားပြီး ယူဆောင်လာတော်မူခဲ့ကြ
တိုက်တွန်းယင်း တရားဆွေးနွေးပွဲ အခမ်းအနားကို နိဂုံးချု
ရုပ်သိမ်းပါတယ်-အရှင်မြတ်တို့ဘုရား။

သာဓု – သာဓု – သာဓု – ။